DHAMMAVIJJĀLAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၀၀)

# ပါရမီပုံရိပ်
# အမှတ်တံဆိပ်များ


အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာစုခေါ်စေသော်

**အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

ပါရမီပုံရိပ်အမှတ်တံဆိပ်များ ❖ ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ပါရမီပုံရိပ်
# အမှတ်တံဆိပ်များ

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

# ပါရမီပုံရိပ် အမှတ်တံဆိပ်များ
## အပိုင်း(၁)

သာသနာတော်နှစ် ၂၅၅၅-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂-ရက်၊ ၂၀၁၂-ခုနှစ်၊ ဖေဖော်ဝါရီလ ၉-ရက်၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ ချမ်းအေးသာဇံမြို့နယ် မဟာသကျသီဟဘုရား ဝေဇယန္တာ မဟာဗန္ဓုလဓမ္မာရုံ ဓမ္မဗိမာန်တော်ကြီးတွင် ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ရတနာလှူငယ် မြတ်ဗုဒ္ဓဒေသနာတော် ပြန့်ပွားရေးအဖွဲ့ တရားစာအုပ်၊ တရားတိတ်ခွေ၊ တရားVCD/DVD/MP3 ချပ်များ "အခမဲ့ဌား-ဓမ္မဒါန" ပြုလုပ်သည့် လုပ်ငန်း ၅-နှစ်ပြည့် အထိမ်းအမှတ်အဖြစ်ဖြင့် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်းအနား၌ မန္တလေးမြို့ စိန်ပန်း နေပူရွာရပ်နေ ကျောင်းဆရာကြီး ဦးအောင်ကျော်အား ရည်စူး၍ ဇနီး ဒေါ်ကြီးကြီး၊ သား-ဦးငယ်လေး+ဒေါ်ဂျိန်း မိသားစုတို့၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"ပါရမီပုံရိပ် အမှတ်တံဆိပ်များ" အပိုင်း(၁) တရားဒေသနာတော်**။

**"ပါရမီပုံရိပ် အမှတ်တံဆိပ်များ"** မြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေ ပြုလုပ်တဲ့ ကုသိုလ်လုပ်ငန်းဟာ အချိန်ကြာမြင့်စွာ ပြုလုပ်ခဲ့တဲ့

ပုဂ္ဂိုလ်အဖို့ မိမိတို့ပြုလုပ်တဲ့ ကုသိုလ်ကံရဲ့ ပုံရိပ်တွေ ဘဝရဲ့ ရုပ်ပုံလွှာပေါ်မှာလာပြီး ပေါ်လွင် ထင်ရှားနေတတ်တယ်။ ဒီနေရာမှာ "ပါရမီပုံရိပ်အမှတ်တံဆိပ်များ" လို့ ဆိုထားတာဟာ တကယ့်ကို ဘုရားဖြစ်ကြောင်း ပါရမီတရားကောင်းတွေကို ဖြည့်ကျင့်ကြတဲ့ ဘုရားအလောင်းတွေမှာ စွဲစွဲမြဲမြဲ ဖြည့်ကျင့်ခဲ့တဲ့ ပါရမီကုသိုလ်ထူးတွေရဲ့ ပုံရိပ်တွေပါရှိနေတယ်။ သူများနဲ့မတူတဲ့ အမှတ်အသားတွေ ခန္ဓာကိုယ်မှာ ထင်ရှားပေါ်လွင်လာတယ်။ ဒီအကြောင်း ဟောပြောထားတဲ့ သုတ္တန်တစ်ခုကို ဘုန်းကြီးတို့ (၆)ရက်ခွဲပြီး အပိုင်း(၆)ပိုင်းနဲ့ ပြည့်ပြည့်စုံစုံဟောကြားမှာ ဖြစ်ပါတယ်။ အဲဒီသုတ္တန်ကို "**လက္ခဏသုတ္တန်**" လို့ ခေါ်တယ်။

'**လက္ခဏ**' လို့ဆိုတာ အမှတ်အသားကိုပြောတာ။ မြန်မာပြည်မှာတော့ လက္ခဏ ဆိုတာ လက်ဖဝါးမှာပါတဲ့ လက္ခဏာလို့ ဒီလိုပြောနေကြတယ်။ တကယ်က လက္ခဏာဆိုတာ ဒီလက်ဖဝါးကို ဒီလက်ကို ပြောတာမဟုတ်ဘူး။ အသုံးချင်းတူနေလို့ လက္ခဏာ ဆိုတာ အမှတ်အသား။ (အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာလို့ပြောတာကြည့်ပေါ့။) လက်ဖဝါးက အစင်းကြောင်းတွေကို ပြောတာမဟုတ်ဘူး။ အဲတော့ အမှတ်အသားကို '**လက္ခဏ**' လို့ ခေါ်တယ်။

အဲဒီ လက္ခဏာသုတ္တန်မှာ မဟာပုရိသလက္ခဏာ ဘုရားအလောင်းများရဲ့ ခန္ဓာကိုယ်ရုပ်ပိုင်းမှာ ထင်ရှားပေါ်လွင်လာတဲ့

အမှတ်အသား ၃၂-မျိုး ရှိတယ်။ အဲဒီ ၃၂-မျိုးကို မြတ်စွာဘုရား ဟောတယ်ဆိုတာ အကြောင်းတရားနဲ့ အကျိုးတရားကို မြတ်စွာဘုရားက ထိုးထွင်းသိပြီး ဟောတာဖြစ်တယ်။ ဒီအမှတ်အသား လက္ခဏာတွေကတော့ ဝေဒကျမ်းတွေမှာ လာတဲ့အတိုင်း ဝေဒကျမ်းတွေကိုတတ်တဲ့ ဝေဒပညာရှိတွေလည်းပဲ ဒီအမှတ်အသား ၃၂-မျိုးကို သိကြတယ်။ အဲဒါကြောင့် ဘုရားမဟောခင်ကတည်းက ပါရမီပုံရိပ် အမှတ်တံဆိပ် ၃၂-မျိုးကို မှတ်သားပြီးသား ဖြစ်တယ်ပေါ့။

ဘုရားမပွင့်ပေါ်လာခင်ကတည်းက ပါရမီပုံရိပ် အမှတ်တံဆိပ်များဟာ ဝေဒကျမ်းတွေမှာ ဖော်ပြထားသဖြင့် ဝေဒကျမ်းတတ်ပုဂ္ဂိုလ်တွေက သိရှိပြီးသားဖြစ်လိမ့်မယ်။ ထူးခြားတဲ့ ပုဂ္ဂိုလ်တွေမှာ ဘယ်အမှတ်အသားတွေ ပါနိုင်တယ်ဆိုတာ မဟာပုရိသလက္ခဏာကျမ်းမှာ ပြဆိုထားတယ်။ ဝေဒကျမ်း အပါအဝင်ဖြစ်တဲ့ **မဟာပုရိသလက္ခဏာကျမ်း** မှာ မဟာပုရိသတို့ရဲ့ လက္ခဏာ ၃၂-မျိုးကို ထင်ထင်ရှားရှားကြီး ရေးပြထားတယ်။

သူတို့ ဘယ်လိုလုပ်သိတုန်းလို့ဆိုတော့ သမထကျင့်စဉ်တစ်ခုကိုကျင့်ပြီး ရလာတဲ့ ဒိဗ္ဗစက္ခုဉာဏ်နဲ့ ဒီအမှတ်အသား လက္ခဏာပါတဲ့ပုဂ္ဂိုလ်တွေဟာ ဘယ်လိုပုဂ္ဂိုလ်ထူးတွေ ဖြစ်တယ်ဆိုတာသိပြီး မှတ်တမ်းတင်ထားကြတယ်။ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် သတ္တဝါတွေရဲ့ အခြေအနေတွေကို၊ ကံ,ကံ၏ အကျိုးကို

သိနိုင်စွမ်းရှိကြတယ်။ အဲဒါကြောင့်မို့လို့ ကုသိုလ်ကောင်းမှု လုပ်တဲ့ ပုဂ္ဂိုလ်တွေဟာ သူတို့လုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုရဲ့ အမှတ်တံဆိပ်လေး သူတို့ရဲ့ ခန္ဓာကိုယ်မှာ ပေါ်လွင်ထင်ရှား နေတယ်ပေါ့။ အဲဒီလို ပေါ်လွင် ထင်ရှားနေတဲ့ အမှတ်အသား တွေဟာ ၃၂-မျိုးရှိတယ်လို့ဆိုတာ မြတ်စွာဘုရား မပေါ်ခင် ကတည်းက အားလုံးသိထားကြတယ်။ မြတ်စွာဘုရားလို့တော့ ပြည့်ပြည့်စုံစုံ မသိကြဘူး။

မြတ်စွာဘုရားက ဘယ်လို ပါရမီ ကုသိုလ်ထူးတွေ ဆည်းပူးအားထုတ်လို့ရတယ် ဆိုတာရယ်၊ ထို ပါရမီ ကုသိုလ်ထူး တွေ ဆည်းပူးအားထုတ်လို့ ဒီအမှတ်အသား လက္ခဏာပါတဲ့ ပုဂ္ဂိုလ်ရဲ့ အကျိုးအာနိသင်တွေဟာ ဘယ်လိုရှိတယ်ဆိုတာကို ဖြည့်စွက်ပြီး ဟောကြားတာ။ ဝေဒကျမ်းတွေမှာတော့ ဘာ ကုသိုလ်လုပ်လို့ ဒီအမှတ်တံဆိပ်တွေရတယ် ဆိုတာကိုတော့ မပြောမပြနိုင်ကြဘူး။ သူတို့ သာမန်အားဖြင့်သာ ပြောပြနိုင်ကြ တယ်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကတော့ ဘယ် ကုသိုလ်လုပ်လို့ ဒီအကျိုးတွေ ရတယ်ဆိုတာကို တိတိကျကျ လက္ခဏသုတ္တန်မှာ ဟောထားတာရှိတယ်ပေါ့။

ဒါကြောင့်မို့ ဘုန်းကြီးတို့တွေ ဒီသုတ္တန်ကို လေ့လာ မှတ်သား နာယူကြပြီးတဲ့အခါ ဒီကုသိုလ်မျိုးတွေ လုပ်လို့ရှိရင် တို့ရဲ့ခန္ဓာကိုယ်မှာလည်းပဲ ဒီလိုအမှတ်အသားတွေဟာ ပေါ်လာ

မှာပဲလို့ ဆိုတာကို ယုံကြည်ကြရတာပေါ့။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ်လုပ်တဲ့ကံရဲ့ပုံရိပ်တွေဆိုတာ လူတွေရဲ့သန္တာန်မှာ ပေါ်လာစမြဲဖြစ်တယ်ပေါ့။

ဆိုပါစို့- လောကမှာ လူချင်းတူပေမယ့်လို့ အရုပ်ဆိုး အကျည်းတန်တဲ့လူ ရှိတယ်၊ လှတဲ့လူ ရှိတယ်။ လှတဲ့လူက ဘာဖြစ်လို့လှ၊ အရုပ်ဆိုး အကျည်းတန်တဲ့ လူက ဘာဖြစ်လို့ အရုပ်ဆိုးအကျည်းတန်သလဲဆိုရင် ကိုယ်လုပ်ခဲ့တဲ့ကံကြောင့်ပဲ ကံရဲ့ပုံရိပ်တွေ ထင်နေတာ။ မြတ်စွာဘုရားက **"စူဠ ကမ္မဝိဘင်္ဂ"** သုတ္တန်မှာ ဟောထားတာရှိတယ်လေ။ ထစ်ကနဲရှိ စိတ်တိုတတ်တဲ့ ဒေါသကြီးတဲ့သူရဲ့ ရုပ်ပုံလွှာဟာ အရုပ်ဆိုး အကျည်းတန်တယ်။ အေးချမ်းတဲ့ မေတ္တာနှလုံးသားရှိတဲ့ ပုဂ္ဂိုလ်ဟာ ရုပ်အဆင်းလှတယ်လို့ ဒီလိုခွဲခြားပြီးတော့ ဟောထားတာရှိတယ်။ ဒါကြောင့် ဒေါသကြီးတဲ့ ပုဂ္ဂိုလ်ရဲ့ ရုပ်ပုံလွှာဟာ ဖြစ်လေရာဘဝမှာ အရုပ်ဆိုး အကျည်းတန် ဖြစ်ပြီးတော့ မေတ္တာနှလုံးသားပိုင်ရှင်တွေကျတော့ ဖြစ်လေရာဘဝမှာ ရုပ်ချောကြတယ်၊ လှပကြတယ်။ ဒါလည်းပဲ ကံကြမ္မာရဲ့ ပုံရိပ်တွေ ပေါ်တာပဲပေါ့။

တချို့ကျတော့ ပညာဉာဏ်ထက်မြက်ကြတယ်။ အလွယ်တကူ နားလည်ကြတယ်။ တချို့ကျတော့ အင်မတန်မှ ဉာဏ်လေးတယ်၊ လွယ်လွယ်ကူကူနဲ့ သိရမယ့် ကိစ္စလေးတောင် ခေါင်းရှုပ်အောင် စဉ်းစားပြီးတော့မှ သိနိုင်ကြတယ်။ ဒီလို

သွက်လက်ချက်ချာမှု ရှိမရှိဆိုတဲ့ ပုံရိပ်တွေဟာ ဘာကြောင့် ပေါ်လာတုန်းဆိုတော့ ကိုယ်လုပ်တဲ့ ကံကြောင့်ပဲ။ ကိုယ်လုပ်ခဲ့တဲ့ကံရဲ့ ပုံရိပ်တွေဟာ မိမိရဲ့ခန္ဓာကိုယ်မှာ လာပေါ်နေတယ်။ အဲဒါကိုပြောတာ။ **"ပါရမီပုံရိပ် အမှတ်တံဆိပ်များ"** ဆိုတာ ဒီနေရာမှာ အကောင်းတွေချည်းပဲ ပြောတာနော်။ **"ကံကြမ္မာပုံရိပ် အမှတ်တံဆိပ်"** ကျတော့ အဆိုးတွေလည်း ပါတယ်လို့ ဒီလိုမှတ်ရမယ်။ **"ပါရမီပုံရိပ် အမှတ်တံဆိပ်"** ဆိုတော့ မြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေလုပ်တဲ့ ကုသိုလ်ကံရဲ့ ပုံရိပ်တွေကိုသာလျှင် ဒီမှာ ဖော်ပြတာ ဖြစ်တယ်။

အေး ဒါကြောင့်မို့လို့ လူတွေမှာ နေ့စဉ်နဲ့အမျှ လုပ်နေကြတဲ့အထဲ ကောင်းတာလည်း လုပ်ကြတယ်၊ ဆိုးတာလည်း လုပ်ကြတယ်။ ကောင်းတာ လုပ်လို့ရှိရင် ကောင်းတဲ့အကျိုး ပေါ်လွင်ထင်ရှားလာတယ်။ မကောင်းတာလုပ်တဲ့ ပုဂ္ဂိုလ်တွေမှာ မကောင်းတဲ့အကျိုးတွေဟာ ပေါ်လွင်ထင်ရှား လာတတ်တယ်။ ဘဝတိုင်းမှာ ကောင်း,မကောင်းကံတို့ရဲ့ ပုံရိပ်တွေဟာ ထင်လာတတ်တယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဒီဃနိကာယ်မှာ လက္ခဏသုတ္တန်ကို ဟောခဲ့တယ်။ မြတ်စွာဘုရားရဲ့ ရူပကာယမှာ ထူးခြားပြီးတော့ အံ့ဩဖွယ်ကောင်းတဲ့၊ သာမန်ပုဂ္ဂိုလ်တွေနဲ့ မတူတဲ့ ပါရမီပုံရိပ် အမှတ်တံဆိပ်တွေ ရှိနေတယ်။ အဲဒီ ပါရမီ

ပုံရိပ် အမှတ်တံဆိပ်တွေကို သေသေချာချာ ဆင်ခြင်သုံးသပ် တတ်တဲ့ ပုဂ္ဂိုလ်မှသာ၊ သေသေချာချာ ကြည့်တတ်တဲ့ပုဂ္ဂိုလ် မှသာ သိနိုင်တယ်။ သာမန်အားဖြင့် ကြည့်မယ်ဆိုလို့ရှိရင် ဩော် မြတ်စွာဘုရားဟာ အရပ်ကလည်း ထောင်ထောင်မောင်းမောင်း ချောမောလှပ သပ္ပါယ်တယ်လို့ ဒီလိုပဲ မြင်ရမှာပေါ့။ အေး၊ သေသေချာချာသိတဲ့ ပုဂ္ဂိုလ်တွေ၊ အတွင်းကျကျ လေ့လာတဲ့ ပုဂ္ဂိုလ်တွေကျတော့ မြတ်စွာဘုရားရဲ့သန္တာန်မှာ ပါရမီပုံရိပ် အမှတ်တံဆိပ်တွေဟာ ၃၂-မျိုး ရှိတယ် ဆိုတာကို တွေ့ရှိကြရ မှာဖြစ်တယ်။

အဲဒီ ၃၂-မျိုးသော ပါရမီပုံရိပ်တွေ အကုန်လုံး မမြင်ရ ပေမယ့်လို့ မြင်ရသမျှကို ကြည့်ပြီး လောကလူသားတွေက တအံ့တသြပြောကြတယ်။ ဘုရားရဲ့ ရူပကာယတော်မှာ အင်မတန်မှ ထူးခြားတဲ့ ပါရမီပုံရိပ်တွေ၊ အမှတ်တံဆိပ်တွေ ပေါ်နေတယ်။ အဲဒီလို ပါရမီပုံရိပ်တွေ အမှတ်တံဆိပ်တွေ ရရှိနေတာဟာ ဘယ်လို ကုသိုလ်ကံတွေ၊ ဘယ်လိုပါရမီတွေကို ဆည်းပူးအားထုတ်ခဲ့လို့ပါလိမ့်မလဲလို့ လူတွေက သိချင်ကြတယ်။ ဒါ ဒီသုတ္တန်ဟောခြင်းရဲ့ အကြောင်းတစ်ခုပဲပေါ့။ အကြောင်းမဲ့ ဆိုတာတော့ ဘာတစ်ခုမှ မဖြစ်ဘူး။ ဆိုင်ရာဆိုင်ရာ အကြောင်း တစ်ခုခုကတော့ ရှိနေတာပဲ။ အဲဒီအကြောင်းကို ရှာဖွေနိုင်ဖို့ အရေးကြီးတယ်။ ဒီ ပါရမီပုံရိပ် အမှတ်တံဆိပ် ၃၂-မျိုးဟာ

ဆိုင်ရာဆိုင်ရာ ကုသိုလ်တွေကြောင့် ဖြစ်ပေါ်လာတာ။ အဲဒီ ကုသိုလ်တွေဟာလည်းပဲ သာမန်အနေအထားနဲ့လုပ်တဲ့ ကုသိုလ်တွေ မဟုတ်ဘူး။ တကယ့် ပါရမီမြောက် အံ့လောက်အောင် ကြိုးစားအားထုတ်ခဲ့တဲ့ ပါရမီကုသိုလ်တွေသာ ဖြစ်တယ်။

အဲဒီ ပါရမီကုသိုလ်တွေကြောင့် မြတ်စွာဘုရားရဲ့ ရူပကာယတော်မှာ အင်မတန်မှ ထူးခြားတဲ့အမှတ်အသားတွေဟာ ပေါ်လွင်ထင်ရှား နေတာဖြစ်တယ်။ သာဝတ္ထိပြည်မှာ နေ့စဉ်နဲ့ အမျှ ဆွမ်းခံကြွတဲ့ ဗုဒ္ဓမြတ်စွာကို ဖူးတွေ့ကြရတဲ့ပုဂ္ဂိုလ်တွေက မြတ်စွာဘုရားရဲ့ ချောမောသပ္ပါယ်တဲ့ ရုပ်ခန္ဓာကိုယ်တော်ကို ဖူးမြော်ပြီးတော့ အင်မတန်မှ ကြည်ညိုကြတယ်၊ လေးစားကြတယ်။ အဲဒီ ကြည်ညိုကြတဲ့ ပုဂ္ဂိုလ်အချို့က စဉ်းစားကြတယ်။ ဘာကြောင့်များ မြတ်စွာဘုရားဟာ ဒီလောက် သပ္ပါယ်နေရသလဲ ဆိုတဲ့ မေးခွန်းတွေ ဖြစ်ပေါ်လာတယ်။ ရှင်အာနန္ဒာက မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကို လျှောက်ထားတယ်။ လူတွေက မြတ်စွာဘုရားရဲ့ ရူပကာယတော်နဲ့ ထူးခြားတဲ့ အမှတ်အသားတွေကို ကြည့်ပြီး ဘယ်လိုကုသိုလ်တွေကြောင့် ဒီအမှတ်အသားတွေကို ရရှိပါလိမ့်မလဲဆိုတာ သိချင်ကြပါတယ်လို့လျှောက်တော့ မြတ်စွာဘုရားက ဒီသုတ္တန်ကို ဟောတာ။ အဲဒီသုတ္တန်ကို "**လက္ခဏသုတ္တန်**" လို့ ခေါ်တယ်။

လက္ခဏာဆိုတာ တစ်ကိုယ်လုံးမှာရှိတဲ့ အမှတ်အသား

တွေကို ခေါ်တယ်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ဘယ်လိုဘယ်ပုံ ပါရမီဖြည့်လို့ ဒီအမှတ်အသားတွေရသလဲ၊ (၃၂)မျိုးသော အမှတ်အသားတွေဆိုတာ ဘယ်ဟာတွေလဲ၊ တစ်မျိုးစီ တစ်မျိုးစီ ဘုန်းကြီးတို့ မှတ်သားသွားကြရမှာ ဖြစ်တယ် ပေါ့။ ဒီ (၃၂)ပါးသော မဟာပုရိသလက္ခဏာတွေကို အစဉ် အတိုင်း ဘုန်းကြီးတို့ ဟောပြောသွားမှာ ဖြစ်တယ်။

## ခြေဖဝါးအနေအထား

ဘယ်ကနေစပြီး ပြထားတုန်းလို့ဆိုတော့ မြတ်စွာဘုရားရဲ့ ခြေဖဝါးတော်က စပြီးတော့ ပြထားတယ်။ မြတ်စွာဘုရားရဲ့ ခြေဖဝါးဟာ သာမန်လူတွေနဲ့ မတူဘူး။ အင်မတန်မှ ထူးခြား တယ်။ သာမန်လူတွေရဲ့ ခြေဖဝါးကို ကြည့်လိုက်ရင် အလယ် ကနေ ခွက်နေတာ ရှိတယ်နော်။ အလယ်ခေါင်ကနေ ခွက်နေ တယ်။ အောက်ခြေဖဝါး ကြည့်လိုက်လို့ရှိရင် မညီညာဘူးပေါ့။ တစ်ဖက်စောင်းနေတာတို့၊ ခွက်နေတာတို့၊ ခွင်နေတာတို့၊ ကောက်နေတာတို့၊ ဖနောင့်တိုနေတာတို့၊ ဒီ ခြေချောင်းကြီး တွေက ကျဲပြီး ကားနေတာတို့၊ စုနေတာတို့၊ ပုံမလှပန်းမလှ၊ ပုံပျက်ပန်းပျက် အနေအထား မျိုးတွေ ရှိတယ်ပေါ့။ မြေကြီးပေါ် နင်းလိုက်တဲ့ အခါမှာလည်းပဲ တညီတည်း မထင်ဘူး။ တချို့ ခြေရာတွေမှာ အလယ်မထင်ဘဲနဲ့ ဖနောင့်ရာနဲ့ ခြေဖျားရာပဲ

ထင်ပြီးတော့ အလယ်က မထင်ရှားဘူး။ တချို့ကျတော့ ကွက်ပြီး တော့ ကောက်ကောက်ကလေးဖြစ်ပြီးနေတယ်နော်။ အကုန်လုံး တညီတည်း မကျဘူး။

မြတ်စွာဘုရားကျတော့ အဲဒီလိုမဟုတ်ဘူးတဲ့။ ခြေဖဝါး ဟာ ဒီ လူတွေစီးကြတဲ့ဖိနပ်ကို ကြည့်လိုက်လို့ရှိရင် ဖိနပ်ရာ အပြည့်ထင်တယ်။ မြေကြီးပေါ်မှာ နင်းလိုက်ရင် အပြည့် ထင်တယ်။ အဲဒီလို အပြည့်ထင်သလိုပဲ။ မြတ်စွာဘုရားရဲ့ ခြေဖဝါးအရာဟာ အပြည့်ထင်တယ်။ ဘာဖြစ်လို့တုန်းဆိုတော့ ခွက်နေတာ မရှိဘူး၊ မောက်နေတာ မရှိဘူး။ တညီတည်း ညီပြီး တော့ ခြေဖဝါးဟာ **ညီညာတဲ့ခြေဖဝါး** ရှိတယ်။ အဲဒါကိုဆိုတာ။ ညီညာတဲ့ခြေဖဝါးရှိတယ်။

အဲဒီ ညီညာတဲ့ခြေဖဝါးကို ပါဠိလို ဘယ်လိုခေါ်တုန်း ဆိုတော့ **"သုပ္ပတိဋ္ဌိတပါဒ"**၊ **သုပ္ပတိဋ္ဌိတ** ဆိုတာ နင်းလိုက်တဲ့ နေရာပေါ်မှာ တပြင်လုံး ထိပြီးတော့ နင်းတဲ့ မြေကြီးပေါ်မှာ နင်းရင် တပြင်လုံးထိတယ်။ ကြမ်းပေါ်နင်းလိုက်ရင် ကြမ်းပြင် တပြင်လုံး ထိတယ်။ မထိတဲ့ နေရာဆိုတာ မရှိဘူး။ ခြေဖဝါး တပြင်လုံးဟာ ညီပြီးနေတယ်။ ဒါ ပါရမီပုံရိပ် အမှတ်တံဆိပ် လက္ခဏာပဲ။ ကိုယ့်ခြေဖဝါးကို အကဲခတ်ကြည့်ပေါ့။ အကဲခတ် ကြည့်လို့ရှိရင် အဲဒီ ပုံစံမကျဘူးဆိုလို့ရှိရင် ဒီကုသိုလ်တွေ အားနည်းနေလို့ပဲလို့ ဒီလိုမှတ်ရမယ်ပေါ့။

အဲဒီမှာ ဘုရားရဲ့ခြေဖဝါး ညီညာတယ်ဆိုတာ စာပေက ပြောတာလေးကို အရင်မှတ်ရအောင်။ **သုပ္ပတိဋ္ဌိတပါဒေါ**– တညီတည်း ကောင်းစွာတည်တဲ့ ခြေဖဝါးရှိတယ်။ **သမံ ပါဒံ ဘူမိယံ နိက္ခိပတိ**– မြေကြီးပေါ် နင်းလိုက်တယ်ဆိုရင် ခြေဖဝါးဟာ တပြင်လုံးထိတယ်၊ မထိတဲ့နေရာ မရှိဘူး။ အလယ်ခေါင်က ခွက်နေတာ မရှိဘူးတဲ့။ **သမံ ဥဒ္ဓရတိ**– ကြွလိုက်လို့ ရှိရင်လည်း အကုန်လုံးကြွတယ်။ ဒီလိုဆိုလိုတာ။ **သဗ္ဗံ သဗ္ဗာဝန္တေဟိ ပါဒတလေဟိ ဘူမိံ ဖုသတိ** တဲ့။ ခြေဖဝါးမှာရှိတဲ့ အရာခပ်သိမ်းဟာ မြေကြီးပေါ်မှာ အပြည့်အဝ အကုန်ထိတယ်။ မြတ်စွာဘုရားရဲ့ ခြေဖဝါးက ပြည့်ပြည့်စုံစုံ အကုန်ထိတယ်။ မထိတဲ့နေရာ မရှိဘူးတဲ့။ ဒါဟာ ထူးခြားတဲ့ အသွင်အပြင် လက္ခဏာ တစ်ခုလို့ဆိုတာ။

## ခြေဖဝါးနဲ့ လူ့စရိုက်

အဲဒီနေရာမှာ ခြေဖဝါးနဲ့ ပတ်သက်ပြီး လူ့ရဲ့စရိုက်ကို ခွဲတာဟာ ရှိသေးတယ်ပေါ့။ လူ့ရဲ့စရိုက်ကို ခွဲတာ။ ခြေဖဝါးမှာ ဖနောင့်နဲ့ခြေဖျား ဒီနှစ်ခုတင် ထင်ပြီးတော့ အလယ်မထင်ဘဲနဲ့ နေတဲ့ ပုဂ္ဂိုလ်ရဲ့ ခြေရာရှိတယ်။ အဲဒီ ပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ် မျိုးတုန်းဆိုရင် **တဏှာရာဂကြီးမားတဲ့ပုဂ္ဂိုလ်** လို့ ဒီလိုပြောတာ နော်။ စရိုက်က **ရာဂစရိုက်ရှိတဲ့ ပုဂ္ဂိုလ်** လို့ဆိုတာ။ ရာဂစရိုက်

ရှိတဲ့ ပုဂ္ဂိုလ်ရဲ့ခြေဖဝါးဟာ တပြင်တည်းမထိဘူး။ အလယ်ခွက်နေတယ် သို့မဟုတ် အလယ်ကပဲ့နေတယ်။ အဖျားနဲ့ ဖနောင့်နှစ်ခုပဲ ထင်တယ်။ ခြေရာကို ကြည့်ပြီးတော့ စရိုက်ခွဲတဲ့ နည်းတစ်ခုပေါ့။

နောက်တစ်ခုက **ဒေါသကြီးတဲ့ပုဂ္ဂိုလ်** မှာ ဖနောင့်ရာက ပိုထင်တယ်။ သူက ဘယ်တော့ဖြစ်ဖြစ် ဆောင့်အောင့်သွားတတ်တာကိုး။ ဒေါသကြီးတဲ့လူက ဆောင့်တယ်။ စိတ်တိုတာကိုး။ စိတ်တိုတော့ ညင်ညင်သာသာ မလုပ်ဘူး။ ဆောင့်အောင့်သွားတော့ သူက ခြေဖနောင့်ရာက အမြဲနက်တယ်။ အဲဒီခြေရာဟာ **ဒေါသစရိုက်**ရှိတဲ့ပုဂ္ဂိုလ်ရဲ့ ခြေရာတဲ့။ တစ်ခါ ခြေရာက မသပ်မရပ် မသေမသပ်ဖြစ်ပြီးတော့ ထင်ကျန်ရင် **မောဟစရိုက်**ရှိတဲ့ပုဂ္ဂိုလ်ရဲ့ ခြေရာ။ ဒီလို ခြေရာကိုကြည့်ပြီးတော့ လူ့ရဲ့စရိုက်ကိုခွဲခြားတာ။

မာဂဏ္ဍီပုဏ္ဏား ဇနီးမောင်နှံက ဝေဒကျမ်းတတ်ကြတယ်။ ဝေဒကျမ်းမှာ လိမ္မာကျွမ်းကျင်ကြတယ်။ လူတွေရဲ့ခြေရာကို ကြည့်ပြီးတော့ လူတွေရဲ့စရိုက်ကို ဖော်ထုတ်နိုင်ကြတယ်။ တစ်ခါတုန်းက မာဂဏ္ဍီပုဏ္ဏားကြီးက မြတ်စွာဘုရားကို တွေ့တဲ့ အခါမှာ အင်မတန်မှ ရုပ်အဆင်း သပ္ပါယ်တာနဲ့ သူ့သမီးနဲ့ လိုက်ဖက်တယ်ဆိုပြီး သူ့သမီးနဲ့ပေးစားဖို့ မြတ်စွာဘုရားကို စောင့်နေဖို့ မှာထားခဲ့တာ။ မြတ်စွာဘုရားက သူစောင့်ခိုင်းတဲ့ နေရာမှာ မစောင့်ဘဲနဲ့ ခြေရာချထားခဲ့တယ်။ သူလာတဲ့အခါ

ဘုရားမတွေ့ဘူး၊ ဘာတွေ့တုန်းဆိုရင် ခြေရာပဲတွေ့တယ်။ ခြေရာတွေ့တဲ့အခါမှာ ပုဏ္ဏားကြီးက သမီးကို အိမ်ထောင်ချချင်တဲ့ဇောနဲ့ သူက မစဉ်းစားဘူး။ ဘယ်လို ပုဂ္ဂိုလ်မျိုးဆိုတာ မစဉ်းစားဘူး။ သို့သော် သူနဲ့အတူလိုက်လာတဲ့ သူ့ရဲ့ဇနီး ပုဏ္ဏေးမကြီးကတော့ ဗေဒင်ကျမ်းနဲ့ ကိုက်ကြည့်လိုက်တယ်။ ကြည့်တဲ့အခါ ပုဂ္ဂိုလ်ရဲ့စရိုက်ကိုတွေ့တယ်။

သူက ရှင်းပြတယ်။ "**ရာဂစရိုက်ရှိတဲ့ ပုဂ္ဂိုလ်ဆိုတာတဲ့ အလယ်ရာ မထင်ဘူးတဲ့။ ခြေဖျားနဲ့ခြေဖနောင့်ပဲ ထင်တယ်။ ဒေါသစရိုက်ရှိတဲ့ပုဂ္ဂိုလ် ဆိုတာ ဖိနင်းထားလို့ ဖနောင့်ရာက ပိုနက်နေတယ်။ မောဟစရိုက်ရှိတဲ့ ပုဂ္ဂိုလ်က မသေမသပ် ဆွဲခြစ်ထားသလို ဖြစ်တယ်တဲ့။** အခု ဒီခြေရာက အဲဒါမျိုးမဟုတ်ဘူးတဲ့။ အင်မတန်မှ သေသပ်ပြီး ပြင်ညီနေတဲ့ ခြေရာဖြစ်တယ်။ ဒီလို ခြေရာရှင်ဟာ သာမန်ပုဂ္ဂိုလ် မဟုတ်ဘူးတဲ့။ သူတော်စင်ပဲ ဖြစ်ရမယ်" လို့ ဒီလိုပြောတာနော်။ မာဂဏ္ဍီပုဏ္ဏေးမကြီးက ဒီလို အကဲခတ်တာ။

ဒီ ပါရမီပုံရိပ် အမှတ်တံဆိပ်မျိုးကို ဘယ်လိုပုဂ္ဂိုလ်မျိုးတွေ ရသလဲလို့ ဆိုလို့ရှိရင် **စကြာမင်းဖြစ်မယ့်ပုဂ္ဂိုလ်၊ ဘုရားဖြစ်မယ့်ပုဂ္ဂိုလ်** ဒီပုဂ္ဂိုလ်နှစ်ဦးပဲ ရတယ်။ ဒီပုဂ္ဂိုလ်နှစ်ဦးရတယ်။ စကြာမင်းဖြစ်မယ့် ပုဂ္ဂိုလ်ဟာလည်းပဲ ဒီပါရမီပုံရိပ်တွေရတယ်။ အဲတော့ စကြာမင်းဖြစ်ဖို့ဆိုတာ မလွယ်ဘူး။ အဆင့်အင်မတန်မြင့်တယ်

လို့ ပြောရမယ်။ အခုခေတ် စိတ်ကူးယဉ်ပြီးတော့ စကြာမင်း၊ စကြာမင်းပြောကြတယ်၊ အခုခေတ်မှာ စကြာမင်းဖြစ်ဖို့ အင်မတန်မှ ခဲယဉ်းတယ်။ ဒီလို သက်တမ်းတိုတဲ့ အချိန်မှာ လည်းပဲ စကြာမင်းဆိုတာ လာဖို့မရှိဘူး။

မြန်မာ့သမိုင်းထဲမှာ ကြည့်လိုက်မယ်ဆိုလို့ရှိရင် ညောင်ရမ်း မင်းသားလေးကို စကြာမင်းလို့ ခေါ်ကြတာရှိတယ်။ နာမည် တပ်ပြီးတော့ ခေါ်ကြတာ ဖြစ်လောက်တယ်ပေါ့နော်။ စကြာမင်း ဆိုပြီးတော့ တကယ့် စကြာမင်းဆိုတာက ပါရမီပုံရိပ်တွေ အပြည့် အဝရှိတဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်ရမယ်။ ၃၂-မျိုး ပြည့်ပြည့်ဝဝ ရှိရတယ်။ ဘုရားရဲ့ ဘုရားအလောင်းတွေရဲ့ အသွင်အပြင် လက္ခဏာနဲ့ အတူတူပဲ။

ဗေဒကျမ်းနဲ့ စစ်ဆေးကြည့်မယ်ဆိုရင် ဘုရားအလောင်း တွေမှာရတဲ့ မဟာပုရိသလက္ခဏာ ၃၂-မျိုးဟာ စကြာမင်း ဖြစ်မယ့် ပုဂ္ဂိုလ်မှာလည်း ရှိတယ်ပေါ့။ ဒါကြောင့်မို့ စကြာမင်းဟာ လူထဲမှာ အင်မတန်မှ ထူးခြားတဲ့ပုဂ္ဂိုလ်။ အင်မတန်မှ ပါရမီ ပြည့်ဝတဲ့ပုဂ္ဂိုလ်။ သူက သာမန်မင်းမျိုး မဟုတ်ဘူးတဲ့။ တိုင်းပြည် ကို အုပ်ချုပ်တဲ့အခါမှာ သူက ဒီမွေနဲ့ပဲအုပ်ချုပ်တယ်။ လက်နက်နဲ့ မအုပ်ချုပ်ဘူး။ သူ့မှာ စည်းစိမ်ဥစ္စာပေါတယ်၊ ရတနာခုနစ်ပါးနဲ့ ပြည့်စုံတယ်ပေါ့။ ဆင်ရတနာ မြင်းရတနာ ဒါက သူ့ခေတ်နဲ့ သူ့အလိုက်ပေါ့နော်။

ဆင်တို့ မြင်းတို့က အခုခေတ်မှာ သိပ်အသုံးမကျတော့ဘူးပေါ့။ ရှေးတုန်းကတော့ အသုံးကျကောင်း ကျလိမ့်မယ်။ အခုတော့ ဆင်က ဘာလုပ်ရတုန်းဆို သစ်ဆွဲရတာပေါ့။ သစ်ဆွဲရတယ်။ မြင်းတွေက ဘာလုပ်ရတုန်းဆို မြင်းလှည်းက,တာတို့ ရှင်လောင်းလှည့်တဲ့အခါမှာ အငှားလိုက်တာတို့ ဒီလောက်ပဲ အသုံးကျတယ်။ သို့သော် ဥရောပနိုင်ငံတွေမှာ မြင်းပိုင်တဲ့သူက သူဌေးပဲ၊ အင်မတန်ပိုက်ဆံချမ်းသာမှ မြင်းတစ်ကောင်ကို ပိုင်နိုင်တယ်တဲ့။ မော်ဒန်မြင့်တဲ့ ကားတစ်စီးပိုင်တဲ့လူက ပေါတယ်နော်။ မြင်းတစ်ကောင်ကို ပိုင်တာကြတော့ သူဌေးမှပိုင်တာ။ အဲဒီနိုင်ငံတွေကျတော့ မြင်းကတန်ဖိုးတက်သွားပြီ၊ သူဌေးမှ မြင်းပိုင်တာ။ အဲဒီမှာ ကားသာဝယ်နိုင်တာ မြင်းမဝယ်နိုင်ဘူး။ ဗမာပြည်နဲ့တော့ တခြားစီပေါ့နော်။ သူ့နေရာနဲ့သူ မတူတတ်ဘူး။

အဲဒီမှာ ဆင်ရတနာတို့ မြင်းရတနာတို့ ဂဟပတိလို့ဆိုတဲ့ အထောက်အကူပြု သူဌေးရတနာတို့၊ သားကြီးရတနာတို့ နော်၊ မိဖုရားရတနာတို့၊ ပတ္တမြား ရတနာ တို့ဆိုတာရှိတယ်။ စကြာမင်းကြီးမှာ စကြာရတနာကအစ ရတနာခုနစ်ပါး လုံလုံ လောက်လောက်ကြီး ရရှိထားတယ်။ အင်မတန်မှ ထူးခြားတယ်ပေါ့။ အင်မတန်မှထူးခြားတဲ့ စကြာမင်းကြီးရဲ့ ခန္ဓာကိုယ်မှာလည်းပဲ ဟောဒီ ပါရမီပုံရိပ်တွေ ရှိတယ်တဲ့။ အဲတော့ သာမန် အနေအထားနဲ့ စကြာမင်း မဖြစ်ဘူးလို့ ဒီလိုဆိုလိုတာပေါ့။ ဒီလို

ပါရမီပုံရိပ် အပြည့်အဝရတာဟာ စကြာမင်းရင်လည်းဖြစ်မယ်၊ ဘုရားရင်လည်း ဖြစ်မယ်၊ ဒီနှစ်မျိုးပဲရှိတယ်။

ဒါကြောင့်မို့ ဗေဒင်ကျမ်းမှာ ဘယ်လိုဆိုထားတုန်းလို့ ဆိုလို့ရှိရင် "(၃၂)မျိုးသော လက္ခဏာတွေနဲ့ ပြည့်စုံသောပုဂ္ဂိုလ်ရဲ့ အလားအလာဟာ နှစ်မျိုးပဲရှိတယ်တဲ့။ အဲဒီနှစ်မျိုးက ဘာတုန်း ဆိုရင် လူ့ဘဝမှာနေမယ်ဆိုရင် စကြာမင်းဖြစ်မယ်၊ ရဟန်း ပြုမယ် ဆိုလို့ရှိရင် ဘုရားပဲဖြစ်မယ်" ဒီလိုနှစ်ခုရှိတယ်။ ဒါကြောင့် မို့လို့ ကြားဖူးကြလိမ့်မယ်။

ဗုဒ္ဓဝင်မှာ ဘုရားအလောင်းတော် မွေးဖွားလာတဲ့အခါ ဘုရင်ကြီးက ဗေဒကျမ်းတတ် ပုဂ္ဂိုလ်တွေကို ဖိတ်ကြားပြီးတော့ အသွင်အပြင် လက္ခဏာတွေကို ကြည့်ခိုင်းတယ်။ အဲဒီလို ကြည့်တဲ့အခါမှာ ခန္ဓာတစ်ကိုယ်လုံးကို ကြည့်တာ။ လက်ဖဝါး ကိုပဲကြည့်တာ မဟုတ်ဘူးနော်။ ၃၂-ပါးသော ယောကျ်ားမြတ် လက္ခဏာတွေ တစ်ကိုယ်လုံးကို ကြည့်တာ။ ဘုရားလောင်း မင်းသားလေးရဲ့ ကိုယ်ခန္ဓာမှာ ကြည့်လိုက်တော့ အမှတ်အသား လက္ခဏာ ၃၂-မျိုးလုံးကို တွေ့ရှိရတယ်။ တွေ့ရှိတဲ့အခါမှာ သာမန်ဝိုးတိုးဝါးတားတွေ့တာ မဟုတ်ဘူး။ ပီပီပြင်ပြင်ကြီး တွေ့တာ။

ဒါကြောင့်မို့ အများကတော့ ဗေဒကျမ်းမှာဆိုတဲ့အတိုင်း ပဲတဲ့၊ ဒီ အလောင်းမင်းသားလေးဟာ လူ့ဘဝမှာနေရင်

စကြဝတေးမင်း ဖြစ်ပါလိမ့်မယ်။ တောထွက်ပြီးတော့ ရဟန်းဝတ်လို့ရှိရင် ဘုရားဖြစ်ပါလိမ့်မယ်လို့ လက်နှစ်ချောင်းထောင်ပြီး ဒီနှစ်လမ်းပဲရှိတယ်လို့ ဟောကြတယ်။ ဒါ ဗေဒင်ကျမ်းမှာလာတဲ့အတိုင်း သူတို့ကပြောကြတာ။ သို့သော် ပဉ္စဝဂ္ဂီ ၅-ဦးထဲမှာပါတဲ့ ကောဏ္ဍညအလောင်း ပုဏ္ဏားကျတော့ သူက သူများထက် ဉာဏ်ပညာထက်တယ်။ သူက သေချာကြည့်ပြီး သာမန် စကြဝတေးမင်း လက္ခဏာထက် ပိုလွန်နေတာ တွေ့ရတယ်၊ စကြာမင်းဖြစ်မယ့် ပုဂ္ဂိုလ်ရဲ့ အမှတ်အသားတွေက (Clear) မဖြစ်ဘူး။ သိပ်ပြီးတော့ ဒီလောက်မပြည့်စုံဘူးနော်။ ရှိတော့ ရှိတယ်။ ၃၂-မျိုး သူ့မှာလည်း ရှိတယ်။ သို့သော်လည်း ဘုရားဖြစ်မယ့်ပုဂ္ဂိုလ်ရဲ့ လက္ခဏာလောက် မပီပြင်ဘူးလို့ပြောတာ။ ဒါလေးက ကွဲပြားခြားနားမှု။ ကျန်တဲ့ ပုဏ္ဏားတွေက ဒါကို မစဉ်းစားနိုင်ဘူး။ အဲကောဏ္ဍည ပုဏ္ဏားကျတော့ ပီပြင်မှု၊ မပီပြင်မှု ဒီနှစ်ခုကို ကြည့်ပြီးတော့ သူ့ရဲ့ ဉာဏ်စွမ်းနဲ့ သူက လက်ညှိုးတစ်ချောင်းတည်း ထောင်ပြီးတော့ ဒီလက္ခဏာရှင်ဟာ ဘုရားကေန်စင်စစ်ဖြစ်ပါလိမ့်မယ်လို့ ဒီလိုဟောလိုက်တာနော်။

အဲဒါက ဘာကို ကြည့်ဟောတာတုန်းဆိုတော့ ဒီ ပါရမီပုံရိပ် အမှတ်တံဆိပ်တွေကို ကြည့်တာပဲ။ ဒီ ပါရမီပုံရိပ် အမှတ်တံဆိပ်တွေကိုရတဲ့ပုဂ္ဂိုလ်ဟာ နှစ်ဦးပဲရှိတယ်။ စကြာမင်းနဲ့ ဘုရားအလောင်းနော်။ ဘုရားဖြစ်မယ့်ပုဂ္ဂိုလ်နဲ့ စကြဝတေးမင်း

ဖြစ်မယ့်ပုဂ္ဂိုလ် ဒီနှစ်ဦးပဲရတယ်လို့ ဆိုတာ။ ဒီလက္ခဏာနဲ့ ပြည့်စုံရင် စကြဝတေးမင်းလျှင်လည်းဖြစ်မယ်၊ ဘုရားလျှင်လည်း ဖြစ်မယ်။ ဒီ၂-မျိုးပဲ ရွေးချယ်စရာရှိတယ်လို့ ဒီလိုဆိုတာ။

## (၁) ခြေဖဝါးအပြင်ညီခြင်း

အဲတော့ ကောင်းပြီ။ နံပါတ်(၁) လက္ခဏာက အလွန် ညီညာတဲ့ ခြေဖဝါးရှိတယ်။ အဲဒီ အလွန်ညီညာတဲ့ ခြေဖဝါး ရ,ထားတာဟာ မဟာပုရိသလက္ခဏာ တစ်ခုပဲတဲ့။ နံပါတ် (၁) မဟာပုရိသလက္ခဏာ၊ ပြင်ညီတဲ့ခြေဖဝါး။ ဒီခြေဖဝါးပြင်ဟာ နင်းတဲ့ကြမ်းပေါ်မှာ တညီတည်းကျတယ်၊ ညီသော ခြေဖဝါးရှိတဲ့ ပုဂ္ဂိုလ်ဟာ ဒါလက္ခဏာတစ်ခုပဲလို့ ဆိုလိုတာ။

## ပါရမီကုသိုလ်

ကောင်းပြီ ဒီလက္ခဏာကို ဘာကြောင့်ရတာလဲ။ လူ့ဘဝ မှာ ပေါ်ချင်လို့ပေါ်တာလား၊ သို့မဟုတ် အမေနဲ့တူလို့လား၊ အဖေနဲ့ တူလို့လား။ ဒီလိုလည်း မဟုတ်ဘူးနော်။ အမေ အဖေ ရှိလို့ ပုံလာရှိနေတာမျိုးက ရှိသေးတယ်။

ဒီနေရာမှာတော့ မြတ်စွာဘုရားဟာ အခုလို ခြေဖဝါးပြင် ညီပြီးတော့ လှပတဲ့ခြေထောက်ရှိတာဟာ ဘာလုပ်ခဲ့လို့တုန်း ဆိုတာကို မြတ်စွာဘုရားက ဟောတာ။ လက္ခဏာကျမ်းတွေမှာ

ဒီကံတရားကို မဖော်ပြနိုင်ကြဘူး။ ဘုရားပွင့်တဲ့အခါမှာ ဒီ ကံတရားကို သေချာဖော်ပြတာ ဖြစ်တယ်ပေါ့။

မြတ်စွာဘုရားက ဒီလက္ခဏာရှင်ဟာ လွန်ခဲ့တဲ့ ဘဝတွေ တုန်းက လူဖြစ်တဲ့ အချိန်အခါကာလမှာ ကုသိုလ်ကောင်းမှု လုပ်တဲ့အခါမယ် **ဒဠှသမာဒါန** – ခိုင်မြဲစွာ ကုသိုလ်လုပ်တယ်တဲ့။ **အဝတ္ထိတသမာဒါန**– စွဲစွဲမြဲမြဲ ကုသိုလ်လုပ်တယ်တဲ့။ အဲဒီနှစ်ခု ဟာ သူ ကြံ့ခိုင်တဲ့ခြေဖဝါးအပြင်ကိုရခြင်းရဲ့ အကြောင်းတစ်ခုပဲ လို့ဆိုတာ။

ကုသိုလ်လုပ်တဲ့ အခါမှာ မြဲခိုင်တယ်။ ဘယ်သူဖျက်လို့မှ မပျက်ဘူး။ တချို့ကျတော့ ကုသိုလ်က သူများမဖျက်ရပေမယ့်လို့ ကိုယ့်ဟာကိုယ် ဖျက်တာလည်း ရှိတာပေါ့ နော်။ ကိုယ်လုပ်ချင်တဲ့ ကုသိုလ်တစ်ခုကို စွဲစွဲမြဲမြဲလုပ်တဲ့ ပုဂ္ဂိုလ်က အင်မတန်မှ နည်းတယ်လေ။ လုပ်ချင်တဲ့အခါ လုပ်မယ်။ မလုပ်ချင်တဲ့အခါ မလုပ်ဘူးလို့ ခိုင်မာတဲ့ရည်ရွယ်ချက် မရှိဘူး။

ဘုရားအလောင်းကျတော့ ဘယ်သူ လာဖျက်ဖျက် ခိုင်မာတဲ့ရည်ရွယ်ချက်နဲ့ ကုသိုလ်ကောင်းမှုလုပ်တယ်။ ကုသိုလ် လုပ်ပြီဆိုလို့ရှိရင် **ဒဠှသမာဒါန**–ဆုပ်ကိုင်ထားပြီးတော့ ခိုင်မြဲစွာ လုပ်တယ်၊ ဘယ်တော့မှ နောက်မဆုတ်ဘူး။ **အဝတ္ထိတ– သမာဒါန**– တစ်စုံတစ်ယောက်က လာပြီးတော့ ဒီကုသိုလ်မလုပ် အောင် ဘယ်လိုပြောပြော နောက်ဆုတ်တဲ့ပုဂ္ဂိုလ် မဟုတ်ဘူးတဲ့။

ဒါကြောင့်မို့ ကုသိုလ်လုပ်တဲ့အခါမှာ ခိုင်ခိုင်မာမာလုပ်တဲ့ ပုဂ္ဂိုလ်မျိုးဟာ ဒီလက္ခဏာမျိုးကို ရတယ်လို့ ဒီလိုပြောတာ။

ဒါဖြင့် ဘယ်လိုကုသိုလ်မျိုးလုပ်တာတုန်းဆိုတော့ ဒါနကောင်းမှု လုပ်တဲ့အခါမှာလည်း စွဲစွဲမြဲမြဲလုပ်တယ်။ သီလဆောက်တည်တဲ့အခါမှာလည်း စွဲစွဲမြဲမြဲ လုပ်တယ်။ ဥပုသ်သီတင်းဆောက်တည်တဲ့အခါမှာလည်း စွဲစွဲမြဲမြဲ လုပ်တယ်။ ဘယ်ကုသိုလ်လုပ်လုပ် သူက ခိုင်မာတဲ့စိတ်ဓာတ်နဲ့၊ မြဲခိုင်တဲ့စိတ်ဓာတ်နဲ့၊ မတုန်လှုပ် မယိမ်းယိုင်တဲ့စိတ်ဓာတ်နဲ့ သူက ကုသိုလ်ကို လုပ်လေ့ရှိတယ်။ အဲဒါ ကြောင့်မို့လို့ ဘုရားအလောင်းတွေဟာ ဒီလို အမှတ်အသား လက္ခဏာကို ရရှိတာပါတဲ့။ မိဘကို လုပ်ကျွေးရင်လည်း ခိုင်မာတဲ့ စိတ်ဓာတ်နဲ့ လုပ်ကျွေးတယ်။ သမဏ ဗြာဟ္မဏတွေကို ပြုစုလုပ်ကျွေးရင်လည်း ခိုင်မာတဲ့ စိတ်ဓာတ်နဲ့ ပြုစုလုပ်ကျွေးတယ်။ ကုသိုလ်မှန်သမျှ သူဟာ **ဒဠှသမာဒါန–** မြဲမြဲခိုင်ခိုင် ဆုပ်ကိုင်ပြီးတော့ လုပ်လေ့ရှိတယ်။ သာမန်အနေအထား လုပ်တဲ့ဟာ မဟုတ်ဘူးတဲ့။ ခိုင်ခိုင်မာမာ လုပ်တာ။ ဒီ ခိုင်ခိုင်မာမာနဲ့ ကုသိုလ်လုပ်ခဲ့တာဟာ ခိုင်ခိုင်မာမာ ရပ်တည်နိုင်တဲ့ စွမ်းရည်သတ္တိမျိုး ရတာပေါ့။ ဆိုလိုတာက ကံတရားနဲ့ လိုက်လျောညီထွေ သူက ကုသိုလ်ကောင်းမှု ပါရမီ ကုသိုလ်တွေ လုပ်တဲ့အခါမှာ သူက အခိုင်အမာ လုပ်တာ။

အခိုင်အမာလုပ်လို့ သူ့ရဲ့ခြေဖဝါးမှာ ဒါတွေ လာပေါ်နေတာ နော်။ ခိုင်မာမှုတွေ ဖော်ပြနေတယ်။

ဟော သာမန်ပုဂ္ဂိုလ်တွေကျတော့ ခြေဖနောင့်ကြီးက ကြီးချင်ကြီးနေတယ်။ ခြေဖနောင့်ကြီး မောက်ချင်မောက်နေတယ်။ ခြေဖျားက နိမ့်ချင်နိမ့်နေတယ်။ သို့မဟုတ် အလယ်ခေါင်က ခွက်ချင်ခွက်နေတယ်။ အမျိုးအစုံရှိတယ်။ ပြင်မညီဘူးပေါ့။ ဟော တိတိကျကျ ကုသိုလ်ကောင်းမှုကို စွဲစွဲမြဲမြဲပြုလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေကျတော့ ဒီခြေဖဝါးအပြင်ဟာ တညီတည်းထွက်လာခဲ့တယ်တဲ့။ ဒီလိုဆိုလိုတာ။ လူ့ဘဝမွေးလာလို့ လူသားတစ်ယောက် ဖြစ်လာတဲ့အခါမှာ ခြေဖဝါးကြည့်လိုက်တာနဲ့ သူ့ခြေဖဝါးဟာ ပြင်ညီနေတဲ့ ခြေဖဝါး။ အဲတော့ သာမန်ပုဂ္ဂိုလ်တွေမှာလည်း ဒီ အမှတ်အသားဟာ မရှိနိုင်ဘူး မဟုတ်ဘူး ရှိနိုင်တယ်။ ၃၂-မျိုးလုံးသာ မပြည့်တာ။ တချို့ ပုဂ္ဂိုလ်တွေကျတော့ တစ်မျိုး နှစ်မျိုး ဒါမျိုး ရှိတတ်တယ်နော်။ ဘုရားအလောင်း မဟုတ်ဘူး ဆိုရင်တောင်မှ ဘာဖြစ်လို့တုန်းဆိုရင် သူလုပ်ခဲ့တဲ့ ပုံရိပ်တွေက လာထင်နေတယ်။ အဲတော့ ကိုယ်ကိုယ်ကိုယ်လည်း စမ်းသပ်ကြည့်ပေါ့။ ကိုယ့်ကိုယ်ကိုယ် စမ်းသပ်ကြည့်ပေါ့။ ဒီလို ထူးခြားတဲ့ပုဂ္ဂိုလ်မျိုးတွေဟာလည်းပဲ ဒီကနေ့ခေတ်မှာလည်း ရှိနိုင်တာပဲ။ ခြေဖဝါးပြင်ညီတဲ့ပုဂ္ဂိုလ်တွေ့လို့ရှိရင် ဒီပုဂ္ဂိုလ်ဟာ အတိတ်ဘဝတုန်းက ကုသိုလ်ကောင်းမှုလုပ်တဲ့

အခါမှာ ခိုင်ခိုင်မာမာ နောက်မဆုတ်ဘဲနဲ့ စွဲစွဲ မြဲမြဲပြုလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်လို့ ဒီလိုသတ်မှတ်ရမယ်။ ဒါ သူ့ရဲ့ပါရမီပုံရိပ်က ခြေဖဝါး မှာ လာပေါ်တာပေါ့။ ဒီလိုဆိုလိုတာနော်။

ဘုရားတို့ စကြဝတေးမင်းတို့ ဖြစ်မယ့်ပုဂ္ဂိုလ်ကျတော့ သုံးဆယ့်နှစ်မျိုးလုံးရှိရမယ်။ မလျော့ရဘူး။ ကျန်တဲ့ပုဂ္ဂိုလ် တွေကျတော့ တစ်ခုရတာ ရှိမယ်။ နှစ်ခုရတာ ရှိမယ်။ ပြည့်ပြည့် စုံစုံ မရဘူးပေါ့။ ဘာဖြစ်လို့တုန်းဆိုတော့ ပါရမီတွေက ပြည့်ပြည့် စုံစုံဖြည့်တာ မဟုတ်လို့တဲ့။

## အကျိုးပေးပုံ

အေး ကောင်းပြီ၊ ဒီ နံပါတ်(၁)လက္ခဏာကို ရထားတဲ့ အခါမှာ ဘယ်လို အကျိုးကျေးဇူးတွေ ရှိသလဲ။ ဒီလက္ခဏာ ပိုင်ရှင်ဟာ ဘယ်လို အကျိုးကျေးဇူးတွေ ခံစားရသလဲ။ ဒီလက္ခဏာပိုင်ရှင်ဟာ စကြဝတေးမင်းဖြစ်ပြီ ဆိုလို့ရှိရင် ဘယ် ရန်သူကမှ သူ့ကို မတွန်းလှန်နိုင်ဘူး။ သူက ကြံ့ကြံ့ခံတယ်။ သူ့ရဲ့အာဏာပါဝါကို ဘယ်သူမှ ဖယ်ရှားပစ်ခြင်းငှာ မစွမ်း နိုင်ဘူးတဲ့။ ဒီလို ဆိုလိုတာပေါ့နော်။ ဒီအမှတ်တံဆိပ်ရှိလို့ရှိရင် ကိုယ်နဲ့ရန်သူတွေက ဘယ်တော့မှ ကိုယ့်ကိုလာပြီး မတွန်းလှန် နိုင်ဘူး။ မဖယ်ရှားနိုင်ဘူးတဲ့။

မြတ်စွာဘုရားဖြစ်လို့ရှိရင်လည်း မြတ်စွာဘုရားရဲ့ ဆန့်ကျင်ဘက် သမဏတွေပဲဖြစ်ဖြစ်၊ ဆန့်ကျင်ဘက်အယူဝါဒ ရှိတဲ့ ဗြာဟ္မဏတွေပဲဖြစ်ဖြစ်၊ မာရ်နတ်တို့လို နတ်ဆိုးတွေပဲ ဖြစ်ဖြစ်၊ ဒေဝဒတ်တို့လို လူသားထဲက ရန်သူတွေပဲဖြစ်ဖြစ် မြတ်စွာဘုရားကို ဘုရားအဖြစ်ကနေ တွန်းဖယ်ပြီးတော့ မပစ်နိုင်ဘူးတဲ့။ ဒီလိုဆိုလိုတာ။

ဒါတင်လားဆိုတော့ မဟုတ်ဘူး။ အတွင်းရန် အပြင်ရန်ကို မြတ်စွာဘုရားကျတော့ ရာဂကလည်း မြတ်စွာဘုရားစိတ်ကို မတွန်းလှန်နိုင်ဘူး၊ ဒေါသကလည်း မြတ်စွာဘုရားစိတ်ကို လာရောက်ပြီးတော့ မတွန်းလှန်နိုင်ဘူး။ မောဟကလည်း မတွန်း ဖယ်နိုင်ဘူး။ ကိလေသာတွေကလည်း မြတ်စွာဘုရားကို လာပြီးတော့ တုန်လှုပ်အောင် မလုပ်နိုင်ဘူးလို့ ဒီလို ဆိုလို တာနော်။ အဲတော့ ဒီလက္ခဏာပိုင်ရှင်ဟာ **ကြံ့ကြံ့ခံနိုင်တဲ့ စွမ်းရည်သတ္တိ**တွေကို ရတယ်။ လုပ်ထားတဲ့ကုသိုလ်နဲ့ ရလာတဲ့ အကျိုးဟာ အင်မတန်မှလိုက်လျောညီထွေရှိတယ်ပေါ့။

ခြေဖဝါးမှာ ထင်တာကတော့ အမှတ်တံဆိပ်ပဲ။ ရုပ်ပေါ် မှာ လာပေါ်တဲ့ အမှတ်တံဆိပ်။ တကယ်ကတော့ ဒီအမှတ် တံဆိပ်သည် ပါရမီ ပုံရိပ်မျှသာ ဖြစ်တယ်ပေါ့။ အဲဒီ ပါရမီပုံရိပ် အမှတ်တံဆိပ်ပိုင်ရှင်ဟာ ရန်သူတွေကို ကြံ့ကြံ့ခံတွန်းလှန်နိုင်တဲ့ စွမ်းအားတစ်ခု ရထားလို့ သူ့ကို ဘယ်တော့မှ အနိုင်မယူနိုင်ဘူး။

အားလုံးဟာ သူနဲ့တွေ့လို့ရှိရင် အကုန်လုံး လန်သွားရတာချည်းပဲ။ သူ့ကို တွန်းလှန်နိုင်တဲ့ပုဂ္ဂိုလ် တစ်ယောက်မှမရှိဘူးလို့။ ဒီလို ကြွခိုင်တဲ့ အနေအထားတစ်ခုကိုရတယ်။ ဒီလို ဆိုလိုတာနော်။ မြတ်စွာဘုရားက ဒီအကြောင်းတရားနဲ့ ရရှိလာတဲ့ အကျိုးတရားကို မြတ်စွာဘုရားက ဆက်စပ်ပြီးဟောထားတာ။ ဒါက နံပါတ် တစ်၊ ခြေဖဝါးမှာ ခြေဖဝါးအပြင် ညီညာခြင်း၊ ညီညာတဲ့ ခြေဖဝါး အပြင်ရှိခြင်းဆိုတဲ့ ဒီအမှတ်အသား လက္ခဏာတစ်ခုရဲ့ အကြောင်းပဲဖြစ်တယ်။

## (၂) ခြေဖဝါးမှာ စက်လက္ခဏာ

နောက်တစ်ခုက ဘာတုန်းဆိုရင် ခြေဖဝါးက ပြင်ညီရုံတင် မဟုတ်ဘူး။ **ခြေဖဝါးမှာ စက်လက္ခဏာတွေပါတယ်** ပေါ့။ စက်ဝန်းတွေ ပါလာတယ်။ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ ဆိုတာ မြန်မာလူမျိုးတွေ ခြေတော်ရာကို ကြည့်လို့ရှိရင် သိလိမ့် မယ်ပေါ့နော်။ အဲဒီ ခြေတော်ရာကို ကြည့်ပြီးတော့ ဘုရား အလောင်းလေးရဲ့ခြေရာမှာလည်းပဲ ဒီစက်လက္ခဏာတွေ ခြေဖဝါးမှာ တွေ့ရတယ်။ အဲတော့ အားလုံး ပါဒစေတီတော်ကို ဖူးဖူးကြတဲ့ပုဂ္ဂိုလ်၊ မြတ်စွာဘုရားရဲ့ပုံတွေကို ဖူးဖူးကြတဲ့ပုဂ္ဂိုလ် တွေဟာ ဒီအကြောင်းတရားတွေကို တွေ့ရှိနိုင်တယ်ပေါ့။ သာမန် ခြေဖဝါးမှာ ဒါမျိုးတွေပါတာ မဟုတ်ဘူး။ မြတ်စွာဘုရားဖြစ်မယ့်

ပုဂ္ဂိုလ်၊ စကြဝတေးမင်းဖြစ်မယ့်ပုဂ္ဂိုလ် ဒီပုဂ္ဂိုလ်နှစ်ဦးမှာတော့ **ပါဒတလစက္က–** ခြေဖဝါးအပြင်မှာ စက်ဝိုင်းအမှတ်တံဆိပ်ကြီးတွေ ပေါ်ပြီးတော့ နေတယ်တဲ့။ ဒါက အင်မတန်မှ ထူးခြားတဲ့ အမှတ်အသားတစ်ခုပဲ။ ဒါလည်း ပါရမီပုံရိပ် အမှတ်တံဆိပ်တစ်ခုပဲပေါ့။

အဲဒီ စက်လက္ခဏာတွေနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးတို့တတွေလည်း မှတ်သားစရာ အင်မတန်မှ ကောင်းတယ်။ ငယ်ငယ်တုန်းက ဒီလက်ာလေးကို အစလေးတော့ ရတယ်။ အခုတော့ မရတော့ဘူး။ အားလုံး ကျက်မှတ်ချင်တဲ့ ပုဂ္ဂိုလ်တွေ **မင်းကွန်းဆရာတော်ဘုရားကြီးရေးတဲ့** မဟာဗုဒ္ဓဝင် ထဲမှာ မန္တလေးမြို့က တောင်ခွင် သာသနာပိုင်ကြီးရေးတဲ့ ကျမ်းထဲက ထုတ်နှုတ်ပြီးတော့ ခြေတော်ရာ ဘုရားရှိခိုးတစ်ပုဒ်ကို ထည့်ထားတာရှိတယ်။ အဲဒါ အရကျက်ထားမယ် ဆိုလို့ရှိရင် ဒီ စက်လက္ခဏာတွေရဲ့အကြောင်းကို သိရှိနိုင်တယ်ပေါ့နော်။ မဟာဗုဒ္ဓဝင်ကနေပြီးတော့ ယူပြီးတော့ မှတ်သားကြဖို့ပေါ့။ မဟာဗုဒ္ဓဝင်မှာ ဒီ စက်လက္ခဏာတွေရဲ့အကြောင်းကို ရေးထားတယ်။ ဒီလက်ာကြီးကလည်းပဲ အင်မတန်မှကောင်းတယ်။ ဘုန်းကြီးတို့က ငယ်ငယ်တုန်းကတော့ ကျီးသဲလေးထပ် ဆရာတော်ကြီးရေးတယ်လို့ ဒီလိုစိတ်ထဲမှာ မှတ်သားမိတယ်။ အခု မဟာဗုဒ္ဓဝင်ထဲမှာတွေ့တော့ တောင်ခွင်ဆရာတော်ကြီးရဲ့ ဂုဏာလင်္ကာဒီပနီ

ကျမ်းကနေပြီးတော့ ယူပြီးတော့ ဖော်ပြတယ်လို့ဆိုတော့ ဒါ တောင်ခွင်ဆရာတော်ကြီး ရေးတယ်လို့ ဒီလိုမှတ်ရမှာပေါ့နော်။

“အတိုင်းမသိ ကျေးဇူးရှိသား မုနိသကျ ဂေါတမ၏ **ပါဒမျက်ကျော် ဖဝါးတော်ရှိ ထွန်းပေါ်ကျစ်လျစ် တစ်ရာ့ရှစ်ကို စိစစ်လျှင်တွေ့ အကျဉ်းရေပိမ့်**။ ရေတွက်ပြီးပြမယ် ဆိုပြီးတော့ အားလုံး တစ်ရာနဲ့ရှစ်ခုလုံးစေ့အောင် ရေတွက်ထားတာနော်။ အဲဒီ ကဗျာလင်္ကာလေးကို ရအောင်ကျက်ပြီး ခြေတော်ရာနဲ့ သွားပြီး တိုက်ဆိုင်ပြီး ကြည်ညိုနိုင်ကြတယ်ပေါ့။

**စက္ကလက္ခဏာ**– ခြေဖဝါးအပြင်မှာ ပါဒတလစက္က လက္ခဏာ သို့မဟုတ် **ပါဒတလစက္က**၊ ဒါ ခြေဖဝါးအပြင်မှာ စက်လက္ခဏာတွေ ပေါ်နေတယ်တဲ့။ တစ်ရာ့ရှစ်ကွက် စက် လက္ခဏာကြီးတွေ ပေါ်နေတယ်။ အဲဒီတစ်ရာ့ရှစ်ကွက် စက် လက္ခဏာဆိုတာ ဒီ မြန်မာလိုသာ အပြည့်အစုံရေးထားတာ။ ဒီ ပါဠိတော်မှာ အပြည့်အစုံ ဖော်ပြထားတာ မရှိဘူး။ မရှိတော့ ဘယ်ကနေယူထားတာတုန်းဆိုတော့ **အပဒါနပါဠိတော်** မှာ မိထွေးတော်ဂေါတမီက ဘုရားရဲ့ခြေတော်ကို ရှိခိုးတဲ့အခါမှာ တစ်ခုနှစ်ခု ဖော်ပြထားတာ ရှိတယ်။ ဘုရားရဲ့ခြေမှာ ဘယ်လို အမှတ်အသားတွေ ရှိတယ်ဆိုတာ အဲဒီခြေတော်အစုံကို ရှိခိုး ပါတယ်လို့ မိထွေးတော်ကြီး ရှိခိုးတဲ့အထဲမှာလည်း တချို့ တစ်ဝက်တော့ ပါတယ်ပေါ့။ အဲတော့ အပြည့်အစုံ ဖော်ပြ

ထားတာကတော့ **မဏ္ဍိမပဏ္ဏာသ ဗြဟ္မာယုသုတ်** ကိုဖွင့်တဲ့ အဋ္ဌကထာမှာတော့ တော်တော်များများ ထည့်သွင်းပြီးတော့ ဖော်ပြထားတာရှိတယ်။

အဲတော့ မြန်မာပြည်မှာတော့ အခုလို ဆရာတော်ကြီး တွေ ရေးထားတဲ့ ကဗျာထဲမှာတော့ တစ်ရာ့ရှစ်ကို ပြည့်ပြည့်စုံစုံ ရေတွက်ပြီးတော့ ဖော်ပြထားတာ ရှိတယ်ပေါ့။ တစ်ရာ့ရှစ်ကို ဘယ်လိုရေတွက်ရမယ်ဆိုတာ ရေတွက်ဖော်ပြထားတယ်။ အဲဒီ မှာ **ပါဒတလစက္က–** ခြေဖဝါးအပြင်မှာ ဒီလိုစက်လက္ခဏာတွေ ပေါ်နေတာဟာ အင်မတန်မှထူးခြားတဲ့ အမှတ်အသားတစ်ခုပဲ။

ဒီလို စက်လက္ခဏာပေါ်တဲ့ ခြေဖဝါးပိုင်ရှင်ဟာ စကြဝတေးမင်းလျှင်လည်း ဖြစ်မယ်၊ ဘုရားလျှင်လည်း ဖြစ်ရ မယ်။ အဲဒီ နှစ်ဦးမှာသာ ရှိနိုင်တယ်တဲ့။ အဲဒီ နှစ်ဦးကလည်း ဒီစက်လက္ခဏာတွေ တွေ့ရတဲ့ ပုဂ္ဂိုလ်ဟာ၊ စက်လက္ခဏာတွေ ရှိတဲ့ ခြေဖဝါးပိုင်ရှင်ဟာ စကြဝတေးမင်းဖြစ်မယ်။ ဘုရား ဖြစ်မယ်။ ဒီနှစ်ခုပဲ ရှိနိုင်တယ်တဲ့။ ဒီနှစ်ဦးပဲရှိနိုင်တယ်။

အဲဒီမှာ စက်လက္ခဏာတွေနဲ့ ပတ်သက်ပြီးတော့ ပါဠိတော် မှာ ဘယ်လိုဆိုတုန်းဆိုတော့ **"ဟေဋ္ဌာပါဒတလေသု စက္ကာနိ ဇာတာနိ"** တဲ့။ ခြေဖဝါးအပြင်မှာနော်။ ခြေဖဝါးမှာ စက်ဝိုင်းတွေ ပေါ်ထွန်းပြီးတော့ နေတယ်တဲ့။ စက်ဘီးပုံစံ၊ **စက္က** ဆိုတာ ဒီနေရာမှာ လှည်းဘီးကြီးရဲ့ပုံစံ ပေါ်နေတယ်။ အဲဒီမှာ

**သဟဿာရာနိ**–အကန့်ပေါင်းက တစ်ထောင်ရှိတယ်။ ဘီးမှာ အကန့်တွေ အကန့်တွေပေါ့နော်။ ပုံစံမျိုးတစ်ထောင်ရှိတယ်။ ပုံတောင်းဆိုတာ ရှိတယ်နော်။ အကွပ်တကူဆိုတာ ရှိတယ်။ ဆိုလိုတာကတော့ လှည်းဘီးရဲ့သင်္ကေတ အကုန်လုံး ပေါ်နေတယ်လို့ ပြောတာ။ ပြည့်ပြည့်စုံစုံ လှည်းဘီးရဲ့သင်္ကေတ ပေါ်ပြီးတော့ စက်ဝိုင်းပုံသင်္ကေတ၊ မြတ်စွာဘုရားက ဒီ ထူးခြားတဲ့ မဟာပုရိသတွေရဲ့ ခြေဖဝါးမှာ ပေါ်ထင်နေတယ်တဲ့။

## ပါရမီကုသိုလ်

အဲဒီလို ပါရမီပုံရိပ် အမှတ်တံဆိပ်က ဘာကြောင့်ရတာတုန်း၊ ဘယ်ကုသိုလ်ကြောင့် ရတာတုန်းဆိုတော့ **ဗဟုဇနဿ သုခါ ဝဟော**– လူ့ဘဝ ရလာတဲ့အချိန်မှာ အများချမ်းသာဖို့ အတွက် ဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်ပဲ ဖြစ်တယ်။ အများအတွက် ချမ်းသာသုခရအောင် ဆောင်ရွက်ပေးခဲ့တဲ့ပုဂ္ဂိုလ်။ ဒါတင် မကဘူး အများ ထိတ်လန့်တုန်လှုပ်နေတဲ့၊ ကြောက်ရွံ့တဲ့ ဘေးတွေကိုလည်းပဲ အကာအကွယ်ပေးခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို ဘုရားအလောင်းတွေဟာ လုပ်ခဲ့တယ်။ အများတွေ ထိတ်လန့်ကြောက်ရွံ့နေတဲ့ ဘေးရန်တွေကနေပြီးတော့ အကာအကွယ်ပေးတယ်တဲ့။ နောက် **ဓမ္မိကဥ္စ ရက္ခာ ဝရဏဂုတ္တိံ သံဝိဓာတာ**– တကယ့်ကို တရားဥပဒေနဲ့အညီ ကာကွယ်မှု

စောင့်ရှောက်မှု လုံခြုံမှုတွေကို ပေးခဲ့တယ်။ အဲဒီလိုပေးခဲ့တဲ့ ကုသိုလ်တွေကြောင့်မို့လို့ ခြေဖဝါးမှာ စက်လက္ခဏာပေါ်တာလို့ ဒီလိုဆိုလိုတာ။ နောက်တစ်ခုက ဘာတုန်းဆိုရင် ဒါနကောင်းမှု လုပ်တဲ့အခါမှာ သူက **သပရိဝါ ရဒါန**–အမြဲတမ်း အခြံအရံနဲ့ပဲ လှူတယ်။ တစ်ခုမှ အခြံအရံမပါဘဲ မလှူဘူး။ အခြံအရံနဲ့ လှူတယ်လို့ဆိုတာ ဘယ်လိုဟာကို ပြောတာတုန်းဆိုတော့ ဥပမာမယ် ယာဂုဆွမ်းလောင်းတယ်ဆိုလို့ရှိရင် ယာဂုနဲ့တွဲဖက်ပြီး တော့ စားလို့ရတဲ့ အစာအာဟာရ ထည့်လှူတယ်။ တစ်ခုတည်း မလှူဘူး။ အခြံအရံနှင့်တကွ လှူတယ်လို့ ပြောတယ်။ **သပရိဝါရ** ဒါက ရှေးတုန်းကတော့ သင်္ကန်းလှူတယ်လို့ဆိုရင် သင်္ကန်း ပိတ်စပဲ လှူတာကိုး။ လှူတော့ ဘာထည့်လှူတုန်းဆို အပ်တို့ အပ်ချည်တို့ ဒီလို ထည့်လှူတယ်ပေါ့။ ခုခေတ်ကတော့ (Ready-made) ချုပ်ပြီးသားဆိုတော့ ဒီလိုမဖြစ်တော့ဘူးပေါ့နော်။ အဲတော့ ဘာပဲလှူလှူ လုံလောက်အောင်၊ ပြည့်စုံအောင် လှူတဲ့ သဘောမျိုးပေါ့။ တစ်ခုတည်း မဟုတ်ဘူး။ ဥပမာ ဆေးလှူမယ် ဆိုရင် ဆေးသောက်စရာခွက်ပါ ထည့်လှူမယ်တို့ ဒီလို အပြည့် အစုံ၊ ဒီလိုဆိုလိုတာနော်။ **သပရိဝါရဒါန** လုပ်ပြီဆိုလို့ရှိရင် ဒီဟာအတွက် လိုအပ်ချက် ကော်ဖီလှူရင် ကော်ဖီပန်းကန်ပါ လှူတဲ့သဘော နေမှာပေါ့နော်။ ဒီလို အကုန်ပြည့်ပြည့်စုံစုံ လိုလေသေးမရှိအောင် တစ်ခုဆိုရင် ဆက်ကာအကုန်လုံး

လှူတာကို **သပရိဝါရဒါန**လို့ ဒီလိုခေါ်တယ်ပေါ့။ အဲဒီလို ပြည့်ပြည့် စုံစုံ အများချမ်းသာအောင် လုပ်ခဲ့တယ်။ အခြံအရံနှင့်တကွ ဒါနကောင်းမှုတွေကို ပြုခဲ့တယ်။ အဲဒီလို ပြုခဲ့သည့်အတွက် ကြောင့် ဒီ ဒါနပါရမီပုံရိပ် အမှတ်တံဆိပ်ကို ရတာပါတဲ့။

## အကျိုးပေးပုံ

ကဲ အဲဒီတော့ ဒီ ပါရမီပုံရိပ် အမှတ်တံဆိပ်ရတဲ့ပုဂ္ဂိုလ်ဟာ ဘုရားပဲဖြစ်ဖြစ်၊ စကြာမင်းဖြစ်ဖြစ် ဘယ်လိုအကျိုးကျေးဇူးတွေ ရှိတုန်း။ စကြာမင်းဆိုရင် စကြာမင်းနဲ့ ပတ်သက်တဲ့ အခြံအရံ တွေပေါ့။ ဘုရားဆိုရင် ဘုရားနဲ့ပတ်သက်တဲ့ အခြံအရံတွေပေါ့။ **မဟာပရိဝါရ** တဲ့၊ အသိုင်းအဝိုင်း အခြံအရံ တပည့် နောက်လိုက် နောက်ပါ ပရိသတ်များတယ်လို့ပြောတာ။ ဒါက အကျိုးကျေးဇူး။ ဘာလို့တုန်းဆိုတော့ လှူကတည်းက သူက အခြံအရံနဲ့လှူတာ လေ။ တစ်ခုတည်းလှူတာ မဟုတ်ဘူး။ တုံးတိတိ မလှူဘူး။ ဘာလှူလှူ အခြံအရံလေးနဲ့ အသိုင်းအဝိုင်းလေးနဲ့ တွဲဖက်ပြီး တော့ လှူလေ့ရှိတယ်တဲ့။ အဲဒီ ကုသိုလ်ကောင်းမှုရဲ့ အကျိုး ကြောင့် **မဟာပရိဝါရ**– များသောအခြံအရံရှိတဲ့ပုဂ္ဂိုလ်၊ ခြွေရံ သင်းပင်း များမြတ်တဲ့ အကျိုးတရားကို ရပါတယ်လို့ ဒီလို ဟောတာ။ ဒါက ဒုတိယပါရမီပုံရိပ် အမှတ်တံဆိပ်။ ခြေဖဝါးမှာ ချည်းပဲ အကုန်လုံး လာထင်တာတွေပေါ့။

## (၃) ခြေဖနောင့်ရှည်သွယ်

နောက်တစ်ခုက ခြေထောက်နဲ့ပတ်သက်ပြီး မပြီးသေးဘူး။ နောက်တစ်ခုက ဘာတုန်းဆိုရင် **အာယတပဏှီ** တဲ့။ ခြေဖနောင့်ရှည်တယ်။ ဖနောင့်တိုလေး မဟုတ်ဘူး။ ဖနောင့်ရှည်ရှည်မျော့မျော့ ဖနောင့်ရှည်တယ်တဲ့။ အဲတော့ **အာယတပဏှီ** ဆိုတာ ခြေဖနောင့်ရှည်ခြင်းဆိုတဲ့ ခြေထောက်ဟာ သူက လှတာကိုး။ ဖနောင့်ကြီးက ဘုတိုကြီး မဖြစ်ဘူးပေါ့။ ဖနောင့်က ဖနောင့်နဲ့ ဒီခြေဖျားနဲ့ လိုက်လျောညီထွေလှပအောင် တန်ဆာဆင်ထားတဲ့ သဘောမျိုး ခြေဖနောင့်ရှည်တယ်တဲ့။ ဒါက အင်္ဂါရပ်တစ်ခု။

## (၄) လက်တံခြေတံရှည်သွယ်

နောက်တစ်ခုက လက်ချောင်း ခြေချောင်း ရှည်တယ်တဲ့။ ဘုတိုကြီး မနေဘူးတဲ့။ လက်ချောင်းခြေချောင်းက ဘုတိုကြီး မနေဘူး။ ရှည်ရှည်သွယ်သွယ်လေးရှိတယ်။

## (၅) ဖြောင့်မတ်သည့်ကိုယ်အနေအထား

နောက် ခန္ဓာကိုယ်ကလည်း ဗြဟ္မာမင်းတွေရဲ့ ခန္ဓာကိုယ်လိုပဲတဲ့။ ဖြောင့်ဖြောင့်မတ်မတ်နေဘ်။ ဆန့်ဆန့်ရန့်ရန့်ရှိတယ်။ ကုန်းနေတာ မရှိဘူး။ ကိုင်းနေတာ မရှိဘူး။ ခန္ဓာကိုယ်က

မတ်မတ်ရပ်ရပ် ရှိတယ်တဲ့။ ဟော ဒီပုံရိပ် ၃-မျိုးက တစ်ခုတည်း ပြထားတာ ဖနောင့်ရှည်ခြင်းနော်။ လက်ချောင်း ခြေချောင်း ရှည်ခြင်း၊ အရပ်အမောင်းဟာ ဖြောင့်မတ်ခြင်း၊ ဗြဟ္မာရဲ့ ခန္ဓာကိုယ်လို ဖြောင့်မတ်ခြင်းလို့ဆိုတဲ့ ဒီခန္ဓာကိုယ်ရရှိခြင်းလို့ဆိုတဲ့ ဒီအမှတ်အသား အင်္ဂါ ၃-မျိုးကို ရရှိတယ်။

## ပါရမီကုသိုလ်

အဲဒီလို အင်္ဂါ ၃-မျိုးရရှိနိုင်တဲ့ပုဂ္ဂိုလ်ဟာ ဘယ် ပုဂ္ဂိုလ်မျိုးလည်းလို့ဆိုရင် စကြာမင်းဖြစ်မယ့် ပုဂ္ဂိုလ်နဲ့ ဘုရားဖြစ်မယ့် ပုဂ္ဂိုလ်။ အဲတော့ ဒီအင်္ဂါရပ်တွေနဲ့တွေ့ပြီလို့ဆိုလို့ရှိရင်လည်းပဲ ဒီပုဂ္ဂိုလ်ရဲ့အလားအလာဟာ စကြာမင်းသော်လည်း ဖြစ်လိမ့်မယ်။ ဘုရားသော်လည်း ဖြစ်လိမ့်မယ်ဆိုတဲ့ ဒီအကျိုးနှစ်မျိုးပဲ၊ ဒီအလားအလာနှစ်ခုပဲ ရှိတယ်လို့ ဒီလိုပြောတာ။ ကဲ ဒါဖြင့် ဘာဖြစ်လို့ ဒီလိုအမှတ်အသားတွေ၊ ဒီခြေဖနောင့် ရှည်တယ်ဆိုတဲ့ ဒီအမှတ်အသားက ဘာဖြစ်လို့ လာပေါ်ရသလဲ။ လက်ချောင်း ခြေချောင်းလေးတွေက ရှည်ပြီးတော့ သွယ်တယ်။ ဘုတိုကြီးတွေ မနေဘူးဆိုတဲ့ ဒီအမှတ်အသား ဘာဖြစ်လို့ ရလာတာလဲ။ နောက် ခန္ဓာကိုယ် ဖြောင့်ဖြောင့်မတ်မတ်ဆိုတဲ့ အကျိုးတရား။ ဒီအင်္ဂါ အမှတ်အသား ဘာဖြစ်လို့ပေါ်လာသလဲလို့ ဆိုလို့ရှိရင်တဲ့ လူ့ဘဝ လူဖြစ်တဲ့ အချိန်အခါကာလက

ဒါ များသောအားဖြင့် ပါရမီဖြည့်တယ်ဆိုရင် လူ့ဘဝမှာ ဖြည့်တာများလို့ ယေဘုယျစကားပေါ့။ လူ့ဘဝမှာ လူဖြစ်လာတဲ့ အချိန်တုန်းကတဲ့ သူဟာ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့တယ်။ ပါဏာတိပါတက လုံးဝရှောင်ကြဉ်ခဲ့တဲ့ ပုဂ္ဂိုလ်တဲ့။ လုံးဝ ရှောင်ကြဉ်ခဲ့ပြီးတော့ တုတ် ဓား လက်နက်က စပြီးတော့ သူ့ဆီမှာ မရှိဘူး။ သတ္တဝါတွေအားလုံးအပေါ်မှာ သနားတယ်။ ဒီ ပါဏာတိပါတအမှုကို ရှက်တယ်။ ကရုဏာတရားထားတယ်။ သတ္တဝါတွေ အားလုံးအပေါ်မှာ မေတ္တာထားတယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ နေထိုင်ခဲ့တဲ့ပုဂ္ဂိုလ်ဟာတဲ့ ခြေဖနောင့်ရှည်တယ်။ လက်ကလေးတွေက ရှည်ရှည်သွယ်သွယ်လေး ဖြစ်တယ်တဲ့။ ခန္ဓာကိုယ် အရပ်အမောင်းက ကုန်းတာမရှိဘူး။ ကိုင်းပြီးတော့ မနေဘူး။ ဖြောင့်ဖြောင့်မတ်မတ်ကြီးရှိတယ်ဆိုတာ ဒီ ပါရမီပုံရိပ် ဒီကုသိုလ်ရဲ့ အကျိုးကျေးဇူးပါပဲလို့ ဒီလိုပြောတာ။

အဲဒီနေရာမှာ အဋ္ဌကထာဆရာက ဖွင့်ပြတယ်။ ဘာဖြစ်လို့ ဒီလိုပုံရိပ်တွေကို ရတာတုန်းလို့ ဆိုတော့ လူတွေက တစ်ယောက်ကို ချောင်းမြောင်းပြီးတော့လုပ်ကြံတယ်၊ သတ်ဖြတ်တယ်ဆိုတဲ့ အခါမှာ တိရစ္ဆာန်ကိုပဲ ချောင်းမြောင်းသတ်ဖြတ်တယ် ဆိုပါစို့။ သတ်တယ် ဖြတ်တယ်ဆိုတာ တစ်ဖက်သားအလစ်ကို ဝင်သတ်တာ များတယ်လေ။အဲ အခုခေတ် သတ်ပုံသတ်နည်း ကတော့ ချောင်းမြောင်းပြီးတော့ သေနတ်နဲ့ပစ်တာလည်း ရှိမှာ

ပေါ့နော်။ ရှေးခေတ်တုန်းကတော့ တုတ်နဲ့ရိုက်မယ်၊ ဓားနဲ့ခုတ်မယ်၊ ချောင်းမြောင်းပြီးတော့ လုပ်တာ။ အဲလို ချောင်းသွားတဲ့ ပုဂ္ဂိုလ်တွေ စဉ်းစားကြည့်ပေါ့။ ဘယ်လိုသွားလေ့ရှိတုန်းဆို တော့ ခြေဖျားလေးထောက်ပြီးတော့ အသံမကြားအောင် အနားသွားတယ်မို့လား။ ခြေဖျားလေးထောက်သွားတာ။ အဲဒီလို ခြေဖျားလေးထောက်ပြီးတော့ သူများကိုသတ်ခဲ့တဲ့ ပုဂ္ဂိုလ်မျိုးတဲ့၊ အဲဒီ အကုသိုလ်တွေ လုပ်ခဲ့တယ်တဲ့။

နောက်ပြီးတော့ သူဟာ အရပ်အမောင်းတွေ ပုကွသွားတာဟာ တစ်ခြားမဟုတ်ဘူးတဲ့။ သူ့ကို မမြင်အောင်လို့ သူ့အရပ်လေးကို ကုန်းကုန်းလေး လုပ်သွားပြီးတော့ ချောင်းမြောင်းပြီးတော့ လုပ်တာတဲ့။ ဒါလည်း ဟုတ်တာပဲနော်။ ဘေးလူတွေ မမြင်အောင် သူက ကုန်းကုန်းကွကွလေးနဲ့ လူကို မြှုပ်ပြီးတော့ သွားတာကိုး။ အဲဒီလို လုပ်ပြီးတော့ အကုသိုလ်အမှုကို ပြုတာတဲ့။ ဒါကြောင့်မို့လို့ ကုန်းကုန်းကိုင်းကိုင်းကြီး ဖြစ်နေတာတဲ့။ ဖြောင့်ဖြောင့်မတ်မတ် မဖြစ်ဘူးတဲ့။

လက်ချောင်းခြေချောင်းတွေက ဘာလို့မရှည်တာတုန်းလို့ဆိုတော့ ကြမ်းတမ်းတဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ သူက ဒီမကောင်းတဲ့ ဒုစရိုက်တွေကို လုပ်တဲ့အခါမှာ ဒီလက်ကို အသုံးချပြီး သူများကို ပါဏာတိပါတအမှုကို ပြုတာဖြစ်သောကြောင့် လက်မှာ ပုကွကွလုပ်ထားတာတဲ့။ ဒီလို ဆိုတယ်နော်။ ဒါကတော့

သင့်လျော်တဲ့ အခိပ္ပာယ်တစ်ခုကို ဖွင့်ပြတာပဲ ဖြစ်တယ်ပေါ့။ ဆိုလိုတာကတော့ ပါဏာတိပါတအမှုကနေ လုံးဝရှောင်ကြဉ်ပြီးတော့ တကယ့်ကို စင်စင်ကြယ်ကြယ်နေတဲ့ ပုဂ္ဂိုလ်မျိုးတွေဟာ တစ်ဘဝတင်မဟုတ်ဘူး။ အလေ့အထ ဘယ်တော့မှ ပါဏာတိပါတအမှု ဆိုတာကို မလုပ်ဘူး။ ပါဏာတိပါတက ရှောင်ကြဉ်ခြင်းဆိုတဲ့ ပါရမီကုသိုလ်ကို စွဲစွဲမြဲမြဲ ဖြည့်ကျင့်လာခဲ့တဲ့ပုဂ္ဂိုလ်တွေဟာ ဟောဒီ ဖနောင့်ရှည်ခြင်း၊ လက်ချောင်းခြေချောင်း ရှည်သွယ်ခြင်း၊ ခန္ဓာကိုယ် အရပ်အမောင်းဖြောင့်ဖြောင့်မတ်မတ်ဖြစ်တယ်ဆိုတဲ့ ဒီအကျိုးကျေးဇူး အမှတ်အသား ပါရမီပုံရိပ် အမှတ်တံဆိပ်တွေကို ရရှိနိုင်ပါတယ်တဲ့။

အဲတော့ စဉ်းစားကြည့်ရမှာက ဟို ပုကွကွ မိဘရဲ့ဝမ်းထဲရောက်သွားတာလည်းပဲ ဒီလို ပါဏာတိပါတ လုပ်ခဲ့လို့ပဲ ပုကွကွကြီး ဖြစ်တာလား မသိဘူးနော်။ ဒီလိုဖြစ်နိုင်သေးတယ်။ မိဘနဲ့လည်း ပတ်သက်ပြီးတော့ ဖြစ်တာလည်းရှိတယ်ပေါ့နော်။ သို့သော်လည်းပဲ အဲဒီ ပုကွကွမိဘရဲ့ ဝမ်းထဲ ရောက်တာကိုက အသွင်တူလို့ အိမ်သူသွားဖြစ်တာလည်း ဖြစ်နိုင်တာပေါ့။ ဟိုကလည်း ဒါမျိုးလုပ်လာခဲ့တယ်။ ကိုယ်ကလည်း ဒါမျိုးလုပ်လာတယ်ဆိုတော့ သွားပြီးတော့ တူတဲ့သဘောပေါ့နော်။ အေးကောင်းပြီ၊ အခုလို ပါရမီကုသိုလ်တွေ ဖြည့်ကျင့်မှုဟာ လူ့ရဲ့ခန္ဓာကိုယ်ပေါ်မှာ ထူးခြားတဲ့ အခုလို အမှတ်အသား လက္ခဏာ

တွေ ပေါ်လွင် ထင်ရှားလာတတ်တယ်ဆိုတာကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဒီလက္ခဏာသုတ္တန်မှာ ဟောခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ ဒီကနေ့ မဟာပုရိသလက္ခဏာ သုံးဆယ့်နှစ်မျိုးထဲက ငါးမျိုးကို မှတ်သားကြရပြီ။ ဘာကြောင့်ရတယ်ဆိုတာနှင့်တကွ အကျိုးကျေးဇူးတွေကိုပါ မှတ်သားရတယ်။ အဲတော့ ဒီမှာ ...

နံပါတ်တစ်က **သုပ္ပတိဋ္ဌိတပါဒ** နော်။ **သုပ္ပတိဋ္ဌိတပါဒ**– ခြေဖဝါးအပြင်ညီခြင်းဆိုတဲ့ အမှတ်အသား လက္ခဏာတစ်ခု။

နံပါတ်နှစ်က **ပါဒတလစက္က**– ခြေဖဝါးအပြင်မှာ စက်လက္ခဏာတွေ ပေါ်လွင်ခြင်းဆိုတဲ့ အမှတ်အသားတစ်ခု။

နံပါတ်သုံးက **အာယတပဏှိ**–ခြေဖနောင့်ရှည်တယ်ဆိုတဲ့ အမှတ်အသားတစ်ခု။

နံပါတ်လေးက **ဒီဃင်္ဂုလိ**– လက်ချောင်း ခြေချောင်းလေးတွေ ရှည်သွယ်တယ်ဆိုတဲ့ အမှတ်အသားတစ်ခု။

နံပါတ်ငါးက **မြဟ္မုဇုဂတ္တတာ**–ပြဟ္မာမင်းရဲ့ ခန္ဓာကိုယ်လို ဖြောင့်ဖြောင့်မတ်မတ်ရှိတယ်ဆိုတဲ့ ဒီအမှတ်အသား တစ်ခုတဲ့။

## အကျိုးပေးပုံ

အဲဒီ ဖနောင့်ရှည်ခြင်း၊ လက်ချောင်းရှည်ခြင်း၊ ခန္ဓာကိုယ်ဖြောင့်မတ်ခြင်းလို့ဆိုတဲ့ ဒီအမှတ်အသား လက္ခဏာတွေဟာ ဘာရဲ့သင်္ကေတလဲ၊ ဘယ်လိုအကျိုးကျေးဇူးတွေ ရသလဲလို့ဆိုတော့ ဒါက အင်မတန်မှ ထင်ရှားတယ်။ သူများ အသက်မသတ်လို့ရှိရင် ကိုယ် အသက်ရှည်တာပေါ့။ သဘောကတော့ အဲဒါပဲနော်။ အဲတော့ ဒီခြေဖနောင့်ရှည်တယ်၊ လက်ချောင်းလေးတွေ ရှည်တယ်။ အခုခေတ် ဗေဒင်ဆရာတွေကလည်း ဟော လက်ချောင်းလေးရှည်ရင် အသက်ရှည်တယ်၊ အသက်ရှည်လိမ့်မယ်နဲ့ ပြောကြတယ် မဟုတ်လား။ အေး ခြေဖနောင့်ရှည်တယ်၊ လက်ချောင်းလေးတွေ ရှည်တယ်။ ခန္ဓာကိုယ်က ဖြောင့်ဖြောင့်မတ်မတ်ရှိတယ် ဆိုလို့ရှိရင် ဘာဖြစ်လဲဆိုရင် အသက်ရှည်တယ်တဲ့နော်။ သူများထက် ပိုပြီးတော့ အသက်ရှည်တယ်။ နောက် သူ့ကိုသေအောင် တစ်စုံတစ်ယောက်က လုပ်ကြံသတ်ဖြတ်ဖို့ရာ မဖြစ်နိုင်ဘူးတဲ့။ ဘယ်သူကမှ သူ့ကိုသေအောင် မသတ်နိုင်ဘူး။ သူများလက်နဲ့ မသေဘူးလို့ ဆိုလိုတယ်ပေါ့။ မြတ်စွာဘုရားတွေကျတော့လည်း သူများလက်နက်နဲ့ မသေကြဘူးလေ။

ဒါကြောင့်မို့ ဒေဝဒတ်က မြတ်စွာဘုရားကို လုပ်ကြံသတ်ဖြတ်တဲ့အခါမှာ မြတ်စွာဘုရားက ဟောထားတာရှိတယ်။

**"အညာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ပစ္စုပန္နမေန တထာဂတံ ဖိဝိတာ ဝေါရောပေယျ။ အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ" တဲ့။**

သူတစ်ပါးလုံ့လနဲ့ မြတ်စွာဘုရားရဲ့အသက်ကိုသေအောင် လုပ်နိုင်တယ်ဆိုတာ မဖြစ်နိုင်ဘူးတဲ့။ ဘုရားဆိုတာ သူတစ်ပါးရဲ့ လုံ့လမပါဘဲ၊ သူတစ်ပါးလက်ချက်နဲ့ အသက်ထွက်တာမျိုး မဟုတ်ဘဲနဲ့ သဘာဝအတိုင်းသာလျှင် ပရိနိဗ္ဗာန်ပြုတော် မူကြ တာဖြစ်တယ်နော်။

**ဖုဒ္ဓါနံ ဖိဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ–** မြတ်စွာဘုရားရဲ့ အသက်ကို ဘယ်သူကမှ အန္တရာယ်မပြုနိုင်ဘူး။

ဘာဖြစ်လို့ အန္တရာယ် မပြုနိုင်တာတုန်း အကြောင်းမဲ့လား။ ဘုရားက တန်ခိုးကြီးလို့လား မဟုတ်ဘူးနော်။ တန်ခိုးကြီးလို့ မဟုတ်ဘူး။ အဓိပ္ပာယ်က ဘာတုန်းဆိုရင် ပါဏာတိပါတက ရှောင်ခဲ့တဲ့ကုသိုလ်။ ဒီပါရမီကုသိုလ်ရဲ့ အမှတ်တံဆိပ်ပဲနော်။ ဒီကုသိုလ်ရဲ့ အကျိုးကျေးဇူးကို ခံစားရတာတဲ့။ ဒီလို ဆိုလိုတာ ပေါ့။

အေး- ဒါကြောင့်မို့ ဒီ ၅-မျိုးသော အမှတ်အသား လက္ခဏာတွေဟာ မဟာပုရိသလက္ခဏာများ ဖြစ်ပါတယ်။ ဆိုင်ရာဆိုင်ရာ ကုသိုလ်ကောင်းမှုတွေကို ပြုခြင်းကြောင့် ဒီ အမှတ်လက္ခဏာကို ရပြီးတော့ ဆိုင်ရာဆိုင်ရာ အကျိုးတွေဟာ

ကိုယ့်ဘဝမှာ ပေါ်လာတာဖြစ်တယ်။ ဘုန်းကြီးတို့တတွေလည်း ပါရမီကုသိုလ်တွေကို ဆည်းပူးကြိုးကုတ်အားထုတ်ကြမယ် ဆိုလို့ရှိရင် ကိုယ့်သန္တာန်မှာလည်းပဲ ဒီလို ထင်ရှားတဲ့အမှတ်အသားတွေ ရရှိလာမှာ ဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ သဘောကျပြီး ပါရမီကုသိုလ်ထူးကို ဆည်းပူး အားထုတ်နိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]

[illegible]

# ပါရမီပုံရိပ် အမှတ်တံဆိပ်များ
## အပိုင်း(၂)

သာသနာတော်နှစ် ၂၅၅၅-ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၇၃) ခုနှစ်၊ တပို့တွဲလ ပြည့်ကျော် (၃) ရက်၊ (၂၀၁၂) ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ မဟာသကျသီဟဘုရား၊ ဝေဇယန္တာ မဟာပန္နလဓမ္မာရုံ ဓမ္မဗိမာန်တော်ကြီးတွင် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သော ရတနာလှုငယ်-မြတ်ဗုဒ္ဓဒေသနာတော်ပြန့်ပွားရေးအဖွဲ့ တရားစာအုပ်၊ တရားတိတ်ခွေ၊ တရားVCD/DVD/MP3ချပ်များကို အခမဲ့ ဌားရမ်း ဓမ္မဒါနပြုလုပ်သည့် လုပ်ငန်း၏ (၅) နှစ်ပြည့်အထိမ်းအမှတ် တရားတော်ကို ပူဇော်သော အားဖြင့် ဆင်ယင် ကျင်းပပြုလုပ်အပ်သည့် အခမ်းအနား၌ မန္တလေးမြို့ နှစ်ဖက်သော မိဘများကို အမှူးထား၍ ကိုကျော်သက်ဦး(ခ) ကိုချန်ကူး+မသီတာဌေး၊ သား-မောင်အောင်ထက်မြတ် မိသားစုတို့၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော "ပါရမီပုံရိပ် **အမှတ်တံဆိပ်များ" အပိုင်း(၂) တရားဒေသနာတော်။**

ကုသိုလ်ကောင်းမှုနှင့် ဆက်စပ်ပြီး "ပါရမီပုံရိပ် အမှတ်တံဆိပ်" လို့ ဒီလိုပြောရတာ အကြောင်းရှိတယ်။ ကံက ကုသိုလ်

ကံ၊ အကုသိုလ်ကံလို့ နှစ်မျိုးရှိတယ်။ အကုသိုလ်ကံကလည်း အမှတ်တံဆိပ်တွေ ခတ်နှိပ်တတ်တာပဲ။ ကုသိုလ်ကံကသာ အမှတ်တံဆိပ် ခတ်နှိပ်တတ်တာ မဟုတ်ဘူး။ ကံကြမ္မာဆိုတာ အင်မတန်မှ ထူးဆန်းတယ်။ စိတ်အစဉ်မှာ ဖြစ်တဲ့တရားမျိုး ဖြစ်တယ်။ ကံတရားဆိုတာ စိတ်ကိုမှီဖြစ်တာ။ စိတ်က အင်မတန်မှ ဆန်းကြယ်တယ်။ စိတ်ဆန်းကြယ်တော့ သညာ ဆန်းကြယ်တယ်။ သညာဆန်းကြယ်တော့ အတွေးတွေ ဆန်းကြယ်လာတယ်။ အဲဒီ ဆန်းကြယ်မှုကို အခြေခံလာတဲ့ ကံတရားတွေရဲ့ ဖန်တီးမှုတွေဟာလဲ ဆန်းကြယ်တယ်။

လောကကြီးမှာ အကောင်း အဆိုးဖြစ်ပေါ်လာသမျှကို မြတ်စွာဘုရားက "**သဗ္ဗေ သတ္တာ ကမ္မဿကာ**" ဆိုတဲ့ စကားလုံးနဲ့ ရှင်းပြတယ်။ သတ္တဝါအားလုံး ပိုင်ဆိုင်ထားကြတာကတော့ ကံပဲဖြစ်တယ်။ ကိုယ်လုပ်တဲ့ကံ ကိုယ်နဲ့သက်ဆိုင်တယ်လို့ ဆိုလိုတယ်။ ကိုယ်လုပ်တဲ့ကံ အားလျော်စွာ "**ကမ္မံ သတ္တေ ဝိဘဇတိ**"– ကံတရားက သတ္တဝါတွေကို ဆူကြံ့ နိမ့်မြင့် တစ်ဦးနဲ့တစ်ဦး မတူထူးခြားကွဲပြားအောင် ခွဲခြားဝေဖန်ပေးတာတဲ့။ ဒါကြောင့် ကံအားလုံးကိုခြုံပြောတဲ့ "ကံကြမ္မာပုံရိပ် အမှတ်တံဆိပ်" ဟာ အကောင်းအဆိုး နှစ်မျိုးရှိနိုင်တယ်။ "ပါရမီပုံရိပ် အမှတ်တံဆိပ်" ကျတော့ အကောင်းတွေချည်းပဲဖြစ်တယ်။ မြတ်စွာဘုရားအလောင်းတော်များ ထူးခြားမြင့်မြတ်တဲ့ ပါရမီ

ကုသိုလ်တွေကို ဆောင်ရွက်ခဲ့သည့်အတွက် ဒီလို ပါရမီ ကုသိုလ်ရဲ့ အမှတ်တံဆိပ်တွေကို ရရှိခြင်း ဖြစ်တယ်ပေါ့။ လူတိုင်း လူတိုင်းဟာ ကုသိုလ်ကောင်းမှုကို လုပ်လို့ရှိရင် ထို ကုသိုလ် ကောင်းမှုရဲ့ အမှတ်တံဆိပ်ကို ရကြတယ်။

ဆိုပါစို့- ထူးထူးခြားခြား ကုသိုလ်လုပ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ အကြောင်း အားလုံးကြားဖူးကြလိမ့်မယ်။ ဇဋိလအလောင်းက ရွှေအိုးနဲ့ရွှေပန်းကြီးလုပ်ပြီးတော့ စေတီပုထိုးကို ပူဇော်ခဲ့တယ်။ တောင်းပန်တိုးလျှိုးတဲ့အနေနဲ့ ပူဇော်ခဲ့တယ်။ ဒါကြောင့်မို့လို့ သူမွေးဖွားလာတဲ့အခါ ကုသိုလ်ကံရဲ့ အမှတ်တံဆိပ်အနေနဲ့ သူ့အိမ်ရဲ့ နောက်ဖေးမှာ ရွှေတောင်ကြီးပေါက်လာတယ်။ ဒါက သူလုပ်ခဲ့တဲ့ကောင်းမှု။ စိတ်ဆိုးမာန်ဆိုးဖြစ်ပြီး စိတ်အခန့်မသင့် တဲ့အချိန်မှာ လာပြီး အလှူခံတဲ့အခါမှာ "ကိုယ်တော်တို့ဘုရား ရေထဲသာမျှောပစ်လိုက်ပါ" လို့ ပြောလိုက်တဲ့ ဝစီဘေဒကံ ကြောင့် မွေးဖွားပြီးတာနဲ့ အကြိမ်ကြိမ် ရေထဲအမျှောခံရတယ်။ ဒါက ဇဋိလရဲ့ဘဝ။

နောက် စန္ဒပဒုမာ ဆိုတဲ့ သူဌေးကတော်ကြီးကျတော့ တော်တော် ထူးထူးခြားခြား ကံကြမ္မာပုံရိပ်တွေ ပေါ်တယ်။ သံဃာတွေကို ဆွမ်းကပ်တဲ့အခါမှာ လှုပ်ရှားသွားလာပြီးတော့ သူ့လက်နဲ့ရေကို သ နံ့သန့်ပြန့်ပြန့်ဖြစ်အောင်စစ်ပြီး သံဃာ တွေကို ကပ်လှူခဲ့တယ်။ သူ့ရဲ့ လက်ဖဝါးခြေဖဝါးမှာ လ,ပုံ

သင်္ကာန်နဲ့ ပဒုမ္မာကြာ ပုံသင်္ကာန်ပေါ်နေတယ်နော်။ လ,တံဆိပ်နဲ့ ပဒုမ္မာကြာတံဆိပ်လေးတွေပေါ်နေတယ်။ အဲဒါကြောင့် သူ့ကို "စန္ဒပဒုမာ" လို့ နာမည်ပေးထားတာပေါ့။ အမှတ်အသားလေးတွေဆိုတာ တချို့လူတွေမှာ ပေါ်တတ်တယ်ပေါ့။

အခု မဟာပုရိသလက္ခဏာ ဆိုတာတော့ စကြာမင်းဖြစ်မယ့် ပုဂ္ဂိုလ်တို့၊ ဘုရားဖြစ်မည့်ပုဂ္ဂိုလ်တို့မှာပေါ်တဲ့ အမှတ်လက္ခဏာတွေ ဖြစ်တယ်။ တခြားပုဂ္ဂိုလ်တွေမှာ ပေါ်နိုင်တာတွေလည်း ရှိတယ်လို့ မှတ်ရမယ်။ အခုပြောတဲ့ (၃၂)မျိုးသာလျှင် ပေါ်တာမဟုတ်ဘူး။ ကံတရားရဲ့ ဆန်းပြားမှုကြောင့် ကိုယ်လုပ်တဲ့ကံရဲ့ အထိမ်းအမှတ်ကလေးတွေဟာ လူတိုင်းလူတိုင်းမှာ လာပြီးပေါ်ကြတယ်။ ထူးထူးခြားခြားပေါ်တယ်။ ဓမ္မပဒဝတ္ထုထဲမှာပါတဲ့ ဇာတ်လမ်းတွေကိုဖတ်ကြည့်။ ကုသိုလ်ကံရဲ့ ပုံရိပ်လေးတွေဟာ အမျိုးမျိုးပေါ်လာတာကို တွေ့ရမယ်။ တစ်ဦးနဲ့ တစ်ဦး မတူကြဘူး။ အဲတော့ ထူးခြားတဲ့ပုံရိပ်လေးတွေ ပေါ်လာတာဟာ ထူးခြားတဲ့ကုသိုလ်တွေကို လုပ်ခဲ့သည့်အတွက်ကြောင့် ပေါ်လာတာ။

မဟာပုရိသလက္ခဏာတို့လို အင်မတန်ထူးခြားတာတွေကျတော့ ထူးခြားတဲ့ ကုသိုလ်ကောင်းမှုတွေကို ဇွဲကောင်းကောင်းနဲ့ အကြိမ်ပေါင်းများစွာ၊ နှစ်ပေါင်းရှည်ကြာစွာ စွဲစွဲမြဲမြဲ ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကံရဲ့စွမ်းအားကြောင့် ပေါ်တာလို့ ဒီလို

ပြောရမယ်။ ဒီကုသိုလ်ကောင်းမှုလုပ်တာဟာ တစ်ရက်တည်း၊ တစ်နှစ်တည်း လုပ်တာကို ပြောတာမဟုတ်ဘူး။ တစ်သက်လုံး လုပ်တဲ့ သဘောမျိုး။

ဒါကြောင့်မို့ **'ကမ္မဿ ကတတ္တာ ဥပစိတတ္တာ ဝိပုလတ္တာ'** ဒီစကားလုံးတွေကို မြတ်စွာဘုရား သုံးထားတာ။ **ကမ္မဿ ကတတ္တာ**– ကောင်းတဲ့အလုပ်ကို လုပ်ခဲ့တယ်။ ဒီပါရမီကုသိုလ်တွေကို ဆည်းပူးအားထုတ်ခဲ့တယ်။ **ဥပစိတတ္တာ**–အကြိမ်ကြိမ် အထပ်ထပ် လုပ်လာတယ်၊ အထပ်ထပ် လုပ်လာတယ်။ အထပ်ထပ်လုပ်တော့ ဘာဖြစ်လာတုန်း။ **ဝိပုလတ္တာ**– အများကြီး ဖြစ်လာတယ်။ စုမိလာတယ်။ ကောင်းတဲ့ကုသိုလ်တွေဟာ မိမိ သန္တာန်မှာ စုမိဆောင်းမိဖြစ်လာတယ်။ အလွန့်ကို များလာတယ်။ အဲဒီလို ကံကိုပြုလုပ်လို့ ကံတွေမိမိသန္တာန်မှာ စုဆောင်းမိလို့ များပြားလာတဲ့အခါမှာ ဒီအကျိုးကျေးဇူးကိုရတယ်။

ယေဘုယျအားဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်တယ်ဆိုတာ လူ့ဘဝမှာ ပြည့်ပြည့်ဝဝ ပြုလုပ်နိုင်တာဖြစ်တာကြောင့် ပါရမီကုသိုလ်တွေ ဆည်းပူးအားထုတ်တဲ့ဘဝကို ပြောတဲ့အခါမှာ **"ပုဗ္ဗေ မနုဿဘူတော သမာနော"** လူဖြစ်စဉ် အခါကာလတုန်းကဆိုတဲ့ စကားလေးနဲ့ပဲပြောတယ်။

အဲတော့ ဘုရားအလောင်းတွေဟာ လူဖြစ်တုန်းသာ ပါရမီဖြည့်တာတော့ မဟုတ်ဘူး။ တိရစ္ဆာန်ဖြစ်တဲ့အခါမှာလည်း

ဖြည့်တာပဲ။ နတ်ဘဝနဲ့လည်းပဲ ပါရမီဖြည့်တယ်။ သို့သော် ပြည့်ပြည့်ဝဝ ပါရမီဖြည့်နိုင်တဲ့ဘဝဆိုတာ လူ့ဘဝပဲဖြစ်တယ် ပေါ့။ ယေဘုယျအားဖြင့် လူဖြစ်တဲ့အချိန်မှာ ပါရမီကုသိုလ်တွေကို ပြည့်ပြည့်ဝဝ ဖြည့်ခဲ့တာတဲ့။

အဲဒီလို ပါရမီကုသိုလ်တွေ ဆည်းပူးအားထုတ်တဲ့ ပုဂ္ဂိုလ် ဟာ ဒီကုသိုလ်ကောင်းမှုရဲ့ အရှိန်အဝါတွေ စုမိဆောင်းမိ ဖြစ်လာတယ်၊ စုမိဆောင်းမိ ဖြစ်လာတဲ့အခါမှာ ပါရမီဖြည့်တဲ့ လူ့ဘဝ ဆုံးတဲ့အခါ နတ်ပြည်မှာဖြစ်ရတယ်။ အဲဒီလို နတ်ပြည် မှာ ဖြစ်တဲ့အခါရော ထူးခြားချက်တွေရှိသလားဆိုတော့ နတ်ပြည် မှာဖြစ်တော့လဲ ထူးခြားချက်တွေရှိတယ်။

ဘယ်လိုထူးခြားတုန်းဆိုတော့ ကျန်တဲ့နတ်တွေထက် အဆင်းက ပိုလှတယ်တဲ့။ ခွန်အားက ပိုကောင်းတယ်တို့၊ ချမ်းသာသုခက ပိုများတယ်တို့၊ အုပ်ချုပ်ကြီးစိုးနိုင်မှု တန်ခိုး အာဏာပါဝါက ပိုပြီးတော့ကြီးတယ် ဒီလိုဆိုတာ။ သက်တမ်း လည်း ပိုပြီးတော့ရှည်တယ်။ တခြားနတ်တွေနဲ့ ယှဉ်လိုက်လို့ရှိရင် အစစအရာရာ သာလွန်တယ်လို့ပြောတာ။ အဲလိုနတ်ပြည်မှာ သာလွန်တဲ့အနေတစ်ခုကို ရလာပြီးတဲ့နောက်မှာ နတ်ဘဝ စုတေလို့ လူ့ပြည်ရောက်လာပြီဆိုရင် အဲဒီကံတရားရဲ့ပုံရိပ် တွေဟာ လူရဲ့ခန္ဓာကိုယ်မှာ လာပြီးတော့ပေါ်တယ်။ အဲတော့ နတ်ရဲ့ခန္ဓာကိုယ်မှာ ပါရမီပုံရိပ်တွေပေါ်တယ်လို့ မပြောဘူး။

လူသားတွေရဲ့ ခန္ဓာကိုယ်မှာသာ ပါရမီပုံရိပ် ပေါ်တယ်လို့ ပြောတာ။ ဘာဖြစ်လို့လဲဆိုရင် ဒီပါရမီပုံရိပ်တွေရဲ့ ထူးခြားတဲ့ အကျိုးခံစားရတာကတော့ လူသားတွေသာ ဖြစ်တယ်ပေ့ါ။

စကြဝတေးမင်းဆိုတာကလည်း လူသားထဲကသာ ဖြစ်နိုင်တယ်။ ဘုရားဆိုတာလည်း လူသားထဲကပဲဖြစ်နိုင်တယ်။ လူ့ဘဝရလာတဲ့အခါ ဒီ ပါရမီကုသိုလ်တွေရဲ့ အကျိုးကျေးဇူးကြောင့် ထူးခြားတဲ့အမှတ်တံဆိပ်တွေ ပေါ်လွင်ထင်ရှားလာခဲ့တယ်တဲ့။ ဒီအမှတ်အသားတို့ကိုကြည့်ပြီး အဲဒီပုဂ္ဂိုလ်ရဲ့ ထူးခြားချက်ကို ပြောကြရတာ ဖြစ်တယ်တဲ့။

ယခုခေတ် ဗေဒင်ဆရာတွေကလည်း ပုံပန်းသဏ္ဌာန် ကြည့်ပြီးတော့ ဘယ်လိုပုံစံမျိုးဆိုရင် ဘယ်လိုအကျိုးပေးတယ်လို့ ဗေဒင်ကျမ်းဂန်တွေအရ ဟောကြပြောကြတာ ရှိတာပဲပေ့ါ။ အဲတော့ မှားတယ်လို့တော့ အကုန်ဆိုလို့မရဘူး။ ဘာဖြစ်လို့တုန်းဆိုတော့ ဗေဒင်ကျမ်းတွေကို စတင်ပြီး တီထွင်ရေးသားလာတဲ့ ပုဂ္ဂိုလ်တွေဟာ ရသေ့(၈)ဦးဖြစ်တယ်။ အဲဒီရသေ့တွေက သာမန်ရသေ့တွေ မဟုတ်ဘူး။ သမထ ကျင့်စဉ်တစ်ခုကို ကျင့်ကြံကြိုးကုတ်အားထုတ်လို့ ဒိဗ္ဗစက္ခုအဘိညာဉ်ရထားတဲ့ရသေ့တွေ။ ဒိဗ္ဗစက္ခု အဘိညာဉ်ရထားလို့ ကုသိုလ်လုပ်တဲ့ လူတွေကို ကြည့်တယ်။ အဲဒီကုသိုလ်လုပ်တဲ့လူတွေ သေသွားတော့ ဘယ်ရောက်သွားသလဲဆိုတာ ကြည့်တယ်။ ရောက်သွားတဲ့ဘုံဘဝမှာ သူတို့

အခြေအနေတွေ ဘာဖြစ်တယ်ဆိုတာ ကြည့်တယ်။ ဘယ်လို အကျိုးပေးသလဲဆိုတာ ကြည့်တယ်။ အဲဒီလို ကြည့်ပြီးတော့ အဖြေထုတ်တာ။ ဒါကြောင့် မှန်ကန်တယ်လို့ ပြောတာ။

အဲ-ဗေဒင်ကျမ်းတွေ ကြည့်ပြီး ဟောပြောတဲ့ ဗေဒင်ဆရာတွေရဲ့စကားကတော့ အကုန်မှန်ချင်မှမှန်မှာကိုး။ ဘာဖြစ်လို့တုန်းဆိုတော့ ဒီရသေ့တွေ ရေးထားတဲ့ကျမ်းကို ကိုယ်နားလည်သလောက်သာ ပြောလို့ရတာကိုး။ ဟိုရသေ့တွေကတော့ တန်ခိုးကြီးတဲ့ ရသေ့တွေဆိုတော့ သူတို့ရဲ့အဘိညာဉ်တန်ခိုးနဲ့ ကြည့်ပြီးတော့ ဆုံးဖြတ်ပြီးပြောဆိုတာ ဖြစ်တယ်။

အဲဒါကြောင့်မို့လို့ ဒီဗေဒင်ကျမ်းတွေမှာလာတဲ့ အမှတ်အသားလက္ခဏာတွေအတိုင်း ပြောကြဆိုကြတဲ့အထဲမယ် အတိအကျ ပြောနိုင်တာကတော့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်သာ ဖြစ်တယ်။ ဒီအမှတ်အသားတွေ ဘာကြောင့်ရတယ် ဆိုတာကို အတိအကျသိတယ်။ ကံကြမ္မာနဲ့ ကံကြမ္မာရဲ့ အကျိုးပေးမှုသို့မဟုတ် ပါရမီကုသိုလ်နဲ့ ပါရမီကုသိုလ်ရဲ့ အကျိုးပေးမှုကို မြတ်စွာဘုရားကသာ တိတိကျကျ ဖော်ထုတ်ပြီး ဟောကြားနိုင်တာ ဖြစ်တယ်ပေါ့။ အထူးသဖြင့် ပါရမီကုသိုလ်ပုံရိပ် မဟာပုရိသလက္ခဏာ (၃၂)မျိုးကို မြတ်စွာဘုရားက အထူးတလည် ဟောကြားတော်မူခဲ့တာ ဖြစ်တယ်ပေါ့။

## ၆။ ပြည့်ဖြိုးခြင်း

ဒီကနေ့ (၆) ခုမြောက်ဖြစ်တဲ့ ဘုရားအလောင်းတို့ရဲ့ ခန္ဓာကိုယ်မှာ ပေါ်လာတတ်တဲ့ အမှတ်တံဆိပ်တစ်ခုကတော့ ဘာလဲလို့ဆိုရင် **သတ္တုဿဒတာ = သတ္တ+ ဥဿဒတာ၊ သတ္တ** ဆိုတဲ့စကားလုံးဟာ ဒီနေရာမှာ (၇) ဂဏန်းကိုယူရတယ်။ တခြားနေရာမှာ **သတ္တ**က သတ္တဝါဆိုတာ ရှိတယ်ပေ့ါ။ ဒီနေရာမှာတော့ (၇) ဂဏန်း။ **သတ္တ+ဥဿဒတာ** လူ့ရဲ့ခန္ဓာ ကိုယ်မှာ (၇)ဌာနဟာ ပြည့်ပြည့်ဝဝ ပြည့်ပြည့်ဖြိုးဖြိုး ဖြစ်နေတယ်တဲ့။ ဒါလည်း အမှတ်အသား လက္ခဏာတစ်ခုပဲ။ (၇)ဌာနဟာ ပြည့်ဖြိုးတယ်။

(၇)ဌာနဆိုတာဘာတုန်းဆိုရင် လက်နှစ်ဖက်၊ ခြေထောက်နှစ်ဖက်။ လက်နှစ်ဖက်ကလည်း ပြည့်ပြည့်ဖြိုးဖြိုး လုံးပြီးတော့နေတာ။ အရိုးကြီးတွေက ငေါငေါကြီးတွေ ထွက်ပြီးမနေဘူး။ လုံးလုံးဝိုင်းဝိုင်းလေး အသားတွေနဲ့ပြည့်နေတယ်။ အင်မတန်မှ ကြည့်လို့ကောင်းတဲ့ ပုံစံမျိုးနော်။ လက်နှစ်ဖက် ခြေနှစ်ဖက် ဒီနှစ်ခုက ပြည့်ပြီးတော့နေတယ်။ နောက်တစ်ခုက ပခုံးစွန်းနှစ်ဖက်၊ ပခုံးစွန်းနှစ်ဖက်ကလည်း ပြည့်နေတဲ့လူရှိတယ်၊ ချိုင့်နေတဲ့လူရှိတယ်။ ပခုံးစွန်းနှစ်ဖက်ပြည့်တာရယ်။ နောက်ပြီးတော့ ခန္ဓ—လည်ကုပ်ဆိုတာပြည့်တာရယ် ပခုံးသား ပြည့်တာရယ်။ အဲတော့ ပေါင်းလိုက်တဲ့အခါကျတော့ လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ ပခုံးစွန်းနှစ်ဖက်နဲ့ လည်ကုပ်ပေ့ါ။ အဲဒီနေရာတွေမှာ ပြည့်ပြည့်

ဖြိုးဖြိုးရှိတယ်။ သူများနဲ့ မတူဘူးတဲ့။ အသားက အဲဒီ(၇)နေရာမှာ ပြည့်နေတယ်။ ဒီလိုဆိုလိုတာ။

အဲတော့ ဝ,တဲ့လူတွေကိုလည်း သွားပြီး အပြစ်မတင်နဲ့နော်။ တချို့ကလည်း ပြောကြတယ်။ စိတ်ကောင်းရှိလို့ ဝ,တာတဲ့နော်။ စိတ်ကောင်းရှိလို့ ဝ,တဲ့လူတွေက သူတို့အကြောင်းပြတယ်။ ဝ,မှာပေါ့ စိတ်ကောင်းရှိလို့။ ဗမာပြည်က လူတွေကတော့ ဝ,ရင်လှတယ်လို့ ထင်ကြတယ်။ "ဝ,လိုက်တာဟယ်" လို့ ချီးမွမ်းတာ။ နိုင်ငံခြားသူတွေကိုသွားပြီး ဝ,တယ်လို့မပြောနဲ့၊ ဆဲတယ်လို့ထင်နေမယ်။ သူတို့က ဘာဖြစ်လို့တုန်းဆိုတော့ "Being fat sickness" ဝ,လာတာဟာ မကျန်းမာခြင်းတစ်ခုပဲ။

Being fat sickness အင်္ဂလိပ်စကားလုံးလေးတစ်လုံးရှိတယ်။ Being fat ဆိုတာ ဝ,တာ။ ဝ,လာခြင်းဟာ sickness မကျန်းမမာဖြစ်ခြင်း၊ နေမကောင်းခြင်းပဲဖြစ်တယ်။ ဗမာတွေကတော့ ဝ,တာကို လှတယ်လို့ထင်တာ။ အဲတော့ အခုစကားအရ ပြောမယ်ဆိုလို့ရှိရင် သူက ဝ,တာနဲ့ ပြည့်ဖြိုးတာနဲ့ တခြားစီလို့ မှတ်ရမယ်နော်။ ဝ,တိုင်းပြည့်ဖြိုးတာ မဟုတ်ဘူး။ ဝ,ရင် ပြည့်တော့ပြည့်နေမှာပေါ့နော်။ ကြည့်မကောင်းအောင် ပုတိုကြီးဆိုရင်တော့လည်း ဟုတ်မှာမဟုတ်ဘူး။

အဲတော့ လက်နှစ်ဖက်ကလည်း ပြည့်ပြည့်ဖြိုးဖြိုး။ အသားတွေ၊ အသားစိုင်တွေက ပြည့်ပြည့်ဖြိုးဖြိုးရှိတယ်။ ခြေထောက်

နှစ်ဖက်ကလည်းပဲ အသားစိုင်တွေ ပြည့်ပြည့်ဖြိုးဖြိုး ရှိတယ်။ ပခုံးစွန်းနှစ်ဖက်၊ ပခုံးစွန်းဆိုတာ အရိုးတွေထွက်နေတတ်တယ် ပေါ့။ အဲဒီ ပခုံးစွန်းနှစ်ဖက်ကလည်း ပြည့်ပြည့်ဖြိုးဖြိုးရှိတယ်။ လည်ကုပ်ကလည်း ပြည့်ပြည့်ဖြိုးဖြိုးရှိတယ်။ လည်ကုပ်က တစ်ခု ပေါ့။ လက်နှစ်ဖက် ခြေနှစ်ဖက် ပခုံးစွန်းနှစ်ဖက် (၆) ခု၊ လည်ကုပ် ထည့်လိုက်တဲ့အခါကျတော့ (၇) ခု၊ အဲဒါကိုပြောတာ။ အဲဒီ (၇)ဌာနဟာ ပြည့်ပြည့်ဖြိုးဖြိုးရှိတယ်လို့ ဒီလိုဆိုလိုတာ။

အဲတော့ ဘဝတစ်ခုရလာတဲ့အခါ လူတွေရဲ့ အချောအလှ လှပတင့်တယ်မှုဟာ ဒီ လက်တံခြေတံ လက်တွေခြေတွေ ပြည့်ပြည့်ဖြိုးဖြိုးနဲ့၊ ပခုံးစွန်းတွေက ပြည့်ပြည့်ဖြိုးဖြိုးနဲ့၊ ကုပ်ပိုးတွေ ပြည့်ပြည့်ဖြိုးဖြိုးလေးနဲ့ ဒီလိုဆိုလို့ရှိရင် သူက အင်မတန်မှ ကြည့်လို့ရှုလို့ကောင်းတယ်။ ဒီလက္ခဏာဟာလည်း ပါရမီပုံရိပ်ရဲ့ အမှတ်တံဆိပ်တစ်ခုပါပဲလို့ ဒီလိုဆိုလိုတာပေါ့။

## ပါရမီကုသိုလ်

ဒီ ပြည့်ဖြိုးခြင်း (၇)ရပ် (၇) ဌာန ပြည့်ဖြိုးခြင်းဆိုတဲ့ အမှတ်အသားလက္ခဏာကို ဘယ်လိုကုသိုလ်တွေများ လုပ်ခဲ့လို့ ဒီအကျိုးကျေးဇူး၊ ဒီအမှတ်အသားတွေ ပေါ်လာရတာတုန်း ဆိုတော့ ကောင်းပေ့ဆိုတဲ့ အစာအာဟာရတွေကို လှူလေ့ တန်းလေ့ရှိတယ်။ ကောင်းပေ့ဆိုတာ ဟုတ်တော့ဟုတ်တယ်။

ကောင်းကောင်းကြိုက်တဲ့သူတွေ ဝ,တာ၊ ကောင်းတာတွေချည်းပဲ စားတာ။ ကောင်းတာတွေချည်းစားတယ်။ **ပဏီတ ဘောဇန**– အင်မတန် ကောင်းတာတွေစား။ အဲ-တချို့ကျတော့ အကုသိုလ် ကံကြောင့်လား မသိဘူး။ အကောင်းဆိုမတည့်ဘူး၊ ကောင်းတဲ့ အစားအစာဆို တည့်ကိုမတည့်တာ။ မတည့်တာ အကုသိုလ် များလို့လို့ ဒီလိုပြောရမှာပဲ။ သို့မဟုတ် ကောင်းတာတွေကို မလှူခဲ့လို့လို့ပြော။ အဲတော့ **ပဏီတာနိ ဘောဇနာနိ** သို့မဟုတ် **ပဏီတာနံ ရသိတာနံ**– ကောင်းပြီးတော့ အရသာရှိတယ်ဆိုတဲ့ စားဖွယ်သောက်ဖွယ်တွေကို သူက လှူခဲ့တယ် တန်းခဲ့တယ်။ သူများကို ပေးခဲ့တယ်၊ ကျွေးခဲ့တယ်။ အဲဒီ ကုသိုလ်လို့ပြောတာ။ ကျွေးရင် သူက အကောင်းမှကျွေးတာ။ မကောင်းတာ မကျွေး ဘူးနော်။ မကောင်းဘူး၊ ဒါလည်း လူ့စိတ်မှာ ရှိသေးတယ်။ တချို့က အကောင်းကျွေးနိုင်ပေမယ့်လို့ အကောင်းကျွေးချင်မှ ကျွေးတာ။ သူကြိုက်တာလည်း အကောင်းကြိုက်ချင်မှ ကြိုက် တာ။ အကောင်းမကြိုက်တဲ့သူက အများကြီး ရှိသေးတယ်။ လူတွေမှာ စားနိုင်ပေမယ့်လို့ အကောင်းကို မတည့်တာတို့၊ မကြိုက်တာတို့နဲ့ မစားကြဘူး။

ကောင်းမှုဆိုတာ အဲတော့ **ပဏီတ**– ကောင်းမြတ်တဲ့ အစာဆိုတာ ဘယ်လိုဟာမျိုးကို ခေါ်တာတုန်း။ ကိုယ်ကြိုက် တာကို အကောင်းလို့ပြောမှာလား။ ဝက်သားကြိုက်တဲ့သူက

ဝက်သားအကောင်းလို့ ပြောမှာလားဆိုတော့ ပဏီတဘောဇဥ် လို့ဆိုပြီးတော့ ဘုရားလက်ထက်က သတ်မှတ်ဖော်ပြထားတာ တော့ ဝိနည်းကျမ်းထဲမှာ ရှိတယ်။ **"သပ္ပိ နဝနီတံ တေလံ မဓု ဖာဏိတံ မစ္ဆော မံသံ ခီရံ ဒဓိ"** ဒါပဏီတဘောဇဥ်လို့ပြောတာ။ **သပ္ပိ**ဆိုတာ ထောပတ်၊ **နဝနီတံ**–ဆီဦး ထောပတ်ထမင်းတို့။ ဒါအကောင်းလို့ခေါ်တာပေါ့။ ရှေးခေတ်က ဆီဦး။ **တေလ**– နှမ်းဆီနဲ့လုပ်ထားတဲ့ အစာအာဟာရနော်။ **မဓု**– ပျားရည်နဲ့ လုပ်ထားတဲ့ အစာအာဟာရ။ **ဖာဏိတ**– တင်လဲနဲ့ သကာနဲ့ လုပ်ထားတဲ့ အစာအာဟာရ။ **မစ္ဆ**– ရေထဲက အစာအာဟာရ တွေ၊ ငါးလို့ပြောတာဟာ ရေသတ္တဝါအားလုံးနဲ့ သက်ဆိုင်တယ်။ **မံသ**– ကုန်းသတ္တဝါအားလုံးနဲ့သက်ဆိုင်တယ်။ အဲတော့ အသား ငါး ကလည်းပဲ စားတဲ့ခေတ်က အတော်ကြာလာတော့ အသား ငါးကိုလည်းပဲ ဒီအစားကောင်းထဲမှာ ထည့်ထားကြတယ်။

ခုခေတ်ဆိုတော့ ပိုများတာပေါ့။ ခုခေတ်ကတော့ မြွေတွေ ရော၊ ဖားတွေရော Sea food ဆိုပြီးတော့ ပတ်ကျိတွေရော ဘာတွေရော အကုန်စားတယ်နော်။ ရေဘဝ ဆိုတာတွေ အဲဒါ တွေ အကုန်။ ခရုယောက်သွားမကျန် အခုခေတ်ကတော့ စားနေကြတယ်။ မေးလိုက်လို့ရှိရင် ဒါဘာတုန်းဆို Sea-food တဲ့၊ Sea-food ဆိုတာ အထူးအဆန်းမှတ်လို့ ကြည့်လိုက်တဲ့ အခါ ယောက်သွားထဲက အဆံတွေထုတ်ထားတာ၊ ခရုထဲက

အဆံတွေထုတ်ထားတာ။ အဲဒါ Sea food ပဲ။ အဲဒီ အစာတွေ မြင်လိုက်ရင် မစားခင်က ယားချင်လာတယ်၊ ဈေးကြီး ပေးပြီး တော့ စားကြတယ်။ ခီရုံ-နွားနို့၊ ဒဓိ- ဒိန်ချဉ်။ အဲဒါတွေကို ပဏီတဘောဇဉ်လို့ ဝိနည်းကျမ်းဂန်အရ မှတ်သားကြရတယ်။

ဒါကတော့ ခေတ်အားလျော်စွာ ပြောရမယ်လို့ထင်ပါ တယ်။ ဒါကတော့ ဘုရားလက်ထက်တုန်းက အကောင်းဆုံးလို့ ဖော်ပြတဲ့ အစာအာဟာရ။ ကနေ့ခေတ်တော့ အဲဒီထက် ကောင်းတဲ့ အစာအာဟာရတွေ ရှိကောင်းရှိနိုင်တယ်ပေါ့နော်။ သူ့ခေတ်နဲ့သူပဲ ယူရမှာ။ အဲဒီခေတ်တုန်းက ပူတင်းတို့ဘာတို့ မရှိသေးဘူးပေါ့နော်။ အခုခေတ် cheese cake တို့ ဘာတို့ ဒါမျိုးတွေ ရှိချင်မှရှိဦးမှာပေါ့နော်။ အဲတော့ ခုခေတ်တော့ ပိုကောင်းလာတယ်ပေါ့။ ရေခဲမုန့်တို့နော်။ Ice-cream တို့ ဒါတွေ ကလည်း ခုခေတ်မှာတော့ ပေါ်လာတာ။ ပဏီတဘောဇဉ်ထဲ ထည့်ရမှာပဲ။ အဲဒီလို ကောင်းမွေ့ဆိုတဲ့ အစာအာဟာရတွေကို ကျွေးမွေးခဲ့တယ်၊ ပေးကမ်းခဲ့တယ်၊ လှူဒါန်းခဲ့တယ်။ အကောင်း တွေချည်း လှူတာ။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က ဟောဖူးတယ်။ **"မနာပဒါယီ လဘတေ မနာပံ"** **မနာပဒါယီ**– စိတ်ထဲမှာ နှစ်မြို့စရာ၊ နှစ်ခြိုက်စရာကောင်းတဲ့ အစာအာဟာရပစ္စည်းဥစ္စာ ကို လှူခြင်းသည်၊ **လဘတေ မနာပံ**– ကောင်းတာတွေရတယ်။

ဆိုလိုတာက အကောင်းလှူရင် အကောင်းရတယ်လို့ ပြောတာ။ ကုသိုလ်ကောင်းမှုလုပ်တဲ့အခါမှာ ကောင်းတာကို လှူတဲ့လူက ကောင်းတာကို ရတယ်။ အညံ့လှူရင် အညံ့ပဲရမယ်လို့ ဒီလို ပြောတာနော်။ စိတ်စေတနာပေါ် မူတည်တယ်ပေါ့။ ဒါက ကောင်းတာလှူရင် ကောင်းတာကိုရတယ်။ အင်္ဂုတ္တရနိကာယ် ထဲက သုတ္တန်တစ်ခုထဲမှာ ဒီလိုဟောထားတာ။

အခုဒါနဲ့ အတူတူပဲ။ ပြည့်ပြည့်ဖြိုးဖြိုး လှလှပပ ချောချော လှလှဖြစ်ရတာဟာ ကောင်းတာတွေကို ပေးခဲ့ကျွေးခဲ့တဲ့ ပုဂ္ဂိုလ် တွေတဲ့၊ ဒီလိုဆိုရမှာ။ ကောင်းတာတွေကို ပေးခဲ့ကျွေးခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ ကောင်းတာကိုဖြစ်တယ်။ ဒီထဲမှာ ကောင်းတာ ကြိုက်လို့ ဝ,လာတယ်လို့တော့ မပါဘူးနော်။

## အကျိုးပေးပုံ

ကောင်းတာတွေကို ပေးခဲ့ကျွေးခဲ့တဲ့ ကုသိုလ်ကောင်းမှု စွဲစွဲမြဲမြဲ သူက လုပ်ခဲ့တယ်။ အဲဒီလို စွဲစွဲမြဲမြဲ သူကလုပ်ခဲ့လို့၊ ဒီကုသိုလ်တွေ ဆည်းပူးအားထုတ်ခဲ့လို့ ဒီကုသိုလ်တွေ စုမိ ဆောင်းမိဖြစ်ပြီး သူ့သန္တာန်မှာ များလာသည့်အတွက်ကြောင့် သေတဲ့အခါကျတော့ နတ်ပြည်ရောက်တယ်။ နတ်ပြည်မှာ လည်းပဲ သူများထက်သာတယ်။ သူများထက်သာတဲ့ အခြေအနေ တွေရှိတယ်။ နတ်ပြည်ကနေပြီးတော့ လူ့ပြည်ဖြစ်လာတဲ့အခါမှာ

အခုလို "ပါရမီပုံရိပ် အမှတ်တံဆိပ်" တွေ ပေါ်လာတာ။ ဒီလို ပြောတာ။

ကဲ- ဒါဖြင့်(၇) ဌာနမှာ အသားလေးတွေပြည့်ပြည့်ဖြိုးဖြိုးနဲ့ ဒီလို အလှုကျက်သရေတိုးရတယ်ဆိုတဲ့ ဒီလိုအမှတ်တံဆိပ်ပါတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုအကျိုးပေးတုန်းဆိုတော့ သူက သူလုပ်ခဲ့တဲ့ အတိုင်း အကျိုးပေးတာပဲ။ အဲဒီလို(၇)ဌာနမှာ အသားစိုင်တွေ တိုးတဲ့ပုဂ္ဂိုလ်ဟာ ကောင်းတာတွေ၊ အရသာရှိတဲ့အစားစာတွေကို သူက အမြဲမပြတ်ရတယ်၊ အမြဲမပြတ်စားရတယ်။ အဲ-ကံဆိုးပြီ ဆိုတဲ့ ပုဂ္ဂိုလ်တွေကျတော့ မလှူခဲ့လို့လဲ ဖြစ်ကောင်းဖြစ်မယ်။ ကံဆိုးပြီဆိုရင် ဟိုဟာစားချင် မတည့်ဘူး။ ကြိုက်တော့ ကြိုက်ပါ ရဲ့။ ဒါနဲ့မတည့်ဘူး၊ ဟိုဟာနဲ့ မတည့်ဘူး။ အကောင်းဆို တည့်ကို မတည့်ဘူး။ ညံ့ပြီဆိုတဲ့အစားအစာဆို အံမယ် အစာကြေပြီး တော့ ကောင်းနေတာ။ ဆန်တောင် ဆန်းကြမ်းမှတည့်တာ။ ပေါ်ဆန်းမွှေးတို့လို၊ နတ်ပြည်မွှေးတို့ဆိုတာမျိုး စားရမယ်ဆိုရင် မအီမသာ ဖြစ်တယ်၊ မတည့်ဘူး။ ထောပတ်နဲ့မတည့်ဘူး။ နွားနို့နဲ့ မတည့်ဘူး။ နွားနို့လေးသောက်လိုက်ရင် ဝမ်းလျှောတယ်။ အဲဒါ အကောင်းမလှူခဲ့လို့ ဖြစ်ကောင်းဖြစ်နိုင်တယ်ပေါ့နော်။

အေး၊ ပါရမီပုံရိပ် အမှတ်တံဆိပ်ဆိုတာ ကောင်းတာ တွေကို လှူခဲ့တဲ့ပုဂ္ဂိုလ်ဟာ လူ့ဘဝ ရလာတဲ့အခါမှာလည်းပဲ ကောင်းတာတွေချည်းပဲ ရလေ့ရှိတယ်။ ဒီလိုဆိုလိုတာနော်။

ဒါဖြင့် ပြောကြဦးမယ်။ မြတ်စွာဘုရားက ဒီအမှတ်အသား လက္ခဏာကို ရပါလျက်သားနဲ့ (၁၂) ဝါမြောက်က ဝေရဥ္စာမှာ သွားဝါဆိုတဲ့အခါ၊ ဝေရဥ္စာပြည်မှာ ဝါကပ်တဲ့အခါကျတော့ တစ်ဝါတွင်းလုံး မြင်းစာ ဂျုံစပါးတွေကို စားခဲ့ရသေးတာ။ သို့သော် ရှင်အာနန္ဒာမထေရ်မြတ်က အဲဒီမြင်းစာ ဂျုံတွေကို ပျော့သွားအောင်၊ နူးညံ့သွားအောင် ဆုံနဲ့ထည့်ထောင်းထားပြီး တော့ သူဌေးတွေအိမ်ကလှူတဲ့ ပျားရည်တို့၊ ထောပတ်တို့ ဒါတွေနဲ့နယ်ပြီးမှ မြတ်စွာဘုရားကိုကပ်တာ။ သာမန်ပြောမယ် ဆိုရင်တော့ မြင်းစာဂျုံကို စားနေရတယ်ဆိုတော့ ဟို မျိုမကျတဲ့ ဟာကြီးတွေလို့ ဒီလိုတော့ မအောက်မေ့နဲ့။ ဘာဖြစ်လို့တုန်းဆို မြတ်စွာဘုရားက ပါရမီပုံရိပ် အမှတ်တံဆိပ်နဲ့ ရှိတဲ့ပုဂ္ဂိုလ် ဖြစ်သည့်အတွက်ကြောင့် ပုံမှန်အားဖြင့် အင်မတန်မှ ကောင်းပေ့ ဆိုတဲ့ အစာအာဟာရတွေကို ရလေ့ရှိတယ်ပေါ့။ တစ်ခါတရံ ကျတော့ ကံကြမ္မာရဲ့ပြက်ရယ်ပြုမှုကို ခံရတာပဲလေ။ မြတ်စွာ ဘုရားလည်း ခံရတာပဲ။ ဒါကြောင့်မို့ **"ဘုရားသော်မှ ပေးဆပ်ရတဲ့ ကံကြမ္မာဝဋ်ကြွေးများ"** ဆိုတာ ရှိတယ်လေ။

အဲတော့ ဒါတွေက အင်မတန်မှ သတိထားစရာကောင်း တယ်။ သတိထားတယ်ဆိုတာ အခုလိုသတိထားနိုင်တဲ့ ဘဝမျိုး ရောက်မှ သတိထားလို့ရတာ။ သတိမထားတတ်တဲ့ ဘဝတွေက အများကြီး။ အဲတော့ လွယ်တယ်လို့တော့ မအောက်မေ့လေနဲ့။

ဒီဘဝမှာ ဘုရားရဲ့သာသနာတော်နဲ့ ကြုံတွေ့လို့ ဘုရားဟောတဲ့ တရားတွေ နာခွင့်ရလို့ မိမိကိုယ်တိုင်ကလည်း ကြားနာပြီးတော့ သတိထားလို့ ဒီအကုသိုလ်တွေကို သတိထားတတ်တာ။ ဒီဘဝ ဒီလိုဘဝမျိုးမဟုတ်ဘဲနဲ့ တခြားဘဝမျိုးဆိုရင်တော့ သတိထားဖို့ သိတောင်သိမှာ မဟုတ်ဘူး။ အဲဒါကြောင့်မို့ အခုရလာတဲ့ဘဝမှာ ခိုင်မာသွားအောင် လုပ်ဖို့တော့ အင်မတန် အရေးကြီးတယ်။ သတိချပ်ဖို့လိုအပ်တာပေါ့နော်။ ဒါက ပါရမီပုံရိပ် အမှတ်တံဆိပ် တစ်ခုအရ ကုသိုလ်ကောင်းမှုနဲ့ ရလာတဲ့ အကျိုးကျေးဇူးကို ဖော်ပြတာ။

## (၇) လက်ဖဝါး ခြေဖဝါး နူးညံ့မှု

နောက်တစ်ခါ (၇)ခုမြောက် အမှတ်တံဆိပ်က ဘာတုန်း ဆိုတော့ **မုဒုတလုနဟတ္ထပါဒတာ**။ မုဒုဆိုတာ နူးညံ့တယ်။ **တလုန**–ပျော့ပျောင်းတယ်။ **ဟတ္ထဆိုတာ ဟတ္ထပါဒ**– လက်ဖဝါး ခြေဖဝါး။ လက်ဖဝါးခြေဖဝါးလေးတွေ ကိုင်ကြည့်ရင် နူးပြီးတော့ အိနေတာ။ တချို့ လက်ကြီးတွေများ သွားမစမ်းလိုက်နဲ့။ တစ်ခါ တည်း ကော်ပတ်လိုပဲ ကြမ်းနေတာ။ ကော်ပတ်လိုကြမ်းတာ။ ကြမ်းတဲ့လက်တွေကျတော့ လက်တောင်မှ ရှသွားသလား အောက်မေ့ရတယ်။ ဟော ဒီပါရမီပုံရိပ် အမှတ်တံဆိပ်ရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ လက္ခဏာကျတော့ လက်ဖဝါးခြေဖဝါးလေးတွေက

အင်မတန်မှနုတယ်။ ဒီအမှတ်သားဆိုတာ အင်မတန်မှ ထူးဆန်းတယ်နော်။ **မုဒုတလုနဟတ္ထပါဒ**– လက်ဖဝါး ခြေဖဝါးလေးတွေက အင်မတန်မှ နူးညံ့တယ်။ ဒါမို့ တချို့ဗေဒင်ဆရာတွေက ပြောတယ်။ လက်ဖဝါး ခြေဖဝါးလေးတွေနုရင် ချမ်းသာလိမ့်မယ်လို့ ဒီလိုပြောတယ်။ ဒါက နံပါတ် (၇) ပါရမီပုံရိပ် အမှတ်တံဆိပ် တစ်ခု။

## (၈) လက်ချောင်း ခြေချောင်း ကွန်ယက်

နံပါတ်(၈) ပါရမီပုံရိပ် အမှတ်တံဆိပ်က ဘာတုန်းဆိုတော့ **ဇာလဟတ္ထပါဒ** – လက်ချောင်းလေးတွေ ခြေချောင်းလေးတွေဟာ တခါတည်း သွယ်ပြီးတော့နေတယ်။ ကွန်ယက်ကလေးလို အင်မတန်မှ လှနေတယ်။ ဒီလိုဆိုလိုတာနော်။ ကွန်ရက်သဖွယ် သွယ်ယှက်ပြီးတော့နေတယ်။ အဆစ်ကြီးတွေက အဖုကြီးတွေဖြစ်မနေဘူး။ လက်ချောင်းကြီးတွေက ပုတိုကြီးတွေဖြစ်မနေဘူး။ သွယ်ပြီးတော့ လက်ဖဝါး ခြေဖဝါးကလည်းပဲ အိစက်ချောညက်ပြီးနေတယ်။ ဟောဒီ လက္ခဏာနှစ်ခု၊ ဒါက ပါရမီပုံရိပ် အမှတ်သားနှစ်ခု။ နူးညံ့တဲ့လက်ဖဝါးဟာ နူးညံ့ချောညက်နေတဲ့ လက်ဖဝါးခြေဖဝါးရှိခြင်း၊ ကွန်ရက်လို အကွက်ကျပြီးတော့ အင်မတန်မှ အဆင်ပြေတဲ့ လက်ချောင်းခြေချောင်း

လေးတွေ ရှိခြင်းလို့။ ဒီအမှတ်အသားနှစ်ခုဟာလည်းပဲ လူသား တွေမှာ ပေါ်လာတတ်တယ်။ ဒီလိုဆိုလိုတယ်နော်။

## ပါရမီကုသိုလ်

အဲဒီလို ပေါ်လာတာဟာ ဘာဖြစ်လို့ ရတာလည်းလို့ ဆိုတော့ လူ့ဘဝရတဲ့အခိုက်မှာ ဘာတွေ လုပ်ခဲ့လဲဆိုရင် လူဆိုတာ တစ်ယောက်တည်းနေတာ မဟုတ်ဘူး။ ကိုယ့်မှာ ပတ်ဝန်းကျင်ရှိတယ်။ ကိုယ့်ရဲ့ပတ်ဝန်းကျင်က ပုဂ္ဂိုလ်တွေကို သူက အကူအညီ အထောက်အကူတွေပေးတယ်။ ကောင်းတာ တွေနဲ့ကူညီတယ်။ ပံ့ပိုးတယ်။ ကူညီတယ် ပံ့ပိုးတယ်ကို **သင်္ဂဟ** လို့ခေါ်တယ်။ ဒါကြောင့်မို့လို့ **သင်္ဂဟ**ဆိုတဲ့စကားလုံးကို ပြောတာ နော်၊ ချီးမြှောက်တယ် ကူညီတယ် ပံ့ပိုးတယ် ဒီအဓိပ္ပာယ်။ အဲဒီ သင်္ဂဟကိုပဲ သင်္ဂြိုဟ်လို့လည်း ခေါ်သေးတယ်။ မီးသင်္ဂြိုဟ်တယ် ဆိုတဲ့ဟာ သင်္ဂြိုဟ်ဟာ အဲဒီကလာတာ။ **သင်္ဂဟ**ဆိုတာနော် မီးသင်္ဂြိုဟ်တယ်ဆိုတဲ့ဟာလည်းပဲ ကူညီတာ အထောက်အကူ လုပ်ပေးတာပဲပေါ့။ လုပ်သင့်လုပ်ထိုက်တာ လုပ်ပေးတာ။ အမှန် ကတော့ **သင်္ဂဟ**ဆိုတဲ့ စကားလုံးက ချီးမြှောက်တယ်လို့ ဒီလို အဓိပ္ပာယ်ရတယ်။ ဒါကတစ်ခု။

နောက်တစ်ခါ အဘိဓမ္မာသင်တဲ့ ပုဂ္ဂိုလ်တွေ သင်ကြတဲ့ **အဘိဓမ္မတ္ထသင်္ဂဟ** ကျမ်းဆိုတာ ရှိသေးတယ်။ အဲဒီ သင်္ဂဟ

ကျတော့ စုပေါင်းပြီးတော့ အဘိဓမ္မာလာ အကြောင်းအရာတွေကို စုပြီးတော့ ရေးထားတဲ့ကျမ်းလို့ အဓိပ္ပာယ်ရတယ်။ သင်္ဂဟဆိုတာ စုပြီးတော့ဖော်ပြထားတာ(Collection) အားလုံးကို စုပြီးတော့ဖော်ပြထားတာ။ အချက်အလက်တွေ ပြည့်ပြည့်စုံစုံ တစ်နေရာတည်းမှာ စုပြီးတော့ ဖော်ပြထားတဲ့ကျမ်းကိုလည်းပဲ သင်္ဂဟလို့ခေါ်တယ်။ အဲတော့ သင်္ဂဟရဲ့အဓိပ္ပာယ်က အမျိုးမျိုးရှိတယ်ပေါ့။

အခု ဒီနေရာမှာ **သင်္ဂဟဝတ္ထု**၊ လူတွေကို အခု အကူအညီပေးတာ။ အကူအညီပေးနိုင်တဲ့ အကြောင်းလေးမျိုးနဲ့ လူသားတွေ ကိုယ့်ရဲ့ပတ်ဝန်းကျင်ကို ချီးမြှောက်တယ်။ ထောက်ပံ့ခဲ့တယ်။ ကူညီခဲ့တယ်။ ကူညီခဲ့တယ်လို့ ဒီလိုဆိုလိုတာ။ အဲတော့ သင်္ဂဟဝတ္ထုလေးပါးလို့ ဒီလိုခေါ်တာပေါ့။ ပြောမယ်ဆိုလို့ရှိရင်လည်း (Organization) လို့လည်း ပြောလို့ရတယ်ပေါ့။ ကိုယ့်ပတ်ဝန်းကျင်က ပုဂ္ဂိုလ်တွေကို အကူအညီပေးတာ လေးမျိုးနဲ့ ကူညီပေးတာ။

အဲဒီ လေးမျိုးနဲ့ အကူညီပေးတယ်ဆိုတာ နံပါတ်(၁) က ဘာတုန်းဆိုတော့ ဒါန။ ကိုယ့်ရှိတာကို ခွဲဝေပေးတာ။ ပိုက်ဆံမရှိရင် ပိုက်ဆံပေးတယ်။ စားစရာမရှိရင် စားစရာပေးတယ်။ ကူညီတာလေ။ ကူညီပြီးတော့ ပေးကမ်းတာ၊ စွန့်ကြဲတာ။ အဲဒီ ကူညီမှုတွေ ပေးကမ်းမှုတွေ ဒါနဟာ စုစည်းမှုတစ်ခုပဲပေါ့။

ပေးတာကမ်းတာဟာ မြန်မာလူမျိုးတွေကတောင် အပေး အကမ်းရဲ့အကြောင်းကိုသိတာ။ "ပေးကမ်းခြင်းသည် အောင်မြင် ရာ၏" ဆိုတာ တကယ်လည်း အောင်မြင်တာပဲလေ။ ပေးလိုက် ရင် အစစအရာရာ ချောသွားတာ၊ မပေးရင် မချောဘူး။ ဖုထစ် တယ်။ အဲဒါကြောင့်မို့ သင်္ဂဟဆိုတာနော် ထောက်ပံ့ ကူညီမှု တစ်ခုဟာ အောင်မြင်တဲ့ ဒီလုပ်ငန်းတစ်ခုဟာ ပေးကမ်းခြင်းပဲ။ အဲဒီပေးကမ်းမှုဆိုတာနဲ့ လူကို(Organize) လုပ်လို့ရတယ်။ ပေးကမ်းလိုက်တဲ့အခါ ရတဲ့ပုဂ္ဂိုလ်ကလည်း စိတ်နူးသွားတယ်။ ပေးလိုက်တဲ့ ပုဂ္ဂိုလ်ဟာလည်းပဲ ငါပေးလိုက်ရတယ်ဆိုပြီး စိတ် ထဲမှာ ရင်းနှီးသွားတယ်။ အဲတော့ နှစ်ဦးစလုံးဟာ ပြေလည် သွားတယ် ဒီအဓိပ္ပာယ်။ အင်မတန်မှဆိုးတဲ့၊ ဟောင်လွန်းတဲ့ ခွေးတောင်မှ အစာကလေးချကျွေးလိုက်ရင် အမြီးနှံ့သွားတယ်။ ပေးကမ်းတာ အောင်မြင်တယ်ဆိုတာ ဆိုးတဲ့ခွေးတောင် အစာ ကလေး ချကျွေးရင် ငြိမ်သွားတယ်။ အဲတော့ ပေးတာကမ်းတာ ဆိုတာ လူတင်မကဘူး တိရစ္ဆာန်ပါ ကြိုက်တယ်လို့ ဒီလိုပြောရ မှာ။ အဲဒါဟာ သင်္ဂဟဝတ္ထုတစ်ခုပဲတဲ့။

နောက်သင်္ဂဟဝတ္ထုတစ်ခုက ဘာတုန်းဆိုရင် **ပေယျဝဇ္ဇ**– **ပေယျ**ဆိုတာ **ပိယ** ဆိုတဲ့ စကားလုံးကလာတာ။ ချစ်ခင်ဖွယ်ရာ စကားမျိုးကို ပြောတာ။ ဆိုလိုတာက ယဉ်ကျေးတဲ့စကားမျိုးနဲ့ ပြောတာ။ ပြောဆိုဆက်ဆံတာ (Kind-word) လို့ ပြန်လို့ရတယ်

ပေါ့။ တစ်ဖက်သားကို ကြင်နာတဲ့စကားနဲ့ ကြင်ကြင်နာနာ တစ်ဖက်သားအပေါ်မှာ လေးလေးစားစား ဒီလိုပြောတာနော်။ လေးလေးစားစားပြောဆိုဆက်ဆံမှုဟာ **ပေယျဝဇ္ဇ**၊ တစ်ဖက်သား ကြိုက်တဲ့ စကားလုံးလေးနဲ့ ဟို ချဉ်းကပ်ပြောဆိုတာ။ အဲဒါဟာ လည်းပဲ တစ်ဖက်သားကို အကူညီပေးရာရောက်တယ်။ ဟုတ် တယ်လေ။ လူဆိုတာ ချိုချိုသာသာပြောလို့ရှိရင် လူတိုင်း လူတိုင်းဟာ ကြိုက်တာပဲ။ ချိုသာတဲ့စကားကို လူတိုင်း ကြိုက် တယ်။ ကြမ်းတမ်းတဲ့စကားပြောရင် ကျန်တဲ့လူလည်း ကြမ်းသွား တာပဲလေ။ စိတ်က ကိုယ့်ကိုချိုချိုသာသာလေးပြောရင် ကိုယ်က လည်း ချိုချိုသာသာပြန်ဆက်ဆံတာပဲပေါ့။ အဲဒါကြောင့်မို့လို့ ဒုတိယ (Organization) သင်္ဂဟဝတ္ထုတရားက **ပေယျဝဇ္ဇ**။

တတိယက ဘာတုန်းဆိုတော့ **အတ္ထစရိယာ–** သူ့ကိစ္စရှိရင် လုပ်ပေးတယ်။ ဝိုင်းဝန်းကူညီလုပ်ကိုင်တယ်။ ဆောင်ရွက်တယ်၊ မနေတတ်ဘူး။ သူ့အိမ်ကိစ္စရှိရင် သွားလုပ်ပေးတယ်။ လုပ်စရာ ကိစ္စရှိရင် မနေတတ်ဘူး။ ဝိုင်းဝန်းပြီးတော့ ကူညီတယ်။ **အတ္ထစရိယာ–** သူ့ရဲ့ ကိစ္စဝိစ္စကို ပါဝင်ဆောင်ရွက်ပေးတာ ဒါလည်းပဲ အင်မတန်မှကောင်းတဲ့ (Organization) တစ်ခုပဲတဲ့။

နောက်တစ်ခုကျတော့ ဘာတုန်းဆိုရင် **သမာနတ္တတာ–** ကိုယ်နဲ့တန်းတူဖြစ်အောင် လုပ်ပေးတာ။ တန်းတူဆက်ဆံ၊ တန်းတူဆက်ဆံဖို့ဆိုတာ သိပ်အရေးကြီးတယ်။ တချို့လူတွေက

နော် ပေးလည်းပေးပါရဲ့၊ ပေးပြီးတဲ့အခါကျတော့ လူကို အထင်သေး အမြင်သေး ဆက်ဆံတာမျိုးရှိတယ်လေ။ ပေးတော့ ပေးတယ်။ အထင်သေး အမြင်သေး ဆက်ဆံတယ်။ ကျန်တဲ့ သူက မခံနိုင်။ အဲဒါကြောင့်မို့လို့ တန်းတူရည်တူ ဆက်ဆံနိုင်တဲ့ အနေထားမျိုးဟာ အလွန်ကောင်းတဲ့ဟာ တစ်ခုပဲ။ အဲတော့ ပေါင်းလိုက်တဲ့အခါ **ဒါန၊ ပေယျဝဇ္ဇ၊ အတ္ထစရိယာ၊ သမာနတ္တတာ**။

အဲတော့ လူတိုင်းလူတိုင်းဟာ ဒီအချက်တွေ လိုအပ် သလားလို့ဆိုတော့ လူတိုင်းလူတိုင်းမှာ ဘယ်အရာက ပိုပြီးတော့ အရေးကြီးသလဲဆိုတော့ ဆက်ဆံတဲ့အခါမှာ သတိထားရတယ်။ ဒီပုဂ္ဂိုလ်ဟာ ပေးတာကမ်းတာ ကြိုက်လို့ရှိရင် ပေးကမ်းပြီးတော့ ဆက်ဆံရမယ်၊ ချီးမြှောက်ရမယ်။ ဒီပုဂ္ဂိုလ်ဟာ ပေးတာကမ်းတာ ဒီလောက်အလေးမထားဘူး။ သူက ချိုချိုသာသာပြောမှ ကြိုက် တယ်ဆိုရင် ချိုချိုသာသာ ပြောဆိုဆက်ဆံ။ အဲဒီပုဂ္ဂိုလ်ဟာ ပေးတာရော ချိုချိုသာသာ ပြောတာရော သိပ်အလေးမထား ဘူး။ ကိစ္စဝိစ္စရှိလို့ ဝိုင်းလုပ်တာကို တန်ဖိုးထားတယ်ဆိုရင် ဝိုင်းလုပ်ပေး။ အဲဒီပုဂ္ဂိုလ်ဟာ ကျန်တာတွေ တန်ဖိုးမထားဘူး။ သူ့ကို နှိမ့်ချပြီးတော့ (Look-down) လုပ်လို့ရှိရင် မခံနိုင်ဘူး ဆိုတဲ့ ပုဂ္ဂိုလ်များကျတော့ ကိုယ်နဲ့တန်းတူ ဆက်ဆံရတယ်။ ဒီလို

လေးခု ခွဲပြီးတော့လည်း မှတ်သားကြရတယ်။ အဲဒါကို သင်္ဂဟဝတ္ထု တရားလေးပါး။

အလောင်းတော်တွေ လူ့ဘဝရတဲ့အချိန်မှာ၊ လူသားတွေနဲ့ ဆက်ဆံတဲ့အခါမှာ ဒီလေးမျိုးကို အသုံးပြုပြီးတော့ ဆက်ဆံခဲ့တာ။ ဒါလည်း ကုသိုလ်ကောင်းမှုပဲနော်။ အင်မတန်မွန်မြတ်တဲ့ ကုသိုလ်။ အဲတော့ လူချင်းတူ ဆက်ဆံတဲ့အခါမှာ ဩော် ကိုယ့်ရှိတာကို ပေးလို့ ကမ်းလို့ ဆိုပါတော့- ကိုယ့်ရှိတဲ့ ပိုက်ဆံတွေ အကုန်လိုက်ပေးရမှာ ဒီလိုပြောတာ မဟုတ်ဘူး။ လက်ဆောင်ပေးတာ ပေးသင့်ချိန်မှာ လက်ဆောင်ပေးတာတို့ တစ်ခုခုပေးတာတို့ ဒီလိုပေးတာ။ နောက်ဆုံးမှာ ဒီပညာပေးတာလည်း အပေးပဲပေါ့။ ပညာပေးတာလည်းပေး ဓမ္မဒါနလို့ ခေါ်တယ်။ ဓမ္မလှူတာ ပေးတာ ကမ်းတာမှန်သမျှ အကုန်လုံး အပေးလို့ခေါ်တယ်ပေါ့။ အဲဒီလို ပေးကမ်းတဲ့ လိုအပ်တဲ့ ပုဂ္ဂိုလ်တွေကို ပေးကမ်းတယ်နော်။ ဆက်ဆံရေးမှာ ချိုချိုသာသာ ပြောရမယ့်ပုဂ္ဂိုလ်တွေ ချိုချိုသာသာပြောပြီး ဆက်ဆံတယ်။ ကိစ္စဝိစ္စရှိလို့ လိုအပ်နေတယ်။ အကူအညီလိုအပ်နေတဲ့ ပုဂ္ဂိုလ်တွေကို အကူအညီပေးတယ်။ ကိုယ်နဲ့တန်းတူထားပြီးတော့ အမြဲတမ်း ဆက်ဆံပေါင်းသင်းတယ်ဆိုတယ်။ ဒီအချက်လေးချက်ဟာ တစ်ဖက်သားရဲ့စိတ်ကို ဆွဲဆောင်နိုင်တာ ဖြစ်တာကြောင့် ကြီးမားတဲ့ကုသိုလ်တရားတစ်ခုပဲ။ အဲဒီလို ကိုယ်နဲ့ ပတ်ဝန်းကျင်

ကို စုစည်းထားနိုင်တဲ့ ဒီ (Organization) အကြောင်းတစ်ခု အင်မတန်မှကောင်းတဲ့ ဒီ စည်းရုံးရေးတရားလေးမျိုးပေါ့။

## အကျိုးပေးပုံ

အဲဒီ တရားလေးမျိုးနဲ့ ကိုယ်နဲ့ပတ်သက်လာတဲ့ပုဂ္ဂိုလ်တွေကို ဆက်ဆံခဲ့တယ်။ ထောက်ပံ့ကူညီခဲ့တယ်။ အဲဒီလို လုပ်ခဲ့တဲ့ပုဂ္ဂိုလ်ဟာ၊ ဒီလိုလူတွေကို ဒီနည်းနဲ့ ဆက်ဆံခဲ့တဲ့ပုဂ္ဂိုလ်တွေဟာ လူ့ဘဝက သေဆုံးသွားတဲ့အခါ နတ်ပြည်မှာ ရောက်တယ်။ ထူးခြားတဲ့အရည်အချင်းတွေရတယ်။ နတ်ပြည်ကတစ်ခါ လူ့ပြည်ရောက်တဲ့အခါကျတော့ လက်ဖဝါး ခြေဖဝါးလေးတွေက နူးနူးနယ်နယ်လေးတွေ ဖြစ်လာတယ်။ ဘာလို့ဆိုတော့ ကိုင်တွယ်တဲ့အခါမှာ သူက အင်မတန်မှ ညင်သာတာနော်။ လက်ဖဝါးကြမ်းကြီးနဲ့ဆိုရင် ဘယ် ကိုင်တွယ်တာ ညင်သာမလဲ။ ကြမ်းကြမ်းတမ်းတမ်းဆက်ဆံတဲ့ပုဂ္ဂိုလ်ဟာ လက်ဖဝါးကြီးတွေ ကြမ်းကုန်တာ။ အပြောအဆိုကလည်းကြမ်း၊ အကိုင်အတွယ်ကလည်း ကြမ်းဆိုတော့ ဘေးက လူတွေလည်း ကြမ်းကုန်တာပေါ့နော်။ အဲတော့ သူက ညင်ညင်သာသာ တခြားကို ဆက်ဆံပြီးတော့ လက်တွဲခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်သောကြောင့် သူ့ရဲ့လက်ဖဝါး ခြေဖဝါးလေးတွေက နူးညံ့ပြီးတော့နေတယ်။ အင်မတန်မှ လှပချောမွေ့ပြီးတော့ ကွန်ယက်ကလေးသဖွယ် လက်တံ ခြေတံကလေး

တွေက အင်မတန်မှ ကြည့်လို့လှတယ်ဆိုတဲ့ ဒီအမှတ်အသား နှစ်မျိုးကို ရရှိနိုင်ပါတယ်တဲ့။ ဒီပါရမီကုသိုလ်က ပေါ ဆက်ဆံရေးမှာ အင်မတန်မှအရေးကြီးတယ်။ ဒါ လူတွေလုပ်လို့ ရတဲ့ ကုသိုလ်တွေပဲနော်၊ ကုသိုလ်တွေရတယ်။

အေး အဲဒီလို ဆက်ဆံခဲ့လို့ သင်္ဂဟဝတ္ထုတရားလေးပါးနဲ့ ကိုယ့်ပတ်ဝန်းကျင်က လူတွေကို စည်းရုံးပြီးတော့ ဆက်ဆံခဲ့တဲ့ ကုသိုလ်ကောင်းမှု ပါရမီပုံရိပ် အမှတ်တံဆိပ်အနေနဲ့ လက်ဖဝါး ခြေဖဝါး နူးညံ့လို့။ ဒီလက်တံခြေတံလေးတွေ လှပတယ်ဆိုတဲ့ ကွန်ယက်သဖွယ် လှပတယ်ဆိုတဲ့ အနေအထားမျိုးကို ရလာပြီ ဆိုလို့ရှိရင် ဘယ်လိုကောင်းကျိုးချမ်းသာတွေကို ရတုန်းဆိုတော့ အဲဒီပုဂ္ဂိုလ်မျိုးဟာ စည်းရုံးရေး အင်မတန်မှ ကောင်းတဲ့ပုဂ္ဂိုလ် ဖြစ်တယ်။ သူစည်းရုံးထားတဲ့ သူ့နောက်ကလိုက်တဲ့ ပုဂ္ဂိုလ် တွေဟာ ဘယ်တော့ဖြစ်ဖြစ် သူ့ကို အင်မတန်မှ ရိုသေကြတယ်။ လေးစားကြတယ်။ ကွယ်ရာမှာတောင် အပြစ်မပြောဘူး။ အကောင်းပဲပြောတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ သူ့ရဲ့စည်းရုံးမှု ဟာ အင်မတန်မှ မြဲမြံတယ်။ သူ့အပေါ်မှာ ဒီလေးစားမှုဟာ စွဲမြဲကြတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ သူက လူတွေကို ဆက်ဆံ ခဲ့တာ ပေးကမ်းပြီးတော့ ဆက်ဆံခဲ့တယ်နော်၊ ချိုချိုသာသာ ပြောပြီး ဆက်ဆံခဲ့တယ်။ အကျိုးစီးပွားကို ဆောင်ရွက်ပြီး ဆက်ဆံခဲ့တယ်။ ကိုယ်နဲ့တန်းတူ ထားပြီးတော့ ဆက်ဆံခဲ့တယ်

ဆိုတဲ့ ကုသိုလ်ကောင်းမှုတွေကြောင့် သူ့ရဲ့နောက်ကလူတွေက သူ့ကို ဒီအတိုင်းပြန်ပြီးတော့ ဆက်ဆံကြတယ်။

အဲဒီပုဂ္ဂိုလ်ကို ဘယ်တော့မဆို သူတို့က ပေးစရာရှိရင် အကုန်ပေးကြ၊ သူ့အတွက်ဆိုရင် မတွန့်တိုကြဘူး။ သူနဲ့ ပတ်သက်လာရင် အကောင်းပဲပြောတယ်။ အဆိုး ဘယ်တော့မှ မပြောဘူး။ သူ့ကိစ္စရှိလို့ရှိရင် သေသေကြေကြေ ဝိုင်းလုပ်တယ်။ ဒီလို အနေအထားမျိုးတွေကို ရရှိတယ်တဲ့။ သူ့ပရိသတ်ဟာ၊ သူ့ရဲ့နောက်လိုက်တွေဟာ၊ သူ့ရဲ့အခြံအရံတွေဟာ အခုလို စည်းရုံးရေးအနေနဲ့ အင်မတန်မှ ခိုင်မြဲတဲ့စည်းရုံးမှုကို ရရှိတယ်တဲ့။ အဲတော့ ကိုယ့်လက်ဖဝါး ကိုယ့်ခြေဖဝါးလေးကို ပြန်စမ်းကြည့်ပေါ့။ ပြန်စမ်းကြည့်လို့ရှိရင် တွေ့မှာပဲ၊ မတွေ့သေးဘူး ဆိုရင် နောက်ဘဝမှာ တွေ့အောင်လုပ်ဖို့ပဲရှိတာ။ ဒီဘဝတော့ ရမှာမဟုတ်ဘူး။ ကော်ပတ်စားပစ်လို့လဲ ရတာမှမဟုတ်တာ။

## (၉) ပြည့်မောက်သည့် ခြေဖမျက်

နောက်တစ်ခုက ဘာတုန်းဆိုတော့ နံပါတ်(၉) က **ဥဿင်္ခပါဒ**– ခြေထောက်နဲ့ ပတ်သက်တဲ့ အမှတ်အသားလေး။ **ဥဿင်္ခပါဒ** ဆိုတာ ခြေဖမျက်ကို ခေါ်တာ။ ခြေမျက်စိနား အထက်က ခြေဖမျက်ကလေးကိုခေါ်တာနော်။ အဲဒီ ခြေဖမျက် ကလေးက နိမ့်ပြီးတော့ ဟို အရိုးတွေ အကြောကြီးတွေနဲ့ ဒီလို

ပေါ်နေတာ မဟုတ်ဘူး၊ ပြေပြေလေးဆင်းလာတာ။ ရုပ်တုတွေ သွားကြည့်တဲ့အခါ ကြည့်ကြည့်ပေါ့။ ရုပ်တုတွေ ကြည့်လိုက်လို့ ရှိရင် ခြေဖမျက်ဟာ ပြည့်နေတာနော်၊ ရုပ်တု ထုထားတာတွေ သွားကြည့်လိုက်ရင် ခြေဖမျက်လေးတွေက ပြည့်နေတာ။ **ဥဿင်္ခပါဒ–** ခြေထောက်မှာရှိတဲ့ ခြေဖမျက်ကလေးဟာ မောက်မောက်ကလေးနေတယ်ပေါ့။ ပြည့်ပြည့်ဖြိုးဖြိုးလေး ရှိတယ်။

## (၁၀) အမွေးအဖျားကော့ခြင်း

နောက်တစ်ခုက နံပါတ် (၁၀) က ဘာတုန်းဆိုတော့ **ဥဒ္ဓဂ္ဂလောမတာ–** သူ့ခန္ဓာကိုယ်မှာ ပေါက်တဲ့၊ လက်တွေခြေတွေ မှာပေါက်တဲ့ အမွေးလေးတွေက အမြဲတမ်း အပေါ်ကိုကော့နေ တယ်တဲ့၊ အောက်ကိုမကော့ဘူး။ ကိုယ့်အမွေးကိုယ်ပြန်ကြည့် ပေါ့နော်။ အမွေးလေးတွေက အဖျားလေးတွေ အပေါ်ကော့နေ တယ်။ ဒါ အဲဒီလို ကော့နေပြီဆိုလို့ရှိရင် ဒီလက္ခဏာရတဲ့ပုဂ္ဂိုလ် ဒီလိုဆိုလိုတာနော်။ **ဥဒ္ဓဂ္ဂလောမတာ–** အမွေးပေါက်တဲ့ အနေ အထားကိုက မတူဘူး။ အဲဒါ ဒီလို ပါရမီပုံရိပ် အမှတ်တံဆိပ် တွေ ရခဲ့တာဟာ ဘာဖြစ်လို့လဲ။ ဒါလည်း အမှတ်အသားတစ်ခုပဲ။ ဒါက ဘယ်ဗေဒင်ဆရာမှဟောတာ မကြားဖူးဘူး။ အမွေးကို

ကြည့်ပြီး ဗေဒင်ဟောတာ တစ်ခါမှမကြားဘူး။ အခု ဒီထဲမှာတော့ ပါနေတယ်။

## ပါရမီကုသိုလ်

အဲတော့ သူက ဘာလုပ်တုန်းဆိုတော့ ရှေးတုန်းက လူဖြစ်တုန်းက ဘာလုပ်တုန်းဆိုတော့ အများကောင်းကျိုးအတွက် ပစ္စုပ္ပန်အကျိုး သံသရာအကျိုး ဒီဘဝအကျိုးရှိရာအကျိုးဖြစ်ကြောင်း စကားတွေကို ပြောဟောပေးခဲ့တယ်။ ဘယ်တော့မှ သူက တစ်ဖက်သားကို ချောက်မတွန်းဘူး။ ဒီဘဝမှာ ကောင်းကျိုးချမ်းသာရဖို့ တမလွန်ဘဝမှာ ကောင်းကျိုးချမ်းသာရဖို့ဆိုတဲ့ ကောင်းကျိုးချမ်းသာ ဖြစ်ပွားနိုင်တဲ့ စကားမျိုးကို ပြောဟောပေးတယ်တဲ့နော်၊ ပြောဟောပေးခဲ့တယ်။

နောက်တစ်ခု ကုသလကမ္မပထတရား (၁၀) ပါး။ အေး- သူများအသက် မသတ်ကြနဲ့၊ သူများ ဥစ္စာမယူကြနဲ့၊ ကိုယ်ကျင့်သီလနှင့် ပြည့်စုံအောင်လုပ်ကြလို့ဆိုတဲ့ ဒီဓမ္မနဲ့ ပတ်သက်တဲ့စကားတွေ ကိုယ်ကျင့်တရားကောင်းဖို့ ဟောတာပြောတာမျိုးတွေနဲ့ လူထုကို ဟောပြောစည်းရုံးပြီးတော့ ပြောဟောခဲ့တဲ့ ပုဂ္ဂိုလ်မျိုးတွေ၊ ဦးဆောင်ပြီးတော့ ပြောတဲ့ပုဂ္ဂိုလ်။ နောက် လူအများစုကို ကောင်းကျိုးချမ်းသာတွေကို ဖြစ်ပွားစေအောင် ရှေ့ဆောင်လမ်းပြဟောပေးတဲ့ပုဂ္ဂိုလ်တဲ့။ နောက်တစ်ခါ သတ္တဝါ

တွေကို ကောင်းကျိုးချမ်းသာနဲ့ အခြေအနေကောင်းတွေ၊ ချမ်းသာသုခတွေ ရရှိလာအောင် ဆောင်ရွက်လုပ်ကိုင်ပေးတဲ့ ပုဂ္ဂိုလ်။ ဘယ်သူ့ဖြင့် အခြေအနေကောင်းသွားအောင် ပြောပေးနိုင်တယ်။ ဘယ်ဝါဖြင့် အခြေအနေကောင်းလာအောင် လုပ်ရမယ်။

ဥပမာအားဖြင့် ဆိုးနေတဲ့ပုဂ္ဂိုလ် မဆိုးအောင်၊ မလိမ္မာတဲ့ ပုဂ္ဂိုလ်တွေ လိမ္မာလာအောင် ဒီလို ဟောပြောဆုံးမပေးတယ်။ ချမ်းသာသုခတွေကို ရရှိတယ်။ လိမ္မာသွားအောင် လုပ်ပေးတယ်။ နောက်ဆုံးမှာ ဓမ္မယာဂီတဲ့၊ တရားဓမ္မတွေနဲ့ ရှင်းလင်းဟောပြပြီးတော့ လူတွေနားလည်အောင် ပြောဆို ဟောပြောပေးတယ် ဆိုတဲ့ ဒီကုသိုလ်တဲ့။ အဲဒီကုသိုလ် လုပ်ခဲ့တဲ့ပုဂ္ဂိုလ်၊ စွဲစွဲမြဲမြဲ လုပ်ခဲ့တဲ့ပုဂ္ဂိုလ်မှာ ဒီပါရမီပုံရိပ် အမှတ်တံဆိပ်တွေ ပေါ်လာတတ်ပါတယ်လို့ ဒီလိုဆိုတာနော်။

## အကျိုးပေးပုံ

အဲတော့ ဒီပါရမီပုံရိပ် အမှတ်တံဆိပ်တွေ ပေါ်လာတဲ့ အခါကျတော့ သူက ဘယ်လိုအကျိုးကျေးဇူး ရတုန်းဆိုရင် စကြဝတေးမင်းဖြစ်ရင်လည်း လူထဲမှာ ခေါင်းဆောင်၊ ဘုရားဖြစ်တဲ့အခါမှာလည်း သတ္တဝါအားလုံးရဲ့ခေါင်းဆောင် အကြီးဆုံး အမြတ်ဆုံး အထွတ်အထိပ်ထားရတဲ့ပုဂ္ဂိုလ်ပဲ ဖြစ်တယ်နော်။

အမွေးကလေး အထက်ထောင်နေတာဟာ သူက အကြောင်း ရှိတယ်။ အမွေးကလေး အထက်ထောင်နေသည့် အတွက် ကြောင့် သူဟာ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်တယ် ဆိုတာကို ပြတာနော်။ အားလုံးကို ခေါင်းဆောင်နိုင်တယ်။ အားလုံးရဲ့ ကြီးမြတ်ပြီးတော့ လေးစားလောက်တဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်တယ်လို့ ဒီလိုဆိုလိုတာ။ ဘာပြုလို့တုန်းဆိုတော့ သူက အများအတွက် ကောင်းကျိုးချမ်းသာတွေရအောင် ဆောင်ရွက် ခဲ့တဲ့ ပုဂ္ဂိုလ်ကိုး။ အဲဒီ ဆောင်ရွက်ခဲ့တဲ့ပုဂ္ဂိုလ်၊ ဓမ္မကိုပြောတယ် ဟောတယ်၊ ဓမ္မကို ဖြန့်ဖြူးတယ်။ အဲဒါဆိုတော့ အဓမ္မကို ဖြန့်ဖြူးမယ်၊ အကုသိုလ်တွေ ဖြန့်ဖြူးမယ်ဆိုရင်တော့ အမွေးက အောက်စိုက်နေမှာ သေချာတယ်နော်။ ဓမ္မကို ဖြန့်ဖြူးမှ အပြန် အားဖြင့်တော့ နားလည်ရမယ်။ ဒါက အကောင်းကို ဟောတာ နော်။ အပြန်က နားလည်ရတယ်။ သတ္တဝါတွေရဲ့ အကျိုးစီးပွား ကို ဆောင်ရွက်တယ်ဆိုရင် ဒီ အကျိုးမျိုးကို ရပါတယ်တဲ့။ ဒီလို ဆိုလိုတာပေါ့။

## (၁၁) လုံးဝန်းသော ခြေသလုံး

နောက်တစ်ခု (၁၁)ခုမြောက်က ဘာတုန်းဆိုတော့ ခြေထောက်ကနေ ဘယ်ရောက်လာတုန်းဆိုတော့ ဒူးဆစ် ရောက်လာတယ်။ **ဧဏိဇင်္ဃ– ဇင်္ဃ** ဆိုတာ သလုံးမြင်းခေါင်းကို

ဒီလိုခေါ်တယ်နော်။ ဒူးဆစ်ဆိုတာ လူတွေ ကြည့်လိုက်မယ် ဆိုလို့ရှိရင် ဒူးဆစ်ရဲ့အောက်က ကြည့်လိုက်မယ်ဆို လို့ရှိရင် အရိုးကြီးက ထွက်နေတယ်နော်။ နောက်ပိုင်းတင် အသားက ရှိတယ်။ ရှေ့မှာ အရိုးကြီးပဲ။ ကိုင်ကြည့်လို့ရှိရင် ကိုယ့်ဒူးကို ကိုယ့်ရဲ့ခြေသလုံးကို ကိုင်ကြည့်လိုက်လို့ရှိရင် ခြေသလုံးထိပ်မှာ အရိုးကြီးရှိတယ်။ ကြွက်သားက ဟိုနောက်မှာ သွားနေတယ်နော်။ အရိုးက အလယ်ခေါင်မှာ မနေဘူး။ အရိုးက ရှေ့ထွက်နေတာ။ ညို့သကျည်းလို့ ခေါ်တာပေါ့နော်။ အရိုးက ရှေ့ထွက်ပြီးတော့ အသားတွေက နောက်ရောက်နေတယ်။ ဒါ လူတွေမှာ တော်တော်များများ အဲဒီအတိုင်းပဲ။ ခြေသလုံးကြွက်သားက နောက်ရောက်နေပြီးတော့ ခြေသလုံးရိုးကြီးက ရှေ့ထွက်နေတယ်။ ညို့သကျည်းကြီးက ရှေ့ထွက်နေတယ်။

ဟော ဒီ **ဧဏီဇယ်** ဆိုတာကျတော့ အဲဒီလို မဟုတ်ဘူးတဲ့။ သူက အသားတွေက အကုန်လုံးပတ်ထားလို့ ရှေ့မှာ လည်း အရိုးကြီးထွက်မနေပဲနဲ့ လုံးလုံးကလေးတဲ့၊ သူကနော်။ လုံးလုံး ကလေးရှိနေတယ်။ ဘာနဲ့ ဥပမာတူတုန်းလို့ဆိုထော့ **ဧဏီဇယ်** ဆိုတာ ဒီ **ဧဏီ** ဆိုတာ သမင်အမျိုးထဲက သားကောင် တစ်ကောင်ကို **ဧဏီ**လို့ခေါ်တာ။ ဧဏီသားကောင်လို့ပဲ စာပေ ထဲမှာ သုံးလေ့ရှိတယ်။ (antelope) ဆိုတဲ့ ဒီ ချိုရှည်တဲ့ ဒရယ် တို့လိုဟာမျိုးတွေပေါ့လေ။ ဆိုလိုတာကတော့ တောင်ဆိတ်တို့

ဟိုသမင်ပျိုတို့ ဘာတို့ သူတို့ရဲ့ ခြေသလုံးလေးတွေလို ကြည့်လိုက် လုံးနေတာ။ လူ့ခြေသလုံးနဲ့ မတူဘူးမို့လား။ လုံးလုံးကလေး သူက လုံးနေတာ။ အသားနဲ့ အရိုးနဲ့၊ အရိုးက အလယ်ခေါင် ရောက်နေတော့ လုံးလုံးကလေးဖြစ်နေတာ။ အဲဒီ **ဧဏီဇင်္ဃ** သမင်ရဲ့ခြေထောက်လိုပဲ ခြေတံလိုပဲတဲ့။ ခြေသလုံးလေးက လုံးလုံးကလေးဖြစ်နေတယ်လို့ ဒီလိုဆိုတာ။ အဲဒါကို **ဧဏီဇင်္ဃ** လို့ခေါ်တယ်နော်။ ဒါလည်း ပါရမီပုံရိပ် အမှတ်တံဆိပ်တစ်ခုပဲ။ ခြေသလုံးလေးဟာ လုံးလုံးကလေးဖြစ်နေတာ။ အသားစိုင်ကြီး က နောက်ရောက်ပြီးတော့ အရိုးက ရှေ့ထွက်နေတာ မဟုတ် ဘူး။ အားလုံး လုံးလုံးဝိုင်းဝိုင်းလေး ဖြစ်နေတယ်တဲ့။

## ပါရမီကုသိုလ်

အဲဒီလိုဖြစ်တာ ဘာကြောင့်တုန်းဆိုတော့ သူက အတိတ် ဘဝတုန်းက လူဖြစ်တဲ့အချိန်မှာ သူများကို စာသင်ပေးခဲ့တဲ့ ကျောင်းဆရာပေါ့။ ကျောင်းဆရာလို့ပြောရမှာပေါ့လေ။ ခုခေတ် ဝေါဟာရနဲ့ ပြောပြတာနော်။ သူက ပညာရပ်တွေကို သင်ပေး တာ။ ဒါကြောင့်မို့ **မနုဿဘူတော သမာနော သက္ကစ္စံ ဝါစေတာ အဟောသိ သိပ္ပံ ဝါ ဝိဇ္ဇံ ဝါ စရဏံ ဝါ ကမ္မံ ဝါ** တဲ့။ သူသင်ပြတဲ့ အတတ်ပညာ လူတွေ ဘယ်လိုသင်လို့ရှိရင် မြန်မြန်ဆန်ဆန် တတ်မလဲ၊ ဘယ်လိုလုပ်လို့ရှိရင် မြန်မြန်ကြီး နားလည်မလဲ၊

ဘယ်လိုလုပ်လို့ရှိရင် မြန်မြန် အောင်မြင်မလဲဆိုတာကို စဉ်းစား တွေးခေါ်ပြီးတော့ အတတ်ပညာတစ်ခုကို လျင်လျင်မြန်မြန် သဘောပေါက်လွယ်အောင် တီထွင်ပြီး သင်ကြားပို့ချပေးတဲ့ ကုသိုလ်ကံ။ အဲတော့ ကျောင်းဆရာ ကျောင်းဆရာမတွေ ဒီဟာ ရနိုင်တာပေါ့။ ပိုက်ဆံကိုမက်လို့သင်ရင်တော့ ရမှာမဟုတ်ဘူး ပေါ့။ တကယ့်ကို စေတနာနဲ့ အခုလိုသင်မယ် ဆိုလို့ရှိရင်တော့ ရနိုင်တယ်။

ရှေးတုန်းက စာသင်ရတယ်ဆိုတာ ဒူးတုပ်ပြီးတော့ သင်ရ တာကိုး။ အခုခေတ်ကတော့ ကုလားထိုင်နဲ့ ထိုင်သင်ရတာ ဆိုတော့ ပုံစံတစ်မျိုးပြောင်းသွား ပြီပေါ့။ အိန္ဒိယနိုင်ငံ ဗာရာဏသီ မှာရှိတဲ့ (Sanskrit University) ဆိုတာ သွားကြည့်လိုက်ရင် ကုလားထိုင် တစ်လုံးမှ မရှိဘူး။ စားပွဲ တစ်လုံးမှ မရှိဘူး။ တက္ကသိုလ်ကြီးနော် (Sanskrit University) ပေါ့။ သက္ကတ ဘာသာ သင်တာ။ ဘာဖြစ်လို့တုန်းဆိုတော့ သူတို့တစ်တွေက ရှေးတုန်းက အစဉ်အလာအတိုင်း ဆရာလုပ်တဲ့ပုဂ္ဂိုလ်က ကော်ဇောကြီးခင်း၊ ကော်ဇောပေါ်မှာ ပိတ်ဖြူကြီးခင်းပြီး မှီအုံး ကြီးနဲ့ လက်ထောက်ပြီးထိုင်တယ်၊ ကျောင်းသားတွေကလည်း ကြမ်းပေါ်မှာထိုင်ကြတယ်။ စားပွဲ ကုလားထိုင်မရှိဘူး။ အဲလို သင်တာ။ အဲတော့ ကြမ်းပေါ် ဒူးတုပ်ထိုင်ရတယ်။

ကြမ်းပေါ်မှာထိုင်ရတယ်ဆိုတော့ ဘုန်းကြီးတွေ ပြောလေ့ရှိတယ်။ စာလိုက်ပေမယ့် စာမတတ်တဲ့ကိုယ်တော်တွေ ဘယ်လို အပြောခံရတုန်းဆိုတော့ **ဖိနပ်တို ဒူးပွန်း တံတောင်ပွန်း** ဒါပဲ ရှိတယ်တဲ့။ ဟိုဟိုဒီဒီ ဟိုကျောင်း ဒီကျောင်းကို စာလိုက်ရတော့ ဖိနပ်က တိုတယ်နော်။ ဒူးတုပ်ပြီးတော့ စာလိုက်ရတဲ့အခါ ကျတော့ ဒူးပွန်းတယ်ပေါ့။ တံတောင်ပွန်းတယ်ပေါ့။ အဲတော့ ဖိနပ်တို ဒူးပွန်း တံတောင်ပွန်းရုံပဲ၊ ဘာစာမှ မတတ်ဘူးလို့ ဒီလိုပြောတာ။ အဲတော့ မြန်မြန်သင်ပေးတဲ့အခါကျတော့ ဖိနပ်လည်း တိုစရာမရှိဘူး။ ဒူးလည်း ပွန်းစရာမရှိဘူး။ တံတောင်လည်း ပွန်းစရာ မရှိဘူး။ နားလည်အောင် မြန်မြန်သင်ပေးတဲ့ နည်းစနစ်ကို တီထွင်ပြီးတော့ လေးလေးစားစား ပို့ချခဲ့တဲ့ ကုသိုလ်ကောင်းမှုဟာ နည်းတဲ့ကုသိုလ်ကောင်းမှု မဟုတ်ဘူးတဲ့။

အဲဒီလို ဝိဇ္ဇာ သိပ္ပံ ဆိုတဲ့ အတတ်ပညာ၊ အဲ ဝိဇ္ဇာ သိပ္ပံ ဆိုတာ အခုခေတ်နဲ့တော့ ယှဉ်ပုံချင်း မတူဘူးနော်။ အခုခေတ်က သိပ္ပံဆိုတာက (Science) ကိုပြောတာ။ ဟိုတုန်းက သိပ္ပံဆိုတာ က လက်မှုပညာ အတတ်တွေ အားလုံးကို **သိပ္ပ** လို့ခေါ်တယ်။ **ဝိဇ္ဇာ**ဆိုတာ နှုတ်မှုပညာအတတ်ကို ပြောတယ်နော်။ အဲတော့ ဝိဇ္ဇာအတတ်မျိုးပဲဖြစ်ဖြစ်၊ သိပ္ပံအတတ်မျိုးပဲဖြစ်ဖြစ် အတတ်ပညာတွေကို စနစ်တကျ ကျကျနန နားလည်သဘောပေါက်အောင်၊ လျင်လျင်မြန်မြန်သိအောင် သင်ကြားပို့ချခဲ့တဲ့ ကုသိုလ်

ကောင်းမှုဟာတဲ့ ဖြစ်လေရာဘဝမှာ သူက လူဖြစ်လာတဲ့ အခါမှာ ဒီအမှတ်အသားတွေ၊ ပါရမီပုံရိပ် အမှတ်တံဆိပ်တွေ ပေါ်လာတယ်တဲ့။

## အကျိုးပေးပုံ

အဲဒီအမှတ်တံဆိပ်တွေပေါ်လာတဲ့အခါကျတော့ ဘယ်လို အကျိုးပေးတုန်းနော်။ ခြေသလုံးကလေး လုံးလုံးကလေးနေတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုအကျိုးပေးတုန်းဆိုရင် ဘုရင် ဆိုလို့ရှိရင် မင်းထိုက်စိုးထိုက် အဝတ်တွေ၊ အစားအစာဆိုလည်း မင်းထိုက် စိုးထိုက် မင်းနဲ့တန်တာ ကောင်းပေ့ညွှန့်ပေ့ ဆိုတာတွေ အကုန် ရတယ်နော်။ ဘုရားဖြစ်လို့ရှိရင် ရဟန်းတွေနဲ့ သင့်လျော်တဲ့ အရာတွေ ဒါတွေ အကုန်လုံးရတယ်တဲ့။ အဲဒီ ရခြင်းရဲ့ အကျိုး ကျေးဇူးကို ခံရတယ်လို့ ဒီလိုပြောတာနော်။

အေး ဒါကြောင့် မဟာပုရိသလက္ခဏာ (၃၂) မျိုးထဲမှာ ဒီကနေ့ (၁၁)မျိုးထိအောင် ရှင်းလင်းဟောကြားပြီးသွားပြီ။ အဲဒီ (၁၁)မျိုးသော ပါရမီပုံရိပ် အမှတ်တံဆိပ်တွေဟာ ဆိုင်ရာဆိုင်ရာ ကုသိုလ်ကောင်းမှုရဲ့ အကျိုးကျေးဇူးတွေမျှသာ ဖြစ်တယ်ပေါ့။ ဆိုင်ရာဆိုင်ရာ ကုသိုလ်ကောင်းမှုတွေရဲ့ အကျိုးကျေးဇူးအတိုင်း ဒီကောင်းကျိုးချမ်းသာကို ရဖို့ရန်အတွက် ကောင်းမြတ်တဲ့ ပါရမီ ကုသိုလ်တွေကို ဆည်းပူးအားထုတ်လို့ ရခဲ့တာဖြစ်တယ်။

အကြောင်းမဲ့ ဒီအမှတ်အသားတွေ ပေါ်လာတာ မဟုတ်ဘူး။ တကယ် ကြိုးစားအားထုတ်လို့သာ ဒီအမှတ်အသားတွေ ပေါ်လာတာ ဖြစ်တယ်လို့ ဒီလိုသဘောကျပြီး တို့တတွေဟာ ပါရမီကုသိုလ်ထူးတွေကို သိတတ်တဲ့ဘဝမှာ သတိထားပြီးတော့ ဆည်းပူးအားထုတ်ကြရမှာဖြစ်တယ် ဆိုတာကို စိတ်ထဲမှာ ဆုံးဖြတ်ချက်ချပြီး ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

# ပါရမီပုံရိပ် အမှတ်တံဆိပ်များ
## အပိုင်း(၃)

သာသနာတော်နှစ် ၂၅၅၅ ခုနှစ်၊ ကောဇာသက္ကရာဇ် - ၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၄)ရက်၊ ၂၀၁၁-ခုနှစ်၊ ဖေဖော်ဝါရီလ(၁၁)ရက်၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ မဟာသကျ သီဟ ဘုရား ဝေဇယန္တာ မဟာဗန္ဓုလ ဓမ္မာရုံ ဓမ္မဗိမာန်တော်ကြီး အတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်တဲ့ ရတနာလူငယ် မြတ်ဗုဒ္ဓဒေသနာတော် ပြန့်ပွားရေးအဖွဲ့ တရားစာအုပ်၊ တရားတိပ်ခွေ ဓမ္မဒါနကုသိုလ်ပြုလုပ်ငန်း (၅)နှစ်ပြည့်အထိမ်းအမှတ် တရားတော်ကို ပူဇော်ခြင်း၊ ဓမ္မသဘင်၌ မန္တလေးမြို့၊ နှစ်ဘက်သော မိဘများအမှူးထား၍ ကိုမျိုးမင်းသန့်+ မဝင်းမြင့်လှိုင် မိသားစုတို့၏ အမတဒါန၊ ဓမ္မဒါန အဖြစ်ဖြင့် ဟောကြား အပ်သော **"ပါရမီပုံရိပ် အမှတ်တံဆိပ်များ" အပိုင်း(၃) တရား ဒေသနာတော်။**

## (၁၂) အရေပြား နူးညံ့ခြင်း

ဗုဒ္ဓမြတ်စွာရဲ့ ရူပကာယတော်မှာ ကောင်းမှုကုသိုလ် ပါရမီများရဲ့ အစွမ်းတန်ခိုးကြောင့် ပေါ်လွင်ထင်ရှားလာတဲ့ ပုံရိပ်များ၊ အမှတ်အသားများဟာ (၃၂)မျိုးရှိတယ်၊ အဲဒီထဲမယ်

ဘုန်းကြီးတို့ ဒီကနေ့(၁၂)ခုမြောက်ဖြစ်တဲ့ **သုခုမစ္ဆဝိ** – အရေပြား နူးညံ့ခြင်းကိုဟောမယ်။ အရေထူ အရေပါးက လူတွေရဲ့ အသားစိုင်ကို အုပ်မိုးထားတယ်။ အဲတော့ အသားဖြူတယ်၊ အသားမည်းတယ်လို့ ပြောကြတာဟာ တကယ်တော့ အသား ကတော့ ဝက်သား၊ ကြက်သားတွေ မြင်ဖူးနေကြတာ အဲဒီလို နီရဲကြီးချည်းပဲနေမှာပါ။ ဖြူတယ်၊ မဲတယ် ဆိုတာဟာ အပေါ်က လွှမ်းအုပ်ထားတဲ့ အရေကိုကြည့်ပြီးတော့ ပြောတဲ့စကားနော်။ အရေထူ အရေပါးလို့ဆိုတဲ့ တစ်ကိုယ်လုံးမှာ လွှမ်းခြုံထားတဲ့ လူရဲ့ ဒီအသားရောင်လို့ခေါ်ရတဲ့ ဒီ အရေလေးတွေဟာ တစ်ကိုယ်လုံးမှာ အုပ်ပြီးတော့ လွှမ်းထားတယ်။ အဲဒီ အရေ လွှမ်းထားလို့သာ လူတွေဟာကြည့်လို့ရှုလို့ ရနေတာ၊ ဒီအရေခွံ ကို ခွာလိုက်မယ်ဆိုလို့ရှိရင်တော့ လူတွေဟာ နီစပ်ကြီးတွေ နေကြမှာပဲ။ အသားမည်းတယ်တို့၊ အသားဖြူတယ်တို့ အသားဝါ တယ်တို့ ပြောလို့ရမှာမဟုတ်ဘူး။

သို့သော် အဲဒီ အုပ်လွှမ်းထားတဲ့ လူ့ရဲ့အသားမှာရှိတဲ့ အရေကို ပါဠိဘာသာနဲ့ "**တစ**" လို့ခေါ်တယ်။ ဒီနေရာမှာတော့ "**ဆဝိ**" လို့သုံးတယ်။ **ဆဝိ** အသားပေါ်မှာ အုပ်လွှမ်းထား တဲ့ အရေလေးက **သုခုမ** အင်မတန်မှ သိမ်မွေ့တယ်၊ နူးညံ့တယ်။ တစ်ချို့ကြတော့ အရေကြီးတွေကကြမ်းတယ်။ ဥပမာ ဆင်ရေ ကြီးတွေက ကိုင်ကြည့်လိုက်ရင် အင်မတန်မှ ကြမ်းတမ်းတယ်။

အဲ-လူသားတွေရဲ့အရေက သာမာန်အားဖြင့်တော့ နူးညံ့တယ်လို့ ပြောရမယ်။ သို့သော် လူတွေရဲ့ သန္တာန်မှာရှိတဲ့ အရေပြားဟာ နူးညံ့တယ်လို့ပြောရပေမယ့်လို့ အလွန်တစ်ရာ နူးညံ့မှု မရှိသည့် အတွက်ကြောင့် ကောင်းကင်ယံက လွင့်ပျံလာတဲ့ မြူမှုန်လေးတွေဟာ လူတွေရဲ့ အရေပြားပေါ်မှာလာကပ်တာ၊ လာကပ်သည့်အတွက်ကြောင့် လူတွေက ရေမိုးချိုးသန့်စင်ပြီးတော့ ချေးတွန်းပစ်ရတယ်။

အကယ်၍သာ အရေက အင်မတန်မှ နူးညံ့မယ်ဆိုလို့ရှိရင် ဒီမြူမှုန်လေးတွေဟာ ဒီအရေပြားပေါ်မှာ လာကပ်နိုင်မှာမဟုတ်ဘူး။ အရေပေါ်မှာ အမှုန်လေးတွေ မတင်နိုင်ဘူး။ ထိလာလို့ရှိရင်လည်း လျှောကျသွားမှာပဲ။ အင်မတန်မှ ချောနေတဲ့ အရေပြား ရှိတာကိုး။ အဲဒီလို အင်မတန် နူးညံ့ပြီးတော့ ချောညက်နေတဲ့ အရေပြားရှိတဲ့ ပုဂ္ဂိုလ်ကျတော့ မြူမှုန်လေးတွေက မတင်ကျန်နိုင်ဘူးတဲ့။ ဒါကြောင့်မို့ ချေးတင်တယ်ဆိုတာ မရှိဘူး။ ချေးတင်တယ်ဆိုတာ အရေကြမ်းလို့ပဲ ပြောရမယ်နော်။

အဲ-လူတွေက ကြမ်းတဲ့အခါကြတော့ ဘာလုပ်ကြတုန်းဆိုတော့ အမျိုးသမီးတွေကော အမျိုးသားတွေကော သနပ်ခါးတွေ သွေးပြီးလိမ်းကြတာနော်။ လိမ်းကြတော့ အဲဒီအရေက နူးညံ့ပြီးချောညက်နေရင် သနပ်ခါးလိမ်းလို့တောင် ရချင်မှရမှာ။

ဒီ **သုခုမဆစိ** လို့ဆိုတဲ့ မြတ်စွာဘုရားရဲ့ ဒီရူပကာယတော်မှာ ရှိတဲ့ အရေဟာ အလွန်ကို ချောညက်နူးညံ့နေတယ်။ နူးညံ့နေတော့ ဘာဖြစ်တုန်းဆိုတော့ **"သုခုမတ္တာ ဆဝိယာ ရဇောဇလ္လံ ကာယေ န ဥပလိမ္ပတိ"** တဲ့။ အလွန်ကို အရေပြားက ချောညက်နေတာ ဖြစ်သောကြောင့်တဲ့ ချေးတွေ ညှော်တွေ မြူမှုန်တွေဆိုတာ မြတ်စွာဘုရား ခန္ဓာကိုယ်မှာ မကပ်ဘူးတဲ့။ ဖုန်တွေ လွင့်လာရင်လည်း မြတ်စွာဘုရားကိုယ်မှာ မကပ်ဘူး၊ လျှောကျသွားတယ်။ ဘုရားရဲ့ ဒီအသားအရေဟာ အင်မတန်မှ ချောညက်နေတာမို့ ဖုန်မတင်နိုင်ဘူးလို့ ဒီလိုပြောတာနော်။ အဲတော့ ဖုန်တင်လို့ရှိရင် ချေးစွဲတာပေါ့။ မြတ်စွာဘုရားရဲ့ အရေမှာ ချေးမစွဲဘူးတဲ့။ ဒီလက္ခဏာဟာလည်းပဲ ပါရမီပုံရိပ် အမှတ်တံဆိပ်တွေထဲက တစ်ခုပဲ။

## ပါရမီကုသိုလ်

ဒီလို အရေဟာ ချောညက်ပြီးတော့ နူးညံ့နေအောင် ဘာကုသိုလ်တွေများလုပ်ခဲ့တာတုန်း၊ စွဲစွဲမြဲမြဲကုသိုလ်ကောင်းမှုတွေ လုပ်ခဲ့လို့ ချောညက်တဲ့အရေကို ရတာတဲ့။ သာမာန်အားဖြင့်တော့ မရနိုင်ဘူးတဲ့။ ဒါဖြင့် ဒီအရေ ချောညက်စေတတ်တဲ့ ကုသိုလ်ဟာ ကောင်းတဲ့အရာလေးတွေကို လှူခဲ့လို့လား၊ ဆုတောင်းခဲ့လို့လားဆိုတော့ မဟုတ်ဘူး။ ကုသိုလ်ကောင်းမှုကို

ဘယ်လိုပြထားတုန်းဆိုတော့ အရေ နူးညံ့ချောညက်သွားအောင် ဒီလို ဒီလက္ခဏာ ပေါ်လွင်နေတာ တခြားမဟုတ်ဘူးတဲ့။ လူ ဖြစ်စဉ် ကာလတုန်းက ပညာရှိတဲ့ သမဏ ဗြာဟ္မဏတွေထံ ချဉ်းကပ်ပြီးတော့ မေးမြန်းလေ့ရှိတယ်။ ပညာအရာ ဆည်းပူးလေ့ ရှိတယ်။ ဒီအဓိပ္ပာယ်ကိုပြောတာ။

သမဏ ဗြာဟ္မဏတွေထံ ချဉ်းကပ်ပြီးတော့ မေးခွန်းနဲ့ မေးလေ့ ရှိတယ်တဲ့။ **"ကိံ အကုသလံ"** အကုသိုလ်ဆိုတာ ဘယ်လိုဟာ ခေါ်တာတုန်း။ **"ကိံ ကုသလံ"** ကုသိုလ်ဆိုတာ ဘယ်လိုဟာလဲ၊ အပြစ်ရှိတဲ့တရားဆိုတာ ဘယ်လိုဟာလဲ၊ အပြစ် မရှိတဲ့တရားဆိုတာ ဘယ်လိုဟာလဲ၊ လုပ်သင့်တဲ့တရားဆိုတာ ဘယ်လိုဟာလဲ၊ မလုပ်သင့်တဲ့တရားဆိုတာ ဘယ်လိုဟာလဲ၊ မလုပ်သင့်တာလုပ်ရင် ဘယ်လိုအပြစ်ဖြစ်သလဲ၊ လုပ်သင့်တာ မလုပ်ဘဲ နေရင်ကော ဘယ်လိုအပြစ်ဖြစ်သလဲ၊ လုပ်သင့်တာ လုပ်ရင်ကော ဘယ်လို အကျိုးကျေးဇူး ရှိနိုင်သလဲ၊ ဘယ်လို ကောင်းကျိုး ချမ်းသာတွေ ရနိုင်သလဲဆိုတဲ့ စိစစ်မေးမြန်း လေ့လာဆွေးနွေးတဲ့ ဒီကုသိုလ်ကောင်းမှုလို့ပြောတယ်။

ဒီလို ကုသိုလ်ကောင်းမှုလုပ်တာနဲ့ အရေဟာ ချောညက် တယ်ဆိုတော့ ဘယ်လို အဓိပ္ပာယ်တုန်းဆိုတော့ စဉ်းစားကြည့် လေ၊ ကိုယ်ရဲ့စိတ်ထဲနှလုံးထဲမှာ မသိလို့ တင်ကျန်နေတာတွေက အများကြီးရှိတာပဲ။ ဟိုဟာလေး တွေးလိုက်လည်း မသိဘူး၊

ဒီဟာလေး တွေးလိုက်လည်း မသိဘူးဆိုတော့ ချေးတွေ စွဲနေသလို ဖြစ်တာပေါ့။ အဲဒီလို မေးမြန်းတဲ့ ပုဂ္ဂိုလ်ကျတော့ နှလုံးသားက အင်မတန်မှ သန့်ရှင်းသွားတယ်၊ ကုသိုလ်ကိုလည်း ရှင်းရှင်းပြတ်ပြတ်မြင်တယ်၊ အကုသိုလ်ဆိုတာလည်း ရှင်းရှင်းပြတ်ပြတ်မြင်တယ်။ အပြစ်ရှိတဲ့တရား၊ အပြစ်မဲ့တဲ့တရား ဆိုတာကိုလည်း ရှင်းရှင်းပြတ်ပြတ်သိတယ်။ ချောမွေ့ပြီးတော့ အစစအရာရာ စဉ်းစားလိုက်တိုင်း ခေါင်းထဲမှာ အထစ်အဖု၊ အသိဉာဏ်ထဲမှာ အထစ်အဖုမရှိဘဲနဲ့ အကုန်ချောညက်သွားတယ်။ အဲဒီချောညက်တာဟာ မေးခွန်းတွေမေးပြီးတော့ ပညာဆည်းပူးခဲ့တဲ့ ကုသိုလ်တဲ့။

အဲဒီကုသိုလ်ကြောင့် သူ့ရဲ့ အရေပြားဟာလည်းပဲ အင်မတန်မှ ချောညက်သန့်ရှင်းပြီးတော့ ချေးမစွဲနိုင်လောက်အောင် အနေအထားမျိုး ရှိတယ်တဲ့၊ အဲတော့ ပညာပါရမီဆိုတဲ့ ကုသိုလ်ဟာလည်း ဒါပဲ။

ပညာပါရမီ ဖြည့်ကျင့်တယ်ဆိုတာ ခုခေတ်ကတော့ ပညာရေးအားပေးတဲ့ အလုပ်တွေလုပ်တယ်။ နောင်ဘဝမှာ ပညာတတ်ချင်လို့ဆိုပြီးတော့ ပညာတတ်တဲ့ ပုဂ္ဂိုလ်ကို ပူဇော်တယ်။ စာအုပ်စာတမ်းလှူတယ်။ မဖြစ်ဖူးလားဆိုတော့ အခြေအနေ တစ်ခုတော့ ပေးတာပေါ့။ စဉ်းစားကြည့်ပေါ့၊ စာအုပ်စာတမ်း လှူတယ်ဆိုတာ ပညာကိုလှူတာမှ မဟုတ်တာ၊

ပညာကို တိုက်ရိုက်ထိရောက်တာမဟုတ်ဘူးလေ၊ အထောက် အကူပေးတဲ့ သဘောမျိုးပဲဖြစ်တယ်။

ကိုယ်ကိုယ်တိုင်က မသိတာကို လေ့လာဆွေးနွေး မေးမြန်း သင်ယူလိုက်မယ်ဆိုရင် အခုသင် အခုတတ်သွားတာဟာ ဒီကနေ့သင်ပြီးတော့ မနက်ဖြန် မေ့ပြီးတော့ တတ်တာတွေ အလကားဖြစ်သွားတာ ဒီလိုမဟုတ်ဘူး။ သူက လူ့ရဲ့သန္တာန်မှာ ဖြစ်ပေါ်လာတဲ့အရာဟာ မေ့ချင်တော့ မေ့သွားလိမ့်မယ်။ သို့သော်လည်း တစ်ခါသိထားတဲ့အသိဆိုတာ အထောက်အကူ ဖြစ်တယ်။ နောက်ထပ် သိဖို့အတွက် အထောက်အကူတွေ အများကြီးဖြစ်လာတယ်၊ မကြာမကြာသိခြင်း အာသေဝနသတ္တိနဲ့ ကျေးဇူးပြုထားတာဖြစ်သောကြောင့် အကြိမ်ကြိမ် အထပ်ထပ် သိလာလို့ရှိရင် မေ့နိုင်စွမ်းမရှိအောင် အစစအရာရာ ခွဲခြမ်း စိတ်ဖြာပြီးတော့ သိနိုင်တဲ့ အသိဉာဏ်မျိုးတွေကို တိုက်ရိုက် ရနိုင်တယ်လို့။ ဒါကြောင့်မို့ မေးတာမြန်းတာ တရားနာတာ မေးမြန်းဆွေးနွေးတာ ဒါတွေကို **မဟာပညာ သံဝတ္တနိကပဋိပဒါ** ကုသိုလ်လို့ခေါ်တယ်။ ဖြစ်လေရာ ဖြစ်လေရာဘဝမှာ အသိ ပညာ ကြီးပွားတိုးတက်တယ်လို့ဆိုတယ်။

အဲတော့ ပညာပိုင်းဆိုင်ရာဟာလည်းပဲ ဒီလို မေးတာ မြန်းတာဟာ အင်မတန်မှ ပညာအတွက် ချက်ခြင်း အထောက် အကူဖြစ်တဲ့ ကုသိုလ်မျိုး ဖြစ်တယ်လို့။ အဲတော့ မေးတာကို

ကုသိုလ်မဟုတ်ဘူးလို့ ထင်ကောင်းထင်လိမ့်မယ်နော်၊ ကောင်းတဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ မေးတာ မြန်းတာဟာလည်း ကုသိုလ်ပဲ တဲ့။ ဘာဖြစ်လို့တုန်းဆိုတော့ အပြစ်ကင်းပြီးတော့ ကောင်းကျိုး ချမ်းသာ ပေးနိုင်တဲ့ အရာမှန်သမျှ ကုသိုလ်လို့ ခေါ်တာလေ။ **ကုသလာ အနဝဇ္ဇသုခဝိပါက လက္ခဏာ** အပြစ်ကင်းပြီး ကောင်းကျိုး ချမ်းသာပေးခြင်း အမှတ်အသားဟာ ကုသိုလ်ရဲ့ အမှတ်အသားပဲ။ မြန်မာလူမျိုးတွေကတော့ မေးခွန်းတွေ သိပ်ပြီး မေးလေ့မရှိကြဘူး၊ တရားဟောရင်လဲ အသာလေးငြိမ်ပြီး နာကြ တာ။ ပြီးတော့လည်း သာဓုခေါ်ကာ ပြီးသွားကြတာ။ သိသည် ဖြစ်စေ၊ မသိသည်ဖြစ်စေ မြန်မာလူမျိုးတွေဟာ မေးဖို့ရာ ဝန်လေးတတ်ကြတယ်။ နိုင်ငံခြားက လူတွေကျတော့ အဲဒီလို မဟုတ်ဘူး၊ သူတို့ကို စာသင်တယ်ဆိုရင် သူတို့က ပါးစပ် မဟ လိုက်နဲ့ ဟလိုက်တာနဲ့ လက်ညှိုးက ထောင်နေပြီနော်။ မြန်မာ တွေ ကျတော့လည်း မမေးဘဲ ငုပ်တုတ်ထိုင်တာ လွန်လွန်းအား ကြီးတယ်။ ဒီလိုဖြစ်နေတယ်။ အဲတော့ မေးသင့်မေးထိုက်တာ မေးရမယ်။

မေးမြန်းခြင်းဟာ **မဟာပညာ သံဝတ္တနိက ပဋိပဒါ** ကုသိုလ် ကောင်းမှု ဆည်းပူးအားထုတ်ရာ ရောက်တယ်တဲ့။ ဖြစ်လေရာ ဖြစ်လေရာဘဝမှာ အသိပညာတိုးပွားတယ်။

အဲဒီရဲ့အကျိုးဆက်အနေနဲ့ ခန္ဓာကိုယ်ပေါ်မှာ ရူပကာယ ပေါ်ကျတော့ ဘယ်လိုဟာတွေ ပေါ်သလဲဆိုရင် အသိဉာဏ် ဦးနှောက်မှာ ချေးမစွဲသလိုပဲ လူ့ရဲ့ခန္ဓာကိုယ်ရဲ့ အရေပြား ကလည်း ချောညက်ပြီးတော့ နေသည့်အတွက်ကြောင့် **သုခုမ ဆဝိ** – သိမ်မွေ့ချောညက်တဲ့ အရေပြားရှိတဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်လာ တယ်လို့ ဒီလိုဆိုတာနော်။ အကြောင်းအကျိုး အဲဒီလိုဆက်သွား တာ၊ ဒါက အင်္ဂါမတန်မှ ဖြစ်တယ်ပေါ့။

ခုနက ပညာရှိတယ်ဆိုတာဟာ စိတ်ပိုင်းဆိုင်ရာရဲ့ အကျိုး ကျေးဇူးကိုပြောတာနော်။ စိတ်ပိုင်းဆိုင်ရာ နာမ်ပိုင်းဆိုင်ရာနဲ့ အကျိုးကျေးဇူးကို ပြောတာ။ အခုဟာက ရုပ်ပိုင်းဆိုင်ရာရဲ့ အကျိုးကျေးဇူး။ ရုပ်နဲ့နာမ်ဆိုတာ တစ်ခုနဲ့တစ်ခု ဆက်သွယ်ပြီး တော့နေတာ။ မဆက်သွယ်ဘူးလို့မအောက်မေ့နဲ့၊ ရုပ်နဲ့နာမ်ဟာ အမြဲတမ်း အပြန်အလှန် အချင်းချင်းမှီပြီး တစ်ခုနဲ့တစ်ခု အထောက်အကူပြုနေတာ။

မေးမြန်းခြင်းဆိုတဲ့ ဒီ ကုသိုလ်ကောင်းမှုက "ကုသိုလ် ဆိုတာဘာလဲ၊ အကုသိုလ်ဆိုတာဘာလဲ" လို့ တရားဓမ္မနဲ့ ပတ်သက်တဲ့ မေးမြန်းစူးစမ်းလေ့လာမှု ကုသိုလ်ပဲ။ ဒီ ကုသိုလ် ကောင်းမှုဟာ နာမ်ပိုင်းဆိုင်ရာကျတော့ ပညာဉာဏ်ကြီးမားခြင်း ဆိုတဲ့ အကျိုးအနေနဲ့ ပေါ်ထွက်လာတယ်။ ရုပ်ပိုင်းဆိုင်ရာ ရောက်တဲ့အခါကျတော့ အရေရဲ့ နူးညံ့ပျော့ပြောင်းခြင်း

ချောညက်ခြင်းဆိုတဲ့ အကျိုးကျေးဇူးနဲ့ အရိပ်အရောင် လာပေါ်တယ်လို့ ဟောဒီလိုဆိုလိုတာ။

အဲတော့ အရေချောညက်တဲ့ ပုဂ္ဂိုလ်ဟာ ဘာဖြစ်မတုန်း၊ ပညာကြီးတယ်ဆိုတဲ့ အဓိပ္ပာယ်ရတယ်။ အသားအရေဟာ နူးညံ့ချောညက်နေရင်နော် ဒီနှစ်ခုက ဆက်သွယ်နေတဲ့ သဘောကို ပြောတာနော်။ သာမာန်အားဖြင့် ပြောမယ်ဆိုရင်တော့ မေးခွန်းမေးတာနဲ့ အသားအရေနူးညံ့တာ ဘာဆိုင်လို့လဲလို့ ပြောစရာရှိတယ်။ အသားအရေနူးညံ့မှုသည် ပညာကြီးခြင်းရဲ့ အဓိပ္ပာယ်တစ်ခုကို ဖော်ပြတာတဲ့။ အဲတော့ ပညာကြီးတယ်ဆိုတဲ့ အကျိုးတရားနဲ့ ပညာနဲ့ ပတ်သက်ပြီးတော့ ကုသိုလ်နဲ့ ပတ်သက်ပြီးတော့ မေးမြန်းတတ်တယ်ဆိုတာနဲ့က ဆက်သွယ်နေတာ။

အေး - ဒါကြောင့်မို့လို့ "မသိလျှင်မေး မစင်လျှင်ဆေး" ဆိုတာလို မေးမြန်းတဲ့ အလေ့အထ ရှိရတယ်။ သိတဲ့တတ်တဲ့ ပုဂ္ဂိုလ်ကို မည်သူ့ပဲဖြစ်ဖြစ် မေးမြန်းဆွေးနွေးခြင်းဖြင့် အို-ကိုယ့်မှာ အသိဉာဏ်တွေရတယ်။ အဲတော့ မေးဆိုတာနဲ့ပဲ ကပ်သီးကပ်သပ်တွေ လျှောက်မေးလို့တော့ မဖြစ်ဘူးပေါ့နော်။ ဒီမေးတာကလည်းပဲ အမျိုးမျိုးပဲ ရှိသေးတာပေါ့။ ကိုယ်မသိလို့ မေးတာ၊ သိချင်လို့မေးတာ။ ဒါ မေးခွန်းနဲ့ ပတ်သက်ပြီးတော့လည်း ပြောထားတာတွေရှိတယ်လေ။ **အဒိဋ္ဌဇောတနာ** တဲ့၊ ကိုယ်မသိတာကို သိချင်လို့မေးတဲ့မေးခွန်းမျိုး၊ **ဒိဋ္ဌသံသန္ဒနာ**

တဲ့၊ ကိုယ်သိပြီးသားကို သူများနဲ့ ငါသိတာနဲ့ သူသိတာနဲ့ တူရဲ့လားလို့ တိုက်ဆိုင်ကြည့်ချင်လို့ မေးတာမျိုး **ဝိမတိစ္ဆေဒနာ** ကိုယ့်မှာ သံသယရှိနေလို့ သံသယကင်းသွားအောင် မေးတဲ့ မေးခွန်းမျိုး ဒီလိုရှိသေးတယ်။ **အနုမတိပုစ္ဆာ** တဲ့၊ နားထောင်တဲ့ ပုဂ္ဂိုလ်ကို ကိုယ်က မေးခွန်းလေးတင်လိုက်တော့ သူ့ရဲ့အမြင် ဘယ်လိုရှိလည်းလို့ သိချင်လို့မေးတဲ့ မေးခွန်းလေ။ ဒါက ဆရာ သမားတွေက တပည့်တွေကို သိမသိ စမ်းသပ်တဲ့အခါမှာ **အနုမတိပုစ္ဆာ** ဆိုတာနဲ့မေးတယ်။ နောက်တစ်ခါ ရှင်းပြချင်လို့ မေးတဲ့ မေးခွန်းကျတော့ **ကထေတုကမျတာပုစ္ဆာ** လို့ ဒီလို မေးခွန်းကလည်း အမျိုးမျိုးရှိသေးတယ်။ အဲတော့ မေးခွန်း အမျိုးမျိုးထဲမှာ ကိုယ်သိချင်လို့မေးတဲ့မေးခွန်းမျိုး ဒါပညာဉာဏ် ကြီးမားစေတတ်တဲ့ ကုသိုလ်တစ်မျိုးပဲလို့ မသိတာကို သိသွား စေတယ်။

ကောင်းပြီ၊ အဲဒီလို မေးခွန်းမေးတဲ့အလေ့ရှိတဲ့ ပုဂ္ဂိုလ်ဟာ ရုပ်ပိုင်းဆိုင်ရာကျတော့ အသားအရေ ချောညက်ခြင်းဆိုတဲ့ ဒီအကျိုးကျေးဇူးကို ရရှိသွားတယ်။ ပညာပိုင်းဆိုင်ရာ နာမ်ပိုင်း ဆိုင်ရာ အကျိုးကျေးဇူးကျတော့ ဘယ်လိုလာတုန်းဆိုတော့ **သုခုမ ဆဝိ** ဆိုတဲ့ အရေချောညက်မှုရှိတဲ့ပုဂ္ဂိုလ်၊ အသားအရေ နူးညံ့ပြီးတော့ ချောညက်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာတဲ့ **မဟာပညော** တကယ့်ကိုကြီးမားတဲ့ ပညာရှိတဲ့ပုဂ္ဂိုလ် ပညာရှိ

ဖြစ်တယ်နော်။ အရာရာကို တတ်သိလိမ္မာတဲ့ ပညာဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်လို့ ဒီလိုဆိုတာနော် ဒီလိုဆိုတာ။ အေး-ဒါကြောင့်မို့လို့ ကုသိုလ်ဆိုတာ သူ့ဟာနဲ့ သူအကျိုးနဲ့သူ ဒီလို ဖြစ်တာ။

လူ့ဘဝတုန်းက အခုလိုပညာရှိတဲ့ ပုဂ္ဂိုလ်တွေထံ ချဉ်းကပ်ပြီးတော့ မေးမြန်းစိစစ်ခဲ့တဲ့ ကုသိုလ်ကို (သာမာန် တခါတရံ လုပ်တာမျိုးပြောတာ မဟုတ်ဘူး။ ဒီကုသိုလ်မျိုးကို အမြဲမပြတ် လုပ်တယ်၊ ကြံ့တိုင်းလုပ်တယ်နော်။) လုပ်တဲ့ပုဂ္ဂိုလ်ဟာ အသိပညာတွေ တိုးတက်လာပြီးတော့ နောက်ဆုံးမှာ အသိပညာကြွယ်ဝတဲ့ ပုဂ္ဂိုလ်မျိုးဖြစ်တယ်။ အသားအရေ အနေအထားအားဖြင့် ချောညက်တဲ့ အရေရှိတဲ့ ပုဂ္ဂိုလ်မျိုးဖြစ်လာတယ်။ ဘုရားအလောင်းကတော့ ပညာရှိတဲ့ထဲမယ် ထိပ်တန်းပုဂ္ဂိုလ်ဖြစ်သည့်အတွက်ကြောင့် သူ့ရဲ့လေ့လာ ဆွေးနွေးမှုတွေဟာ အင်မတန်မှ ကြီးမားခဲ့တယ်။ ဒါကြောင့်မို့လို့ ပညာပါရမီ ပြည့်တယ်၊ တစ်နည်းအားဖြင့်လည်းပဲ ပညာနဲ့သတ္တဝါတွေရဲ့ အသက်ကို ကယ်တာလည်းပဲ ပညာပါရမီလို့ ဒီလိုပြောတာပဲ။ ကိုယ့်ပညာကို အသုံးပြုပြီးတော့ သတ္တဝါတွေကို ကယ်တင်တာလည်းပဲ ပညာပါရမီထဲမှာ ပါတယ်ပေါ့။

အေး . . . ဒီမှာ **သုခုမ ဆဝိ** ချောညက်တဲ့ အရေရှိခြင်းဟာလည်းပဲ ပါရမီပုံရိပ် အမှတ်တံဆိပ် လက္ခဏာတစ်ခုပဲ။

မြတ်စွာဘုရားမှာ အင်မတန်မှ ကြီးကျယ် ကျယ်ပြန့်တဲ့ပညာ ရှိတယ်။ ကိလေသာတွေကို ဖောက်ခွဲနိုင်တဲ့ **နိဗ္ဗေဓိကပညာမျိုး** ရှိတယ်။ ဒီ ရွှင်လန်းတက်ကြွအားရစေနိုင်တဲ့၊ အားရပြီးတော့ သိတဲ့ **ဟာသပညာမျိုးတွေရှိတယ်**၊ ထက်မြက်တဲ့ **တိက္ခပညာ မျိုးတွေရှိတယ်**။ လျင်မြန်တဲ့ **ဇဝနပညာမျိုးတွေ** ရှိတယ်။ မြတ်စွာ ဘုရားမှာ ထူးခြားထက်မြက်တဲ့ပညာတွေ သဗ္ဗညုတဉာဏ်တော် ကြီးတို့ **ဆအသာဓာရဏ** ဉာဏ်တို့ သူမတူတဲ့ အသိဉာဏ်တွေ အခုလို ပညာပါရမီကို ဆည်းပူးအားထုတ်ခဲ့ခြင်းကြောင့် ရရှိလာ တယ်။ မြတ်စွာဘုရားရဲ့ အရေတော်ဟာ သူများရဲ့အရေနဲ့ မတူ အောင် ချောညက်သိမ်မွေ့လို့ မြူမှုန်တောင်မှ မြတ်စွာဘုရားရဲ့ အရေကို မကပ်နိုင်ဘူးတဲ့။

ဒါဖြင့် မြတ်စွာဘုရား ရေမချိုးဘူးလား၊ ချေးမတင်တော့ ရေမချိုးဘူးလားဆိုတော့ ချိုးတယ်။ ဘာဖြစ်လို့ ချိုးတာတုန်း ဆိုတော့ အပူအအေး မျှတဖို့အတွက် ချိုးရတယ်၊ ဆပ်ပြာတွေ ဘာတွေနဲ့တွန်းပြီးတော့ ချေးချွတ်စရာမလိုလောက်ဘူး။ ခန္ဓာ ကိုယ် အနံ့ပျောက်အောင် ဟိုဟာ ဒီဟာ လိမ်းစရာမလိုဘူးလို့ ဆိုတယ်။ မြတ်စွာဘုရားရဲ့ ခန္ဓာကိုယ်မယ် အရေပြားက အင်မတန်မှ ချောညက်တယ်တဲ့ ဒီလိုဆိုလိုတာပေါ့နော်။ အဲဒါ ဟာလည်း မဟာပုရိသလက္ခဏာ (၃၂)မျိုးထဲမှာ အပါအဝင် တစ်ခုဖြစ်တယ်လို့ ဒီလိုမှတ်သားကြရမယ်။

## (၁၃) ရွှေရောင်အသား

နောက်တစ်ခုက အရေပြားနဲ့ပဲ ဆက်စပ်ပြီးတော့ ပြောရမယ်။ နောက်တစ်ခု တစ်ဆယ်နဲ့သုံးခုမြောက် မဟာပုရိသလက္ခဏာက ဘာလဲလို့ဆိုတော့ **သုဝဏ္ဏဝဏ္ဏော** တဲ့။ **သုဝဏ္ဏ**ဆိုတာ ရွှေ၊ **ဝဏ္ဏော** အဆင်း၊ ရွှေအဆင်းနဲ့တူသောအဆင်း ရှိတယ်။ မြတ်စွာဘုရားရဲ့ အသားအရေဟာ ချောညက်နေရုံမကဘူး အရောင်က ဟိုအာဖရိကက အမည်းရောင်တွေလိုလည်း မဟုတ်ဘူးနော်၊ ကြေးနီရောင်လိုလည်း မဟုတ်ဘူး။ ဘာနဲ့တူတုန်းဆိုတော့ **ကဉ္စန သန္နိဘတ္တစော** တဲ့။ ရွှေပြားလို ရွှေလိုအရောင်မျိုးလို့ဆိုလိုတယ်။ သူက အဝါရောင် ဝါနုရောင် ရွှေပြားလို ရွှေလိုအရောင်မျိုးလေး၊ မြတ်စွာဘုရားရဲ့ အသားအရေဟာ ချောညက်ရုံမျှမကဘူး ရွှေရောင်တောက်နေတဲ့ အရောင်မျိုးဖြစ်တယ်။ ဒါကြောင့်မို့ **သုဝဏ္ဏဝဏ္ဏော** ရွှေအဆင်းနဲ့တူတဲ့ အဆင်းအရောင် ရှိတယ်လို့ဆိုတယ်။ ခန္ဓာကိုယ်ပေါ်မှာ ပေါ်လွင်ပြီးတော့နေတာ။

ဒါကြောင့်မို့ မြတ်စွာဘုရားရဲ့ အသားအရောင်ဟာ ရွှေရောင်နဲ့ ရွှေရောင်ကြီးဆိုတော့ လူတွေက စဉ်းစားလိမ့်မယ်၊ ရွှေချထားတဲ့ဘုရားလို ဝါဝါကြီး ဒီလိုလားလို့၊ အဲဒီလိုကြီးဆိုရင်လည်း လန့်စရာကြီးဖြစ်နေမှာပေါ့။ လူဝါကြီးလို့ ထင်နေကြမှာနော်။ အဲဒီလိုကြီးတော့လည်း ဟုတ်ပုံမရဘူး၊ လူတွေရဲ့

အသားအရောင်ထဲမှာ ဝင်းဝင်းလက်လက်နဲ့ ဖြစ်ပြီးတော့ အင်မတန်မှလှပတဲ့အရောင်မျိုး ဒီလိုပဲဖြစ်လိမ့်မယ်နော်။ အခု ဘုရားရွှေချထားသလို အဝါရောင်ကြီး ဆိုလို့ရှိရင်လည်း ကျန်တဲ့ လူတွေနဲ့ သိပ်ကွဲပြားခြားနားနေတော့ ဘုရားလား၊ ဒွိပြင် ပုဂ္ဂိုလ် လား လွဲမှားစရာတွေ ဖြစ်စရာ အကြောင်းမရှိဘူးလေ။

သို့သော် မြတ်စွာဘုရားဟာ သာမာန်သွားလို့ရှိရင် လူသား တစ်ယောက်အနေနဲ့ပဲသိရတယ်။ ဘုရားလို့ လူတိုင်းက သိချင်မှ သိတာပေါ့။ ဆိုပါစို့ တစ်ခါတုန်းက ရဟန်းတော်တွေဟာ ဥပဋ္ဌာနသာလာ လို့ဆိုတဲ့ စည်းဝေးဆောင်မှာထိုင်ပြီးတော့ တရား ဆွေးနွေးနေကြတယ်။ ခပ်လှမ်းလှမ်းကနေပြီးတော့ ဘုရားရဲ့ ညီတော် အရှင်နန္ဒက ဘုရားဝတ်တဲ့ သင်္ကန်းမျိုး ခပ်ဖားဖား သင်္ကန်းကြီးကိုဝတ်ပြီးလာတယ်၊ ညီအစ်ကိုဆိုတော့ ရုပ်ကလည်း တူမှာပေါ့။ ရှင်နန္ဒ ကြွလာတာမြင်တဲ့အခါ "ဟိုမှာ ဘုရားကြွလာ ပြီ၊ ဘုရားကြွလာပြီ" ဆိုပြီးတော့ နေရာကထပြီး တိတ်တိတ် ဆိတ်ဆိတ် နေကြတယ်။ အနားရောက်တဲ့အခါကျမှ ဘုရား မဟုတ်မှန်းသိကြတယ်၊ ညီတော်နန္ဒက ဘုရားထက် အရပ်က လက်လေးသစ်ပဲနိမ့်တယ်၊ အရပ်မောင်းခြင်းကလည်းတူတယ်။ အဲတော့ အဲဒီလိုမှားဖူးတယ်။

အဲဒီ မှားတာ ထောက်လို့ရှိရင် ထိုခေတ်က လူတွေရဲ့ ဒီ တင်စားပြီးတော့ပြောတဲ့ ရွှေဝါရောင်တို့ လှပတဲ့အရောင်မျိုးပဲ၊

လူတွေရဲ့ အသားအရောင်ထဲမှာနော် ဖြူနီစပ်ကြီးလည်း မဟုတ်ဘူး၊ အမည်းကြီးလည်းမဟုတ်ဘူး၊ အသားဟာ ဘာပြောရမလဲ မသိဘူးနော်။ ဒီ မိတ်ကပ်နဲ့ခြယ်ထားတဲ့ အရောင်မျိုးလည်း မဟုတ်ဘူးပေါ့။ ဝါနုနုအရောင်လေးနဲ့ အင်မတန်မှ ကြည့်လို့ကောင်းတဲ့ အရောင်မျိုး၊ ဒီလိုဟာမျိုးကို ရွှေရောင်လို့ ဒီလို ပြောတာ ဖြစ်မှာပေါ့။

တစ်ခါတုန်းက မြတ်စွာဘုရားဟာ **ပါစီနဝံသ** လို့ခေါ်တဲ့ အရှေ့ဝါးတောဘက်ကို ကြွသွားတယ်။ ဘာဖြစ်လို့ကြွသွားတာတုန်းဆိုတော့ အဲဒီအရှေ့ဝါးတောထဲမှာ ရှင်အနုရုဒ္ဓါ၊ ရှင်ကိမိလ၊ ရှင်ဘဒ္ဒိယ ဆိုတဲ့ သီတင်းသုံးဖော်သုံးပါးဟာ အဲဒီထဲမှာ တရားအားထုတ်ပြီးတော့ အေးအေးချမ်းချမ်း နေကြတယ်။ မြတ်စွာဘုရား အဲဒီတောအုပ်ထဲကိုကြွတဲ့အခါ တောစောင့် ယောက်ျားက ဂိတ်ဝကနေပြီးတော့ ဘုရားကို မဝင်ဖို့တားနေတယ်။ သူက ခုနလို မဝင်ဖို့တားတယ်ဆိုတဲ့ထဲမယ် သူက ဘာပြောတုန်းဆိုတော့ **"မာ သမဏ ပါဝိသိ"** ကိုယ်တော်ဒီထဲမဝင်နဲ့။ ဒီထဲမှာ တကယ့် အမျိုးကောင်းသားတွေ တရားအားထုတ်နေကြတယ်။ အေးအေးချမ်းချမ်း နေကြတယ်။ ကိုယ်တော်မဝင်ခဲ့နဲ့လို့ ပြောတယ်။

အဲဒီမှာ ဘုရားကသာ အရောင်ကြီးက သူများနဲ့မတူဘူး ဆိုရင် သူဒါကိုဖြစ်ချင်မှ ဖြစ်မှာပေါ့နော်။ အဲတော့ သာမာန်

ဘုန်းကြီးတစ်ပါးလို့ထင်ပြီးတော့ တားတာလည်းဖြစ်နိုင်တယ်။ အဲဒီမှာ ရှင်အနုရုဒ္ဓါက ကြားတဲ့အခါ ဘယ်သူနဲ့စကားပြောတာ ပါလိမ့်လို့ကြည့်လိုက်တော့ ဘုရားကြွလာတာမြင်တော့ "မတားနဲ့ မတားနဲ့၊ ဒါ တို့ရဲ့ဆရာ ဘုရားပဲ" ဆိုပြီးတော့ ဆင်းပြီးတော့ အဖော်နှစ်ပါးကိုပါခေါ်ပြီး ဘုရားကို ခရီးဦးကြိုဆိုတယ်။ ဒီအဖြစ် အပျက်ကလည်း ကျမ်းဂန်ထဲမှာ မှတ်တမ်းတင်ထားတာ ရှိတယ် ပေါ့။ အဲတော့ မြတ်စွာဘုရားရဲ့ ရွှေဝါရောင်လို့ဆိုတဲ့ အသား အရောင်တော်ဟာ အခုခေတ် ရွှေချထားတဲ့ အရောင်မျိုးလို့တော့ မအောက်မေ့လေနဲ့ပေါ့နော်။ ဒီ အဝါရောင် အင်မတန်မှ လူတွေ အသားတွေထဲမှာ အင်မတန်မှလှပတဲ့ အရောင်မျိုးလို့။

မြတ်စွာဘုရားရဲ့ ခန္ဓာကိုယ်က ဗျာမပ္ပဘာ လို့ခေါ်တယ်။ ဗျာမ ဆိုတာ လက်ကို ဆန့်တန်းလိုက်တဲ့အခါမယ် တလံလို့ ခေါ်တယ်ပေါ့နော်။ အဲဒီ တလံပတ်ဝန်းကျင်ထိအောင် ရောင်ခြည်လေးတွေ ထွက်နေတယ်လို့ ဒီလိုဆိုလိုတာ။ အင်မတန်မှ ကြည့်လို့ရှုလို့ တင့်တယ်တယ်၊ လှပတယ်၊ မြင်ရရင် ငေးကြည့်လောက်တဲ့ အနေအထားမျိုးတော့ရှိတာပေါ့၊ ဒီလို တော့ ရှိမှာပေါ့နော်။ မြတ်စွာဘုရားရဲ့ ဗျာမပ္ပဘာ ရောင်ခြည် တော်ဆိုတာရှိတယ်။ တလံလောက် ခန္ဓာကိုယ်ကနေ ထွက်နေ တဲ့ အရောင်ကိုပြောတာ။ မြတ်စွာဘုရားရဲ့ အသားရောင်ဟာ ဘာရောင်လဲလို့ဆိုရင် အဝါရောင်လို့ပဲပြောရမယ်၊ အဝါရောင်။

ဗမာက ရွှေကို သိပ်သုံးတာပဲလေ၊ ကိုယ့်ကိုကိုယ်လည်း ရွှေမြန်မာလို့ခေါ်ကြတာ။ လူတွေက ရွှေနိုင်ငံတဲ့၊ ရွှေမြို့တော်တဲ့။ ရွှေကိုတော့ တော်တော်သဘောကျတယ်နော်၊ အဲဒီလို ဒီမှာလည်း သုဝဏ္ဏဝဏ္ဏ မြတ်စွာဘုရားရဲ့ အဆင်းကို ဒီလှပလို့ တင်စားပြီးတော့ ရွှေအဆင်း သို့မဟုတ် အဝါရောင်ချင်းတူလို့ ရွှေအဆင်းလို့ ဒီလိုပြောတာ၊ ဒီလိုယူမှလည်း သဘာဝကျမှာပဲ ပေါ့နော်။

ရွှေအဆင်းနှင့်တူသော အဆင်းအရောင်ရှိတဲ့ အသားအရေဟာ အင်မတန်မှ ချောညက်ရုံမကဘူး အသားရောင်ဟာ အင်မတန်မှ လှပတဲ့၊ ရွှေရောင်လို လှပတဲ့ အဆင်းရှိတယ်လို့ ဒီလိုဆိုတာ။ အဲတော့ လူတွေ လှတယ် မလှဘူးဆိုတာ သဏ္ဌာန်နဲ့လည်း ပြောလို့ရတယ်။ ပုံပန်းသဏ္ဌာန်နဲ့လည်းပြောလို့ရတယ်။ အသားအရောင်နဲ့လည်း ပြောလို့ရတယ်။

## ပါရမီကုသိုလ်

အဲတော့ မြတ်စွာဘုရားရဲ့အရေဟာ ချောညက်ရုံမျှမက ရွှေရောင်ကဲ့သို့ လှပတဲ့အသားရောင်မျိုးရှိတာဟာ ဘာကုသိုလ်တွေ လုပ်ခဲ့လို့လည်း ခုနတုန်းက ချောညက်တာကျတော့ မေးခွန်းတွေ မေးပြီးတော့ ပညာဆည်းပူးခဲ့လို့တဲ့၊ အခုလို ဒီရွှေအဆင်းလို လှပတဲ့ အဆင်းရောင်ရှိတာ ဘာကြောင့်လဲလို့ဆိုတော့ အတိတ်

ဘဝတုန်းက လူဖြစ်စဉ်အခါကာလတုန်းက သူဟာ ဒေါသကို ထိန်းသိမ်းခဲ့တယ်။ စိတ်မဆိုးအောင်နေတယ်။ မေတ္တာ ဘာဝနာ ပွားပြီးတော့နေတယ်နော်။ **"အက္ကောဓနော အနုပါယာသ-ဗဟုလော"** တဲ့၊ စိတ်မဆိုးဘူးတဲ့၊ စိတ်မဆိုးအောင်ကျင့်တယ်။ လေ့ကျင့်တယ်။ စိတ်ဆိုးတာလည်း ကိုယ်အလိုမကျလို့ရှိရင် ဆိုးတတ်တာကိုး။ စိတ်ဆိုးတယ်ဆိုတာ တစ်ဖက်သားအပေါ်မှာ အလိုမကျတဲ့သဘော။ အဲဒီအလိုမကျတဲ့ သဘောမျိုး မဖြစ်ရအောင် တစ်ဖက်သားကိုညှာတာတဲ့၊ အကျိုးစီးပွားကို လိုလားတဲ့ သဘောနဲ့ ကြည့်တယ်။ မညှာတာဘူးဆိုရင် စိတ်က ဆိုးစရာ ကြီးပဲနော်။

နဲနဲကြီးတဲ့လူက ငယ်တဲ့လူပေါ်မှာ အမြဲတမ်း ပြစ်တင်လေ့ရှိတယ်။ ဒါဟာ လူတွေမှာ အဲဒါကျတော့ ဒေါသက အမြဲတမ်းရှိနေတတ်တယ်။ တစ်စုံတစ်ခုလွှတ်ကျလို့ရှိရင် ကိုယ့်ကြောင့်ကျရင်တော့ "မတော်လို့"၊ ငယ်တဲ့လူကြောင့် လွှတ်ကျရင် "ဒီကောင်နမော်နမဲ့နိုင်တယ်"။ ဟော-ပြောတာနော်၊ မြင်တာကိုက အဲလိုမြင်တာ၊ သူများကျတော့ နမော်နမဲ့လို့ထင်တယ်။ ကိုယ့်ကျတော့ မတော်လို့တဲ့ ခွင့်လွှတ်တယ်။ အဲတော့ သူများကိုလည်း အဲဒီလို ခွင့်လွှတ်နိုင်အောင်ကြိုးစားရမယ်။ ဒါဆိုရင် ဒေါသဖြစ်စရာမရှိတော့ဘူးနော်။ အားလုံးဟာ ဖြစ်တာ မတော်

လို့ချည်းပဲ ပြောလို့ရမှာပဲ။ ကိုယ့်ကျမှသာ မတော်လို့ လို့မပြောနဲ့၊ သူများလည်း မတော်လို့ပဲ ဒီလိုပဲ ပြောရမယ်။

အဲတော့ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းဆိုတဲ့ ဒေါသ မဖြစ်အောင်ထိန်းတဲ့ အလေ့အထဟာ မြတ်စွာဘုရားမှာ လေ့ကျင့်ခဲ့တယ်။ ကြည့်လေ၊ သည်းခံခြင်းဆိုတဲ့ **ခန္တီပါရမီ** ဖြည့်တုန်းက ခန္တိဝါဒီရသေ့ဖြစ်ခဲ့တယ်။ ဘုရားအလောင်းတော်ရဲ့ သည်းခံနိုင်တဲ့ စွမ်းအားဟာ အင်မတန်မှ ကြီးမားတယ်။ အခုခေတ်လူတွေကတော့ မဟုတ်ဘူး၊ ဘယ်အသာလေး ငုံ့ခံပြီးတော့ "သည်းခံတယ်ဆိုတာ အတိုင်းအတာရှိတယ်"လို့ ခြိမ်းခြောက်လိုက်သေးတယ်။ ငါသည်းခံနိုင်တဲ့စွမ်းအား ကုန်တော့မယ်နော်။ ဂိတ်ဝရောက်လာပြီ၊ မခံနိုင်တော့ဘူး ဆိုတာမျိုးဖြစ်လာတယ်။ ဟော ဘုရားလောင်း ခန္တိဝါဒီ ရသေ့ကြီးကျတော့ အဲဒီလို မပြောဘူး၊ သူ့ကို **ကလာဗု မင်းကြီး**ကမေးတယ်။ "ဘာဝါဒရှိတာတုန်း" "ငါကသည်းခံတဲ့ဝါဒ"၊ ဒါဖြင့် သည်းခံတာဟာ ဘယ်လောက်အတိုင်းအတာထိခံနိုင်မတုန်းဆိုပြီး လက်ဖြတ်တယ်၊ ခြေထောက်ဖြတ်တယ်၊ ကြိမ်နဲ့ရိုက်တယ်။ ဘယ်လိုရိုက်ရိုက် ဘာဝါဒတုန်းဆိုရင် ခန္တိဝါဒပဲ။ သည်းခံတယ်နော်၊ သူသည်းခံတဲ့ အတိုင်းအတာဟာ ဘယ်လောက်နှိပ်စက်နှိပ်စက် အပြုံးမပျက်တဲ့ ခန္တီမျိုးကို ထိန်းသိမ်းစောင့်ရှောက်တယ်။ အောင့်အီးနိုင်တယ်ပေါ့နော်။ ဒေါသမဖြစ်အောင် အောင့်ထားနိုင်တယ်။

ဒေါသဖြစ်ပြီး ငုံ့ခံနေတာဟာ ခန္တီမဟုတ်ဘူးနော်။ ဒေါသကို မဖြစ်အောင်ထားမှ ခန္တီအစစ်။ ခန္တီဆိုတာ "ခမနသဟာနေ"တဲ့၊ စွမ်းရည်သတ္တိ တစ်မျိုးပဲ။ ဘယ်လိုစွမ်းရည်သတ္တိတစ်မျိုးတုန်း ဆိုရင် ဘယ်လို စိတ်ဆိုးအောင်လုပ်လုပ်စိတ်မဆိုးဘူး။ ဒီလိုဟာမျိုးကိုဆိုလိုတာ။ စိတ်ကိုက မဆိုးတာ၊ ပြန်မပြောတာမျိုးပြောတာမဟုတ်ဘူး။ ပြန်မလုပ်တာ၊ ပြန်မပြောတာ ခန္တီလို့ပြောတာမဟုတ်ဘူး။ စိတ်ကို ဆိုးအောင်လုပ်လို့မရအောင် သည်းခံနိုင်တဲ့ ကိုယ့်စိတ်လေးကို နဂိုစိတ်အခြေအနေအတိုင်း ထိမ်းနိုင်တဲ့ အနေအထားမျိုးကိုသာ ခန္တီလို့ခေါ်တာတဲ့။ အဲဒီလို မဟုတ်ဘဲနဲ့ စိတ်ထဲကနေ ဗလောင်ဆူ၊ နှုတ်ခမ်းကြီးစူ မကျေမနပ်တွေဖြစ်နေ၊ "နေနှင့်ဦး ကြည့်သေးတာပေါ့" တို့ ဘာတို့ဆိုရင် ဒါခန္တီမဟုတ်ဘူး။ သူလည်းစိတ်ဆိုးတာပဲ။

ဘုရားလောင်းကတော့ အဲဒီလိုမဟုတ်ဘူး၊ အပြုံးမပျက်စိတ်မဆိုးဘဲနဲ့ ဒေါသမထွက်အောင် ထိန်းနိုင်သိမ်းနိုင်တဲ့ အနေအထားမျိုးရှိတယ်တဲ့၊ ဘယ်လောက်ပဲပြောပြော ပြောထားတဲ့ အပေါ်မှာ ဗွေမယူဘူး၊ စိတ်ထဲမှာ မှတ်မထားဘူး၊ စိတ်ထဲမှာ စွဲကိုမထားဘူး၊ သူပြောတဲ့စကားတွေကို ဖယ်ပစ်လိုက်တယ်၊ ခေါင်းထဲမှာမထည့်ဘူး၊ သည်းခံတယ်ဆိုတာ အဲဒါမျိုး။ နဂိုကစိတ်မဆိုးဘူး၊ စိတ်မဆိုးရုံတင်မဟုတ်ဘူး စိတ်ဟာ ပြောင်းလဲသွားတဲ့ အနေအထားမျိုး မဖြစ်ရုံတင်မကဘူး၊ ဘယ်တော့မှ

ဒီစိတ်ဆိုးခြင်း၊ ဒေါသထွက်ခြင်းဆိုတဲ့ အမူအရာမျိုးကိုလည်း မပြဘူးတဲ့၊ အပြုံးမပျက်နေနိုင်တယ်ဆိုတဲ့ ပါရမီကုသိုလ်ထူးကို ဆည်းပူးအားထုတ်ခဲ့တယ်။

ကဲ- ဘုန်းကြီးတို့တစ်တွေ ဘယ်လောက်ထိအောင် ပြုံးနိုင်ကြမတုန်းနော်။ ထိပ်မချခင်က ရွယ်ရုံနဲ့ပဲ ဒီက ရှူးရှူးဖြစ်ကုန်ပြီနော်။ အဲဒီလို ဒေါသကို ထိန်းနိုင်တဲ့လူက အင်မတန်မှ နည်းတယ်။ အဲ - ထိန်းနိုင်ရုံတင် မကဘူး ကိုယ့်ဒေါသကို လူတွေက ချီးမွမ်းကြသေးတယ်။ "ငါစိတ်တိုတယ်နော် ငါ့စိတ်ကို လာမစမ်းနဲ့" ဆိုတာမျိုး ကြော်ငြာလိုက်သေးတယ်။ ကျန်တဲ့လူကို ခြိမ်းခြောက်တာ။

အဲတော့ ပါရမီကုသိုလ်ဆိုတာ အဲဒီလို မဟုတ်ဘူးတဲ့၊ ပါရမီကုသိုလ်ဆိုတာ စိတ်မဆိုးအောင် ကိုယ့်ကိုယ်ကို ထိန်းနိုင်သိမ်းနိုင်တာ၊ ဒါကဘာမှလည်း အကုန်အကျမရှိဘူး။ လွယ်တော့ လွယ်သလားဆိုတော့ မလွယ်ဘူး ခက်ခဲတယ်။ ဒါလဲ အကုန်အကျမရှိတဲ့ ကုသိုလ်တစ်မျိုးပဲ။ ကိုယ့်စိတ်လေးကို ဒေါသမဝင်ရောက်အောင် ထိန်းသိမ်း စောင့်ရှောက်တယ်ဆိုတာ နည်းတဲ့ကုသိုလ် မဟုတ်ဘူးတဲ့။

အဲဒီကုသိုလ်မျိုးကို ပြုလုပ်ခဲ့သည့်အတွက်ကြောင့် ဒီမြတ်စွာဘုရား အလောင်းတော်ဟာ ရွှေရောင်ကဲ့သို့ လှပတဲ့ အရေအဆင်းကိုရတာလို့၊ ရွှေအဆင်းနဲ့တူတဲ့ လှပတဲ့အရောင်

အဆင်းမျိုးကိုရတာ။ ပါရမီပုံရိပ်မှာ ဒီလိုလာပြီးတော့ ထင်ပေါ် လာတယ်။ စိတ်မဆိုးတာ ဒါလဲဟုတ်တာပဲ။ **စူဠကမ္မ ဝိဘင်္ဂ သုတ်**မှာ ဟောထားတာနဲ့ အတူတူပဲ။ **'ထန်ပြင်းဒေါသ၊ ကြီးလွန်းက၊ အလှပျက်မည်ဆို။ ဒေါသမထန်၊ သည်းညည်းခံ၊ ကေန်လှမည်ဆို'** ဟော လူတွေဟာ အရုပ်ဆိုးအကျည်းတန်တာ ဒေါသဖြစ်ခဲ့လို့။ ဒေါသကြီးခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ ဖြစ်လေရာ ဘဝမှာ အရုပ်ဆိုး အကျည်းတန်တယ်။ ကြည့်ပါလား၊ ဒေါသ ကြီးတဲ့ မြွေတွေများ ပြုံးတာမြင်ဘူးလား၊ ကျားတွေ၊ ခြင်္သေ့တွေ ပြုံးတာမြင်ဘူးလား၊ မပြုံးတတ်ဘူး အဲဒီကောင်တွေနော်။ ခွေး ကမှ ပြုံးတတ်သေးတယ်၊ ကြောင်လည်း မပြုံးတတ်ဘူး၊ ဒီကောင် တွေက ဒေါသကြီးတဲ့ကောင်တွေက မပြုံးတတ်ဘူး။ သူတို့က အမြဲတမ်း သူတို့မျက်နှာကြီးတွေက ခေါက်ချိုးကြီးတွေနေတာ၊ ဒေါသကြီးတဲ့ အကောင်းတွေကိုး။ ကျားတွေ ကျားသစ်တွေ ခြင်္သေ့တွေ အဲတော့ ပါးစပ်ကြီးဖြဲနေတာက ပြုံးတာ မဟုတ်ဘူး လေ၊ ခွေးကတော့ နည်းနည်းပြုံးတတ်သေးတယ်။ နားရွက် ကလေး နောက်ခေါက်ပြီးတော့ အမြီးလေးနှံ့ရင် ဒါ ခွေးပြုံးတယ် လို့ ခေါ်ရမှာပဲ။ ခွေးက ဒေါသ ဒီလောက်မကြီးဘူး၊ သူက သည်းခံတတ်တဲ့အရာရှိတယ်။ အဲ ဟိုကောင်တွေကျတော့ မျက်နှာကြောကတင်းတယ်၊ ဒေါသကြီးတဲ့ ပုဂ္ဂိုလ်တွေပေါ့။

## အကျိုးပေးပုံ

ကဲ ကောင်းပြီ၊ အဲဒီလို ကိုယ့်ဒေါသကို ထိန်းနိုင်ပြီဆိုတဲ့ အခါ ဘယ်လိုအကျိုးပေးလဲ။ အခုလို ပါရမီပုံရိပ် အမှတ်တံဆိပ်တွေ ခန္ဓာကိုယ်မှာ ရွှေရောင်အဆင်းလို လှပတဲ့ အဆင်းရောင်တွေရတယ်။ ဘယ်လိုအကျိုးတွေကို ခံစားရတုန်းဆိုတော့ သူက အဝတ်အထည်နဲ့ ပတ်သက်လာတဲ့ အခါကျတော့တဲ့ အင်မတန်မှ နူးညံ့တဲ့ ချောညက်တဲ့ အဝတ်တွေကို ဝတ်ဆင်ရတယ်။ ဘဝဆိုတာ အကျိုးပေးက အင်မတန်မှ ခဲယဉ်းတယ်။

အရင်တုန်းက ဘုန်းကြီးတို့ ငယ်ငယ်တုန်းက စောင်တွေခြုံလိုက်လို့ရှိရင် ဘာဘူစောင် အမွေးထူ ကြမ်းကြမ်းကြီးတွေပဲ ခြုံရတယ်နော်။ အခုခေတ်ကျတော့ ဒီ တရုတ်ပြည်ကလာတဲ့ စောင်တွေဟာ ချောညက်ပြီးတော့ အိစက်နေတာ။ ဒီ တရုတ်ပြည်ကလာတဲ့ အမွေးနုလေးတွေနဲ့ ဒီဇိုင်းလှလှနဲ့ ထုတ်ထားတဲ့ အိစက်နေတဲ့ စောင်တွေက ဘာနဲ့လုပ်ထားတာတုန်းဆိုတော့ ပလက်စတစ်နဲ့ လုပ်ထားတာ။ တချို့ကလည်း ယုန်မွေးနဲ့ လုပ်ထားတယ်လို့ ဒီလိုပြောတယ်။ အဲဒါဆိုရင် ယုန်တွေဟာ ကမ္ဘာပေါ်မှာ ရှိတောင်ရှိတော့မှာ မဟုတ်ဘူး၊ စောင်တွေက အများကြီး၊ ယုန်မွေးက ဘယ်လောက်များမှာလဲ။

အဲတော့ ဘာဖြစ်လို့ ပလတ်စတစ်နဲ့လုပ်တယ်လို့ ပြောရတာတုန်းဆိုတော့ နာဂစ်မုန်တိုင်းတုန်းက ထိုင်ဝမ်က သီလရှင်

ကြီးတစ်ဦး ခေါင်းဆောင်ပြီးတော့ နာဂစ်မုန်တိုင်း ဘေးသင့်တဲ့ ပုဂ္ဂိုလ်တွေကို သွားပြီးတော့ကူညီပေးတဲ့ အဖွဲ့တစ်ဖွဲ့လာတယ်။ အဲဒီအဖွဲ့ကလာပြီးတော့ ဘုန်းကြီးတို့ဆီလည်း အင်တာဗျူး လာလုပ်တယ်။ လာလုပ်ရင်းကနေ လက်ဆောင်ပေးသွားတယ်။ အိတ်တစ်လုံး၊ စောင်လေးတစ်ထည်၊ ရေဗူးလေးရယ်၊ ရေခွက် ကလေးရယ်၊ ဇွန်းကလေးရယ်၊ ခရင်းလေးရယ်၊ တစ်ခါတည်း ပေးပြီးတော့ ပြောသွားတာ၊ အဲဒီစောင်လေးအကြောင်း သူက ပြောသွားတာ၊ ဒီစောင်လေးဟာတဲ့ ရေသန့်ဗူးအလုံး(၇၀) ကုန် တယ်တဲ့။ ဒီစောင်တွေက ရေသန့်ဗူး ပလတ်စတစ်နဲ့ လုပ်တာ လားဆိုတော့ ဟုတ်တယ်တဲ့၊ နောက် ပလတ်စတစ် ဗူးခွံတွေ ဆိုတာ လူတွေက သောက်ပြီးပစ်ကြတာ မဟုတ်လား။ အဲဒီ ပလတ်စတစ်ဗူးခွံတွေကို (Recycle) လုပ်ပြီးတော့ သူတို့က ဒီဟာ အမျှင်အမျှင်လေးတွေဖြစ်အောင်လုပ်ပြီးတော့ စောင် အဖြစ်ပြန်ယက်ကြတယ်။ ပလတ်စတစ်တွေကလည်း အင်မတန် နူးညံ့တာပဲ။ အဲတော့ ဒီစောင်တွေက ပလတ်စတစ်နဲ့လုပ်တာ။ အဲဒီကျတော့မှ သိလိုက်တယ်။ ရေသန့်ဗူးအလုံး(၇၀) ကုန်တယ် တဲ့ သူက ပြောသွားတယ်။ စောင် ခပ်ပါးပါးလေးတစ်ထည် လှူသွားပြီးတော့ ပြောသွားတယ်။

အဲတော့ အင်မတန်မှ နူးညံ့တဲ့အရာတွေ ပိုး ဖဲ ကတ္တီပါ တို့လို နူးညံ့တဲ့အဝတ်အထည်တွေကို ဝတ်ဆင်ခွင့် အဲ-တစ်ချို့

ကျတော့ ရှိရဲ့သားနဲ့ ယားလို့ဆို မဝတ်တဲ့ပုဂ္ဂိုလ်တွေ အကုသိုလ် များတာပေါ့နော်။ လုံးဝဝတ်စရာကိုမရှိလို့ မဝတ်တဲ့ ပုဂ္ဂိုလ် ကျတော့လည်း ကုသိုလ်ကိုက လုံးဝအကျိုးမပေးတဲ့ပုဂ္ဂိုလ်ပေါ့။ ဒီလိုတော့ မှတ်ရမှာပဲ။

အဲတော့ ရွှေအဆင်းနဲ့တူသော အဆင်းရှိတဲ့ ပုဂ္ဂိုလ်ဟာ အင်မတန်မှ နူးညံ့တဲ့ အဝတ်တွေကို ဝတ်ရတယ်တဲ့ ဒါဖြင့် ခုခေတ်လူတွေ သိပ်တော့ကံမဆိုးလှဘူးလို့ ပြောရမှာပဲနော်။ ဂျပန်ခေတ်က လူဖြစ်တဲ့ ပုဂ္ဂိုလ်တွေ ဒါတွေ ဝတ်မှမဝတ်ရတာ။ အခုခေတ်ကတော့တိုးတက်လာတယ်။ ကောင်းတဲ့အဝတ်လေး တွေ ဝတ်လာရတယ်။

ရှေးတုန်းက ဂျက်ခုတ်လုပ်ငန်းမှာ ပုဆိုးကြမ်းကြီးတွေ၊ အထည်ကြမ်းကြီးတွေပဲ ဝတ်ရတယ်၊ လက်သုတ်ပဝါလို အကြမ်း ကြီးတွေ၊ အဲဒါတွေပဲ ယက်ပြီးတော့ ဝတ်ကြတယ်။ အခုခေတ်လို ကောင်းတာတွေ ဘယ်ဝတ်ရမလဲ။ အဲဒီအချိန်တုန်းကနော်။ အဲဒီခေတ်တုန်းက လူတွေဟာ အတိတ်ဘဝတုန်းက ဒေါသကြီး ခဲ့တဲ့လူတွေ ဖြစ်ကောင်းဖြစ်မယ်။ အခုခေတ် လူတွေတော့ ဒီလောက်ဒေါသကြီးပုံမပေါ်ဘူး။ ဒါကြောင့်မို့ ဒေါသကို ထိန်းနိုင် သည့်အတွက်ကြောင့် အဝတ်ကောင်း အစားကောင်းလေးတွေ ဝတ်ရတဲ့အနေအထားမျိုးကို ရောက်လာတယ်လို့ ဒီလိုပြောရ မယ်။

မန္တလေးမြို့ကို တည်သွားတဲ့ မင်းတုန်းမင်းကြီးက ဘယ် (Model) မြင့်တဲ့ကား စီးသွားရမှာတုန်း၊ လူရှင်တော်တွေက တောင် ပြောသေးတာ။ "မင်းတုန်းမင်းကြီး ဖာလူဒါ သောက် မသွားရဘူး"တဲ့ ပြောတာ၊ ကြံကြံဖန်ဖန် ပြောတဲ့လူတွေနော်။ ဟုတ်တော့ ဟုတ်တာပေါ့၊ သူ့ခေတ်တုန်းက ဆင်တို့မြင်းတို့ပဲ ရှိတာလေ။ အခုခေတ်လို ပါဂျဲရိုးတို့ ပရာဒိုတို့ ရွှေငါးတို့ ဘယ်ရှိ မလဲ။ အဲတော့ ဒါမျိုး သူစီးချင်တဲ့စိတ်လည်း မပေါ်ဘူး။ အဲ ခုခေတ်လူတွေက ပိုပြီးတော့ ကုသိုလ်ကံ ကောင်းကြတယ်လို့ ပြောရမှာပဲ။ ဒါ မင်းတုန်းမင်းကြီးကြားရင် ပြုံးကောင်းပြုံးနေ လိမ့်မယ်။

အေး- **သုဝဏ္ဏဝဏ္ဏ** ရွှေအဆင်းနဲ့တူသော အဆင်းဆိုတဲ့ ဒီအဆင်းရွှေအရောင် အဆင်းလှပမှုဟာ ဒေါသကို ချိုးနှိမ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုလို့ဆိုတဲ့ ပါရမီပုံရိပ်ရဲ့ အမှတ်တံဆိပ်တွေပဲ ဖြစ်တယ်။ ဒီ အမှတ်တံဆိပ်ပါတဲ့ ပုဂ္ဂိုလ်ဟာ ချောညက်တဲ့ အဝတ်အထည်များကို ဝတ်ဆင်ရတယ်ဆိုတဲ့ ကောင်းကျိုး ချမ်းသာကို ရနိုင်ပါတယ်လို့ ပြောတာနော်။

## (၁၄) လုံခြုံသည့် လိင်အင်္ဂါ

ဟော နောက်တစ်ခုကတော့ တစ်ဆယ့်လေးခုမြောက် ကတော့ သူက **ကောသောဟိတဝတ္ထဂုယှ** တဲ့။ **ဝတ္ထဂုယှ** ဆိုတာ

အဝတ်နဲ့ အမြဲတမ်း ဖုံးထားရတဲ့အရာလို့ ဒီလိုပြောတာ။ အဲတော့ ဒါကတော့ ယောက်ျားကိုယ်နဲ့ ပတ်သတ်ပြီးတော့ ပြောတဲ့ စကား တစ်ခုပဲ။

## ပါရမီကုသိုလ်

အဲတော့ ပါရမီဖြည့်တဲ့အချိန်မှာ ဘယ်လို ကုသိုလ် ကောင်းမှုတွေ လုပ်ခဲ့တာတုန်းဆိုတော့ ဆိုလို့ရှိရင်နော် သူက ဒါက သာမာန်ပုဂ္ဂိုလ်တွေ ဒီလိုကုသိုလ်မျိုးလုပ်နိုင်ဖို့ရာ ခက် တယ်။ နည်းနည်းပါးပါး အုပ်ချုပ်တဲ့အပိုင်းမှာ အာဏာရှိတဲ့ အပိုင်းမှာရှိတဲ့ ပုဂ္ဂိုလ်မျိုးမှ တိုင်းပြည်အုပ်ချုပ်တဲ့ မင်းတို့ မင်းစိုး ရာဇာတွေကမှ ဒါမျိုးလုပ်နိုင်မယ်တဲ့။

ဒီလိုကုသိုလ်က ဘယ်လိုကုသိုလ်တုန်းဆိုတော့ ဒီဆွေမျိုး သင်္ဂဟတွေ လူပျောက်နေတယ်။ ပျောက်နေတဲ့ ပုဂ္ဂိုလ်ကို ရှာပေး တာတို့နော်၊ အိမ်ကနေ ကလေးတစ်ယောက် ပျောက်သွားတယ်။ လိုက်ရှာပေးတယ်။ သားအမိ သားအဖ ကွဲနေတယ်။ ဆုံစည်း ပေးတယ်၊ ရှာပေးတယ်။ သတင်းရှာပေးတယ်။ အခုခေတ်မှာ သတင်းစာထဲကနေထည့်ပြီးတော့ ကြော်ငြာတာမျိုးတွေ ရှိတယ် လေ။ အဲတော့ မတွေ့တွေ့အောင် ရှာဖွေပေးတဲ့ ကုသိုလ်မျိုးတဲ့။

အဲဒီကုသိုလ်မျိုးလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ ဒီလို ထူးခြားတဲ့ ပါရမီပုံရိပ်အမှတ်တံဆိပ်တွေကို ရနိုင်ပါတယ်လို့ ဒီလိုပြောတာ။

အချင်းချင်းကွဲနေရင် ဆုံပေးတယ်။ မောင်နှမချင်း ကွဲသွားတယ် ပြန်ဆုံပေးတယ်။ ညီအစ်ကိုချင်း ကွဲသွားတယ်၊ သားအမိ သား အဖ ကွဲသွားကြတယ်၊ ပြန်ဆုံပေးတယ်။ တွေ့အောင်ရှာပေး တယ်။ မိတ်ဆွေသင်္ဂဟတွေ ပျောက်သွားတာကို တွေ့အောင် ရှာပေးတယ်။ ရှာပေးပြီးတဲ့အခါ ဒီ အချင်းချင်း ဆုံစည်းမိသွား တာနဲ့ တပြိုင်နက် သူက ဝမ်းသာတယ်တဲ့၊ ကြည်နူးတယ်တဲ့။ ဒီလိုလုပ်ပေးရတာကိုပဲ မမောနိုင် မပန်းနိုင်။ ဒီလူပျောက်ရှာပေး ရတာတို့၊ ကွဲနေတဲ့ ပုဂ္ဂိုလ်တွေ ပြန်ရှာပေးရတာတို့၊ ပျောက်နေ တဲ့ ပုဂ္ဂိုလ်တွေ ရှာပေးရတာတို့ ဒီကုသိုလ်ကို သူက ဝမ်းမြောက် ဝမ်းသာ ပြုလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်မျိုးတဲ့။ အဲဒီပုဂ္ဂိုလ်မျိုးရတဲ့ ပါရမီပုံရိပ် အမှတ်တံဆိပ်ပါတဲ့။

## အကျိုးပေးပုံ

ဒါဖြင့် သူ့ရဲ့အကျိုးပေးကတော့ ဘယ်လိုအကျိုးပေးတုန်း ဆိုတော့ **ပဟူတပုတ္တော** သားသမီး ထွန်းကားတယ်လို့ ဆိုလို တယ်။ အများကြီး သားသမီး ထွန်းကားတယ်လို့ ဆိုလိုတယ်။ စကြဝတေးမင်း ဖြစ်လို့ရှိရင်လည်း သားသမီးတွေ ဘယ်လောက် ရှိတုန်းဆိုတော့ တစ်ထောင်ကျော်ရှိတယ်တဲ့။ မင်းတုန်းမင်းကြီး သားသမီးတစ်ရာကျော်ရှိတယ်နော်။ မိဖုရားက ငါးဆယ်ကျော် ရှိတာကိုး။ မင်းတုန်းမင်းကြီးကလည်း သားသမီးတွေ အင်မတန်

မှ များတာပဲ။ အဲတော့ ဒီစကြဝဠာတေးမင်းတွေကျတော့ သားသမီး တစ်ထောင်ကျော်ရှိတယ်။

ဒီနေရာမှာ မြတ်စွာဘုရားလည်းပဲ ဒီ ပါရမီပုံရိပ် အမှတ် တံဆိပ် ပါသည့်အတွက်ကြောင့် ထောင်ပေါင်းများစွာသော သားသမီးတွေ ရှိတယ်လို့ဆိုတယ်။ ဒီစကားကိုထောက်ပြီး တချို့က ဘုရားရဲ့သားတော်ဟာ ရာဟုလာတစ်ဦးတည်း မဟုတ် ဘူးတဲ့။ ဘုရားမှာ သားသမီးတွေက တစ်ထောင်ကျော်ရှိတယ်လို့ ဒီလိုလဲ ပြောကြတယ်နော်။

စကြဝဠာတေးမင်းတွေရဲ့ ဂုဏ်ရည်ကို ဖော်ပြတဲ့အခါမှာ စကြဝဠာတေးမင်းတွေမှာ သားတွေ ထောင်ကျော်ရှိတယ်လို့ ပြော တယ်။ တစ်နည်းအားဖြင့် ဆိုလို့ရှိရင်တော့ သားလို့ဆိုတဲ့ အထဲ မှာ သားအရင်းလို အားကိုးရတဲ့ ပုဂ္ဂိုလ်တွေကို ရည်စူးတာလဲ ဖြစ်နိုင်တာပေါ့နော်။ မြတ်စွာဘုရားမှာဆိုရင် ရဟန်းတော်တွေ ရှိတယ်။ အင်မတန်မှအားကိုးရတဲ့ ရှင်သာရိပုတ္တရာတို့လို ရှင်မောဂ္ဂလာန်တို့လို ဒီလိုပုဂ္ဂိုလ်မျိုးတွေ အများကြီးရှိတာပဲ။ ဒါတွေကို ဘုရားသားတော်တွေကို ရည်စူးပြီးတော့ သားလို့ ဒီလိုပြောတာလဲ ဖြစ်နိုင်တယ်ပေါ့နော်။ သားသမီးတွေများတယ် လို့ ဒီလိုဆိုတာ။

တချို့ အနောက်တိုင်းက စာအုပ်တွေ ရေးတဲ့အခါမယ် ဘုရားမှာ ရာဟုလာသားတစ်ဦးတည်းမဟုတ်ဘူးတဲ့။ သားပေါင်း

ထောင်ကျော်ရှိတယ်လို့ ဒီလိုရေးကြတယ်။ ဗုဒ္ဓဝင်ထဲမှာတော့ ရာဟုလာကိုသာ သားလို့ အသိအမှတ်ပြုတယ်။ မင်းတုန်းမင်းကြီးမှာ သားတွေအများကြီးပဲ မဟုတ်လား။ ဟုတ်တော့ ဟုတ်တာပေါ့။ ယသောရောက မိဖုရားခေါင်ကြီး၊ ကျန်တဲ့ ယသော်ရောရဲ့ အခြံအရံ မိဖုရားတွေ မောင်းမမိဿံတွေက အများကြီးရှိတာကိုး။ အများကြီးရှိတာဆိုတော့ ပြောမယ်ဆိုရင်လည်း ပြောလို့ရနိုင်တယ်လို့ ဆိုရမှာပဲပေါ့။ စကြမင်းတွေမှာ အဲဒီလိုပဲဆိုတယ်။ **ပရော သဟဿံ ခေါ ပန ပုတ္တာ** သားသမီးတွေဟာ ထောင်ကျော်ရှိတယ်လို့ ဒီလိုပြောတာ။ ဒါကတော့ အခြံအရံများတာကိုကြည့်ပြီးတော့ ပြောတဲ့သဘောလို့ ဒီလိုမှတ်ရမယ်။

## (၁၅) ညှောင်ပင်လို လုံးဝန်းခြင်း

ဟော နောက်တစ်ခု (၁၅)ခုမြောက်နဲ့ (၁၆)ခုမြောက် မဟာပုရိသ လက္ခဏာကို မှတ်သားရအောင်။ (၁၅)ခုမြောက် မဟာပုရိသလက္ခဏာကဘာတုန်းလို့ဆိုတော့ **နိဂြောဓ ပရိမဏ္ဍလ** ညှောင်ပင်လို လုံးဝိုင်းခြင်း။ ဒီပြင် သစ်ပင်နှင့် မတူဘူး။ ညှောင်ပင်တွေကြည့်လိုက်လို့ရှိရင် ညှောင်ပင်ကနေ၁် အလုံးနဲ့ အရပ်နဲ့ဟာ အလုံးဆိုတာ ညှောင်ပင်တွေက အကိုင်းထွက်ပြီးတော့ ဝိုင်းနေတာ။ ဝိုင်းနေတာ သူက အမြင့်က တအားကြီး

မမြင့်ဘူး၊ ညောင်ပင်ကမမြင့်ဘူး၊ မမြင့်ဘဲနဲ့ ဘေးကိုဝိုင်းနေတာ။ အဲတော့ ညောင်ကိုင်းတွေထွက်တာနဲ့ ညောင်ပင်ရဲ့ အရပ်နဲ့ ညောင်ကိုင်းထွက်တာက အင်မတန်မှ လိုက်လျောတယ်။ ကုက္ကိုပင်ကြီးတွေကျတော့ အဲလိုမဟုတ်ဘူး။ အပေါ် ထောင်ပြီးတော့ မြင့်ချင်ရင် နင်းကန်မြင့်တယ်နော်။ ညောင်ပင်က အဲလို မဟုတ်ဘူး။ ဘေးကို အကိုင်းထွက်တာနဲ့ သူ့အရပ်နဲ့ အင်မတန်မှ လိုက်လျောညီရှိတယ်ပေါ့။

အဲဒီလိုပဲ မြတ်စွာဘုရားရဲ့အရပ်အမောင်းနဲ့ ပတ်သက်ပြီးတော့ **နိဂြောဓပရိမဏ္ဍလ**တဲ့၊ ညောင်ပင်လို အရပ်နှင့် ဖွံ့ဖြိုးမှုဟာ ဒီအရပ်ထွက်တာနဲ့ ခန္ဓာကိုယ် ဖွံ့ဖြိုးမှုဟာ အင်မတန်မှ လိုက်ဖက်တယ်လို့ ဒီလိုပြောတာ။ လူကြီးက နင်းကန်ဝပြီးတော့ နေလို့ရှိရင် အရပ်ကပုနေတယ်။ အရပ်က ရှည်ပြီးတော့ တစ်ခါ ပိန်ခြောက်နေပြန်တော့လည်း မဟုတ်သေးဘူးနော်။

နောက် တစ်ခါ **နိဂြောဓပရိမဏ္ဍလ** ဆိုတာ လက်နှစ်ဖက် ဆန့်တန်းလိုက်တဲ့ အခါမှာလည်း အရပ်အမောင်းနဲ့ လက်နဲ့ ဒါတွေက အံကျဖြစ်နေတယ်။ အချိုးအစား ကိုက်ညီတယ်လို့ ဒီလိုဆိုတာပေါ့။ မြတ်စွာဘုရားဟာ အဲဒီလို အချိုးအစား ကိုက်ညီတဲ့ အလံနဲ့ လက်နှစ်ဖက်ကို ဆန့်တန်းလိုက်တဲ့ အလံနဲ့ အရပ်နဲ့ဟာ အံကျဖြစ်နေတယ်လို့ ဒီလိုပြောတာနော်။

ဘုရားရုပ်ထု ထုတဲ့လူတွေကလည်း အမျိုးမျိုးထုကြတယ်။ ဘုရားရုပ်ထု ထုတဲ့အခါမှာ ဗဟုသုတအဖြစ် ငယ်ငယ်တုန်းက မှတ်သားဖူးတာတော့ ဒီဘုရားဟာ မင်း ကိုးကွယ်တဲ့ ဘုရားလား။ သို့မဟုတ် သာမာန်ပုဂ္ဂိုလ်တွေ ကိုးကွယ်တဲ့ ဘုရားလားဆိုတာ တင်ပြင်ခွေကို ကြိုးလေးနဲ့တိုင်း၊ တိုင်းပြီးတဲ့အခါ အဲဒီကြိုးလေးနဲ့ အရပ်ကို တိုင်းကြည့်တဲ့အခါမှာတဲ့ သူက နှာသီးဖျားအောက် ရောက်လို့ရှိရင် ဒါဟာ မင်းကိုးကွယ်တဲ့ ဘုရားလို့ ဒီလို သတ်မှတ်တယ်။ နှာသီးဖျားလောက်ပဲ ရောက်နေတယ်ဆိုလို့ရှိရင် သာမာန်ပုဂ္ဂိုလ်တွေ ကိုးကွယ်တဲ့ ဘုရားလို့ ဒီလိုဆိုကြတာလဲ တွေ့ဖူးတယ်ပေါ့။ **သတ္တုရူပကာဝိလာသိနီ** ဆိုတဲ့ ကျမ်းတစ်ကျမ်း ရှိဖူးတယ်။ ပုဂံခေတ်ကရေးခဲ့တဲ့ ဘုရားရုပ်ထုတော်တွေနဲ့ ပတ်သက်တဲ့ကျမ်း၊ ရှေးဟောင်းသုတေသနဌာနက တစ်ခါ ထုတ်ထားတယ်။ အကုန်လုံးတော့ မမှတ်မိဘူး။ အဲဒီကျမ်းမှာ ဘုရားရုပ်ထုတော်ရဲ့ နည်းစနစ်တွေကို ဖော်ပြတယ်။ ဒါက ရုပ်ထုနဲ့ ပတ်သက်တာပေါ့။

မြတ်စွာဘုရားဆိုတာ လက်နှစ်ဖက်ဆန့်တန်းလို့ အလံနဲ့ အရပ်အမောင်းဟာ ညောင်ပင်များဟာ ဝန်းဝိုင်းသလိုပဲ မြတ်စွာဘုရားရဲ့ အရပ်နဲ့ အလံဟာ အင်မတန်မှ လိုက်ဖက်တယ်လို့ ဒီလိုဆိုတာပေါ့နော်။ လက်တံကြီးကရှည်ပြီး လူက ပုကွကြီးလို့

ဒီလိုမဖြစ်စေရဖူး။ အဲဒီလို အလံနှင့်အရပ်ညီမျှတာကို **နိဂြောဓ-ပရိမဏ္ဍလ** လို့ ဒီလိုဆိုတာ။

## (၁၆) မကွေးမညွတ် ဒူးဆစ်ကို ကိုင်နိုင်ခြင်း

ဟော နောက်တစ်ခု (၁၆)ခုမြောက် မဟာပုရိသလက္ခဏာ ကြတော့ ဘာတုန်းဆိုတော့ **အနောနမ ဇဏ္ဏု ပရိမသန၊** **အနောနမ** ဆိုတာ မကုန်းဘဲနဲ့ ခါးကိုဆန့်ပြီးတော့ ပုံမှန်ထားတာ၊ ခါးကုန်းပြီးတော့ မလုပ်ဘဲနဲ့. **ဇဏ္ဏု** ဆိုတာ ဒူးဆစ်၊ **ပရိမသန** ဆိုတာ ကိုင်နိုင် ဆုပ်နိုင်တယ်၊ ကိုယ့်ဟာကိုယ် အိမ်ကျတော့ စမ်းကြည့်ပေါ့၊ မတ်တတ်ရပ် မကုန်းနဲ့၊ ကိုယ့်ဒူးကိုယ် ကိုင်လို့ ရလား၊ ဆုပ်လို့ရလားလို့နော်။ ဒူးမကွေးလေနဲ့နော်။ ဆန့်ဆန့်လေး ရပ်ပြီးတော့ ကိုယ့်လက်နဲ့ကိုယ့်ဒူးကို ဆုပ်နယ်လို့ရသလား။ ကိုင်နိုင်သလား၊ လက်ဖျားလေးနဲ့ထိတာ မဟုတ်ဘူးနော်။ လက်ဖဝါးနဲ့ အုပ်လို့ရမလားလို့၊ အဲဒါဆိုလို့ ရှိရင်တော့ ဒီမဟာပုရိသ လက္ခဏာရတယ်လို့ ပြောရမှာပဲ၊ အဲဒီလိုဆိုလိုတယ်။ မကုန်း မကိုင်းဘဲနဲ့ ကိုယ့်ရဲ့ ဒူးဆစ်အဝန်းကို ကိုင်နိုင်သုံးသပ်နိုင်တဲ့ အရပ်အမောင်းမျိုး လက်တံရှည်တယ်လို့ ဒီလိုပြောရမှာပေါ့နော်။ များသောအားဖြင့် လက်တံလေးက တိုနေတတ်တယ်ပေါ့။ လက်တံတွေက တိုနေတတ်တယ်။

အဲတော့ ဒီမဟာပုရိသ လက္ခဏာလို့ဆိုတဲ့ ပါရမီပုံရိပ် အမှတ်တံဆိပ်က မတ်တတ်ရပ်လျက်နဲ့ မကုန်းမကွဘဲနဲ့ လက်နှစ်ဖက်စလုံးလုပ်ရမှာ။ တစ်ဖက်ဆိုရင် ခါးကကိုင်းချင်ကိုင်းသွားဦးမှာနော်။ နှစ်ဖက်စလုံး ဒူးနှစ်ဖက်စလုံးကိုင်ရမှာ။ **ဌိတကောဝ** မတ်တပ်ရပ်ရင်းသာလျှင်၊ **အနောနမန္တော–** မကုန်းမညွတ် မကွေးမညွတ်ပဲနဲ့တဲ့၊ **ဥဘောဟိ ပါဏိတလေဟိ –** လက်ဖဝါး နှစ်ဖက်တို့နှင့်၊ **ဇဏ္ဏုကာနိ –** ဒူးဆစ်တို့ကို၊ **ပရိမသတိ–** ကိုင်လို့ရတယ်။ အဲလိုဖြစ်ရမယ်၊ နှစ်ဖက်စလုံးမှာနော်၊ နှစ်ဖက်စလုံး လုပ်ကြည့်ရမယ်။ အဲဒါဆိုလို့ရှိရင် ဒီ မဟာပုရိသ လက္ခဏာ။ ဒါက ပါရမီပုံရိပ် အမှတ်တံဆိပ်တစ်ခုပဲတဲ့။

ဒါဖြင့် ဒီလို လက်တံရှည်တာဟာ အင်မတန်မှ အချိုးအစားကျတဲ့ လက်တံနဲ့ အရပ်အမောင်းနဲ့ ဒီလိုဖြစ်တာနော်။ လူတွေက တစ်ခါတစ်လေကျတော့ တချို့ လူတွေကတော့ ထိုင်နေရင် အရပ်ရှည်တယ်လို့ထင်ရတယ်။ မတ်တပ်ရပ်လိုက်ရင် ပုသွားတဲ့လူရှိတယ်။ အဲဒီလူက ဘာတုန်းဆိုရင် ခြေသလုံးတိုတဲ့လူနော်။ လူတွေမှာမတူဘူးနော်၊ ပုက္ကက္ကနဲ့ ထိုင်နေရင်တော့ သူများလိုပဲ အရပ်ရှည်ကြီးလို့ အောက်မေ့ရတယ်၊ မတ်တပ်ရပ်လိုက်တဲ့အခါ အပုလေးဖြစ်သွားရော။ အဲ-တချို့ကျတော့ ဂုတ်တိုနေတာရှိတယ်၊ ဂုတ်တိုတယ်၊ ခါးတိုတယ်၊ ပေါင်တိုတယ်၊

ခြေသလုံးတိုတယ်။ အဲတော့ အတိုအရှည်က လူတွေမှာ အချိုးအစားကျခဲတယ်ပေါ့။

## ပါရမီကုသိုလ်

မြတ်စွာဘုရားကျတော့ အဲလိုမဟုတ်ဘူးတဲ့။ အချိုးအစားကျတယ်တဲ့၊ ဘာဖြစ်လို့ ဒီလိုအချိုးအစားကျတဲ့ အရပ်အမောင်းနဲ့ ဒီလိုပြည့်စုံရသလဲဆိုရင် သူက အများကို ချီးမြှောက်တဲ့ နေရာမှာနော်။ အများကို မျှမျှတတ ကြည့်တတ်တယ်။ လိုက်လျောညီထွေကြည့်တတ်တယ်။ မှန်မှန်ကန်ကန် ကြည့်တတ်တယ်။ ဒီလူရဲ့တန်ဖိုးကို မှန်မှန်ကန်ကန် သိတတ်တယ်။ ဒီလူက ဒါနဲ့တန်တယ်။ ဟိုလူက ဆိုလိုတာ အခုခေတ်စကားပြောတာ ပိုပြီးတော့ ရှင်းပါတယ်။ "နွားထီးငါးကျပ် နွားမငါးကျပ်" ဒီလိုပြောတာမဟုတ်ဘူးနော်၊ အရည်အချင်းရှိရင်ရှိသလို ဒီလူက တော်ရင်တော်တယ်လို့ တော်တဲ့ပုဂ္ဂိုလ်ကို သိတယ်၊ အဲဒီလို ထူးခြားရင် အရည်အသွေးလိုက်ပြီးတော့ ချီးမြှောက်ထောက်ပံ့တတ်တယ်တဲ့။ ဒါက ဒီလူနဲ့တန်တယ်၊ ဒါက ဟိုလူနဲ့တန်တယ်လို့ တန်ရာတန်ရာကို ချီးမြှောက်ပေးတတ်တယ်လို့ ဒီလိုဆိုလိုတာနော်။ တန်ရာတန်ရာ မသိရင် လွဲလွဲမှားမှားတွေ ဖြစ်တာပေါ့။ အဲဒါကို ဗမာစကားကတော့ "နွားထီးငါးကျပ် နွားမငါးကျပ်"

လို့ ဒီလိုပြောကြတယ်နော်။ အကုန်လုံး ရောပြီးထားတယ်။ တန်ဖိုးကို မသိဘူးလို့ ဒီလိုဆိုလိုတာပေါ့။

အမှန်က အဲဒီစကားပြောမယ့်အစား ဘယ်လိုပြောရမှာ တုန်းဆိုတော့ "စိန်ပွင့်လဲတမတ်ပဲ၊ လမ်းဘေးကျောက်ခဲလည်း တမတ်"ပဲ၊ အဲဒီလိုပြောမှ ပိုကောင်းလိမ့်မယ်နော်။ လမ်းဘေး ကျောက်ခဲနဲ့ စိန်တစ်ပွင့်နဲ့ တူတူထားတယ်။ ထူးခြားတာ မသိဘူးလို့ဆိုလိုတယ်။ တန်ဖိုးမသိတာလို့ ပြောတာနော်။ အဲဒီလို တန်ဖိုးမသိတဲ့ အနေအထားမျိုး မဖြစ်ဘဲနဲ့တဲ့ လူတွေရဲ့တန်ဖိုး အရည်အချင်း တစ်ဦးနဲ့တစ်ဦး မတူတာ ထူးခြားချက်ကို သိတတ် တယ်တဲ့။ သိပြီးတော့ ချီးမြှောက်တတ်တယ်လို့ ဒီလိုဆိုလိုတာ။

အဲဒီမှာ ထူးခြားတဲ့ ပုဂ္ဂိုလ်ကို ထူးခြားသလို ချီးမြှောက် ထောက်ပံ့တတ်တဲ့ ကုသိုလ်ကောင်းမှုကို လုပ်တယ်လို့ ဒီလိုဆိုလို တာ။ အဲတော့ အားလုံးကို တန်းတူထားပြီးတော့ မလုပ်ဘူးလို့ ဆိုလိုတာ။ အဲလိုတန်းတူထားတာဟာ တစ်ခါတစ်ရံ ကောင်း ပေမယ့် တစ်ချို့နေရာမှာ မကောင်းဘူး။ ထူးခြားရင်လည်း ထူးခြားတဲ့ပုဂ္ဂိုလ်ကို မချီးမြှောက်နိုင်ဘူး၊ ထူးခြားတဲ့ ပုဂ္ဂိုလ်ကို ရွေးချယ်ပြီး မချီးမြှောက်ဘူးဆိုရင် ဒါအပြစ်တစ်ခုဖြစ်တယ်၊ အောင်မြင်မှုမရနိုင်ဘူး။ ဒီကိစ္စကလဲ တစ်ဦးနဲ့ တစ်ဦး တူတာမှ မဟုတ်တာ။

ရှေးတုန်းက **နေရူ** ဆိုတဲ့ ရွှေတောင်ကြီးတစ်တောင် ရှိတယ်၊ အဲဒီရွှေတောင်ထဲ ဝင်သွားလို့ရှိရင် ဘာငှက်ပဲဖြစ်ဖြစ် ရွှေရောင်တောက်သွားတယ်။ ရွှေက အရောင်ဟပ်ပြီး အရောင်တူဖြစ်သွားတယ်။ အရုပ်ဆိုးတဲ့ ငှက်ကလည်း အဲဒီမှာ ရွှေရောင်နဲ့ ရွှေငှက် ဖြစ်သွားတာပဲနော်။ ကျီးကန်းကလည်း ရွှေကျီးဖြစ်သွားတယ်။ အဲဒီရောက်တဲ့အခါ ဥဩကလည်း ရွှေဥဩ ဖြစ်သွားတယ်။ အဲတော့ အဲဒီလို ခွဲခြားမှုမရှိဘဲနဲ့ **နေရူ**ဆိုတဲ့ ရွှေတောင်ဆီရောက်သွားတဲ့အခါ အကုန် ရွှေတွေကြီး ဖြစ်တော့ ဒီလိုရောပြွမ်းသောပြမ်း ဖြစ်နေတာကို မကြိုက်တဲ့ ငှက်တွေက အဲဒီတောင်ကြီးကို စွန့်ခွာပြီးတော့ သွားကြတယ် ဆိုတာ ငါးရာ့ငါးဆယ်ထဲမှာ ပါတယ်လေ။

အဲတော့ ဘယ်အရာပဲဖြစ်ဖြစ် ထူးခြားမှု ကွဲပြားခြားနားမှု၊ ထူးချွန်တာကို ထူးချွန်တယ်လို့ အသိအမှတ်ပြုဖို့ဆိုတာ အင်မတန်မှ အရေးကြီးတယ်လို့ ဆိုလိုတာနော်။ ဟိုဟာလဲ တစ်မတ် ဒါလဲတစ်မတ်နဲ့ မဖြစ်သင့်ဖူးပေါ့နော်၊ တော်ရင်တော် သလို ချီးမြှောက်နိုင်ရမယ်လို့ ဒီလိုဆိုတာ။ အဲတော့ တော်ရင် တော်သလို ချီးမြှောက်ခြင်း၊ ထူးခြားတဲ့ ပုဂ္ဂလ ဝိသေသတွေကို သိရှိခွဲခြားပြီးတော့ ပူဇော်ခြင်းဆိုတဲ့ ဒီကုသိုလ်ကောင်းမှုကို ပြုလုပ်ခဲ့တဲ့ အတွက်ကြောင့် ဒီ ပါရမီပုံရိပ်အမှတ်တံဆိပ် (၂)ခု ပေါ်တာတဲ့။

## အကျိုးပေးပုံ

ကဲ- အဲဒီလိုဖြစ်တော့ ဘယ်လိုအကျိုးကျေးဇူးတွေ ခံစားရတုန်းလို့ဆိုတော့ သူက သူများကို ချီးမြှောက်ခဲ့တာ ဖြစ်သောကြောင့် ချီးမြှောက်ခဲ့တယ်ဆိုတာ ထောက်ပံ့တယ်။ လှူဒါန်းတယ်။ ဒါကြောင့် ဒါက ဒါနကောင်းမှုမျိုးပဲဖြစ်တယ်။ ဖြစ်လေရာဘဝမှာ သူက **အန္နော ဟောတိ မဟဒ္ဓနော** သိပ်ကြွယ်ဝတယ်။ အသုံးအဆောင်တွေ အင်မတန်မှ ချမ်းသာတယ်၊ ဆန်ရေစပါးပေါများတယ်။ လူဆိုရင် မြတ်စွာဘုရားဆိုလို့ရှိရင်နော် သူတော်ဥစ္စာ (၇)ဖြာတို့ သူများထက် ပိုပြီးပြည့်စုံတယ်၊ လောက ပစ္စည်းတွေလည်းပဲ ပြည့်စုံတယ်လို့ ဒီအကျိုးကျေးဇူးကို ရပါတယ်တဲ့ ဒီလိုဆိုတာပေါ့။

## (၁၇) ခန္ဓာကိုယ်ရဲ့ ကြံ့ခိုင်မှု

ဟော- နောက်တစ်ခု (၁၇) ခုမြောက် မဟာပုရိသလက္ခဏာ ပါရမီ ပုံရိပ်က ဘာတုန်းဆိုရင် **သီဟပုဗ္ဗဒ္ဓကာယ** ခန္ဓာကိုယ်ရဲ့ ကြံ့ခိုင်မှုလို့ ပြောလိုတဲ့ အဓိပ္ပာယ်နဲ့ တူပါတယ်။ တစ်ခါတလေ ဘာကိုဆိုလိုတယ်ဆိုတာ စာထဲမှာလဲ နားလည်ရခက်တာလေးတွေ ရှိတယ်နော်။ ပုံပြပြီးပြောနိုင်မှ ပိုနားလည်တာ၊ တစ်ချို့စာတွေဟာ ဘုန်းကြီးတို့ အဓိပ္ပါယ်မဖော်နိုင်သေးတာတွေ အများကြီးရှိတယ်။ စာပေထဲမှာ ပစ္စည်းနဲ့ ပတ်သက်

လာတဲ့ စကားလုံးတွေ၊ အခုခေတ်မှာ ရှိမှမရှိတာ၊ မရှိတဲ့အခါ ပုံပြထားတာမဟုတ်သည့်အတွက်ကြောင့် ဘာဆိုလိုမှန်းမသိဘူး။ အဲဒါမျိုးတွေကိုတော့ မသိနိုင်ဘူးပေါ့။ အခုလည်း **သီဟ ပုဗ္ဗဒ္ဓ ကာယ** ခြသေ့်ရဲ့ ရှေ့ပိုင်းကိုယ်၊ ခြသေ့်ရဲ့ ရှေ့ပိုင်းဆိုတာ နောက်ပိုင်းနဲ့ ရှေ့ပိုင်းကိုကြည့်လိုက်မယ်ဆိုရင် ရှေ့ပိုင်းက တုတ်ခိုင်တယ်၊ ခြသေ့်ကြီးတွေက ရှေ့ပိုင်းအားကောင်းတယ်ပေါ့၊ တုတ်တုတ်ခိုင်ခိုင်ကြီးတွေ ရှိတယ်ပေါ့။

အဲတော့ မြတ်စွာဘုရားရဲ့ ခန္ဓာကိုယ်ဟာလည်းပဲ **သီဟ ပုဗ္ဗဒ္ဓ ကာယ** ရှေ့ပိုင်း ခြသေ့်ခန္ဓာကိုယ်မျိုးလိုပဲ တုတ်ခိုင်တယ်၊ ကြံ့ခိုင်တယ်လို့။ ဒီလို ကြံ့ခိုင်တယ်ဆိုတော့ တုတ်တုတ်ကြီးလို့ ဒီလိုလည်းမအောက်မေ့လေနဲ့နော်။ ဒီကြံ့ခိုင်မှုနဲ့ ပတ်သက်ပြီး တော့ပြောတာ။ တခါတရံ ဒီဥပမာဆိုတဲ့ စကားက တစ်စိတ် တစ်ဒေသလေးတင် တူတာ။ ဥပမာဆိုတာ အကုန်တူလို့ရတာ မဟုတ်ဘူး။ ခြသေ့်နဲ့တူသော မြတ်စွာဘုရားဆိုလို့ရှိရင် အဲ ခြသေ့်ကြီးက အမြီးကြီးနဲ့ဥစ္စာပဲနော်၊ အဲ ခြသေ့်နဲ့တူတယ်ဆိုတာ အကုန်တူတာ ပြောတာမဟုတ်ဘူး။ ဘယ်လိုနေရာ တူတာတုန်း ဆိုရင် ခြသေ့်ကရဲရင့်တယ်၊ သတ္တိရှိတယ်။ မြတ်စွာဘုရား ကလည်း ရဲရင့်တယ်၊ သတ္တိရှိတယ်။ ဒီသတ္တိကလေးကိုပြောတာ။ ဒီပြင်ဟာတွေ တူတာမဟုတ်ဘူး။ ခြသေ့်နဲ့တူသော ဘုရားလို့ ပြောရင် ခြသေ့်ကတိရစ္ဆာန်၊ ဘုရားက တိရစ္ဆာန်မှ မဟုတ်တာ

နော်။ အဲတော့ တူတယ်ဆိုတဲ့ အဓိပ္ပာယ်လေးက ဒီ အရည် အချင်းတစ်ခုခုကို ရည်ညွှန်းပြီးတော့ပြောတာ။ ခြသေ့်မင်းကဲ့သို့ ရဲတင်းတယ်ဆိုတဲ့ အဓိပ္ပါယ်မျိုးကို ဒီလိုဆိုလိုတာ၊ ခြသေ့်နဲ့ တူတယ်ဆိုတာ။

အဲတော့ ဒီမှာလဲ **သီဟ ပုဗ္ဗဒ္ဓ ကာယ** မြတ်စွာဘုရား ခန္ဓာကိုယ် အကုန်လုံးဟာ ကြံ့ခိုင်တယ်။ ခြသေ့်ရဲ့ ရှေ့ပိုင်း ခန္ဓာ ကိုယ်ကြီး ကြံ့ခိုင်သလို မြတ်စွာဘုရားရဲ့ ကိုယ်တွေ လက်တွေ ခြေထောက်တွေဟာ ကြံ့ခိုင်တယ်လို့ ဒီလို အဓိပ္ပာယ်ယူရမယ်လို့ ထင်တယ်ပေါ့။ ဒီလိုအဓိပ္ပာယ်ယူမှ ပိုပြီးတော့ အဆင်ပြေ လောက်တယ်။ **သီဟ ပုဗ္ဗဒ္ဓ ကာယ** ဆိုတာ ဒါ ပါရမီပုံရိပ် အမှတ်တံဆိပ်တစ်ခုပဲ။

## (၁၈) ပြည့်ဖြိုးသည့်လက်ပြင်

ဟော နောက်တစ်ခုက ဘာတုန်းဆိုရင် **စိတန္တရံသ**။ **စိတန္တရံသ** ဆိုတာ လူတွေရဲ့ ပုခုံးနှစ်ဖက်ရဲ့နောက်ကျောဘက် မှာကြည့်လိုက် လက်ပြင်ဆိုတာရှိတယ်။ အဲဒီလက်ပြင်နှစ်ခု ကြားမှာ သာမာန်လူတွေမှာကျတော့ ဒီတောင်ကြားလွင်ပြင်ကြီး လိုပဲ ချိုင့်နေတတ်တယ်ပေါ့။ ကိုယ့်လက်ပြင်ကို စမ်းကြည့်ပေါ့ နော်။ ကျောရိုးနေရာမှာ ချိုင့်နေတတ်တယ်။ မြတ်စွာဘုရား ကျတော့ ဒီ မဟာပုရိသလက္ခဏာရတဲ့ ပုဂ္ဂိုလ်ကျတော့ လက်ပြင်

နှစ်ဘက်ကလည်း ပြည့်ဖြိုးနေတယ်တဲ့၊ ချိုင့်ကြီး ဖြစ်မနေဘူးလို့ ဆိုလိုတယ်နော်။ လက်ပြင်ရဲ့ နှစ်ခုအတွင်းကလည်း ပြည့်ပြည့် ဖြိုးဖြိုးဖြစ်တယ်လို့ ကြည့်လိုက်မယ်ဆိုလို့ရှိရင် ကျောကလည်း တပြင်တည်းလို အလယ်ခေါင်ကြီးချိုင့်ပြီးတော့ ကျောရိုးကြီး တွေနဲ့ ဒီလိုဖြစ်တာ မဟုတ်ဘူးလို့ ဆိုလိုတယ်။ ဒါကလည်းပဲ အမှတ်အသားတစ်ခုပဲတဲ့။

## (၁၉) လုံးဝန်းသောလည်တံ

နောက်တစ်ခုက **သမဝဋ္ဋက္ခန္ဓ** လည်ပင်းကလည်း လုံးနေ တာနော်။ ရွှေမရိုးစည်ကဲ့သို့ လည်ပင်းလေးက လုံးလုံးလေး အင်မတန်မှ လှတယ်လို့ ဒီလိုဆိုလိုတယ်နော်။ ဟိုတစ်ချို့ကျ တော့ ဗျိုင်းရဲ့လည်ပင်းလို ရှေ့ကော့ထွက်တာလည်းရှိသေးတယ်၊ အဲဒီလိုမဟုတ်ဘူးတဲ့၊ လည်ပင်းကလုံးလုံးလေး ရွှေမရိုးစည်ကဲ့သို့ လုံးနေတဲ့ လည်ပင်း လည်တံရှိတယ်။ ဒါက မဟာပုရိသ လက္ခဏာ (၃)မျိုး။

## ပါရမီကုသိုလ်

အဲဒီ မဟာပုရိသလက္ခဏာ (၃)မျိုးကို ဘယ်လိုကုသိုလ် ကောင်းမှုတွေလုပ်ခဲ့လို့ရသလဲ၊ ကုသိုလ်ကောင်းမှုက ဘာလဲလို့ ဆိုတဲ့အခါကျတော့ အများပုဂ္ဂိုလ်တွေရဲ့ ကောင်းကျိုးချမ်းသာ

နော်။ အခြေအနေကောင်းဖို့များ ပုဂ္ဂိုလ်တွေရဲ့ ကောင်းကျိုး ချမ်းသာကို လိုလိုလားလား ဆောင်ရွက်ခဲ့တယ်၊ ကြိုးစား အားထုတ်ခဲ့တယ်၊ သဒ္ဓါတရား မရှိသေးရင် သဒ္ဓါတရားတွေ ရှိလာအောင်၊ သီလ မရှိသေးရင် သီလရှိလာအောင်၊ သုတ မရှိသေးရင် သုတရှိလာအောင်၊ စာဂ မရှိသေးရင် စာဂရှိလာ အောင်၊ ပညာမရှိသေးရင် ပညာရှိလာအောင်လို့ဆိုပြီးတော့ ကောင်းကျိုးချမ်းသာဘက်က လူတွေကောင်းတဲ့ဘက်ကနေ တိုးတက်လာအောင် ကြိုးစားအားထုတ်တယ်၊ အများချမ်းသာဖို့ အတွက် ဆောင်ရွက်လုပ်ကိုင်ပေးတယ်တဲ့၊

နောက် ပစ္စည်းဥစ္စာတွေ ဘယ်လိုတိုးလာမယ်၊ ရွှေတွေ ငွေတွေ ဘယ်လို တိုးလာမယ်၊ အသုံးအဆောင် ပစ္စည်းတွေ ဘယ်လိုတိုးလာမယ်၊ တိုးတက်စေကြောင်း ကောင်းတဲ့အရာ တွေနဲ့ လူတွေရဲ့ အကျိုးစီးပွားကို ဆောင်ရွက် လုပ်ကိုင်ပေး တတ်တဲ့၊ အဲဒီ ဆောင်ရွက်လုပ်ကိုင်ပေးတဲ့ လူမှုအကျိုးပြု လုပ်ငန်း၊ ကောင်းတဲ့ဘက်ကနေ လူမှုအကျိုးပြုလုပ်ငန်းတွေကို လုပ်ခဲ့လို့ ဒီ ပါရမီကုသိုလ်ရဲ့ ပုံရိပ်တွေလာပြီးတော့ ထင်ပေါ် တာလို့ ဒီလိုဆိုတာနော်။

## အကျိုးပေးပုံ

အဲဒီလို ပုံရိပ်တွေ ပါရမီပုံရိပ်အမှတ်တံဆိပ်ပါတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုအကျိုးတွေရတုန်းဆိုလို့ရှိရင် သူဟာ ရထားတဲ့ စည်းစိမ်ဥစ္စာတွေက ဘယ်တော့မှ ဆုတ်ယုတ်ပြီးတော့ မသွားဘူးတဲ့။ ရထားတဲ့အတိုင်း ပြည့်ပြည့်ဝဝပဲ၊ ကိုယ်ပိုင်ပိုင်နိုင်နိုင်ပဲ ခံစားရတယ်ဆိုတဲ့ အကျိုးတစ်ခုကို ရပါတယ်။

မဟာပုရိသလက္ခဏာသုတ္တန်မှာ မြတ်စွာဘုရားက တစ်ခုစီ တစ်ခုစီ ဘယ်ကံလုပ်လို့ ဒီအမှတ်အသားကိုရတယ်၊ ဒီအမှတ်အသားကိုရတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းဟာ ဘယ်လို အကျိုးကျေးဇူးတွေကို ခံစားရတယ်၊ ဘယ်လိုအကျိုးရိပ်တွေ ပေါ်လာတယ်ဆိုတာကို ရှင်းပြထားတာ ဖြစ်တယ်။ အကြောင်းနဲ့အကျိုး ကံကြမ္မာတွေရဲ့ပုံရိပ်တွေ၊ ကုသိုလ်ကံတွေရဲ့ပုံရိပ်တွေ သို့မဟုတ် ပါရမီကုသိုလ်ရဲ့ ပုံရိပ်အမှတ်တံဆိပ်တွေဟာ သူ့ဟာသူ ထင်လာတာ မဟုတ်ဘူး။ အကြောင်းမဲ့ ထင်လာတာ မဟုတ်ဘူး။ ကောင်းမြတ်တဲ့ အကြောင်းတရားတွေကို ဆည်းပူးခြင်းကြောင့်သာလျှင် ဒီ ကောင်းမြတ်တဲ့ အကျိုးတရားတွေကိုရပြီး ကောင်းတဲ့ အကျိုးတွေကို ခံစားရခြင်းဖြစ်တယ်လို့ ဒီလိုမှတ်သားနာယူကြပြီး အခုလို အသိဉာဏ်ရရှိတဲ့ဘဝမှာ မိမိတို့ရဲ့သန္တာန်မှာ ပါရမီကုသိုလ်တွေဖြစ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

# ပါရမီပုံရိပ် အမှတ်တံဆိပ်များ
## အပိုင်း(၄)

သာသနာတော်နှစ် ၂၅၅၅-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆-ရက်၊ ၂၀၁၁ -ခုနှစ်၊ ဖေဖော်ဝါရီလ၁၃-ရက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာဇံမြို့နယ် သကျသီဟဘုရား ဝေဇယန္တာမဟာဗန္ဓုလဓမ္မာရုံ ဓမ္မဗိမာန်တော်ကြီးအတွင်း၌ ဆင်ယင်ကျင်းပ ပြုလုပ်အပ်သော ရတနာလူငယ် မြတ်ဗုဒ္ဓတရား ဒေသနာတော်ပြန့်ပွားရေးအဖွဲ့ တရားစာအုပ် တရားတိတ်ခွေ ဓမ္မဒါနကုသိုလ်လုပ်ငန်း (၅)-နှစ်ပြည့် အထိမ်းအမှတ် တရားတော်ကို ပူဇော်ခြင်း အထူးဓမ္မသဘင် အခမ်းအနား၌ မိခင်ကြီး ဒေါ်သောင်းစိန်အား ရည်စူး၍ ဦးညိုဝင်း+ဒေါ်သန်းတင် သားသမီးမြေးတစ်စုတို့၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"ပါရမီပုံရိပ် အမှတ်တံဆိပ်များ"** အပိုင်း(၄) **တရားဒေသနာတော်။**

မြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေရဲ့လုပ်ငန်းဖြစ်လို့ ကုသိုလ်ကောင်းမှုကို ပါရမီလို့။ မြင့်မြတ်တယ်ဆိုတာ စိတ်ဓာတ်အားဖြင့်လည်း မြင့်မြတ်တယ်။ ဆန္ဒအားဖြင့်လည်း မြင့်မြတ်တယ်။ လုံ့လဝီရိယ

အားဖြင့်လည်း မြင့်မြတ်တယ်။ အသိဉာဏ်အားဖြင့်လည်း မြင့်မြတ်တယ်။ အဲဒီလို **"ဆန္ဒ ဝီရိယ စိတ္တ ဝီမံသ"** လို့ဆိုတဲ့ မြင့်မြတ်တဲ့ သဘောထားတွေနဲ့ ဆောင်ရွက်လုပ်ကိုင်ရတဲ့ ကုသိုလ်ကောင်းမှုတွေကို ပါရမီကုသိုလ်။ အဲဒီ ပါရမီကုသိုလ် ပြုလုပ်ခဲ့ကြလို့ ထူးချွန်တဲ့ ပါရမီကုသိုလ်ရှိတဲ့ ပုဂ္ဂိုလ်သူမြတ်တွေမှာ ထိုပါရမီကုသိုလ်ရဲ့ အရိပ်အယောင် အမှတ်တံဆိပ်တွေဟာ ပေါ်ထွန်းလာမြဲဖြစ်တယ်တဲ့။

ဒါကြောင့်မို့လို့ ကိုယ်လုပ်ခဲ့တဲ့အရာဟာ ကိုယ့်သန္တာန်မှာ ထင်ထင်ရှားရှား ပေါ်တာရှိတယ်၊ မထင်မရှား ပေါ်တာလည်း ရှိတယ်ပေါ့။ ကုသိုလ်ကောင်းမှုကို မထင်မရှား လုပ်လို့ရှိရင် မထင်မရှားပဲ အကျိုးပေးတယ်ပေါ့နော်။ ထင်ထင်ရှားရှား ထူးထူးချွန်ချွန်လုပ်ရင်တော့လည်း ထူးထူးချွန်ချွန် ထိုကုသိုလ်ရဲ့ ပုံရိပ်တွေဟာ သတ္တဝါတွေရဲ့သန္တာန်မှာ ပေါ်လွင်ထင်ရှားလာတတ်တယ်လို့ ဒီလိုဆိုတာပေါ့။

စကြဝတေးမင်းတို့လို၊ ဘုရားဖြစ်မယ့် ဘုရားအလောင်းတို့လို နောင်ဆုံးဘဝမှာ ဘုရားဖြစ်တော့မယ့် ဘဝမှာဆိုရင် ဒီပါရမီပုံရိပ် အမှတ်တံဆိပ်တွေဟာ ပြည့်ပြည့်စုံစုံကြီး ပေါ်ထွန်းပြီးတော့နေတယ်။ အဲဒီပေါ်ထွန်းနေတဲ့အကြောင်းကို မဟာပုရိသ လက္ခဏာလို့ဆိုတဲ့ ဗေဒကျမ်းဂန် တွေမှာ ပြည့်ပြည့်စုံစုံ ရေးထားတယ်။

သို့သော် သူတို့ဖော်မပြနိုင်တာက ဒီလက္ခဏာတွေဟာ ဘာကြောင့်ပေါ်တယ်ဆိုတဲ့ ကုသိုလ်ကံကိုတော့ မဖော်ပြနိုင်ဘူး။ အဲဒီကံတရားကို ဖော်ထုတ်ပြီး မြတ်စွာဘုရားက ဒီလက္ခဏာသုတ်မှာ ဟောထားတာဖြစ်တယ်။ အကြောင်း ပါရမီကုသိုလ်နဲ့ ကုသိုလ်ရဲ့ဖြစ်ပေါ်လာတဲ့အကျိုးတရား ပြည့်ပြည့်ဝဝ ဖော်ပြထားတာကို မှတ်သားနာယူကြရတဲ့အခါမှာ ကုသိုလ်ကောင်းမှု ပြုလုပ်ဖို့ရန် စိတ်အားတွေ ရရှိလာနိုင်တယ်ပေါ့။ စိတ်အားတွေ ရရှိလာပြီးတော့ ကုသိုလ်ကောင်းမှုတွေ လုပ်ဖြစ်သွားရင် ကိုယ့်သန္တာန်မှာလည်းပဲ ပါရမီကုသိုလ်တွေဖြစ်လို့ ပါရမီပုံရိပ် အမှတ်တံဆိပ်တွေဟာ ပေါ်ထွန်းလာမှာပဲ ဖြစ်တယ်ပေါ့။

## (၂၀) ထူးခြားသော ရသာကြော

ဒီကနေ့ ထူးခြားတဲ့ပါရမီကုသိုလ်က နံပါတ်(၂၀)ဖြစ်တယ်။ ပါဠိလို **'ရသဂ္ဂသဂ္ဂိတာ'**။ ခေါ်ရတာတော့ နည်းနည်းခက်တယ်၊ **'ရသဂ္ဂသဂ္ဂိတာ'**ဆိုတာ လူတွေရဲ့ခန္ဓာကိုယ်မှာ **'အရသာကြော'** ဆိုတာ အားလုံးကြားဖူးလိမ့်မယ်။ အင်မတန်ကောင်းတဲ့ အစာတစ်ခုကို စားလိုက်ရင် ရသာကြောပေါင်းတစ်ထောင် ဆိမ့်သွားတယ်ဆိုတာ ကြားဖူးလိမ့်မယ်။ အဲဒီ ရသာကြောဟာလည်းပဲ လူတိုင်းမှာ ကောင်းတာမဟုတ်ဘူး။ ပါရမီကုသိုလ်ထူးရှိတဲ့ပုဂ္ဂိုလ်

တွေကျတော့ သူများနဲ့မတူဘူး။ ရသာကြောတွေက အင်မတန်မှ ထက်ထက်မြက်မြက် ရှိတယ်။ ခုခေတ်တော့ အာရုံကြောလို့ ခေါ်မလားမသိဘူးနော်။ အရသာခံတဲ့အကြောဟာ သူများနဲ့ မတူဘူးတဲ့။ တစ်ကိုယ်လုံး အနှံ့အပြား လူ့ရဲ့ခန္ဓာကိုယ်မှာ သွေးသားတွေ အားဖြည့်ပေးနိုင်တဲ့၊ သယ်ဆောင်သွားနိုင်တဲ့ ရသာကြောတွေ။ အဲဒီအကြောတွေဟာ သူများထက် ထူးချွန်ပြီး တော့ သူများထက် ကောင်းနေတယ်။

အဲဒီတော့ ဘုရားအလောင်းတွေရဲ့ သန္တာန်မှာရှိတဲ့ ရသာကြောတွေဟာ သူများတွေထက် ပိုထက်ထက်မြက်မြက်ရှိတယ်။ ခန္ဓာကိုယ်တစ်ခုလုံးကို စားလိုက်တဲ့အစာအာဟာရ အရသာဟာ ဆောင်ကြဉ်းသွားတယ်၊ ခန္ဓာကိုယ်ရဲ့ ကျန်းမာမှု သန်စွမ်းမှု ဆိုတာတွေကို ဖြစ်ပေါ်စေတယ်။ ရသာကြော ညံ့တဲ့ပုဂ္ဂိုလ် ကျတော့ ဘာလေး စားလိုက်စားလိုက် အရသာမရှိဘူး၊ အရသာ မရှိဘူးနဲ့ ဖြစ်ကြတယ်ပေါ့နော်။ အဲဒီတော့ အသက်ကြီးလာရင် ပိုဆိုးတယ်။ ငယ်ငယ်တုန်းက အရသာရှိသော်လည်း ကြီးတဲ့အခါ အရသာမရှိဘူးဆိုတာဖြစ်တယ်။ တစ်ဦးနဲ့တစ်ဦး အရသာရှိကြ တာချင်း မတူဘူး။ ဒါကြောင့်မို့ ဒီ အရသာကောင်းတဲ့ပုဂ္ဂိုလ် တွေကျတော့ 'တို့ကတော့ ဘာနဲ့စားစား မြိန်တယ်'လို့ ပြောကြ တယ်နော်။ ဒါအရသာကြောတွေ ကောင်းမြတ်တဲ့ပုဂ္ဂိုလ်တွေရဲ့

စကား ဖြစ်လိမ့်မယ်။ အဲ တချို့ကျတော့လည်း ဘာစားစား ခံတွင်း မလိုက်ပါဘူးနဲ့ ဒီလိုဖြစ်တယ်။

အဲဒီလို တစ်ဦးနဲ့တစ်ဦး မတူညီတဲ့ သဘောလေးတွေ ရှိတာပေါ့။ ဒီအရသာကြောတွေက ကံကြမ္မာ ဖန်တီးထားတာ ဖြစ်သည့်အတွက် လူတွေရဲ့သန္တာန်မှာ မွေးကတည်းက ပါလာတဲ့ အရသာကြောတွေ။ အဲဒီ အရသာကြောတွေနဲ့ ပတ်သက်လာတဲ့ အခါကျတော့ အရသာကို ဆောင်ယူသွားနိုင်တဲ့ အရသာကြော တွေ။ ကံကြမ္မာပေးလို့ အရသာကြောရှိတဲ့ပုဂ္ဂိုလ်၊ ဘာလေး စားလိုက်စားလိုက် တစ်ကိုယ်လုံးကို ဆိမ့်သွားလောက်အောင် ကောင်းတယ်ပေါ့။ ဒီလိုဆိုလိုတာပေါ့နော်။ အဲဒီမှာ '**ရသဂ္ဂသဂ္ဂိ ဟောတိ**'။ ဒီ ပါရမီကုသိုလ်ပုံရိပ် အမှတ်တံဆိပ်တစ်ခုက အရသာခံတဲ့အကြောတွေက အင်မတန်မှ ကောင်းတယ်တဲ့။ နှမ်းစေ့ကလေး တစ်စေ့လောက် လျှာပေါ်တင်လိုက်တာနဲ့ အစာ အာဟာရဟာ အဲလောက်လေး ဖြစ်ပေမယ့်လို့ ခန္ဓာကိုယ် တစ်ခုလုံးကို ပျံ့နှံ့သွားစေလောက်အောင် စွမ်းရည်သတ္တိရှိတယ် လို့ ရသာကြောရဲ့သယ်ဆောင်မှု စွမ်းရည်သတ္တိဟာ အင်မတန်မှ ကောင်းတယ်လို့။ ထူးခြားတဲ့ ပါရမီရှင်တွေမှာ ဒီအရသာကြော တည်ဆောက်ထားမှုက အင်မတန်မှကောင်းတယ်။ ဒီလိုဆိုလို တာ။

အဲဒီတော့ လူပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းဟာ ဒီအကျိုးကိုတော့ ရမှာမဟုတ်ဘူး။ ကုသိုလ်ကောင်းမှု ရှိခဲ့တဲ့ ပုဂ္ဂိုလ်မှ ဘာလေးစားလိုက်စားလိုက် အရသာရှိလိုက်တာလို့နော်။ တချို့ကျတော့ အရသာခံလို့မရလို့ ချဉ်စုပ်နေတာတွေ ကြုံကြိုက်တယ်၊ စပ်နေတာတွေ တအားစပ်တာတွေစားမှ အတော်ရတာ။ အဲ အရသာကြောကောင်းတဲ့ ပုဂ္ဂိုလ်ကျတော့ နည်းနည်းလေး လျှာပေါ်တင်လိုက်တာနဲ့ အရသာက ပီပီပြင်ပြင်ရှိတယ်။ ဒီ အစိပ္ပာယ်မျိုးကို ပြောတာနော်။

အရသာကြောတွေရဲ့ နေ့စဉ်သုံးတဲ့ အစာအာဟာရရဲ့ အရသာကို တစ်ကိုယ်လုံး ပျံ့နှံ့အောင် ဆောင်သွားနိုင်တဲ့ ဒီ အရသာကြောတွေ ဘယ်လိုကုသိုလ်မျိုးကြောင့် အခုလို ထူးခြားတဲ့ ကောင်းမြတ်တဲ့ အရသာကြောမျိုးကို ရတာလဲ။ ဘာကြောင့် စားသမျှ အစာအာဟာရတွေ အရသာရှိနေတာလဲဆိုတာ ဒါ အင်မတန်မှထူးတဲ့ ကုသိုလ်ကောင်းမှုကြောင့် ရတာတဲ့။

အဲဒီကုသိုလ်ကတော့ ဘာကုသိုလ်တုန်းလို့ဆိုရင် အစာအာဟာရလှူခဲ့တာနဲ့ မသက်ဆိုင်ဘူး။ ခန္ဓာကိုယ်မှာ အင်မတန်မှ ထူးခြားတဲ့ အရသာကြောတွေ ပေါ်လွင်နေတာဟာ တခြား မဟုတ်ဘူးတဲ့။ ဘယ်သူ့ကိုမှ လက်နဲ့လည်း မရိုက်ဘူး၊ တုတ်နဲ့လည်း မရိုက်ဘူး၊ ဓားနဲ့လည်း မခုတ်ဘူး။ ဘယ်သတ္တဝါကိုမှ ကိုယ့်လက် ကိုယ့်လက်နက်နဲ့ ဒုက္ခရောက်အောင်မလုပ်ဘူးတဲ့။

ဒါကြောင့်မို့လို့ ခန္ဓာကိုယ်မှာရှိတဲ့ အရသာကြောတွေဟာ အင်မတန်မှ ထက်မြက်ပြီး ကောင်းမွန်နေတာ။ သူများကို ရိုက်လိုက်တဲ့အခါကျတော့ အရသာက ပျက်ပျက်သွားတာနော်။ သူများကို လက်သီးနဲ့ထိုးတယ်၊ လက်နဲ့ရိုက်တယ်၊ တုတ်နဲ့ ရိုက်တယ်၊ ဓားနဲ့ခုတ်တယ်။ သတ္တဝါတွေကို ဒီလို ညှဉ်းဆဲခဲ့တဲ့ ပုဂ္ဂိုလ်ဟာ ဘာလေးစားလိုက်စားလိုက် အရသာမရှိဖြစ်တယ်၊ ဒီလို ဖြစ်တတ်တယ်။ ရိုက်တာ နှက်တာတွေက မကောင်းတဲ့ အရသာတွေကို ဖြစ်ပေါ်စေတတ်တာ ဖြစ်သောကြောင့် သူ့မှာ လည်းပဲ အရသာခံနိုင်တဲ့ စွမ်းအားမရှိအောင် ကံကြမ္မာက ဖန်တီးတဲ့သဘောပေါ့။

အေး- ပါရမီကုသိုလ်တွေ ဆည်းပူးအားထုတ်တဲ့ ပုဂ္ဂိုလ်တွေကျတော့ ဘယ်ပုဂ္ဂိုလ်ကိုမှ ညှဉ်းဆဲတာတွေ မလုပ်ဘူးတဲ့။ ဘယ်သတ္တဝါကိုမှ မညှဉ်းဆဲဘူး။ ကိုယ့်လက်နဲ့ ဘယ်သူ့ကိုမှ ရိုက်နှက်ပုတ်ခတ်ခြင်းမလုပ်ဘဲနဲ့ ထူးထူးခြားခြား ရှောင်ကြဉ်ခဲ့တဲ့ ဒီပါရမီကုသိုလ်ဟာ ရသာကြောတွေ ကောင်းခြင်းရဲ့ အကြောင်းရင်းတစ်ခု ဖြစ်ပါတယ်။ ဒီလိုဆိုတာနော်။ အရသာကြောတွေ ကောင်းတယ်။

## ပါရမီကုသိုလ်

ဒါဖြင့် ဒီအရသာကြောတွေ ကောင်းတာဟာ ဘယ်လို အကျိုးကျေးဇူးတွေ ရနိုင်သလဲ။ သတ္တဝါတွေကို မညှဉ်းဆဲဘူး၊ ဘယ်သူ့ကိုမှ ဒုက္ခရောက်အောင် ကိုယ့်လက်နဲ့ ရိုက်တာနှက်တာ မလုပ်ဘူး ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်လို အကျိုးရတုန်းဆို အပ္ပါဗာဓ– ရောဂါကင်းတယ်တဲ့။ သူ့မှာ အာဗာဓဆိုတဲ့ ရောဂါ မျိုး မရှိဘူးတဲ့။ အာဗာဓ ဆိုတာ ဘာပြောတာတုန်း၊ ခေါင်းမကိုက် ခေါင်းမခဲဘူး သွားမနာဘူး ခါးမအောင့်ဘူး ဗိုက်မအောင့်ဘူး။ ခန္ဓာကိုယ်မှာ ခံရခက်တဲ့ ရောဂါဝေဒနာ ဟိုနားကနာ ဒီနားကနာ ဒီလို ရောဂါဝေဒနာမျိုးတွေ သူ့မှာ မရှိဘူးတဲ့။ ခန္ဓာကိုယ် ရထား ပေမယ့် တစ်ယောက်နဲ့တစ်ယောက် မတူဘူးလေ။ တစ်ချိန် တုန်းက သတ္တဝါတွေကို ညှဉ်းဆဲခဲ့တဲ့ ပုဂ္ဂိုလ်ဟာ ဟိုနားက နာလိုက် ဒီနားက နာလိုက်နဲ့ မျက်နှာကို ရှုံ့မဲ့နေအောင် နာနေ တာ။ ကျန်းမာတယ်လို့ မရှိဘူး။ ဒီလို ဖြစ်တတ်တယ်တဲ့။ အဲဒီလို မလုပ်ဘဲနဲ့ မေတ္တာထားပြီးတော့ အများကို အဲဒီလို မလုပ်ခဲ့ဘူး ဆိုလို့ရှိရင် ကိုယ်လည်း ဒုက္ခမရောက်ဘူး။ ဒီကုသိုလ်က နည်းတဲ့ ကုသိုလ် မဟုတ်ဘူးနော်။ သတ္တဝါတွေ ကိုယ့်လက်နဲ့ ဘယ်သူ့မှ မရိုက်ဘူးဆိုတာ ရှိကောင်းရှိမယ်။ ကိုယ့်လက်နဲ့ ဘယ်သူ့ကိုမှ ပုတ်ခတ်ခြင်း ရိုက်နှက်ခြင်း မလုပ်ဘူးတဲ့။ မလုပ်ဘူး ဆိုလို့ရှိရင် ဒီကုသိုလ်တွေ ဆည်းပူးအားထုတ်ရာရောက်တယ်။

အဲ ဘုန်းကြီးတို့တော့ ငယ်ငယ်တုန်းကလည်း ကိုယ့်လည်း အရိုက်ခံရတယ်။ ဘုန်းကြီးဆိုတာ တော်တော်အရိုက်သန်တယ်လို့ ပြောကြတယ်။ ဘာဖြစ်လို့ ရိုက်တာတုန်းဆိုတော့ ဘုန်းကြီးမှာက တပည့်တွေက များတာကိုး။ များတာဆိုတော့ ကြိမ်လုံးလေး ပြထားမှ တပည့်ကလည်းငြိမ်တာ။ အဲဒါကြောင့်မို့ ဘုန်းကြီးတွေ ပိုပြီးတော့ အရိုက်သန်တယ်လို့ ပြောကြတယ်။ အရိုက်သန်တာမှ ဘယ်လောက်ထိအောင် ရိုက်တုန်းလို့ဆိုရင် ရွာထဲမှာ ဘုန်းကြီးကျောင်းကထွက်လို့ အိမ်ထောင်ကျပြီး သားသမီးတွေရတဲ့လူတောင်မှ တစ်ခါတစ်ခါ ဘုန်းကြီးက ခေါ်ရိုက်သေးတယ်တဲ့။ အဲလောက်ထိအောင်အရိုက်သန်တယ်။ အဲဒီတော့ ဘုန်းကြီးတွေတော့ အရသာကြော ပျက်စီးနေမှာ သေချာတယ်။

ကိုယ်လည်း ငယ်ငယ်က အရိုက်ခံထားရတော့ ကိုယ့်အလှည့်ကျတော့လည်း ရိုက်တာပဲ။ အဲဒါမျိုးတွေ စောစောစီးစီးက ဒါတွေ သိထားရင်တော့ မရိုက်ပါဘူး။ သိတာ နောက်ကျသွားတာနော်။ ဘုန်းကြီးဆိုတာ ရိုက်ရတယ်လို့ အောက်မေ့နေတာ။ ရိုက်မှ ဘုန်းကြီးလို့ ထင်တာကိုးနော်။ အဲဒီလိုဖြစ်တယ်။ အေး သူတစ်ပါးကို မရိုက်မနှက် မညှင်းဆဲဘူးဆိုလို့ရှိရင် ရသာကြောတွေ ကောင်းပြီးတော့ ကျန်းမာတယ်တဲ့။ ကျန်းမာတဲ့ အကျိုး။ အာဗာဓဆိုတဲ့ ရောဂါက ဒီနာကျင်ခက်ခဲပြီးတော့

မလှုပ်ရှားနိုင်လောက်အောင် ခန္ဓာကိုယ်ကြီး တင်းကျပ်ပြီးတော့ နေတဲ့ ရောဂါက အာဗာဓလို့ ခေါ်တယ်။

နောက်ရောဂါတစ်မျိုးက **'အပ္ပါတင်္က'** အာတင်္ကလို့ ခေါ်တယ်။ အာတင်္ကဆိုတာကျတော့ ဘာကြောင့် အာတင်္က ခေါ်တုန်းဆို အသက်မွေးဖို့ရာအတွက် အလုပ်လုပ်စားဖို့ခက်တဲ့ ရောဂါမျိုး။ အသက်မွေးဝမ်းကျောင်းအတွက် ခက်ခဲတဲ့ရောဂါ။ လူက နေမကောင်းနေတာလည်း မဟုတ်ဘူး။ ဒီ တရှောင်ရှောင် နဲ့ ဒူလာမြစ်ခြောက်ရောဂါမျိုး။ မီးယပ်ပိန် မီးယပ်ခြောက်လိုက်တဲ့ ရောဂါမျိုး။ ခုခေတ်ဆိုလို့ရှိရင်တော့ သွေးတိုးတို့ ဆီးချိုတို့ လေးဘက်နာတို့ ဂေါက်တို့ arthritic တို့ rheumatism တို့ ဒါမျိုး တွေ နေမှာပေ့ါ။ လုပ်ကိုင်စားသောက်ဖို့ တော်တော်ခက်တယ်။ နှလုံးရောဂါတို့ နှလုံးသွေးကြောကျဉ်းတာတို့ နှလုံးသွေးကြော ပိတ်တာတို့။ နည်းနည်းလေး မလှုပ်လိုက်နဲ့ လှုပ်ရင်မောတာ။ လုပ်ကိုင်စားသောက်ဖို့ အင်မတန်မှ ခက်သွားပြီ။ အလုပ်လုပ်ဖို့ အင်မတန်မှ ခက်သွားပြီ။ တရှောင်ရှောင်နဲ့နေရတဲ့ရောဂါမျိုးတဲ့။ အဲဒီ ရောဂါမျိုးလည်း မဖြစ်ဘူးတဲ့။ ဆိုလိုတာကတော့ ကျန်းမာ တယ်။

အာဗာဓဆိုတဲ့ နာကျင်ကိုက်ခဲတဲ့ရောဂါမျိုးလည်း မရှိဘူး။ အာတင်္ကလို့ဆိုတဲ့ အသက်မွေးဝမ်းကြောင်း လုပ်ကိုင်စားသောက် ဖို့ ခက်ခဲတဲ့ ရောဂါမျိုးလည်း မရှိဘူးတဲ့။ မရှိရုံတင်မကဘူး

**သမဝေပါကိနိယာ ဂဟာဏိယာ** –လူတွေမှာ အရေးကြီးဆုံးက ဝမ်းမီးလို့ ခေါ်တယ်။ ဘာပြုလို့တုန်းဆိုတော့ စားသမျှ အစာ အာဟာရတွေ ဝမ်းမီးက ချက်ရတာနော်။ အဲဒီ အစာတွေက မျှမျှတတ ကြေညက်မှ ခန္ဓာကိုယ်မှာ သွေးသားတွေ ဖြစ်တာကိုး။ စားလိုက်တဲ့အစာက တိုက်ရိုက်ဖြစ်တာမှမဟုတ်တာ။ စားလိုက်တဲ့ အစာတွေက အစာအိမ်ထဲရောက်၊ အစာအိမ်ထဲမှာ ပါစက တေဇောက ချက်ပြီးတော့ ခန္ဓာကိုယ်ထဲမှာ အစာကြေချက်တဲ့ အင်္ဂါရပ်တွေကနေ သန့်စင်ပြီး ပေးလိုက်တဲ့အခါမှာ သွေးတွေ သားတွေ အင်အားတွေ ဒီလိုဖြစ်လာတာကိုး။ ခန္ဓာကိုယ် တစ်ခုလုံး အနှံ့အပြား ဒီလိုဖြစ်ရတယ်။ အဲဒီတော့ ဝမ်းမီးမကောင်းဘူးဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဝမ်းမီးညံ့နေလို့ရှိရင်လည်း ခဏခဏ "တအေ့အေ့" နဲ့ လေချဉ်တွေ တက်နေပြီးတော့ အစာမကြေဘူး။ ဝမ်းမီးသိပ်ကောင်းနေလို့ ရှိရင်လည်း ခဏခဏစားရတာ။ ကြာတော့ ဘယ်သူကမှ မသဒ္ဓါဘူး။ အစားကြီးလွန်းအားကြီးလို့။

အဲဒီတော့ ဝမ်းမီး သိပ်ကောင်းလွန်းနေရင်လည်း ကျန်းမာရေး ထိခိုက်တယ်။ ခဏခဏစားတော့ မတည့်တာတွေ စားမိ။ ဗိုက်ထဲမကောင်းတာတွေရောက်နော်။ ဝမ်းမီး သိပ်ညံ့လွန်းအားကြီးရင်လည်း အစာမကြေဘူးတဲ့။ ဝမ်းမီးဟာ အနေတော်လေး ကြေချိန်တန်ကြေတယ်။ ကျက်ချိန်တန်ကျက်တယ်။ အနေတော်လေးစားပြီးတော့ လုပ်ကိုင်စားသောက်ဖို့ အင်အား

တွေ ပြည့်နေတာ။ စားသောက်ပြီး တမှေးလောက် မှေးလိုက်တာနဲ့ သူက ပြန်ပြီးတော့ charging ပြန်ဝင်သွားတဲ့ဟာမျိုးပေါ့။ အစာလေးက ကြေပြီးတော့ ဒုက္ခမပေးတော့ဘူး။ အဲလိုဝမ်းမီးမျိုးကို ပြောတာ။ **သမဝေပါကိနိယာ**– မျှမျှတတ အစာကို ကြေညက်စေနိုင်တဲ့၊ **နာတိသီတာယ** – မအေးလွန်းတဲ့၊ **နာစ္စုဏှာယ**– မပူလွန်းတဲ့၊ **ဂဟဏိယာ သမန္နာဂတော** တဲ့ ဝမ်းမီးရှိတယ်။ ဒါက ကမ္မဇတေဇောလို့ခေါ်တယ်။ ကံက ပေးတာ၊ လူလုပ်လို့မရဘူး။ တချို့ကတော့ အစာကြေဆေး အစာကြေဆေးဆိုပြီးတော့ သောက်တာ၊ အပေါ်ယံတော့ ရကောင်းရမှာပေါ့နော်။ အစာကြေဆေးနဲ့ အစာကြေအောင်လို့ ဆိုပြီးတော့ ကူညီပေးတာမျိုးတော့ရှိမယ်။

သို့သော် သဘာဝက လုပ်ထားသလောက် မကောင်းဘူး။ အစာအိမ်ကောင်းနေပြီ ဆိုလို့ရှိရင် စားသမျှအစာတွေဟာ ကြေညက်ပြီးတော့ အဆီဩဇာတွေ ဖြစ်တယ်တဲ့။ အဆီဩဇာတွေဖြစ်တော့ ဘာဖြစ်တုန်းဆို ကျန်းမာတာပေါ့။ အလုပ်လုပ်နိုင်တယ်တဲ့။ '**ပဓာနက္ခမာယ**' ကမ္မဋ္ဌာန်းအားထုတ်တာပဲဖြစ်ဖြစ် တခြားအလုပ်တွေ လုပ်တာပဲဖြစ်ဖြစ် လုပ်နိုင်တယ်။

အစာမကြေဘူးဆိုတာ ရောဂါအားလုံးကို ဖိတ်ခေါ်တာနဲ့ အတူတူပဲ။ အစာမကြေတဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ စားလိုက်တဲ့ အစာတွေက ဗိုက်ထဲရောက်ရင်အဆိပ်ဖြစ်ကုန်တယ်။ ဒါကြောင့်

မို့ ဆေးကျမ်းထဲမှာ စကားလေးတစ်ခု မှတ်သားဖူးတယ်ပေါ့။ **'ရောဂမူလံ အဇီဏ္ဏကံ'** တဲ့။ **အဇီဏ္ဏက** ဆိုတာ အစာမကြေတာ။ အစာမကြေခြင်းသည်၊ **ရောဂမူလံ**–ရောဂါဖြစ်ခြင်း၏အကြောင်း ပဲတဲ့။ ဒါ ဆေးကျမ်းတွေ ဖတ်ဖူးတဲ့လူတွေ တွေ့ပါလိမ့်မယ်။ ဗိန္ဓောဆရာကိုသွားမေး ပြောလိမ့်မယ်နော်။ **'ရောဂမူလံ အဇီဏ္ဏကံ'** အစာမကြေခြင်းဟာ ရောဂါအားလုံးကို ဖိတ်ခေါ်တာနဲ့ အတူတူပဲ။ ရောဂါအားလုံးရဲ့ အကြောင်းရင်းဖြစ်တယ်လို့ ဒီလိုဆိုလိုတာ။ ဒါကြောင့်မို့ ဝမ်းမီးကောင်းပြီးတော့ မျှမျှတတ ရှိတဲ့ပုဂ္ဂိုလ်ဟာ အစာမကြေစရာ အကြောင်းမရှိဘူး။ သူက ကြေညက်တယ်။

ဒါကြောင့်မို့ ကျန်းမာဖို့အတွက် မြတ်စွာဘုရားက ရဟန်းတွေကို ဆုံးမဩဝါဒ ပေးထားတဲ့ အထဲမယ် ပါတယ်။ **သပ္ပါယဘောဇီ–** ကိုယ်နဲ့တည့်တာလေး စားပါတဲ့။ **သပ္ပါယေ မတ္တကာရီ–** တည့်ရင်လည်း နင်းကန်မစားနဲ့၊ အတိုင်းအတာနဲ့ စားပါ။ နောက်တစ်ခုက **ပရိဏတဘောဇီ–** အစာကြေလွယ်တဲ့ အစာမျိုးကို စားပါတဲ့။ ဒါရွေးချယ်ပြီး စားသောက်ဖို့ အားလုံး အတွက် ညွှန်ကြားတာ၊ ကျန်းမာရေးအတွက် လမ်းညွှန်ချက်ပေါ့။ အစာကြေခဲတဲ့ အစာမျိုးကို မစားရဘူးတဲ့။ အစာကြေခဲတဲ့ အစာကိုစားလို့ရှိရင် ရောဂါဖြစ်တယ်။ ဒါကြောင့်မို့ အစာကြေ လွယ်တဲ့ အစာမျိုးကိုစားပါ။ တည့်တဲ့အစာကို စားပါ။ တည့်တဲ့

အစာပင် ဖြစ်သော်လည်း အတိုင်းအတာတစ်ခုနဲ့ စားပါတဲ့ ဒီလိုဆိုလိုတာ။ ဘယ်အစာပဲဖြစ်ဖြစ် တည့်တယ်ဆိုပြီးတော့ နင်းကန်စားလို့ရှိရင် အန္တရာယ်ဖြစ်တာပဲပေါ့။

အေး ဒါကြောင့်မို့ ဒီပါရမီပုံရိပ် အမှတ်တံဆိပ်ဆိုတဲ့ ဒီ ရသာကြောကောင်းတဲ့ပုဂ္ဂိုလ်ကျတော့ သူက ကုသိုလ်ကောင်းမှု တွေ လုပ်ခဲ့သည့်အတွက်ကြောင့် စားသမျှအစာတွေဟာလည်း ကြေတယ်၊ ဝမ်းမီးကောင်းသည့် အတွက်ကြောင့် သူ့မှာ ကျန်းမာရေးတွေ ပိုကောင်းတယ်လို့ ဒီလိုပြောတာ။

အဲဒီတော့ ဒီ(၃) ခုက ဆက်စပ်ပြီးတော့ ပြောထားတာ။ သာမန်ကြည့်လိုက်မယ်ဆိုရင် တခြားစီကို ဖြစ်နေတာ။ ဘယ်လို တခြားစီဖြစ်တာတုန်း။ **ရသာကြောကောင်းတယ်၊** ဘာဖြစ်လို့ ရသာကြောကောင်းတာတုန်းဆို **သူများကို မညှင်းဆဲခဲ့လို့**တဲ့။ ဒါဖြင့် ရရှိလာတဲ့အကျိုးက ဘာတုန်းဆို **ဝမ်းမီးကောင်းတယ်**။ ဟော ဒီ(၃)ခုက မဆက်စပ်သလို ဖြစ်နေတာ။ သို့သော် ရသာ ကြောနဲ့ အစာအာဟာရက ဆက်စပ်နေတယ်နော်။ ရသာကြော ကောင်းတာနဲ့ ဝမ်းမီးနဲ့ ဆက်စပ်ပြီးတော့ ဒီလိုနေတယ်။ ဒီလို ဆိုလိုတာ။ အဲဒီတော့ စားတော့လည်း အရသာရှိဦးမှကိုး။ ဗိုက်ထဲထည့်ထားပြီး ဘာအရသာမှ မရှိဘူးဆိုရင် ရသာဆိုတာ လျှာပေါ်ကတင် ဒီတစ်ခုခုစားလိုက်လို့ရှိရင် တစ်ကိုယ်လုံးကို ဆိမ့်သွားတဲ့အရသာမျိုးကလည်းပဲ အာရုံကြောတွေကို နိုးထစေ

ပြီးတော့ ခန္ဓာကိုယ်ကို လန်းဆန်းစေတာကိုး။ ဒါကြောင့်မို့လို့ ကျန်းမာမှုအတွက် အရေးကြီးတယ်၊ အထောက်အကူဖြစ်တယ်။ ဒါကြောင့်မို့ ဒီအချက်တွေဟာ ပါရမီရှိတဲ့ ပုဂ္ဂိုလ်တွေ ရနိုင်တဲ့ အရည်အချင်းပဲလို့ ဒီလိုဖော်ပြတာ။

## (၂၁) မျက်နက်ဝန်း

နောက်ထပ် နံပါတ်(၂၁) ကျတော့ ဘာတုန်းဆို **အဘိနီလနေတ္တ– အဘိနီလ**ဆိုတာ မျက်လုံးညို၊ ညိုတဲ့ မျက်လုံး ရှိရမယ်၊ ဒါက ညိုရမယ့်နေရာကို ပြောတာပေါ့၊ မျက်ဆန်ကို ပြောတာပေါ့နော်။ ဒါက အာရှနိုင်ငံသားတွေက မျက်လုံးက အနက်ရောင်ပဲလေ။ ဒါကအာရှနိုင်ငံသားတွေနဲ့တော့ ကိုက်တာပေါ့။ အဲဒါဆိုလို့ရှိရင် ဟို အနောက်တိုင်းက မျက်လုံးပြာကြီးတွေ ကျတော့ ဘယ်လိုလုပ်မတုန်း။ သူတို့က ကြားလို့ရှိရင် ဘယ်လို ပြောမတုန်း။ ဒီ **အဘိနီလနေတ္တ၊ အဘိနီလ**ဆိုတာ အလွန် နက်သော၊ **နီလ**က အလွန်ညိုသော။ အလွန်ညိုသောဆိုတော့ "အနက်"ထဲ ရောက်တယ်ပေါ့။ အလွန်ညိုသော၊ **နေတ္တ** က မျက်စိရှိတယ်၊ မျက်ဆန်ကိုပြောတာနော်။ မျက်လုံးထဲက မျက် နက်ဝန်း ဒီလိုဆိုလိုတာ။ မျက်နက်ဝန်းဟာ အလွန်ညိုတယ် ဆိုတော့ အနက်ရောင်ပေါ့။

အဲဒီတော့ ဒီလူတွေကို ကြည့်လိုက်တဲ့အခါကျ တချို့ မျက်လုံးမျက်ဆန်က နီကြောင်ကြောင်လည်း ရှိသေးတယ်။ ဒါက ရှားတယ်ပေါ့ နီကြောင်ကြောင်။ သို့သော် blue-eye ဆိုတာ ရှိသေးတယ်လေ။ ဥရောပနိုင်ငံသားတွေတို့ အနောက်တိုင်း သားတွေတို့ ကြည့်လိုက်ရင် သူတို့ကျတော့ blue-eye။

အဲဒီတော့ ဒီနေရာမှာ '**အဘိနီလ**' ဆိုတဲ့ စကားလုံးနဲ့ အာရှနိုင်ငံသားတွေကျတော့ ညိုတယ် နက်တယ် ဒါ ကိုက်တယ်။ သို့သော် **နီလ**ဆိုတဲ့ စကားလုံးကို ဗမာက ညိုသောရောင်ခြည် တော်လို့ ဒီလိုဘာသာပြန်တယ်နော်။ အဲဒီညိုသောရောင်ခြည် တော်က ဘယ်ကထွက်တာတုန်းဆိုတော့ ဆံပင်ကထွက်တာ။ ဆံပင်ဆိုတော့ အာရှတိုက်သားတွေရဲ့ဆံပင်က အညိုရောင်ပဲ။ အနက်ရောင်ပဲလေ။ အဲဒီ အနက်ရောင်ကထွက်တဲ့ အရောင်ကို ညိုသောရောင်ခြည်တော်လို့ ဒီလိုခေါ်တယ်။

**နီလ**ဆိုတဲ့ စကားလုံးကို အင်္ဂလိပ်လို ပြန်တဲ့အခါကျတော့ blue လို့ပဲပြန်တယ်။ black လို့ မပြန်ဘူး။ ဒါ သတိထားစရာ တစ်ခုပေါ့နော်။ အင်္ဂလိပ်တွေက **နီလ** ဆိုတဲ့ စကားလုံးကို အရောင်ပြန်တဲ့အခါမှာ blue တဲ့။ အပြာရောင်လို့ ပြန်တယ်။ မြန်မာနိုင်ငံမှာ ပြန်တာကတော့ ညိုသောအရောင်လို့ ဒီလို ပြန်တယ်။ အခု သာသနာ့အလံတွေ လုပ်ထားတာကိုကြည့်ပေါ့။ သာသနာ့အလံတွေမှာ '**နီလ ပီတ လောဟိတ ဩဒါတ မဉ္ဇိဋ္ဌ**

**ပဘာဿရ'** ရောင်ခြည်တော် (၆)ပါး။ ရောင်ခြည်တော်(၆)ပါး လုပ်ထားတဲ့အထဲမှာ နီလရောင်ခြည်တော် ဘာအရောင်နဲ့ လုပ်ထားတုန်းဆိုတော့ အပြာရောင်နဲ့လုပ်ထားတယ်။ အနက် ရောင်နဲ့ မလုပ်ဘူး။ blue လို့ ပြထားတယ်။ ကဲ-ဒါဖြင့် ဒီ စကားလုံးနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးတို့တတွေ စဉ်းစားရမှာ။ ဟောဒီစကားလုံးက ဘာသာပြန်ရ အလွန်ခက်တယ် **နီလက**။ အနက်ဆိုတာကျတော့ **'ကဏှ'** လို့ သက်သက်ရှိသေးတယ်။ **ကဏှတို့ ကာဠကတို့ ကာဠတို့** အနက်ရောင် အဲဒါက အနက်။

အဲဒီတော့ မြန်မာလူမျိုးတွေရဲ့ မျက်နက်ဝန်းကိုကြည့်ရင် **မျက်နက်ဝန်း** လို့ ပြောတာ။ မျက်ပြာဝန်းလို့ မခေါ်ဘူး၊ မျက်နက်ဝန်းလို့ ခေါ်တယ်။ အဲဒီတော့ ဗမာလူမျိုးတွေနဲ့တော့ **နီလ**ဟာ ညိုသောရောင်ခြည်တော် သို့မဟုတ် မဲမှောင်သော ရောင်ခြည်တော်လို့ ပြန်တာဟာ အဓိပ္ပာယ်ရှိတယ်ပေါ့။

သို့သော် **နီလ**နဲ့ ပတ်သက်ပြီးတော့ သုံးထားတဲ့ စကားလုံး တွေကို ကြည့်မယ်ဆိုလို့ရှိရင် ဘယ်လိုဟာကို ယူရမတုန်းလို့ ဆိုတဲ့အခါ **နီလ**မှာ တစ်ခါတရံကျတော့ အစိမ်းက ရင့်လာတဲ့ အခါကျရင် **စိမ်းညို့**တဲ့။ ဒါကိုလည်း **နီလ**က ပြောတာပဲ။ စိမ်းညို သော အရောင်၊ စိမ်းညိုတဲ့အရောင်ကိုလည်း **နီလ**လို့ပြောတယ်။ ပြာပြီးတော့ ညိုတဲ့အရောင်ကိုလည်းပဲ **ပြာညို့**ကိုလည်းပဲ **နီလ**လို့ ပြောတယ်။ အောင်မဲညိုပွင့်တွေကို ဘာတွေကို ကြည့်လိုက်

လို့ရှိရင်လည်း အပြာရောင်ပဲ။ အဲဒါကျတော့ အင်္ဂလိပ်လို blue လို့ ပြန်တဲ့အတိုင်း သူက အပြာရောင်လို့ ယူရမယ့် အဓိပ္ပာယ် ရှိတယ်။ အပြာရောင်ဆိုပေမယ့် အပြာနုမဟုတ်ဘူး အပြာရင့်။ **အပြာရင့် အညိုရင့်ကို နီလလို့**။ အပြာရင့် အညိုရင့် အစိမ်းရင့်ကို **နီလလို့** ဒီလိုပြောရမယ်။ အဲဒီလို ရောစပ်နေတဲ့ အရောင်မျိုးပဲ။

**အဘိနီလနေတ္တ** ဆိုတဲ့အထဲမှာ blue-eye တွေလည်း ပါတယ်လို့ ပြောရမှာပဲ။ blue-eye ဒီ မျက်လုံးပြာတွေလည်း ဒီထဲမှာပါသွားတယ်။ ဒီစကားလုံးအတိုင်း ဘာသာပြန်မယ် ဆိုလို့ ရှိရင် သူတို့ပြန်ခိုင်းလို့ရှိရင် ဒီအတိုင်းပဲပြန်မှာပဲ blue လို့။ သို့သော် blue ဆိုပေမယ့်လို့ အပြာနုတော့မဟုတ်ဘူး အပြာရင့်။ အပြာရင့် ဆိုတော့ အညိုထဲပါသွားတယ် သူက။ ဒီလိုဆိုတာကိုး။ ကဲ- ထားပါတော့ ဘုရားရဲ့မျက်လုံးကို ကိုယ်လည်း မြင်ခဲ့တာ မဟုတ် ဘူး။

အဲဒီတော့ လူတွေရဲ့ အနေအထားတစ်ခု၊ ကံကြမ္မာရဲ့ အနေအထားတစ်ခုကြောင့် မျက်လုံးပြာတာရှိတယ်၊ မျက်လုံး နက်တာ ရှိတယ်။ အနက်လည်း မဟုတ်ဘဲနဲ့ အပြာလည်း မဟုတ် ဘဲနဲ့ အကြောင်လည်း ရှိသေးတယ်နော်။ ကြောင်တောင်တောင် မျက်လုံးကလည်း ရှိသေးတယ်လေ။ ဝါညိုညို နီညိုညို အသည်း ရောင် အသားဝါရောဂါ ရှိတဲ့သူကျတော့ မျက်လုံးဝါတာ ရှိသေး တယ်လေ။ အဲဒါကျတော့ ရောဂါကြောင့် ဝါသွားတာပါ။ မျက်လုံး

ကြီးတွေ ဝါနေတာ။ အဲဒီတော့ **အဘိနီလနေတ္တ** ဆိုတာ ဒီ ပြာညိုညိုသော မျက်လုံးရှိတဲ့ လှပတဲ့ အရောင်အဆင်းရှိတဲ့ မျက်လုံးရှိတယ်။ ဒါက နံပါတ် နှစ်ဆယ်နဲ့တစ် ပါရမီပုံရိပ် အမှတ်တံဆိပ်။ ဆိုလိုတာကတော့ ကြောင်တောင်တောင် မျက်လုံး မရှိဘူးပေါ့။ ကြောင်တောင်တောင်မျက်လုံး မရှိဘူး။ ပြာညိုနဲ့အညိုရောင် ညိုနက်ရောင်မျက်လုံးပိုင်ရှင်လို့ ဒီလို ဆိုလိုတာ **အဘိနီလနေတ္တ**။

## (၂၂) လှပသော မျက်လုံးအိမ်

နောက်တစ်ခုက နှစ်ဆယ်နဲ့နှစ်ကျတော့ **'ဂေါပခုမ'**။ **'ဂေါပခုမ'** ဆိုတာ နွားကလေးရဲ့ မျက်တောင် (သို့) မျက်လုံးအိမ် လိုပဲ။ နွားရဲ့မျက်တောင်ကတော့ သေချာသွားကြည့်မှရမယ်။ နွားရဲ့ မျက်တောင်ကလေးလိုပဲတဲ့။ ဒီ လူရဲ့မျက်တောင်မွေးက မျက်တောင်မွေး မျက်ပေတုံး မဟုတ်ဘူးပေါ့။ နွားရဲ့ မျက်တောင် လို ကော့နေတာ။

အခုခေတ်ကတော့ ကြံကြံဖန်ဖန် လုပ်ကြပါတယ်။ မျက်တောင်တွေ စိုက်ကြတာမို့လား။ ကော့နေအောင်လို့ ဆိုင် သွားပြီး မျက်တောင်အငှားစိုက်ရတာ။ အဲဒီလို ကော့ပြီးတော့ လှနေတဲ့ မျက်တောင်မွေးရှိတယ်။ အဲဒီတော့ မျက်လုံးကလည်း လှတယ်၊ မျက်တောင်ကလည်း လှတယ်။ ဒီလိုဆိုလိုတာပါပဲ။

အကျဉ်းချုံးပြောလိုက်တဲ့အခါကျတော့ ဒီ ပါရမီပုံရိပ် အမှတ်တံဆိပ်ဟာ မျက်လုံးလှတဲ့ပုဂ္ဂိုလ် ဖြစ်တယ်ပေါ့။ မျက်တောင်မွေးတွေလှတယ်။

## ပါရမီကုသိုလ်

အဲဒီတော့ ဒီပါရမီပုံရိပ်အမှတ်တံဆိပ်က ဘာဖြစ်လို့ ဒီလို မျက်လုံးလှတာမျိုးရသလဲလို့ ဆိုလို့ရှိရင် သူက ရှောင်ကြဉ်ခဲ့တာ။ တစ်ခါတစ်ခါကျတော့ ကုသိုလ်က အထူးအဆန်းမဟုတ်ဘူး။ မဟုတ်တာကို မလုပ်တာလည်းပဲ ကုသိုလ်ပဲ။ အဲဒါ သတိထားဖို့ လိုအပ်တယ်ပေါ့နော်။ ဥပမာ သူများအသက် မသတ်ဘူးဆိုတာ ကုသိုလ်လို့ ထင်ချင်မှထင်မှာ၊ မသတ်ဘဲရှောင်တာ။ ဒါကို လူတွေက ကုသိုလ်လို့ ထင်ချင်ထင်မှာ။ စိတ်မဆိုးဘူး သည်းခံတယ်ဆိုတဲ့ လူတစ်ယောက်ကို ဒီလူက ရိုးတယ် အေးတယ်တို့ ဘာတို့ပြောတာ။ သူက ဒါကုသိုလ်တွေပဲ၊ သူ့မှာနော်။ ဘယ်သူကပြောပြော စိတ်မဆိုးဘူး သည်းခံတယ်ဆိုတဲ့ လူတစ်ယောက် အပြုံးမပျက်နေတယ်ဆိုတာ ဒါ သူ ကုသိုလ်လုပ်နေတာ။

အဲဒီတော့ မျက်လုံးလှတဲ့ပိုင်ရှင်ဟာ ဘာကုသိုလ်တွေ လုပ်ခဲ့တုန်းလို့ဆိုတော့ ဒေါသတကြီးနဲ့ မျက်လုံးကြီးပြူးပြီးတော့ ဘယ်သူ့ကိုမှ မကြည့်ခဲ့ဖူးဘူးတဲ့။ တချို့ကတော့ မျက်လုံးပြူးပြတယ်နော်။ ကြောက်မလားလို့ပြူးပြတာ။ စာထဲမှာ ဘယ်လောက်

ထိအောင် ပြူးပြတုန်းဆို ပုစွန်လုံးမျက်လုံးလို ပြူးပြတာ။ ပုစွန်လုံးရဲ့မျက်လုံးက အပြင်ထွက်နေတဲ့ဥစ္စာ။ အဲလောက်ထိတော့ ပြူးမယ်တော့ မထင်ပါဘူးနော်။ အဲဒီတော့ မျက်လုံးလှတဲ့ပုဂ္ဂိုလ်ဟာတဲ့ ဘယ်သောအခါမှ သူများကို မျက်လုံးကြီးနဲ့ ဒေါသနဲ့ မျက်လုံးပြူးပြီးတော့ မကြည့်ခဲ့ဖူးဘူးတဲ့။ အဲဒါ သတိထားကြပေ့ါ။ မျက်လုံးကြီး ပြူးပြူးပြီးတော့ မကြည့်ကြနဲ့ စိတ်ဆိုးပြီးတော့။ အဲဒီ မျက်လုံးပြူးပြူးပြီးတော့ ကြည့်တဲ့ပုဂ္ဂိုလ်တွေဟာ မျက်လုံးကြောင်တာတို့ မျက်လုံးမလှတာတို့ မျက်ပေတုံးတာတို့ ဖြစ်တတ်တယ်တဲ့။ ဒီပါရမီပုံရိပ်တွေက ဒီထဲမှာရှိတယ်။ ကြည့်- သူကရှောင်တာလေ။ ဒါ ဒီကုသိုလ်က နည်းတဲ့ကုသိုလ်မဟုတ်ဘူး၊ ဒါ မျက်လုံးပြူးမပြတဲ့ ကုသိုလ်ပဲနော်၊ မျက်လုံးပြူးကြည့်ခြင်းမှ ရှောင်တယ်တဲ့။

နောက်တစ်ခုက ဘာတုန်းဆို **'န စ ဝိသာစိ'** ဘယ်သူ့မှ မျက်စောင်းထိုးပြီးတော့ မကြည့်ဘူးတဲ့။ ငယ်ငယ်တုန်းကတော့ ပြောတယ်၊ 'ဟေ့ မျက်စောင်းမထိုးနဲ့၊ မျက်စောင်းထိုး မျက်ရိုးကျိုးတတ်တယ်' ဆိုတော့ အဟုတ်မှတ်တာ၊ ကြောက်နေရတာ။ ကြည့်စရာရှိ တည့်တည့်လေးပဲကြည့်နော်၊ မျက်စောင်းကြီး ခဲခဲပြီးတော့ မကြည့်လေနဲ့တဲ့။ ကြည့်ရင် မျက်စိစွေတတ်တယ်တဲ့ ဒီလိုဆိုလိုတာ။ မျက်လုံးမလှဘူး၊ ဒါ သူလုပ်ခဲ့တဲ့ ကံအရိပ်တွေက လာပေါ်တာကိုး။

ပြီးတော့ **'န စ ပန ဝိစေယျ ပေက္ခိတာ'**–သူတစ်ပါး ကိုလည်း တိတ်တိတ်ခိုးပြီးတော့ မကြည့်ဘူးတဲ့။ တချို့က မကြည့် ချင်ယောင်ဆောင်ပြီးတော့ တိတ်တိတ်ခိုးကြည့်တာဟာလည်း မျက်လုံးက မပွင့်တပွင့်လုပ်ကြည့်တာလည်းပါမှာပဲနော်။ တချို့က အိပ်ပျော်ချင်ယောင်ဆောင်ပြီးတော့ မျက်လုံးလေး မှေးပြီး ကြည့်တာလည်း ပါမှာပဲ။ အဲဒီတော့ သူလုပ်တဲ့ပုံစံတွေက လာပေါ်နေတော့ မျက်လုံးဘယ်လှမှာတုန်း။ မျက်လုံးမှေးချင် လည်း မှေးမယ်၊ ပြူးချင်လည်းပြူးမယ်၊ မျက်စိစွေချင်လည်း စွေမယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီအကျိုးတွေ ခံစားနေရတာနော်။ မျက်စောင်းထိုးကြည့်တယ်၊ မျက်လုံးပြူးကြည့်တယ်၊ မျက်လုံး မှေးကြည့်တယ်။ အဲဒါမျိုးတွေကြောင့် ဒီလိုဖြစ်တာတဲ့။

အဲဒီလို မျက်လုံးကို အခုလို မဟုတ်တဲ့နေရာကို အသုံးချ ပြီးတော့ မကြည့်ဘူးတဲ့၊ သူများကိုဒေါသစိတ်နဲ့ ဒီလိုမလုပ်ဘူး တဲ့။ သူက ဘာလုပ်တုန်းဆိုတော့ ကြည့်ပြီဆိုလို့ရှိရင် ရိုးရိုး ဖြောင့်ဖြောင့်ပဲကြည့်တယ်။ ပကတိအရှိတိုင်းကြည့်တယ်။ ရှိတာ ထက် ပိုပြူးမပြဘူးလို့ ဆိုလိုတယ်။ တည့်တည့်နေတာလည်း တည့်တည့်ပဲ ကြည့်တယ်၊ မျက်စောင်းခဲပြီးတော့ မကြည့်ဘူးလို့ ဒီလိုဆိုလို တယ်။

နောက်ဆုံးမှာ သူ့ကုသိုလ်က ဘာတုန်းလို့ဆိုတော့ **'ဝိယာစက္ခုနာ ဗဟုဇနံ ဥဒိက္ခိတာ'** တဲ့။ **ဝိယာစက္ခု**– ဘယ်သူ

ကြည့်ကြည့် မေတ္တာမျက်လုံးနဲ့ပဲ ကြည့်တယ်။ ဒေါသထွက်တဲ့ မျက်လုံးနဲ့ မကြည့်ဘူးတဲ့။ မေတ္တာမျက်လုံးနဲ့ပဲ ကြည့်တယ်။ ဒီလို ကုသိုလ်ကောင်းမှုတွေလုပ်ခဲ့တာ။ ဒါမျက်လုံးနဲ့ ပတ်သက်တဲ့ ကုသိုလ်ကောင်းမှုနော်။ မျက်လုံးနဲ့ ပတ်သက်တဲ့ အကုသိုလ် ကိုလည်း မှတ်ထားဦး။ သို့သော်လည်း ဒီကုသိုလ် အကုသိုလ် ဆိုတာ စိတ်ပါပါတယ်လို့ ဒီလိုပြောမယ်။ တစ်ခါတရံကျတော့ မျက်စိစွေနေတဲ့ပုဂ္ဂိုလ်က သူက မျက်လုံးကိုက စွေနေတာ။ ငယ်ငယ်တုန်းက ကျောင်းသားဖော်ချင်းထဲမှာ မျက်စိစွေတဲ့ လူတစ်ယောက်ရှိတယ်။ သူက ကြည့်တာ ကိုယ့်ကြည့်တယ်လို့ မထင်ဘူး။ သူက တခြားကြည့်နေတယ်လို့ပဲ ထင်တာ မဟုတ်ဘူး သူက ကိုယ့်ကြည့် ပြောနေတာ။ သူက စွေနေတာကိုး။ မျက်လုံး စွေနေတဲ့ပုဂ္ဂိုလ်က တည့်တည့်မှ ကြည့်လို့မရတာကိုး။ သူကြည့် ရင် ဘေးရောက်နေတာပဲ အမြဲတမ်း။ မျက်လုံးစွေတဲ့လူလည်း တွေ့ဖူးတယ်။

အေး ဒါ့ကြောင့်မို့လို့ ဆိုလိုရင်းကတော့ လူတွေကို ဒေါသနဲ့ မကြည့်ပါနဲ့ ဒီလိုပြောတာ။ ဒေါသထွက်တဲ့ အနေ အထားနဲ့ ဒေါသမျက်လုံးနဲ့ မကြည့်ပါနဲ့တဲ့။ **ပိယစက္ခု**လို့ဆိုတဲ့ မေတ္တာမျက်လုံးနဲ့ပဲကြည့်ပါ။ အမြဲတမ်းကူညီမယ်ဆိုတဲ့ မျက်လုံး၊ အကျိုးစီးပွားကို လိုလားတယ်ဆိုတဲ့ မျက်လုံး၊ သနားငဲ့ညှာတယ် ဆိုတဲ့မျက်လုံးတွေနဲ့ ဒီလိုကြည့်ခဲ့တဲ့ပုဂ္ဂိုလ်။ ဒါ ဒီပါရမီပုံရိပ်တွေက

လာပြီးတော့ပေါ်တာတဲ့။ မျက်လုံးလှတယ်ဆိုတာ ဒီကုသိုလ် ဒီပါရမီပုံရိပ် အမှတ်တံဆိပ် နှစ်မျိုးဟာ မေတ္တာမျက်လုံးနဲ့ ကြည့်ခဲ့တဲ့ပုဂ္ဂိုလ်တွေမှာ လာပြီးတော့ ပေါ်ပေါက်လေ့ရှိပါတယ်။

## အကျိုးပေးပုံ

အဲဒီတော့ ရရှိလာတဲ့အကျိုးက ဒီပါရမီပုံရိပ် အမှတ်တံဆိပ် ဒီမျက်လုံးလှတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုအကျိုးတွေ ခံစားရတုန်းလို့ဆို သူ့ကို မြင်လိုက်တဲ့သူတွေက မြင်မြင်ချင်း ချစ်ခင်ခြင်းဆိုတာမျိုး ရတယ်နော်။ ဗမာတွေကတော့ ကြဲကြဲဖန်ဖန် ဆုတောင်းတယ်။ မျက်စောင်းထိုးတာတော့ မလျှော့ဘဲနဲ့ ဘာဆုတောင်းတုန်းဆို '**မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေ**' တဲ့။ ဒီလို ဆုတောင်းတဲ့သူက ရှိသေးတယ်။ ဘယ်လို လုပ်ပြီး မျက်နှာမြင် ချစ်ခင်မတုန်း။ ချစ်ခင်စေတတ်တဲ့ အတွင်း မေတ္တာစိတ်တွေရှိဖို့က အရေးကြီးတာပေ့ါ။ သို့သော် ဆုတောင်းလိုက်တာ 'မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေ' တဲ့။ ဆုတောင်းသေးတာ အဲလို။ ငယ်ငယ်တုန်းက ကြားဖူးတဲ့ ဆုတောင်းပြောတာ။

အဲဒီတော့ အခုလို မျက်လုံးလှတဲ့ပုဂ္ဂိုလ်က '**ပိယဒဿနော ဟောတိ ဗဟုနော ဇနဿ**'– လူအများက သူ့ကို ကြည့်ချင်တယ် တွေ့ချင်တယ်။ လူအများက သူ့ကို ချစ်ကြတယ်။ ဒီလို အဓိပ္ပာယ်

မျိုး ရပါတယ်တဲ့။ သတ္တဝါအားလုံးက ချစ်ခင်လေးစားမှုကို ခံရတယ်တဲ့။ ဒီပါရမီပုံရိပ်အမှတ်တံဆိပ်ရှိတဲ့ပုဂ္ဂိုလ်က ဒီလိုရှိတယ်။ ဒီနှစ်ခု၊ ဒါက နှစ်ဆယ့်တစ်နဲ့ နှစ်ဆယ့်နှစ် ပါရမီပုံရိပ်။

## (၂၃) ဝန်းဝိုင်းသော ဦးခေါင်း

နောက်တစ်ခုက ဘာလဲလို့ဆိုလို့ရှိရင် '**ဥဏှီသ သီသ**'။ **ဥဏှီသ သီသ** ဆိုတာ သင်းကျစ်ဆောင်းထားသလို ခေါင်းမှာ အင်မတန်လှပတဲ့ ခေါင်းအနေအထားရှိတယ်။ **ဥဏှီသ** ဆိုတာ ခုခေတ်ကတော့ နဖူးသင်းကျစ်ဆိုပြီးတော့ ဘုရားရုပ်တုတော်တွေ ထုတဲ့အခါမှာ နဖူးမှာ အသားပိုပုံစံမျိုး ထည့်ပြီးတော့ ထုထားလေ့ ရှိကြတယ်။ ဘုရားရုပ်တုတော်တွေကြည့်ရင် တွေ့ရင်ကြည့်၊ ဖူးတဲ့အခါမှာ သေချာဖူးကြည့်။ **ဥဏှီသ**–နဖူးသင်းကျစ်လို့ ဒီလိုဆိုတယ်။ အခု ဒီမှာတော့ **ဥဏှီသ သီသ** သင်းကျစ်ဆိုတာ ဘုရင်တွေ မင်းညီမင်းသားတွေဆောင်းတဲ့ သင်းကျစ်။ လုံးပြီးတော့ လှတယ်၊ ဝန်းဝိုင်းသော ဦးခေါင်း ရှိတယ်။ ခေါင်းပြားကြီးလည်းမဟုတ်ဘူး၊ ခေါင်းချွန်ကြီးလည်း မဟုတ်ဘူးလို့ ဒီလိုဆိုလိုတယ်နော်။ ခေါင်းကလည်း တချို့ခေါင်းက ပြားချပ်နေတာ။ တချို့ကျတော့ ချွန်နေတာ။ တချို့ကျတော့ နောက်စေ့ထွက်ကြီး။ တချို့ကျတော့ နဖူးမောက်။

ခေါင်းကလည်း အမျိုးမျိုး ရှိတာကိုး။ အဲဒီတော့ ခေါင်းလေးက လုံးနေတာ။

ဆိုလိုတာကတော့ ခေါင်းလေးက လုံးနေတာ။ ဥသျှစ်သီးလို အလုံးလေး ဖြစ်နေတဲ့ သဘောမျိုး။ ခေါင်းလှတယ်ပေါ့။ အဲဒါကို **ဥဏှီသ သီသ** လို့ဆိုတယ်နော်။ သင်းကျစ်အုပ်ထားသလို လှပတဲ့ခေါင်းရှိတဲ့ပုဂ္ဂိုလ်။ ဒါ ပါရမီပုံရိပ်ရဲ့အမှတ်တံဆိပ်တစ်ခုပဲ။

## ပါရမီကုသိုလ်

အဲဒီလို ခေါင်းလှတာဟာ ဘာဖြစ်လို့ လှတာတုန်းလို့ ဆိုတော့ လူဖြစ်တုန်းက ကုသိုလ်ကောင်းမှု လုပ်တဲ့အခါမှာတဲ့ ကုသိုလ်ရေးကိစ္စတွေမှာ သူက ခေါင်းဆောင်ပြီးတော့ လုပ်လေ့ရှိတယ်။ အမြဲတမ်း သူများထက် ခေါင်းဆောင်တယ်။ ခေါင်းဆောင်ဆိုတာ ဥက္ကဋ္ဌမြှောက်တာတို့ ဥက္ကဋ္ဌဖြစ်တာ ပြောတာမဟုတ်ဘူး။ အလုပ်လုပ်တဲ့အခါမှာ ရှေ့ကလုပ်တာ အမြဲတမ်းနော်။ သူများထက် ရှေ့ဆောင်ပြီးတော့ လုပ်တာမျိုးကို ဆိုလိုတယ်။ **ပုဗ္ဗင်္ဂမ**–ရှေ့သွားခေါင်းဆောင်လုပ်တယ်။ အရာရာမှာ တက်တက်ကြွကြွနဲ့ ဦးဆောင်ပြီးတော့ လုပ်သွားတယ်။ ကုသိုလ်ကောင်းမှုတွေ လုပ်တိုင်းလုပ်တိုင်း အများကို ဦးဆောင်ပြီးတော့ လုပ်သွားတဲ့ပုဂ္ဂိုလ်မျိုးတဲ့။ ဒါကြောင့်မို့ ခေါင်းလှတယ်။

ဦးခေါင်းလှတယ်။ အဲဒီပါရမီကုသိုလ်မျိုး ဆည်းပူးအားထုတ်ခဲ့တဲ့ ပုဂ္ဂိုလ်ဟာ ဦးခေါင်းလှတယ်တဲ့။

## အကျိုးပေးပုံ

အဲဒီ ဦးခေါင်းလှတဲ့ အမှတ်တံဆိပ်မျိုး ရထားတဲ့ပုဂ္ဂိုလ်က ဘယ်လိုအကျိုးကျေးဇူးတွေ ခံစားရတုန်းဆိုတော့ လူအများဟာ အများစုဟာ ဘယ်တော့ဖြစ်ဖြစ် သူ့နောက်က လိုက်ကြတယ်။ သူပြောတာ လက်ခံကြတယ်။ သူ့နောက်ကလိုက်တယ်။ သူပြောတာ လက်ခံတယ်။ အားလုံးက ကျေနပ်တယ်။ ခေါင်းဆောင် အဖြစ် ထားတယ်။ ဒီလို အကျိုးကျေးဇူးတွေကို ရတယ်တဲ့။ ဒီလို ဆိုလိုတာနော်။ ဒါက **ဥဏှီသ သီသလက္ခဏာရဲ့ အကျိုးကျေးဇူး တစ်ခု။**

## (၂၄) မွေးညှင်းတစ်ပင်

နောက်တစ်ခုကဘာတုန်းဆိုတော့ **'ဧကေကလောမတာ'** တဲ့။ လူရဲ့ခန္ဓာကိုယ်မှာ မွေးညှင်းပေါက်ကလေးတွေ ရှိတယ်။ အဲဒီ မွေးညှင်းပေါက်ကလေးတွေက အမွေးက တစ်ပင်တည်း ပေါက်သလား။ နှစ်ပင်ပြူး သုံးပင်ပြူးပေါက်သလား ကိုယ့်ဟာကိုယ် ကြည့်ကြည့်။ ဒီအမှတ်အသား လက္ခဏာရှိတဲ့ပုဂ္ဂိုလ်က မွေးညှင်းပေါက် တစ်ပေါက်မှာ မွေးညှင်းတစ်ပင်ပဲပေါက်တယ်။

သူ့ရဲ့အမွေးက တစ်ပင်ပဲပေါက်တယ်လို့ ဒီလိုဆိုလိုတာနော်။ ဟိုအရင် တစ်ခါတုန်းက မွေးညှင်းလေးတွေ အထက်ကော့နေတယ်ဆိုတဲ့ အမှတ်အသား လက္ခဏာရှိသေးတယ်နော်။ အခုဟာက **မွေးညှင်းပေါက်တစ်တွင်းမှာ တစ်ပင်ပဲ**ပေါက်ရမယ်။ နှစ်ပင်သုံးပင်ပေါက်လို့ရှိရင်လည်း အမွေးထူမှာပေါ့။ အဲဒီတော့ အဲဒီလိုမဖြစ်အောင် တစ်ပင်ပဲပေါက်တယ်။ **'ဧကေက လောမတာ'** တဲ့။ မွေးညှင်းတွင်းတွေမှာ တစ်ပင်တည်း ပေါက်တာဟာလည်းပဲ အမှတ်လက္ခဏာတစ်ခုပဲတဲ့၊ ပါရမီပုံရိပ် အမှတ်လက္ခဏာတစ်ခုပဲ။

## (၂၅) မျက်ခုံးကြားက အမွေးဖြူ

ဟော နောက်တစ်ခုကတော့ **'ဥဏ္ဏာ'** လို့ခေါ်တဲ့ အမွေးဖြူကလေး။ ဒီမျက်လုံးနှစ်ခုရဲ့ အလယ်ကောင်မှာ အမွေးလေးတွေပါတတ်တယ်။ တချို့တလေတော့ ရှိတယ် အဲဒါမျိုး အမွေးဖြူ။ မြတ်စွာဘုရားရဲ့ ရုပ်ဆင်းတုတော်ကို ထုတဲ့အခါမှာ **'ဥဏ္ဏာလုံမွေးရှင်တော်'** ဆိုတာ။ ဥဏ္ဏာလုံဆိုတာ **ဥဏ္ဏာလောမ**ပဲ။ အင်မတန်မှနူးညံ့တဲ့ အမွေးဖြူလေးက ဆွဲဆန့်လို့ရှိရင် တစ်လံလောက်ရှည်တယ်လို့ ဒီလိုဆိုတာ။ အဲဒါလေးက လက်ျာရစ်ပြီးတော့ အင်မတန်မှလှတယ်။ ဒီမျက်ခုံးမွေးနှစ်ခုရဲ့ အလယ်လောက်မှာ ဥဏ္ဏာလုံမွေးရှင်။ ဒါကြောင့်မို့ အဲဒါကို အတုလုပ်ပြီးတော့ ဘုရား

နဖူးမှာ ကျောက်ဆစ်ဆရာက ကျောက်လုံးလေးစီထားတာတို့ ပန်းချီဆရာရေးထားတာတို့ ဒါမျိုးလေးပါတယ်လေ။ ဥဏ္ဏာလုံ မွေးရှင် ဆိုတာပါတယ်။

အဲဒီ ဥဏ္ဏာလုံမွေးရှင်က ဖြူဖွေးနေတယ်၊ အိုလို့ ဖြူတာ မဟုတ်ဘူး။ အစကတည်းက ဖွေးနေတာ။ နဂိုကတည်းက အဖြူ။ အခုခေတ်လူတွေက အဖြူဆို နှုတ်ပစ်တယ်။ အဲဒီတော့ ဘုရားရဲ့ ဒီမျက်ခုံးမွေးနှစ်ခုရဲ့ အလယ်မှာပေါက်တဲ့ အမွေးဖြူလေးဟာ နဂိုကတည်းက ဖြူဖြူလေး။ ဆွတ်ဆွတ်ဖြူတယ်။ တစ်ခါတရံမှာ ဖြူသောရောင်ခြည်တော် လွှတ်တဲ့အခါမှာ အဲဒီ ဥဏ္ဏာလုံ မွေးရှင် တော်က အရောင်တွေ ထွက်လာတာလည်းရှိတယ်။ တစ်ခါတရံ ကျတော့ အရိုးစေတ်ကထွက်တာရှိတယ်။ စွယ်သွားက ထွက်တာ ရှိတယ်။ သွားတော်ကနေထွက်တဲ့ အဖြူရောင်လည်းရှိတယ်။

အဲဒီတော့ ဥဏ္ဏာဆိုတဲ့ ဥဏ္ဏာလုံမွေးရှင်မျိုးကလည်းပဲ ဒီမဟာပုရိသလက္ခဏာထဲမှာ နှစ်ဆယ်နဲ့ငါးခုမြောက် ပါရမီပုံရိပ် အမှတ်တံဆိပ်တစ်ခုပဲ။ အဲဒီတော့ ဒီအမှတ်အသား လက္ခဏာ နှစ်ခုဟာ မွေးညှင်း တစ်တွင်းတွင် မွေးညှင်း တစ်ပင်သာ ပေါက်ခြင်းရယ်၊ မျက်ခုံးနှစ်ခုတို့ရဲ့ အလယ်မှာ ဖွေးဖွေးဆွတ် နေတဲ့ အမွေးဖြူပေါက်ခြင်းရယ်နော်။ အဲဒီအမွေးဟာ ဝဲဂွမ်းလို ဂွမ်းစိုင်လို နူးညံ့ပြီးတော့နေတဲ့အမွေးဖြူတဲ့။ **ဥဏ္ဏာ စ ဘမုကန္တရေ ဇာတာ ဟောတိ ဩဒါတာ–** ဘမုက မျက်ခုံးနှစ်ခုရဲ့အလယ်မှာ

ဒီ အမွေးဖြူလေး ရှိတယ်ပေ့ါ။ ဒါလည်းပဲ မဟာပုရိသလက္ခဏာ သုံးဆယ့်နှစ်မျိုးထဲမှာ နှစ်ဆယ့်ငါးနံပါတ်။ ဒီ မဟာပုရိသ လက္ခဏာ ဖြစ်တယ်။ ဒါလည်းပဲ ပါရမီပုံရိပ် အမှတ်တံဆိပ်ရဲ့ အမှတ်အသားလက္ခဏာတစ်ခုပဲ။

## ပါရမီကုသိုလ်

အဲဒီလို မွေးညှင်းတွင်းတစ်တွင်းမှာ အမွေးတစ်ပင်သာ ပေါက်ခြင်းဟာ မျက်ခုံးနှစ်ခုတို့ရဲ့အလယ်မှာ အင်မတန်မှ နူးညံ့ ဖြူဆွတ်နေတဲ့ ဥဏ္ဏာလုံဆိုတဲ့အမွေး ရှိခြင်းဟာ ဘယ်လိုပါရမီ ကုသိုလ်တွေကြောင့် ဒီလို ထူးခြားတဲ့ ပါရမီကုသိုလ်တွေ ရတာ တုန်းလို့ဆိုတော့ လိမ်မပြောခဲ့လို့တဲ့။ အမြဲတမ်း မုသာဝါဒက ရှောင်တယ်တဲ့။ ဘယ်တော့မှမဟုတ်တာကိုမပြောဘူး။ မှန်တာပဲ ပြောတယ်နော်။ ထူးထူးခြားခြား မှန်တာကိုပဲပြောတယ်။

အဲ ခုခေတ်ကတော့ 'မုသားမပါ လက်ာမချော' ဆိုပြီး တော့ လက်ာချောအောင် နည်းနည်းတော့ ပြောတယ်။ လက်ာ ချောဖို့ အရေးကြီးတယ်။ ဒါကြောင့်မို့ နဖူးမှာ ဘာအမွေးမှ မရှိဘူး ပြောင်နေတယ်။ အဲဒီတော့ မုသားက ရှောင်လို့ရင် ဒီလို ထူးခြားတဲ့ ပါရမီပုံရိပ် အမှတ်တံဆိပ်တွေ ရှိတယ်လို့ ဒီလို ပြောတာ။

## အကျိုးပေးပုံ

ကဲ ဒီလိုပါရမီပုံရိပ် အမှတ်တံဆိပ်ရှိလာတဲ့ ပုဂ္ဂိုလ်ရဲ့ အကျိုးကျေးဇူးက ဘာတုန်းဆိုရင် အများစုက ဘယ်အခါပဲ ဖြစ်ဖြစ် သူ့ဘက်ကပဲ ရပ်တည်ကြတယ်။ ခုနက သူ့နောက်က လိုက်တယ်။ အခုဟာက သူ့ဘက်က ရပ်တည်တယ်။ ဘယ်စကား ပြောပြော ဘာပဲဖြစ်ဖြစ် ထောက်ခံစရာရှိ သူ့ဘက်ကပဲ ထောက်ခံတယ်။ သူက မှန်တာပြောတာကိုး။ မှန်တာပြောခြင်းရဲ့ အကျိုးကျေးဇူးကြောင့် အခုလို ထူးခြားတဲ့ မွေးညှင်းတွင်း တစ်တွင်းမှာ အမွေးတစ်ခုသာရှိခြင်း၊ မျက်ခုံးနှစ်ခုတို့ရဲ့ အလယ် မှာ ဖြူဆွတ်နေတဲ့ ဥဏ္ဏာလုံမွေးရှိခြင်းဆိုတဲ့ ဒီအမှတ်တံဆိပ်တွေ ပေါ်လာခြင်းကြောင့်တဲ့ လူတွေဟာ ဘယ်ဘက်ကဖြစ်ဖြစ် သူ့ကို အမြဲတမ်းထောက်ခံတယ်။ သူ့ဘက်က အမြဲတမ်း ရပ်တည်ကြ တယ်ဆိုတဲ့ အကျိုးကျေးဇူးကို ရပါတယ်တဲ့။ ဒီလိုဆိုတာနော်။

## (၂၆) သွားတော်လေးဆယ်

နောက် နှစ်ဆယ့်ခြောက်ခုမြောက် မဟာပုရိသလက္ခဏာ က ဘာတုန်းဆိုရင် '**သွားအရေအတွက် လေးဆယ်ရှိခြင်း**' နော်။ သွားတော်လေးဆယ်ရှိတယ်။ အဲဒီတော့ ကိုယ့်သွားလည်း ကိုယ်ရေကြည့်ပေါ့။ သာမန်ပုဂ္ဂိုလ်တွေမှာ သွားက သုံးဆယ့် နှစ်ချောင်းပဲ ရှိတယ်။ အံဆုံးတွေဘာတွေ ပေါက်ပြီးလို့ရှိရင်

ကြည့်လိုက်လို့ရှိရင် လူတွေရဲ့ ပကတိလူတွေမှာ သွားဟာ သုံးဆယ့်နှစ်ချောင်းပဲရှိတယ်။ သုံးဆယ့်နှစ်ချောင်းဟာ အများဆုံးပဲ။

သွားလေးဆယ်ဆိုတော့ ပါးစပ်ကြီးက ပိုကြီးလို့လားဆိုတော့ မဟုတ်ဘူး။ သာမန် ပုဂ္ဂိုလ်တွေမှာ သွားကြီးတွေက ကြီးနေတာကိုး။ ကြီးနေတော့ ဒီမဟာပုရိသလက္ခဏာရှင်တွေကျတော့ ဘာဖြစ်တုန်းဆို သွားအချောင်းလေးဆယ် ရှိတယ်။ ဒါနဲ့ ပတ်သက်လို့ သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ယောက်ကို မေးကြည့်တယ်။ ဒီလို သွားလေးဆယ်ပေါက်တဲ့သူကို တွေ့ဖူးလားဆိုတော့ သူက ဘာပြောတုန်းဆိုလို့ရှိရင် ဒီလိုဖြစ်တဲ့ဟာက သူက သူတို့ဆေးပညာအရ ဆိုလို့ရှိရင်တော့ ဒါက abnormal ပဲတဲ့၊ normal မဟုတ်ဘူး။ normal မဟုတ်လို့ ထူးခြားတာ။ သူကတော့ ထူးခြားတယ်လို့တောင် မပြောလိုဘူး။ အကြောင်းတစ်ခုခုကြောင့် ဒီလို သွားတွေ ပိုသွားတယ်ပေါ့။

ဒါပေမယ့်လို့ မြတ်စွာဘုရားတွေမှ ဒီသွားတော်လေးဆယ်ဆိုတာ ရှိတာလေ။ ဒီစာပေအရကတော့ ခုနကလို မထူးခြားဘဲနဲ့ တစ်စုံတစ်ခု abnormal ဆိုတဲ့ ပုံမှန်မဟုတ်တဲ့ အနေအထားမျိုးဖြစ်တာ မဟုတ်ဘူး။ အင်မတန်မှ ထူးခြားတဲ့ ပါရမီရှင်တွေမှာ သွားလေးတွေက စီပြီး ညီပြီးတော့ အလွန်လှတဲ့ အနေအထားမျိုး ပေါ်လာတာနော်။ **အဋ္ဌကလျာဏ–** အရိုး၏ကောင်းခြင်း

ဆိုတာ ဒီ သွားပါတယ်။ သွားလေးတွေက စိပြီးတော့ လှနေတာ။ သေးပြီးတော့ စိပြီးတော့နေတာ။ အဲဒါကြောင့်မို့ စကြမင်းတို့ ဘုရားအလောင်းတို့ ဘုန်းကံပါရမီရှိတဲ့ပုဂ္ဂိုလ်တွေဟာ သွားဟာ သာမန်ပုဂ္ဂိုလ်တွေမှာ သုံးဆယ့်နှစ်ချောင်းရှိသော်လည်း သူတို့မှာ အချောင်းလေးဆယ်ရှိတယ်တဲ့။ အဲဒီလို အချောင်းလေးဆယ် ရှိတာကိုက ပါရမီပုံရိပ် အမှတ်တံဆိပ်တစ်ခုပါတဲ့။ လူတိုင်းမှာ မဖြစ်နိုင်ဘူး။ အဲဒီတော့ သာမန်ပုဂ္ဂိုလ်အနေနဲ့ကြည့်ရင် ထူးနေတဲ့အတွက်ကြောင့် abnormal လို့ ပြောချင်ပြောမှာပေါ့ ဒါကတော့ လူတိုင်းမှာ တွေ့ရမယ့်အရာမဟုတ်ဘူး။ အင်မတန်မှ ထူးချွန်တဲ့ပုဂ္ဂိုလ်တွေမှာ သွားတွေ့ရတယ်။

## (၂၇) သွားတို့၏ လှပညီညာမှု

ဟော နောက်တစ်ခုက ဘာတုန်းဆို **'အဝိရဠဒန္တ'** တဲ့။ မကျဲတဲ့သွား။ သွားကြီးတွေ ကျိုးတိုးကျဲတဲ ယိုင်ရွဲ့နေတာမရှိဘူး။ တချို့ကျတော့ သွားတွေက ထပ်ပေါက်နေတာ ရှိသေးတယ်၊ သွားထပ်တွေနဲ့နော်။ သွားတွေက ကျဲခြင်း ထပ်ခြင်း မရှိဘဲနဲ့ တညီတည်း သွားလေးတွေ အချောင်းလေးဆယ် ဒီလို ညီညီ ညာညာ လှလှပပ မြတ်စွာဘုရားအလောင်းတွေမှာရှိတယ်။

မြတ်စွာဘုရားမှာ သွားတော်လေးဆယ် ဆိုတဲ့အထဲမှာ အဲဒီသွားတော်လေးဆယ်ထဲမှာ ဘာပါတုန်းဆိုတော့ **စွယ်တော်**

**လေးဆူ** လည်း အပါအဝင်ဖြစ်တယ်ပေါ့။ စွယ်တော်လေးဆူ ဆိုတာ အပေါ်က စွယ်တော်နှစ်ချောင်း၊ အောက်က စွယ်တော် နှစ်ချောင်း၊ အားလုံး စွယ်တော်လေးဆူ။ **စွယ်တော်လေးဆူ အပါအဝင် သွားတော်လေးဆယ်**။ ဒီလိုဆိုလိုတာ။ စွယ်သွားပါ အပါအဝင် လေးဆယ်လို့ ဒီလိုပြောတာ။ တစ်ခါတရံကျတော့ စာထဲမှာ ရေးထားတာ 'သွားတော်လေးဆယ် စွယ်တော်လေးဆူ ဖြူရာအရပ်ရပ် ထိုထိုကိုယ်တော်မြတ်မှ' ရောင်ခြည်တော်ထဲမှာ ဆိုရင် သွားတော်လေးဆယ် စွယ်တော်လေးဆူ ဆိုတော့ လေးဆယ့်လေးလို့ အောက်မေ့နေတတ်တယ်။ မဟုတ်ဘူး၊ သွားတော်လေးဆယ်ထဲမှာ စွယ်တော်လေးဆူဆိုတာလည်း အပါ အဝင်လို့ မှတ်သားရမယ်နော်။ လေးဆယ်ပဲ၊ လေးဆယ်ထက် မပိုဘူးလို့ ဆိုလိုတယ်။ အဲဒီလို ထူးခြားပြည့်စုံတဲ့ သွားတွေကို ပိုင်ဆိုင်တဲ့ ပုဂ္ဂိုလ်သူမြတ်၊ ဒါ ပါရမီပုံရိပ် အမှတ်တံဆိပ်တစ်ခု ပဲတဲ့။

## ပါရမီကုသိုလ်

ဘယ်လို ကုသိုလ်တွေ ပါရမီကုသိုလ်တွေကို သူလုပ်ခဲ့လို့ ဒီလို ထူးခြားတဲ့ အနေအထားတစ်ခုကို ရတာတုန်းလို့ဆိုရင် သူက ဘယ်တော့မှ နှစ်ဦးကြားဝင်ပြီးတော့ ကုန်းတိုက်တာ မရှိ ဘူးတဲ့။ တစ်ယောက်နဲ့တစ်ယောက် မတည့်အောင် ဘယ်တော့မှ

မလုပ်ဘူးတဲ့။ မတည့်အောင် ဝင်ပြီးတော့ သပ်မလျှိုဘူး။ ဝင်ပြီးတော့ မခွဲဘူးတဲ့။ **'ဝိသုဏံ ဝါစံ ပဟာယ ဝိသုဏာယ ဝါစာယ ပဋိဝိရတော'**–ဘယ်တော့မှ ကုန်းမတိုက်ဘူး။ တစ်ဦးနဲ့တစ်ဦး ကွဲသွားအောင် ဘယ်တော့မှ မလုပ်ဘူးတဲ့။ ဒီတစ်နေရာက ကြားပြီးတော့ ဒီပုဂ္ဂိုလ်နှစ်ယောက်ကွဲသွားအောင် မပြောဘူးတဲ့။ တချို့ကတော့ အားအားရှိ အဲဒါမျိုးက လိုက်ပြောတာ။ အဲဒါနဲ့ မတည့်တာတွေ ဖြစ်ကုန်တတ်တယ်ပေါ့။ တစ်ယောက်နဲ့ တစ်ယောက် ဒီစကားပြောလိုက်လို့ အဆင်မပြေဖြစ်သွားမယ် ဆိုတဲ့ စကားမျိုးကို ဘယ်တော့မှ မပြောဘူးတဲ့။ တချို့ကျတော့ အဲဒီလိုပြောရမှ ကျေနပ်တယ်၊ မပြောဘဲ မနေနိုင်ဘူး။ တမင်ကို taxi ငှားပြီး သွားပြောတာ ရှိသေးတယ်နော်၊ ဆိုက်ကားငှားပြီးတော့ သွားပြောတယ်။ စလိုက်ပြီ သူက ပြောချင်ရင် ကြားပြီးပြီလားက စတယ်။ ဟိုလူသိချင်အောင်လို့ နှိုးဆွပေးလိုက်တာ "ကြားပြီးပြီလား" တဲ့။ မကြားရသေးဘူးဆိုရင် ပြောမှာပဲ၊ ကြားပြီးပြီဆိုလို့ရှိရင် မပြည့်စုံသေးဘူးဆို ပိုပြောဦးမှာ၊ ဒီလို လာတာနော်။

အဲဒီတော့ တစ်ဦးနဲ့တစ်ဦး အဆင်မသင့်ဖြစ်အောင် ကြားဝင်ပြီးတော့ ပြောတာမျိုးတွေ မလုပ်ဘူးတဲ့။ ဒီကကြား ဟိုသွားပြော၊ ဟိုကကြား ဒီလာပြော ဒါမျိုးတွေ မလုပ်ဘူးတဲ့။ ကွဲနေတဲ့ လူနှစ်ယောက် စေ့စပ်ပေးတယ်။ ညီညွတ်နေတဲ့

ပုဂ္ဂိုလ်တွေကို ပိုပြီးတော့ ညီညွတ်အောင် အားပေးစကားပြော တယ်။ ညီညွတ်တာကို သဘောကျတယ်။ ညီညွတ်မယ့် စကားမျိုးပြောတယ်။ ကွဲပြားမယ့် စကားမျိုး ဘယ်တော့မှ မပြောဘူးတဲ့။ တစ်ဦးနဲ့တစ်ဦး အထင်မြင်လွဲသွားမယ့် စကားမျိုး ဘယ်တော့မှ မပြောဘူး။ ဆိုလိုတာက ပိသုဏဝါစာ ကို ရှောင်ပြီး တော့ ရှောင်ရုံတင်မကဘူး မတည့်ဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေ တည့်အောင်၊ စေ့စပ်ညီညွတ်အောင် လုပ်ပေးတယ်တဲ့။ အဲဒီ ကုသိုလ်ကြောင့်မို့လို့ ညီညာလှပတဲ့ သွားလေးဆယ်ရတာ။ ဒါဖြင့် အချောင်းလေးဆယ် မပြည့်တာဟာ ဇကန်ဒိဋ္ဌ လျှောက်ပြီးတော့ ကုန်းတိုက်ခဲ့တာ ပါလောက်တယ်။ ဒီထဲမှာ သွားတွေ ကျဲနေ တာလည်းပဲ ကုန်းတိုက်ခဲ့တာတွေ ပါနေလို့။ ဒါကြောင့်မို့လို့ ဒီ အမှတ်လက္ခဏာ ပျောက်နေတယ်ပေါ့နော်။ အဲဒီတော့ ဒီ ကုသိုလ်ကို ကြိုးကြိုးစားစား အားထုတ်ကြမယ် ဆိုလို့ရှိရင် သွား အချောင်းရေတွေ တိုးလာစရာရှိတယ်။

## အကျိုးပေးပုံ

ကဲ- အဲဒီလို သွားက သုံးဆယ့်နှစ်ချောင်းတင်မကဘူး အချောင်းလေးဆယ်ရှိတဲ့ပုဂ္ဂိုလ်၊ သွားမကျဲတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လို အကျိုးတရားတွေ ခံစားရတုန်းလို့ဆိုတော့ သူ့နောက်လိုက် နောက်ပါတွေ သူ့ပရိသတ် ဘယ်တော့မှ ပြိုကွဲသွားတယ်လို့

မရှိဘူး၊ ဒီလိုဆိုလိုတယ်။ အင်မတန်မှ ညီညွတ်တယ်။ သူ့ရဲ့ ပရိသတ်က အမြဲတမ်းပဲ ညီညွတ်တယ်။ သူ့ရဲ့ နောက်လိုက် နောက်ပါတွေက အင်မတန်မှ ညီညွတ်တယ်တဲ့။ ဒီလို ဆိုလိုတာ အဲဒီ အကျိုးကျေးဇူးတွေကို ရပါတယ်။ ဒါက ပါရမီပုံရိပ် အမှတ်တံဆိပ်တွေနဲ့ ပတ်သက်ပြီးတော့ ဒီလိုပြောတာနော်။

## (၂၈) ကျယ်ပြန့်သည့် လျှာ

ဟော နောက်တစ်ခု နှစ်ဆယ့်ရှစ်ခုမြောက် အမှတ်အသား က ဘာတုန်းဆို **ပဟူတဇိဝှါ**။ လျှာကြီးက အင်မတန်မှကြီးတယ်၊ ကျယ်ပြန့်တယ်။ လျှာကျယ်ပြန့်တယ်လို့ ဒီလိုဆိုလိုတယ်နော်။ ကြီးမားကျယ်ပြန့်တဲ့လျှာရှိတယ်။

## (၂၉) သာယာပြတ်သားသည့်အသံ

နောက်တစ်ခုက ဘာတုန်းဆို အသံက အင်မတန်မှ ကောင်းတယ်တဲ့။ ဗြဟ္မဿရ-ဗြဟ္မာမင်းရဲ့အသံ၊ ဗြဟ္မာမင်းရဲ့ အသံမျိုးလို၊ ကရဝိက်ငှက်ရဲ့ အသံမျိုးလို အင်မတန်မှ သာယာ တဲ့အသံ ရှိတယ်တဲ့။ အဲဒီ ပါရမီပုံရိပ် အမှတ်တံဆိပ်နှစ်ခု။ (နှစ်ဆယ့်ရှစ်နဲ့ နှစ်ဆယ့်ကိုး။)

## ပါရမီကုသိုလ်

ဒါဖြင့် ကြီးမားတဲ့လျှာရှိတယ်ဆိုတဲ့ ဒီကုသိုလ်ရယ်၊ အသံကောင်းတယ်ဆိုတဲ့ ဒီကုသိုလ်ရယ် ဘယ်လို ပါရမီကုသိုလ်တွေ ဆည်းပူးခဲ့လို့ ရ,တာတုန်းလို့ဆိုတော့ ဘယ်တော့မှ သူက ကြမ်းတမ်းတဲ့စကားမျိုး၊ ဆဲရေးတိုင်းထွာတဲ့စကားမျိုး၊ နားမခံသာတဲ့ စကားမျိုး ဘယ်တော့မှ မပြောဘူးတဲ့။ ယဉ်ကျေးလိမ္မာ သိမ်မွေ့စွာပဲ ပြောတတ်တယ်တဲ့။ **'ယာ သာ ဝါစာ နေလာ ကဏ္ဏသုခါ'**– အပြစ်ကင်းပြီးတော့ ကြားတဲ့ပုဂ္ဂိုလ်က နားချမ်းသာတယ်။ **'ပေမနီယာ'**– ချစ်ခင်မှုကို ဖြစ်စေတယ်။ ချစ်ဖွယ်ရာ ကောင်းတယ်။ **'ပေါရီ'**– မြို့သူမြို့သားတွေသုံးတဲ့ စကားလုံးမျိုး ဖြစ်တယ်။ **'ဗဟုဇနကန္တာ'** – အများက သဘောကျတယ်။ **'ဗဟုဇနမနာပါ'**– အများက မြတ်နိုးတယ်ဆိုတဲ့ တကယ့်ကို ယဉ်ကျေးတဲ့ စကားမျိုးကိုပြောတယ်။ ရိုင်းစိုင်းကြမ်းတမ်းတဲ့ စကားမျိုးကို မပြောဘူးတဲ့။

အရင်တုန်းက နာမည်ကြီးတယ်၊ မန္တလေးသူတွေ စကားချိုတယ်လို့ဆိုတာ၊ အခုတော့ မပြောတတ်ဘူး။ မန္တလေးက အင်မတန်မှ ယဉ်ကျေးတယ်၊ ထီးသုံး နန်းသုံး မန္တလေးမြို့ဟာ ယဉ်ကျေးတယ်လို့ ပြောကြတယ်နော်။ မန္တလေးသူတွေ ယဉ်ကျေးတယ်လို့ ဒီလိုဆိုကြတယ်ပေါ့နော်။

အဲဒီ ဖရုသဝါစာ ဖယ်ရှားပြီးတော့ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုမှုကြောင့်တဲ့ ကြီးမားကျယ်ပြန့်တဲ့လျှာ ရှိပြီးတော့ သာယာတဲ့အသံမျိုး ဗြဟ္မဿရဆိုတဲ့ သာယာတဲ့အသံမျိုး ဒီ မဟာပုရိသလက္ခဏာနှစ်မျိုးကို ရရှိပါတယ်။

မြတ်စွာဘုရားမှာ ဒီလျှာရဲ့အမှတ်အသားက လျှာဆိုတာ ပါးစပ်ထဲမှာနေတော့ မြင်ရတာမှ မဟုတ်တာ။ မမြင်ရဘူးလေ ပါးစပ်ထဲမှာ။ အဲဒီတော့ မြတ်စွာဘုရားရဲ့လျှာက ဘယ်လောက် ကျယ်ပြန့်ပြီး ရှည်လျားသတုန်းဆိုရင် လျှာထုတ်ပြီးတော့ ဖြန့်လိုက်လို့ရှိရင် မျက်နှာကို အုပ်လို့ရသတဲ့။ လျှာကို နည်းနည်း လေး ချွန်ပြီးတော့လုပ်ပြီးကြည့်မယ်ဆိုလို့ရှိရင် နားကို လှမ်းလျက် လို့ရတယ်။ လျှာရှည်တယ်လို့ ပြောကောင်းပြောမယ်ပေါ့နော်။ ခုခေတ်ကတော့ လျှာရှည်တယ်ဆိုတာ စကားများတာကို ပြောတာ။

အဲဒီတော့ မြတ်စွာဘုရားရဲ့လျှာတော်ဟာ အင်မတန်မှ ပျော့ပျောင်းပြီးတော့ ကြီးမားတယ်။ ဆန္ဒရှိလို့ရှိရင် လျှာကို အပြင်ဘက်ထုတ်ပြီးတော့ မျက်နှာကို လျှာနဲ့ဖုံးကွယ်လို့ ရတယ် တဲ့။ နောက် အဲဒီလျှာနဲ့ပဲ ဟိုဘက်နားတွင်း ဒီဘက်နားတွင်းကို လှမ်းနှိုက်လို့ ရတယ်လို့ပြောတယ်။ လျှာနဲ့လျက်လို့ရတယ်။ အဲဒီ မှာ ဘုရားဟုတ်မဟုတ် လာရောက်ပြီးတော့ စုံစမ်းတဲ့ ပုဂ္ဂိုလ် တွေကို မြတ်စွာဘုရားက အဲဒါ လုပ်လုပ်ပြတယ်။ အမ္ဗဋ္ဌလုလင်

လာတုန်းကလည်း တစ်ခါလုပ်ပြတယ်။ မြာဟ္မာယုပုဏ္ဏားကြီး လွှတ်လိုက်တဲ့ ဥတ္တရလုလင်က လာစုံစမ်းတယ်။

သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာတွေထဲမှာ အဲဒီဖုံးကွယ်နေတဲ့ လက္ခဏာနှစ်ခု ရှိတယ်။ အဲဒီနှစ်ခုထဲက ဒီလျှာကို မမြင်ရလို့ သူတို့က မကျေမနပ်ဖြစ်နေတယ်။ အဲဒီမှာ မြတ်စွာဘုရားက ဖန်ဆင်းပြီးတော့ လုပ်လုပ်ပြတယ်။ လျှာရဲ့ ကျယ်ပြန့်တဲ့ အမှတ်အသားတစ်ခုကို လုပ်လုပ်ပြတယ်။ အဲဒီ ကျတော့မှ သူတို့ ဘုရားဆိုတာ လက်ခံတယ်။ လက္ခဏာကျမ်းနဲ့ တိုက်ဆိုင်တာကိုး။ တိုက်ဆိုင်ပြီးတော့မှ မြတ်စွာဘုရားကို လက်ခံ တယ်။

## အကျိုးပေးပုံ

အဲဒီလို လျှာရဲ့ကျယ်ပြန့်မှုနဲ့ သာယာသောအသံ ဒီနှစ်ခု ပြဟ္မာမင်းတို့ရဲ့ အသံမျိုးကို ရရှိထားတာဟာ ပါရမီပုံရိပ်ပဲတဲ့။ ပါရမီကုသိုလ်ကတော့ ကြမ်းတမ်းတဲ့စကားကို ဘယ်တော့မှ မပြောဘူး။ သိမ်မွေ့နူးညံ့တဲ့စကားကို ပြောတယ်။ ရရှိလာတဲ့ အကျိုးကျေးဇူးက ဘာတုန်းဆိုရင် **'အာဒေယျဝါစာ'** –သူပြောလို့ ရှိရင် ဘယ်သူကမှ မငြင်းပယ်ဘူး။ သူ့စကားဟာ တည်တယ်။ သူ့စကားကို ယူကြတယ်။ လိုက်နာကြတယ်။ တစ်ခွန်းပြော တစ်ခွန်း နားထောင်တယ်။ အဲဒီလို အားလုံးဟာ စကားကို

နားထောင်တယ်ဆိုတဲ့ အကျိုးကို ရတယ်။ အေး တချို့ အမေတွေ အဖေတွေ အေး သားသမီးတွေက ပြောမကောင်းဘူး။ စကားနားမထောင်ဘူး။ မိဘစကား နားမထောင်ဘူး။ ဆရာသမားစကား နားမထောင်ဘူး။ လူကြီးစကား နားမထောင်ဘူးဆိုပြီးတော့ တစ်ဖက်သားကိုသာ အပြစ်တင်နေကြတာ။ အဲဒီလို နားမထောင်တဲ့လူနဲ့တွေ့တာ ဘာဖြစ်လို့တုန်းဆိုရင် ဒီဖရုသဝါစာတွေ လုပ်ခဲ့လို့ပဲ။ ဒါနကောင်းမှုလုပ်ခဲ့တုန်းကလည်း မစင်ကြယ်လို့၊ သက္ကစ္စဒါန မလုပ်ခဲ့လို့ ကိုယ့်စကားကို နားမထောင်တာ။ အေး ဒါကြောင့်မို့လို့ ကိုယ့်စကားကို နားထောင်စေချင်လို့ရှိရင်တော့ **ဖရုသဝါစာ ရှောင်ခြင်း၊ သက္ကစ္စဒါနပြုခြင်းဆိုတာ သတိထားကြရမယ်ပေါ့။**

အေး အားလုံး ပေါင်းလိုက်တဲ့အခါကျတော့ မဟာပုရိသလက္ခဏာ နှစ်ဆယ့်ကိုးမျိုးထိအောင် ပြီးသွားပြီ။ ဒါကြောင့်မို့လို့ တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့ ဗုဒ္ဓမြတ်စွာရဲ့ မဟာပုရိသလက္ခဏာ "ပါရမီပုံရိပ် အမှတ်တံဆိပ်"တွေ သုံးဆယ်နှစ်မျိုး ရှိတဲ့အထဲမယ် နှစ်ဆယ်ကိုးမျိုးထိအောင် လေ့လာမှတ်သားပြီးကြပြီ။ ဘယ်လိုကုသိုလ်ကောင်းမှုလုပ်လို့ ဒီပါရမီပုံရိပ် အမှတ်တံဆိပ်တွေဟာ ခန္ဓာကိုယ်မှာ ပေါ်လာတယ် ဆိုတာကိုလည်း သိရှိကြရပြီ။ ဒီလို ပါရမီပုံရိပ် အမှတ်တံဆိပ်တွေရှိတဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေမှာ ဘယ်လို အကျိုးကျေးဇူးတွေ ရရှိ

နိုင်တယ်ဆိုတာကိုလည်း မှတ်သားလေ့လာကြရပြီ။ ဒါကြောင့်မို့ ကုသိုလ်ကောင်းမှုဆိုတာ အင်မတန်မှ ထူးခြားလို့ ထူးခြားတဲ့ အကျိုးစီးပွားတွေကို ဖြစ်ပွားစေတတ်တယ်။ ကုသိုလ်ကောင်းမှုရဲ့ အကျိုးကျေးဇူးကို သိရှိနားလည်ပြီး တို့တတွေလည်း သိတတ်တဲ့ ဘဝမှာ ပါရမီကုသိုလ်တွေကို ဆည်းပူးအားထုတ်ကြရမှာ ဖြစ်တယ်လို့ ကိုယ်စီကိုယ်စီမှတ်သားပြီး ကုသိုလ်တရား ပွားများ အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

# ပါရမီပုံရိပ် အမှတ်တံဆိပ်များ
## အပိုင်း(၅)

သာသနာတော်နှစ် ၂၅၅၅-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇-ရက်၊ ၂၀၁၁-ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄-ရက်၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ သကျသီဟဘုရား ဝေဇယန္တာ မဟာဗန္ဓုလဓမ္မာရုံ ဓမ္မဗိမာန်တော်ကြီးအတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သော ရတနာလှူငယ် မြတ်ဗုဒ္ဓတရားဒေသနာတော် ပြန့်ပွားရေးအဖွဲ့ တရားစာအုပ် တရားတိတ်ခွေ ဓမ္မဒါနကုသိုလ်ပြုလုပ်ငန်း (၅) နှစ်ပြည့် အထိမ်းအမှတ် တရားတော်ကို ပူဇော်ခြင်း အထူးဓမ္မသဘင် အခမ်းအနား၌ မန္တလေးမြို့ ဖခင်ကြီး ဦးစိန်လင်းကို အမှူးထားလျှက် မိခင်ကြီး ဒေါ်မြမြအား ရည်စူး၍ ကိုထွန်းလင်းအောင် ကိုနေလင်းအောင် မနန်းချစ်ချစ်ဝိုင်း မိသားစုတို့၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"ပါရမီပုံရိပ် အမှတ်တံဆိပ်များ" အပိုင်း(၅) တရားဒေသနာတော်။**

ပါရမီကုသိုလ်ထူးကို ဆည်းပူးအားထုတ်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေမှာ ထူးခြားတဲ့ အမှတ်အသားတွေ ရရှိကြတယ်။ အမှတ်အသားပေါင်း (၃၂)မျိုးရှိတယ်။ အိန္ဒိယနိုင်ငံမှာ ထွန်းကားတဲ့

ဝေဒကျမ်းထဲက **မဟာပုရိသလက္ခဏာကျမ်း**မှာ ထူးခြားတဲ့ အမှတ်အသား လက္ခဏာတွေနဲ့ ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ ဖော်ပြီးထားတာ ရှိတယ်။ သို့သော် အကြောင်းတရားကို တိတိကျကျ ဖော်ပြထားနိုင်ခြင်းမရှိလို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဘယ်ကုသိုလ်တွေလုပ်ခဲ့လို့၊ ဘယ်ပါရမီ ကုသိုလ်တွေကြောင့် ဒီအမှတ်အသားလက္ခဏာတွေ ဖြစ်ပေါ် လာတယ်ဆိုတာကို တိတိကျကျ ဟောကြားထားတာ ဖြစ်တယ်။

အဲဒီတော့ အမှတ်လက္ခဏာဆိုတာ အမျိုးမျိုးရှိနိုင်တယ် ပေါ့။ ကောင်းလျှင်လည်း ကောင်းတဲ့အမှတ်အသား၊ မကောင်း လျှင်လည်း မကောင်းတဲ့အမှတ်အသားတွေ သတ္တဝါတွေရဲ့ သန္တာန်မှာ ဖြစ်ပေါ်လာနိုင်တယ်ပေါ့။ (၃၂)မျိုးလို့ဆိုတဲ့ အမှတ် အသားဟာ **ပါရမီကုသိုလ်ရဲ့ပုံရိပ်တွေ** သို့မဟုတ် **ပါရမီကုသိုလ် ရဲ့ အမှတ်တံဆိပ်** များသာ ဖြစ်တယ်။

ဒီ **လက္ခဏာသုတ္တန်**ကိုပဲ အနှစ်ချုပ်ပြီးတော့ "ပါရမီပုံရိပ် အမှတ်တံဆိပ်များ" ခေါင်းစည်းဖြင့်ဟောခဲ့တာ ဒီကနေ့(၅)ရက် မြောက် ဖြစ်ပြီပေါ့။ ကျန်တဲ့ လက္ခဏာအမှတ်အသားလေးတွေ ဟောပြီးလို့ရှိရင် ဒီ မဟာပုရိသလက္ခဏာနဲ့ ပတ်သက်ပြီးတော့ ဖော်ပြထားတဲ့ လက္ခဏာသုတ္တန် **အနှစ်ချုပ်တရား ဒေသနာ**ဟာ ဒီကနေ့ အပြီးသတ် နိဂုံးချုပ်မှာ ဖြစ်တယ်။ (၃၂)ဖြာသော အမှတ်

အသား လက္ခဏာတွေထဲမှာ (၂၉)မျိုးသော လက္ခဏာတွေကို အကျဉ်းအားဖြင့် ရှင်းလင်းဟောကြားခဲ့ပြီးဖြစ်တယ်။

## (၃၀) ကြံ့ခိုင်လုံးဝန်းသည့်မေးစေ့

ဒီကနေ့ နံပါတ်(၃၀)မြောက် အမှတ်အသား လက္ခဏာက ဘာတုန်းဆိုတော့ လူတွေရဲ့ သန္တာန်မှာရှိတဲ့ လက္ခဏာတွေဟာ အမျိုးမျိုးရှိတဲ့အထဲမယ် လက္ခဏာအမျိုးမျိုးထဲမှာ ဒီကနေ့ (၃၀) မြောက် မဟာပုရိသလက္ခဏာက '**သီဟဟနု**' လို့ နာမည်ပေးထားတယ်။ **သီဟဟနု** လက္ခဏာတဲ့။ **သီဟ**–ဆိုတာ ခြင်္သေ့ပဲ။ အဲဒီ **သီဟ** ဆိုတဲ့ စကားလုံးကိုပဲ **သီဃ** လို့လည်း ခေါ်တယ်။ ရှေးက ရေးတဲ့အခါမှာ 'ဟ နဲ့ ဃ' လွဲလှယ်ရေးတာဖြစ်လို့ သီဟိုဠ်ကျွန်းကိုလည်း သီဃို်ကျွန်းလို့ ဒီလို ခေါ်ခဲ့ကြတယ်။ 'ဃနဲ့ ဟ' အပြောင်းအလွဲလေး ရှိတယ်ပေါ့။

သီဟ ဆိုတဲ့ ပါဠိစကားလုံးက ခြင်္သေ့ဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ပြတယ်။ အဲဒီ ခြင်္သေ့ဆိုတာကိုလည်း သိဃ်ဆိုတဲ့ နာမည်နဲ့လည်း အသုံးပြုတာမို့ ဒီကနေ့ **သီဃ်ပူရ**ကို ဒီကနေ့ လူတွေက အသံထွက်တဲ့အခါကျတော့ **စင်္ကာပူ**လို့ ဒီလို ထွက်နေကြတာနော်။ တကယ်ကတော့ 'သိဃ်ပူရ' ဆိုတာ 'သီဟပူရ'ပဲ။ ခြင်္သေ့နိုင်ငံလို့၊ ဒါကြောင့်မို့ သူတို့နိုင်ငံရဲ့ emblem မှာ ခြင်္သေ့ရုပ်ပါတယ်။ ခြင်္သေ့ရုပ်ထည့်ထားတာ ရှိတယ်။ အဲဒီတော့ သိဃ်ပူရ

သို့မဟုတ် သီဟပူရ- ခြင်္သေ့မြို့၊ ခြင်္သေ့နိုင်ငံဆိုတဲ့ အဓိပ္ပာယ်နဲ့ ဒီလိုခေါ်တာ။ အသံထွက်တွေ တဖြည်းဖြည်း ပြောင်းသွားကြတဲ့ အခါကျတော့ 'သီဟပူရ' က 'သိယ်ပူရ' ဖြစ်၊ 'သိယ်ပူရ' က 'စင်္ကာပူ' ဖြစ်သွားတာပေါ့။

အဲဒီတော့ သီဟဆိုတာ ခြင်္သေ့။ ဒီလို ပြောင်းလဲမှုတွေ ကလည်း အင်မတန်မှများတယ်။ ပြောင်းလဲမှုတွေ များတဲ့အခါမှာ ဘယ်က ဆက်သွယ်ပြီးတော့ လာတယ်ဆိုတာ အမှန်အကန် သိဖို့တော့ လိုတာပေါ့။ မြန်မာနိုင်ငံမှာ ပါဠိဘာသာနဲ့ နာမည် ပေးထားတာ အခု မန္တလေးမြို့ကြီးကို မင်းတုန်းမင်းကြီးက နာမည်ပေးတဲ့အခါကျတော့ **'ရတနာပုဏ္ဏ'** လို့ ဒီလို နာမည်ပေး တယ်။ ဟို- အင်းဝမြို့ကိုတော့ **'ရတနာပူရ'** လို့ ဒီလိုခေါ်တယ်။ နောက် အင်းဝနဲ့ မန္တလေးကြားမှာ ရှိတဲ့မြို့ကိုတော့ **'အမရပူရ'** လို့ ဒီလို နာမည်ပေးတယ်။ 'ပုရ' ဆိုတာ တိုင်းပြည်လို့ ဒီလို အဓိပ္ပာယ်ရတယ်။ သို့မဟုတ် မြို့တော် နေပြည်တော် ဒီလို အဓိပ္ပာယ်မျိုးနဲ့ နာမည်လေးတွေ မှည့်ထားတာ။ 'အမရပူရ' ဆိုတာ 'မသေရာမြို့တော်' ပေါ့။ 'ရတနာပုဏ္ဏ' ဆိုတာ ရတနာ တွေရဲ့ အစုအပုံ။ ဒီအဓိပ္ပာယ်မျိုးတွေ ပါဠိဘာသာနဲ့ နာမည် မှည့်ထားတာ။ သို့သော် မန္တလေးဆိုတဲ့ နာမည်ကတော့ ပါဠိ မဟုတ်ဘူး။ မန္တလေးတောင်ကို အစွဲပြုပြီးတော့ ဒီလို ခေါ်ခဲ့ပုံ ရတယ်။

ထူးခြားတာက ဒီနာမည်ရဲ့ မူရင်းအစက ဘယ်ကနေလာသလဲဆိုတာတော့ သုတေသနလုပ်ကြည့်မှသိမယ်။ ဒီမန္တလေးဆိုတဲ့နာမည်နဲ့ခပ်ဆင်ဆင် သီဟိုဠ်ကျွန်းမှာ 'မာတလေ့' ဆိုတာ ရှိတယ်။ 'မာတလေ့' နဲ့ 'မန္တလေး' က ခပ်ဆင်ဆင်။ နောက်ပြီးတော့ 'မာတရ' ဆိုတဲ့မြို့နဲ့ 'မတ္တရာ' ဆိုတဲ့ မြို့ကလည်း ခပ်ဆင်ဆင်ပဲ။ 'ဘုတလင်' ဆိုတဲ့မြို့နဲ့ 'ပုတ္တလင်' ဆိုတဲ့မြို့ကလည်း ခပ်ဆင်ဆင်ပဲနော်။ သီဟိုဠ်ကျွန်းက နာမည်တွေနဲ့ ဗမာပြည်က နာမည်တချို့ဟာ ယဉ်ကျေးမှုခြင်း ဆက်နွယ်သည့်အတွက်ကြောင့် တူနေတာ ဖြစ်ကောင်းဖြစ်နိုင်တယ်ပေါ့။ ပါဠိစာပေကလာတဲ့ နာမည်တွေလည်း ဖြစ်နိုင်တယ်ပေါ့။

အဲဒီလို ပြောင်းလွဲသွားတဲ့အခါ တစ်ခါတစ်ခါကျတော့ အဓိပ္ပာယ်ပါ ပြောင်းသွားတတ်တယ်။ အဓိပ္ပာယ် ကျန်ရစ်သေးရင် တော်သေးတယ်လို့ ဒီလိုပြောရမှာ။ တွေးတောကြည့်မယ်ဆိုလို့ရှိရင် ပုဂံဘုရားတွေ ရောက်ရှိဖူးတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း **'အပါယ်ရတနာဘုရား'** ဆိုတာ တွေ့ကောင်းတွေ့မိလိမ့်မယ်။ နာမည်လည်း ကြားဖူးကြလိမ့်မယ်။ ရေးထားတာ 'အပါယ်ရတနာ' လို့ဆိုတော့ 'အပါယ်' ဆိုတဲ့ စကားလုံးက ကောင်းတဲ့အဓိပ္ပာယ် မဖြစ်ဘူး။ 'ရတနာ' ကတော့ ကောင်းတဲ့ အဓိပ္ပာယ်ဖြစ်တယ်။ အပါယ်လေးဘုံလို့ အပါယ်တွေက ရှိနေတယ်။

ကောင်းတဲ့ဟာ မဟုတ်ဘူး။ ရေးချမပါဘဲနဲ့ 'အပယ်' လို့ ပြောရင် လည်း အပယ်ခံရတယ်လို့ အဓိပ္ပာယ်ကလည်း ဖြစ်တယ်။

အဲဒီတော့ တကယ်ဖြစ်နိုင်ခြေကို တွေးကြည့်လိုက်မယ် ဆိုလို့ရှိရင် 'အဘယရတနာ' ဆိုတဲ့ စကားလုံးကနေပြီးတော့ 'အဘယရတနာ' ကို သီဟိုဠ်နိုင်ငံသားတွေက ဘယ်လို ဖတ်တုန်းဆို 'အဘေးရတန' လို့ ဖတ်တယ်။ ဒီကနေ့ထိအောင် သူတို့နိုင်ငံမှာ ဒီနာမည်ကို မှည့်တဲ့သူရှိတုန်းပဲ။

ဘုန်းကြီးတို့ ၁၉၈၇-ခုနှစ်က သီဟိုဠ်မှာသွားပြီး မာစတာ တန်းတက်တဲ့အခါ အဲဒီမှာ ပါမောက္ခ ပရော်ဖက်ဆာ တစ်ယောက်ရဲ့ နာမည်ကို 'အဘေးရတန' လို့ ခေါ်တယ်။ 'အဘေးရတန' ဆိုတာ 'အဘယရတန' -ဘေးကင်းတဲ့ ရတနာလို့ ဒီလို အဓိပ္ပာယ်ရတယ်။ အဲဒီနာမည်တွေကို ကြည့်မယ်ဆိုလို့ရှိရင် ဒီပုဂံမှာရှိတဲ့ စေတီပုထိုးရဲ့ ဘွဲ့တော်ဟာလည်းပဲ 'အဘေးရတန' ကနေပြီး 'အပါယ်ရတနာ' လို့ ပြောင်းလာတယ်လို့ ဒီလို ယူဆ နိုင်စရာ ရှိတယ်ပေါ့။ ဘာပြုလို့တုန်းဆိုတော့ စကားလုံးချင်း အင်မတန်မှ နီးစပ်တယ်။ 'သိယ်ပူရ' ကနေ 'စက်ာပူ' ပြောင်းသွား သလိုပဲ 'အဘေးရတန' က 'အပါယ်ရတနာ' ပြောင်းသွားတယ်။ အဓိပ္ပာယ်က အင်မတန်မှကောင်းတယ် 'အဘယရတန'။

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးမှာလည်း နာမည် ပြောင်းသွားတာတွေ ရှိတယ်။ ဆိုပါစို့- မူလနာမည်မှည့်တုန်းက

**'မဟီယင်္ဂဏာ'** လို့ နာမည်ဘွဲ့တော်ပေးထားတဲ့ ဘုရားကို ဒီကနေ့ ကျတော့ **'မရှိခဏာ'** လို့ခေါ်နေကြတယ်။ မရှိရင်ခဏာပဲလို့ ဆိုတာကို ကြိုက်ပြီးတော့ 'မရှိခဏာ' ကို ဆက်ပြီးသုံးနေကြတယ်။ တကယ်ကတော့ 'မရှိခဏာ' မဟုတ်ဘူး 'မဟီယင်္ဂဏာ' ပဲ။ 'မဟီယင်္ဂဏာ' ဆိုတာ မူလနာမည်ပဲ။

ဒီ့ထက်ပိုပြီး ပြောင်းသွားတာ ရှိသေးတယ်။ ဘာတွေလဲလို့ဆိုရင် ဟို ကျစ္စာချောင် ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ နောက်ကျောမှာရှိတဲ့ တောင်တစ်တောင်က စေတီတစ်ဆူ ရှိတယ်။ အဲဒီ စေတီအနီး ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိတယ်။ အဲဒီ ဘုန်းကြီးကျောင်းရဲ့ မူလနာမည်က **'အဘယဂိရိ'**။ 'အဘယဂိရိ' က 'အဘေးဂိရိ'။ 'အဘေးဂိရိ' က 'ဂိရိ' ကို 'ဂြိုး' လို့ ရေးရာကနေပြီးတော့ အခုကျတော့ ဘယ်လိုခေါ်တုန်း ဆိုတော့ **'ဖြန့်ကြီးချောင်'** လို့ ခေါ်နေကြတယ်နော်။ ဘယ်လောက်ဝေးသွားတယ်ဆိုတာ။ 'ဖြန့်ကြီး' ဆိုတာ အဖြန့်ကြီးကကြီးနေလို့ 'ဖြန့်ကြီး' ခေါ်တာမဟုတ်ဘူး။ 'အဘယဂြိုး' ဆိုတာကနေ ဖြန့်ကြီး ဖြစ်သွားတာ။ ဒီလို ပြောင်းလွဲမှုတွေဟာ မြန်မာစကား မြန်မာစာပေမှာ တော်တော်များများ ရှိတယ်ပေါ့။ မူလနာမည်လေးက အင်မတန်မှလှတယ်၊ 'အဘယဂိရိ'- ဘေးကင်းတဲ့တောင်ဆိုတဲ့ စေတီပုထိုးနာမည်ရော ကျောင်းနာမည်ရော အဘယဂိရိ

ကျောင်းလို့။ ဒီလို ပြောင်းလွဲသွားတာတွေက ရှိတယ်ပေါ့။ အေး ဒါက ဗဟုသုတအနေနဲ့ ထည့်ပြောတာပါ။

အခု 'သီဟ'ဆိုတဲ့ စကားလုံးကို ရှေးတုန်းက 'သိဃ်' လို့လည်း ဖတ်တယ်။ အသံမတူတာလေးတွေ ရှိတယ်။ ဂဠုန်ကို ပါဠိစာပေနဲ့ 'ဂရုဠ' လို့ ဠကြီးနဲ့ဖတ်တယ်၊ ဠကြီးနဲ့ရေးတယ်။ အေး တချို့နေရာတွေမှာတော့ ဠကြီးနဲ့ တချို့နေရာတွေမှာ ကျတော့ ဍရင်ကောက်နဲ့ ဖတ်တာရှိတယ် 'ဂရုဍ'။ 'ဂရုဍ' ဆိုတာ ဂဠုန်။ အဲဒီ စကားလုံးကို ဘယ်နိုင်ငံက သုံးတုန်းဆိုရင် အင်ဒိုနီးရှား 'ဂရုဍအဲယားလိုင်း' ရှိတယ်နော်၊ ဂဠုန်-ဂရုဍ အဲယားလိုင်း။ အဲဒီတော့ ဒီစကားလုံးလေးတွေရဲ့ အဓိပ္ပာယ်ကို သိတာက အင်မတန်မှ တန်ဖိုးရှိတယ်ပေါ့။

အဲ ခုခေတ်တော့ လူတွေက နာမည်မှည့်ကြတာ ဗမာ နာမည်လား ဘာနာမည်တုန်းလို့တောင် မသိနိုင်ဘူး။ ဗမာပြည် က တချို့နာမည်တွေက အတော်ကို 'မော်ဒန်' ဖြစ်နေတယ်နော်။ မော်ဒန် ဖြစ်တော့ တစ်ခါတလေ ဘာနာမည်မှန်းကို မသိဘူး။ ရှည်တာကလည်း အလွန်ကြီးပဲ၊ ဆုံးအောင် မခေါ်နိုင်ဘူး။ အေး နာမည်လေးတွေကလည်း မြန်မာသိပ်ပြီးမဆန်တော့ ဘာနာမည် တွေမှန်းကို မသိဘူး။ အဲဒီတော့ အဓိပ္ပာယ်လည်း ရှိရင်တော့ ကောင်းတာပေါ့။ နာမည်ဆိုတာ ခေါ်ဖို့ရာ မှည့်တာပါပဲ။ အမည်နာမဆိုတာ ခေါ်စရာပဲ။ တကယ်ကတော့ ဒီ အမည်နာမ

အတိုင်း ဖြစ်တာတော့ မဟုတ်ဘူးပေါ့။ ခေါ်စရာအနေနဲ့ ဒီလို မှတ်သားတာပေါ့။

သို့သော် မြန်မာလူမျိုးတွေမှာ "ပညတ်သွားရာ ဓာတ်သက်ပါ" ဆိုပြီးတော့ သူက အမည်ပညတ်ရဲ့နောက်မှာ ဒီ အဖြစ်အပျက်အစစ်အမှန်က လိုက်လာတတ်တယ်လို့ ဒီလို ယူဆချက်တွေလည်း ရှိတယ်ပေါ့နော်။ အဲဒီတော့ အမည်ပညတ် သွားတိုင်း သွားတိုင်း ဓာတ်သက်ပါတာတော့ မဟုတ်ဘူး။ အမည်ပညတ်သွားတိုင်းတော့ ဓာတ်သက်က မပါနိုင်ဘူးပေါ့။

ငါးရာ့ငါးဆယ်ဇာတ်ထဲမှာ သူ့နာမည်က 'ပါပိမ'= 'ငယုတ်မာ' လို့ ခေါ်ထားသည့်အတွက်ကြောင့် သူ့နာမည် မကောင်းလို့ နာမည်ကောင်း မှည့်ချင်တယ်။ နာမည်ကောင်း မှည့်ချင်တော့ ခရီးထွက်ပြီးတော့ နာမည်ကောင်းကောင်းလေး လိုက်ရှာတာ။ အခုခေတ်တော့ အဲလို ရှာစရာမလိုပါဘူး။ ဗေဒင် ဆရာဆီသွားလိုက်ရင် နာမည်ကောင်းကောင်း ရတယ်နော်။ မှည့်ပေးလိုက်လိမ့်မယ် နေ့နဲ့ နံနဲ့ သေချာ။ အဲ သူကတော့ ဗေဒင်ဆရာဆီ မသွားဘဲနဲ့ ဘာဖြစ်လို့ ခရီးထွက်သွားတယ် မသိဘူး။ ခရီးထွက်သွားတော့ လမ်းမှာ သူ ဘာတွေ့တုန်း ဆိုတော့ တောထဲမှာမျက်စိလည်လမ်းမှားနေတဲ့ လူတစ်ယောက် တွေ့တယ်။ မင်းနာမည် ဘယ်သူတုန်းဆို 'ကိုလမ်း'၊ ဟ 'ကိုလမ်း' ကလဲ လမ်းမှားတာပဲလားလို့။ ဟော နောက်တစ်ခါ တစ်ယောက်

တွေ့ပြန်တယ်။ နာမည်ကတော့ **'နေပါလီ'** 'ဥစ္စာစောင့် သူဌေးမ' ဆိုတဲ့ အဓိပ္ပာယ်နဲ့ နာမည်ရတယ်။ သို့သော် ဆင်းရဲလိုက်တာ မွဲတေ၊ ဝတ်ထားတဲ့ အဝတ်က စုတ်ပြတ်လို့။ ဟော နာမည်နဲ့ လူနဲ့မလိုက်ပြန်ဘူး။ နောက်တစ်ခါ အသုဘတစ်ခု ချလာတဲ့အခါ ဒီလူတော့ နာမည်ကောင်းကောင်းရှိမယ်။ သူတော့ သေသွားပြီ။ နာမည်က ဘာတဲ့တုန်းဆို **'သေက်ရှည်'**။ ဩော် 'သေက်ရှည်' လည်း သေတာပဲကိုးလို့ဆိုပြီးတော့ ကဲ ဘယ်နာမည်မှမရွေးဘူး။ သူ့ 'ငယုတ်မာ' ဆိုတဲ့ နာမည်လေးပဲ ယူထားတယ်။ ဒီလို နာမည် ဆိုတာ ရွေးလည်း ဒီအတိုင်း ဖြစ်ချင်မှဖြစ်တာလို့ ဒီလို ဆိုလို တာနော်။

အဲဒီတော့ ဒီမှာ **'သီဟဟနု'**၊ **'သီဟ'** ဆိုတာ ခြသေ့်၊ **'ဟနု'** ဆိုတာ မေး။ အဲဒီတော့ ခြသေ့်မြင်ဖူးတဲ့ ပုဂ္ဂိုလ်တွေက ခြသေ့်မေးကို မြင်ဖူးမယ်။ မေးစေ့က ဘယ်လို နေတုန်းဆိုတော့ ဝိုင်းဝိုင်းလေး။ ခြသေ့်က တောင့်တင်းတယ်ပေါ့နော်။ ဒီ မေးစေ့ က ခိုင်မာတယ်။ မေးစေ့က အစာဝါးတဲ့နေရာမှာ၊ အစာခြေဖို့ နေရာမှာ ဒီမေးရဲ့သန်မာမှုက အင်မတန်မှ အရေးကြီးတာပေါ့။ မေးကြီးက ချွန်မနေဘဲ မေးလေးက ဝိုင်းဝိုင်းလေးနေတာ။ ခြသေ့်ရဲ့မေးက ဝိုင်းဝိုင်းကလေး။

အဲဒီတော့ ခြသေ့်ဆိုလို့လည်းပြောရဦးမယ်ဆိုရင် ဒီခြသေ့် ဆိုတဲ့အကောင် မြင်ဖူးကြမှာပါ။ သို့သော် ဘုရားတွေရဲ့ရှေ့မှာ

အဆောက်အအုံကြီးတွေနဲ့ ရုပ်ပုံကြီးတွေလုပ်ထားတဲ့ ရုပ်တုတွေ ထုထားတဲ့ ခြသေ့်ကြီးတွေက ဒါက ပန်းချီဆရာ ပန်းပုဆရာတွေရဲ့ အမြင်နဲ့ ပေါင်းစပ်ထားတဲ့ ခြသေ့်ပဲ။ ပုံသဏ္ဌာန်ယူထားတဲ့ခြသေ့်။ ခြသေ့်အစစ်ကတော့ အဲဒီပုံစံနဲ့တူတာ မဟုတ်ဘူး။ လည်ပင်းမှာ အတွန့်အတွန့်လေးတွေ ထည့်ထားတာ။ ဒါ **'ကေသရာဘာရ'** လို့ ခေါ်တယ် အမွေး။ တိရစ္ဆာန်ရုံထဲမှာ ခြသေ့်ကို သွားကြည့်ရင်တော့ တွေ့မှာပဲ။ အဲဒါကို တချို့က ခွေးခြသေ့်၊ ခြသေ့်အစစ် မဟုတ်ဘူးလို့ ပြောကြတယ်။ မဟုတ်ဘူး၊ ခြသေ့်အထီးက လည်ဆံဖွားဖွားကြီးနဲ့ရှိတယ်။ အဲဒါဟာ ခြသေ့်အစစ်ပါပဲ။ 'ကေသရာဘာရ' အဲဒီ လည်ဆံမွေးကြီးတွေကို 'ကေသရ'လို့ ခေါ်တယ်။

မြန်မာလူမျိုးတွေက အဲဒီ လည်ဆံမွေးနဲ့ ထည့်ပြီးတော့ လုပ်တဲ့အရုပ်ကို 'ခြူးရုပ်' လို့ ခေါ်ကြပြန်တယ်။ ဘယ်လိုလုပ်ပြီးတော့ 'ခြူး' ဆိုတာ ရှိတုန်းဆိုတော့ အကောင်တော့ 'ခြူးကောင်' လို့တော့ မရှိပါဘူးနော်။ အဲဒီ ခြသေ့်ကိုပဲ ခေါ်တာပါ။ ဘုရားရှေ့ ကျောင်းရှေ့မှာ လုပ်ထားတာကတော့ ပန်းပုဆရာတွေရဲ့ စိတ်ကူးနဲ့လုပ်ထားတာ။ အဲဒီတော့ ခြသေ့်ဆိုတဲ့ အကောင်ဟာ စွမ်းရည်သတ္တိရှိတဲ့နေရာမှာ၊ သတ္တိကောင်းတဲ့နေရာမှာ သူ့ကို စံပြုရတယ်လို့ ဒီလိုပြောတာ။ စာပေကျမ်းဂန်ထဲမှာလည်း ဒီသတ္တိကို ထုတ်ဖော်ထားတာတွေ အများကြီးတွေ့ရတယ်ပေါ့။

ဇာတ်တစ်ခုထဲမှာ တွေ့ရတာ ခြင်္သေ့ဟောက်လို့ရှိရင်တဲ့ လူတွေဟာ နားကွဲပြီးတော့ သေတယ်လို့ဆိုတယ်။ ဇာတ်လမ်းတစ်ခုရှိတယ် '**သဗ္ဗဒါဌိကဇာတ်**' ဆိုတာ အဲဒါက အကာအကွယ်မဲ့လို့ ကြောက်လန့်လို့ နှလုံးကွဲတဲ့ သဘောမျိုးတော့ ဖြစ်ကောင်းဖြစ်နိုင်တယ်။ တကယ်က ဒီခြင်္သေ့သံကြောင့်မို့ နှလုံးကွဲ နားပင်းပြီး သေတယ်ဆိုတာတော့ မဖြစ်နိုင်တဲ့အရာတစ်ခုပဲပေါ့။

အခု ရန်ကုန် တိရစ္ဆာန်ရုံကြီးထဲမှာ ခြင်္သေ့ရှိတယ်။ အဲဒီခြင်္သေ့က မနက်တိုင်းကျတော့ ထထပြီး ဟောက်သံတွေ ကြားရတယ်။ ဘယ်လောက်ကနေ ကြားရတုန်းဆိုရင် မဟာစည်သာသနာ့ရိပ်မှာနေတုန်းက အဲဒီကနေ ဟောက်သံတွေ ကြားရတယ်။ တုံးခေါက်တဲ့အသံမျိုးကြီး၊ သစ်စည်ထိုးတဲ့ အသံမျိုးကြီး 'ဝုန်း ဝုန်း'ဆိုတဲ့ အသံကြီးတွေ ကြားရတယ်။ အဲဒါ ခြင်္သေ့ဟောက်သံပဲပေါ့။ သို့သော် တိရစ္ဆာန်ရုံထဲမှာ တိရစ္ဆာန်တွေစောင့်နေတဲ့လူတွေ ရှိတယ်။ ဘယ်သူမှ နားကွဲ အသည်းကွဲပြီး သေတာ မရှိပါဘူးနော်။ ဆိုလိုတာကတော့ အင်မတန်မှ တောထဲမှာ ကြောက်စရာကောင်းတဲ့ အသံမျိုးကြီး ဖြစ်သည့်အတွက်ကြောင့် ကြောက်ပြီးတော့ လန့်ပြီးတော့ နှလုံးကွဲတာတော့ ဖြစ်ကောင်းဖြစ်နိုင်တယ် ဒါက။ အသံပြင်းလို့ ကွဲတာတော့ မဟုတ်ဘူး။ သူ့ထက်ပြင်းတဲ့ မိုးကြိုးပစ်တာတောင် ကွဲမှ မကွဲတာပဲနော်။ ဒီထက်ပြင်းတဲ့ အသံတွေက ဗုံးချတဲ့အသံတွေက

ဒီထက်ပြင်းတာပေါ့။ ပေါက်ကွဲသံကြီးတွေ ဒီ့ထက်ပြင်းတယ်။ အဲဒီတော့ တချို့ကလည်း ပြောတယ်။ ဒါ ခြင်္သေ့အစစ် မဟုတ်ဘူး၊ တောထဲမှာ၊ မဟုတ်ပါဘူး ဒါပဲ ခြင်္သေ့ပါပဲ။ 'ကေသရာဇာ ခြင်္သေ့' ဆိုတာ ဒီလည်ဆံဖားဖားကြီးတွေကိုပဲခေါ်တာ။

အဲဒီခြင်္သေ့ကြီးတွေက ရှေ့မေး အင်မတန်မှ ကောင်းတယ်။ ခြင်္သေ့ရဲ့မေးကို တိရစ္ဆာန်ရုံထဲမှာ ရောက်တဲ့အခါ သေချာကြည့်ကြည့်။ ဝိုင်းဝိုင်းကြီး သူကနော်။ ဆိုလိုတာက 'သီဟဟနု' ဆိုတာ ခြင်္သေ့မေးစေ့နဲ့တူတဲ့ မေးစေ့ရှိတယ်ဆိုတာ ဆင်ဆင်တူတာကို ပြောတာ။ ဥပမာစကားဆိုတာ အပြည့်မယူရဘူး။ ဥပမာဆိုတာ နည်းနည်းလေးတူတာကိုပဲ ဥပမာလို့ ဒီလိုပြောတာ။ နှိုင်းယှဉ်ပြတဲ့ စကားမျိုး ဖြစ်သည့်အတွက်ကြောင့် လုံးဝတူတာတွေကို မယူရဘူးပေါ့။ ဆင်ဆင်တူလို့ရှိရင် ဒါ ဥပမာစကား၊ တင်စားတဲ့ စကားလုံးတွေပေါ့။

အခု မဟာပုရိသ လက္ခဏာမှာ သုံးဆယ်မြောက် မဟာပုရိသလက္ခဏာဟာ **'သီဟဟနု'** – ခြင်္သေ့မင်းရဲ့ မေးစေ့နဲ့တူတဲ့ မေးစေ့ရှိတာ။ ဆိုလိုတာက မေးကြီးက ချွန်မနေပဲနဲ့ ဝိုင်းစက်ပြီးတော့ မျက်နှာနဲ့ မေးစေ့နဲ့ အင်မတန်မှ လိုက်လျောညီထွေရှိတယ်။ ဒီလိုဆိုတာနော်။ မေးစေ့က ဝိုင်းဝိုင်းလုံးလုံးဆိုရင် မျက်နှာကလည်း ဝိုင်းဝိုင်းလုံးလုံးဆိုတော့ အင်မတန်မှ ကြည့်လို့ကောင်းတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။

မြတ်စွာဘုရားရဲ့သန္တာန်မှာရှိတဲ့ ရုပ်ခန္ဓာမှာ **'သီဟဟနု'**- မေးစေ့ဟာ ချွန်ပြီးတော့ မနေဘဲနဲ့ ခြင်္သေ့ရဲ့မေးစေ့လို လုံးလုံး ဝိုင်းဝိုင်းနဲ့ မျက်နှာနဲ့ အင်မတန်မှပနံရတယ်လို့ ဒီလိုပဲပြောရမှာ ပေါ့နော်။ ဒါဟာ ပါရမီပုံရိပ် အမှတ်တံဆိပ်ထဲမှာ 'မေးစေ့'ရဲ့ လက္ခဏာတစ်ခုပဲလို့။ ဒီလို ပြောတာပေါ့။

## ပါရမီကုသိုလ်

ဒါဖြင့် အခုလို အမှတ်အသား လက္ခဏာမျိုးတွေဟာ ဘာဖြစ်လို့ ဒီလိုမေးစေ့လှရသလဲ။ မေးစေ့လှတာ ဘာကြောင့် ဒီလို ဝိုင်းဝိုင်းတောင့်တောင့် ဒီဘဝမှာ ခန္ဓာကိုယ်မှာ ရရှိ ပေါ်ပေါက်လာရသလဲလို့ ဆိုလို့ရှိရင် စွဲစွဲမြဲမြဲလုပ်ခဲ့တဲ့ ကုသိုလ် ကောင်းမှုကြောင့်ရတာ။ ဘာကုသိုလ်တွေကို စွဲစွဲမြဲမြဲ လုပ်ခဲ့တုန်း ဆိုရင် ပိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်တယ်။

**'သမ္ဖပ္ပလာပ'** လို့ ဆိုတဲ့ ရှေးတုန်းကတည်းက ဘာသာပြန် တာတော့ **'သမ္ဖပ္ပလာပ'** ဆိုတာ ပိန်ဖျင်းသောစကားကို ပြောဆို ခြင်း။ ဘယ်လိုပိန်ပြီးတော့ ဘယ်လိုဖျင်းတာလဲဆိုတဲ့ အဓိပ္ပာယ် ကိုတော့ စဉ်းစားချင်မှ စဉ်းစားလို့ရမယ်နော်။ ပိန်ဖျင်းသော စကားဆိုတာ ဘယ်စကားမျိုးကို ခေါ်တာလဲ။ ကိုယ့်စကားကို ပိန်သလား ဖျင်းသလားဆိုတာလည်း ကြည့်ရမှာပေါ့နော်။ ဘယ်စကားမျိုးဟာ ပိန်ဖျင်းတဲ့စကားလဲ။ **'သမ္ဖပ္ပလာပ'** တွေ

ပိန်ဖျင်းတဲ့ စကားတွေ မပြောဘူးဆိုတာ အဲဒီစကားတွေကို မပြောဘဲနဲ့ ရှောင်ခဲ့တဲ့ကုသိုလ်တဲ့။ ဒါက 'ဝစီဒုစရိုက်လေးပါး' အားလုံး သိကြတဲ့အတိုင်း **မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ** လို့ဆိုပြီးတော့ ဝစီဒုစရိုက်လေးခုရှိတယ်။

ဆိုလိုတာက နှုတ်ကို စည်းကမ်းမဲ့ စည်းကမ်းမထားတဲ့ ပုဂ္ဂိုလ်တွေ နှုတ်နဲ့ပတ်သက်တဲ့ ကိုယ်ကျင့်တရား ပျက်ပြားနေတဲ့ ပုဂ္ဂိုလ်တွေက လိမ်ပြောတာ ရှိတယ်၊ ကုန်းတိုက်တာ ရှိတယ်၊ ဆဲရေးတိုင်းထွာတာ ရှိတယ်၊ အကျိုးမရှိတဲ့ ခုနက ပိန်ဖျင်းသော စကားတွေကို ပြောတာ ရှိတယ်လို့ လေးမျိုးရှိတယ်။ ဒါကို ဝစီဒုစရိုက်လေးမျိုးလို့ ခေါ်တယ်။

အထူးအားဖြင့် ဒီ **သီဟဟနု** လို့ခေါ်တဲ့ ဒီအမှတ်အသား လက္ခဏာပေါ်တာဟာ နံပါတ်လေး လက္ခဏာဖြစ်တဲ့ ပိန်ဖျင်းသော စကားကို ပြောဆိုခြင်းဆိုတဲ့ ဝစီဒုစရိုက်မှ ကျကျနန ရှောင်ကြဉ်ခဲ့လို့ပဲ။ စွဲစွဲမြဲမြဲ ရှောင်ကြဉ်ခဲ့တယ်။ ဒီ **သမ္ဖပ္ပလာပ**– ပိန်ဖျင်းတယ်လို့ပြန်တာ။ ဆိုပါစို့ စပါးနှံလေးတစ်ခု မြင်ဖူးတဲ့ ပုဂ္ဂိုလ်တွေ သိကြလိမ့်မယ်။ စပါးအခွံလေးထဲမှာ အဆန် မထည့်ဘူး ဆိုလို့ရှိရင် စပါးစေ့လေးက ပိန်နေတာနော်၊ အထဲထဲမှာ အဆန်မပါလို့ အဖျင်း စပါးအဖျင်းလို့ခေါ်တာ။ ပိန်ဖျင်းတယ် ဆိုတဲ့ စကားလုံးက အဲဒီ စကားလုံးပဲနော်။ အထဲထဲမှာ အဆန် မထည့်ဘူး။ တွေ့ဖူးကြလိမ့်မယ်၊ ဒီမြေပဲလှော်တော့ ဝယ်စားကြ

တဲ့သူ များတယ်လေ။ အတောင်နဲ့ ဝယ်စားတာတို့။ တချို့ မြေပဲလှော်က အခွံပါလှော်ထားတဲ့ မြေပဲလှော်ကို အထဲက အဆန်လေးက မရှိဘူး။ သေးသေးလေးပဲ။ အဲဒါမျိုးကို ဗိန်ဖျင်းလို့ ပြောတာနော်။ ဘာမှ အထဲမှာ အဆန်မရှိဘူး။ အနှစ်သာရ မရှိဘူး။ အဲဒီ စကားမျိုးလို့ ဒီလိုအဓိပ္ပါယ်ရတယ်။

ကဲ-အဲဒီလို ပြောတာတောင် အနှစ်မရှိတဲ့ စကားဆိုတာ ဘယ်စကားမျိုးတုန်းဆိုတာ သိဖို့ ခက်ပြန်တယ်။ ခက်ပြန်တော့ ဒီ **သမ္ဖပ္ပလာပ**မှာ **သမ္ဖ** ဆိုတဲ့ စကားလုံးက ဘယ်လို အဓိပ္ပာယ်တုန်းဆိုရင် **သံ**–ရဲ့အဓိပ္ပါယ်က **သံဟိတသုခံ ပလပတိ ဝိနာသေတီတိ သမ္ဖံ** လို့ ဒီလို ပါဠိစာပေမှာ အဓိပ္ပာယ် ဖွင့်ဆိုထားတော့ **သံဟိတသုခ**– အကျိုးစီးပွားနဲ့ ချမ်းသာကို ဖြစ်ပေါ်စေတတ်တဲ့အရာကို၊ **ပလပတိ ဝိနာသေတိ**– ဖျက်ဆီးပစ်တတ်တယ်။ ဆိုလိုတာက စကားက အနှစ်သာရမရှိရုံတင် မကဘူး။ လူတွေရဲ့ အခြေအနေကောင်းတွေတို့ ချမ်းသာသုခတွေတို့ကို ပျက်စီးစေတတ်တဲ့ စကားမျိုးလို့ ဒီလို အဓိပ္ပာယ်ရတယ်နော်။

အဲဒီတော့ ဗိန်ဖျင်းသောစကားဆိုတာ ဒီ အကျိုးမရှိသော စကားကိုပြောပေမယ့်လို့ အကျိုးမရှိရုံတင်မဟုတ်ဘူး။ ကောင်းကျိုး သုခ ရစေနိုင်တဲ့ အကြောင်းတရားနဲ့ ချမ်းသာသုခကိုပါ ပျက်စီးစေနိုင်တယ်လို့ ဒီလိုအဓိပ္ပာယ်ရတယ်နော်။ အဲဒီလို ပျက်စီးစေတတ်တဲ့ စကားလုံးမျိုးကို ပြောဆိုခြင်းမှ ရှောင်ကြဉ်

တယ်တဲ့။ ဘယ်တော့မှမပြောဘူး။ လူတစ်ဖက်သားမှာ၊ နားထောင်တဲ့ပုဂ္ဂိုလ်မှာ အကျိုးစီးပွားတွေ ပျက်စီးသွားမယ်၊ ချမ်းသာသုခတွေ ပျက်စီးသွားမယ်ဆို ဘယ်တော့မှမပြောဘူးလို့ ရှောင်ကြဉ်တာ **သမ္ဖပ္ပလာပ** လို့ခေါ်တယ်။

အဲဒီတော့ စာပေကျမ်းဂန်မှာ ဒီ **သမ္ဖပ္ပလာပ** နဲ့ ပတ်သက်ပြီးတော့ ဆန့်ကျင်ဘက် ဘာတွေပြောထားတုန်းဆိုတော့ ပိန်ဖျင်းတဲ့စကားနဲ့ အနှစ်သာရရှိတဲ့စကား ဘယ်လို ကွာတာတုန်းဆိုတော့ အဲဒီ **သမ္ဖပ္ပလာပ** က ရှောင်တဲ့ပုဂ္ဂိုလ်က ဘယ်လိုစကားမျိုး ပြောတာတုန်းဆိုတော့ သူဟာ '**ကာလဝါဒီ**' တဲ့။ ပြောသင့်တဲ့အချိန်မှာ ပြောရမယ်၊ စကားဆိုတာ ပြောသင့်တဲ့အချိန်မှာ ပြောရမယ်။ မပြောသင့်တဲ့ အချိန်မှာ မပြောရဘူးလို့ ဒီလိုဆိုလိုတယ်နော်။ အချိန်မတန်ဘဲနဲ့ ပြောလို့ရှိရင် စကားတစ်ခုဟာ မအောင်မြင်ဘူးတဲ့နော်။ ပြောသင့်တဲ့အချိန်ရောက်မှ ပြောရမယ်၊ မပြောသင့်တဲ့အချိန် မပြောရဘူး။ အဲဒီတော့ အချိန်ကိုက်ပြောရတဲ့ စကားဟာ တန်ဖိုးရှိတဲ့စကား ဖြစ်တတ်တယ်။ ပြောချင်လို့ ထပြောတိုင်း တန်ဖိုးရှိချင်မှ ရှိမှာကိုးနော်။ အကျိုးရှိတော့မယ်၊ တန်ဖိုးရှိဖို့ ပြောဖို့အချိန်တန်ဆိုတဲ့ စကားလုံးကျမှ ပြောရမယ်။

အဲဒီတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဘုရားပြောတဲ့ စကားနှစ်ခွန်းရှိတယ်။ နှစ်ခွန်းက ဘာတုန်းဆိုရင်

'မှန်ကန်ပြီးတော့ အကျိုးရှိတယ်၊ နားထောင်တဲ့သူက မကြိုက်ဘူး' ဒါက တစ်ခွန်း။ 'မှန်ကန်ပြီးတော့ အကျိုးရှိတယ်၊ နားထောင်တဲ့သူက ကြိုက်တယ်'။ အဲဒီထဲမယ် မှန်ကန်ပြီးတော့ အကျိုးရှိတာက အတူတူပဲ။ မှန်လည်းမှန်တယ် အကျိုးလည်းရှိတယ်၊ သို့သော် နားထောင်တဲ့ပုဂ္ဂိုလ်က ကြိုက်တာ မကြိုက်တာကျတော့ နှစ်ခု ကွဲတယ်ပေါ့။ ဒါ မြတ်စွာဘုရားပြောလေ့ရှိတဲ့ စကားနှစ်ခွန်းပဲ ရှိတယ်။ လောကလူတွေမှာတော့ အဲဒီလို မဟုတ်ဘူး။ မမှန်တာလည်း ပြောချင်ပြောမယ်၊ အကျိုးမရှိတာလည်း ပြောချင် ပြောမယ်။ လူကြိုက်တာ ပြောချင်ပြောမယ်၊ မကြိုက်တာလည်း ပြောချင်ပြောမယ် ဒီလိုရှိတာကိုး။

အဲဒီပေါ့၊ မြတ်စွာဘုရားကျတော့ မှန်လည်းမှန်ရမယ်၊ အကျိုးလည်း ရှိရမယ်။ ဒါပေမယ့် အဲဒီ မှန်ပြီးတော့ အကျိုးရှိတဲ့ စကားဟာ နားထောင်တဲ့လူက ကြိုက်ချင်မှ ကြိုက်မယ်။ ကြိုက်တာရှိတယ်၊ မကြိုက်တာရှိတယ်။ ဒါကြောင့်မို့ ဘုရား စကားဟာ နှစ်မျိုးရှိတယ်တဲ့။ တစ်ဖက်သား ကြိုက်တာနဲ့ မကြိုက်တာ ခွဲပြီးတော့ နှစ်မျိုး။ အဲဒီနှစ်မျိုးလုံးကိုတောင် မြတ်စွာဘုရားက စကားပြောပြီဆိုရင် အချိန်အခါကြည့်ပြီးမှ ပြောရတယ်တဲ့နော်။ ပြောသင့်တဲ့အချိန်ရောက်မှပြောတယ်၊ အဲဒီတော့ ဆိုလိုတာကတော့ မည်သည့်စကားမျိုးပဲဖြစ်ဖြစ် ပြောသင့်တဲ့ အချိန်မှ ပြောတဲ့စကားဟာ တန်ဖိုးရှိတယ်။ ပြောသင့်တဲ့အချိန်

မဟုတ်ဘဲနဲ့ပြောရင် တန်ဖိုးမရှိဘူး။ အဲဒီတော့ သမ္ဖပ္ပလာပက ရှောင်ကြဉ်တယ်ဆိုတာ ပြောသင့်တဲ့အချိန်မှာ တန်ဖိုးရှိတဲ့ စကားကို ပြောတယ်လို့ ဒီလိုအဓိပ္ပာယ် တစ်ခါယူရမယ်နော်။

နောက်တစ်ခုကျတော့ ဘာတုန်းဆိုရင် **'ဘူတဝါဒီ'** တဲ့။ တကယ့် ဟုတ်တာကိုသာပြောတာ။ မဟုတ်တာမပြောဘူး **'ဘူတဝါဒီ'**။ ဟုတ်တာကိုသာ ပြောရမယ်။ ဟုတ်တာမှ **သမ္ဖပ္ပလာပ** မဖြစ်တာ။ မဟုတ်တာပြောရင် **သမ္ဖပ္ပလာပ** ဖြစ်သွားမယ် ဒီလို ဆိုလိုတာ။ ခုနကလည်း အချိန်မကျသေးဘဲနဲ့ပြောရင် **သမ္ဖပ္ပလာပ** ထဲ ဝင်သွားမယ်နော်။ မှန်တာကိုပြောမှ **သမ္ဖပ္ပလာပ** လွတ်တယ်။ မဟုတ်တာပြောရင် **သမ္ဖပ္ပလာပ** က မလွတ်ဘူးတဲ့။ ဒါကြောင့် **ဘူတဝါဒီ**– မှန်တာကိုပဲ ပြောတယ်တဲ့ ရှောင်တဲ့ပုဂ္ဂိုလ်။

နောက်တစ်ခုက ဘာတုန်းဆို **'အတ္ထဝါဒီ'**။ ကောင်းကျိုး ချမ်းသာနဲ့ ပတ်သက်ပြီးတော့သာ ပြောတယ်။ စကားပြောတဲ့ အခါ ပစ္စုပ္ပန်ဘဝမှာ အကျိုးရှိတဲ့စကားလား၊ နောင်ဘဝမှာ အကျိုးရှိတဲ့စကားလားနော်။ **'ဒိဋ္ဌဓမ္မိက'** ဆိုတာ လက်ရှိဘဝမှာ အကျိုးဖြစ်ထွန်းစေတဲ့စကား။ **'သမ္ပရာယိက'** ဆိုတာ နောင်ဘဝ မှာ အကျိုးဖြစ်ထွန်းတဲ့စကား။ အဲဒီ ဒိဋ္ဌဓမ္မိကတ္ထ သမ္ပရာယိကတ္ထ တနည်းအားဖြင့် ကိုယ့်အတွက် အကျိုးရှိတယ်၊ သူ့အတွက် အကျိုးရှိတယ်ဆိုတဲ့ အကျိုးနဲ့စပ်ယှဉ်တဲ့ စကားမျိုးဟာ သမ္ဖပ္ပလာပ မဖြစ်ဘူး။ အဲဒီ မျက်မှောက်ဘဝ အကျိုးနဲ့လည်း

မသက်ဆိုင်ဘူး။ တမလွန်ဘဝအကျိုးနဲ့လည်း မသက်ဆိုင်ဘူး။ ကိုယ်ကျိုးနဲ့လည်း မသက်ဆိုင်ဘူး။ သူတစ်ပါးအကျိုးနဲ့လည်း မသက်ဆိုင်ဘူးဆိုတဲ့ စကားမျိုးပြောရင်တော့ **'သမ္ဖပ္ပလာပ'** ဖြစ်မယ်ပေါ့ ဒီလိုဆိုလိုတယ်။

နောက်တစ်ခါ **'ဓမ္မဝါဒီ'**– ပြောတဲ့အခါ ဓမ္မနဲ့ ပတ်သက်တဲ့စကား။ ဒီ ကုသိုလ်ကမ္မပထတရား ၁၀-ပါး ရှိတယ်။ ပါဏာတိပါတက ရှောင်ကြဉ်မှု၊ အဒိန္နာဒါနက ရှောင်ကြဉ်မှု၊ ကာမေသုမိစ္ဆာစာရက ရှောင်ကြဉ်မှုစတဲ့ ဒုစရိုက်တွေက ရှောင်ကြဉ်မှုနဲ့ပြောတဲ့စကားတွေဟာ ဒါက ဓမ္မဝါဒီ မှန်ကန်တဲ့ ဓမ္မဘက်ကနေပြောတာ ဓမ္မဝါဒီ။ အဲဒီတော့ ပါဏာတိပါတ လုပ်ဖို့ တိုက်တွန်းတယ်။ အဒိန္နာဒါနလုပ်ဖို့ တိုက်တွန်းတယ် ပြောတယ်။ ကာမေသုမိစ္ဆာစာရလုပ်ဖို့ ပြောတယ်ဆိုတဲ့ စကားတွေဟာ သမ္ဖပ္ပလာပ ဖြစ်တာပေါ့။ ဒီလို ဆိုလိုတာပေါ့နော်။ ပိန်ဖျင်းတဲ့စကား၊ အကျိုးမရှိတဲ့စကား ဖြစ်တယ်ပေါ့။ အဲတော့ ပြောတဲ့စကားတစ်ခုဟာ ပါဏာတိပါတ လုပ်ကြရအောင်၊ အဒိန္နာဒါန လုပ်ကြရအောင်၊ ကာမေသုမိစ္ဆာစာရ လုပ်ကြရအောင်လို့ ပြောဆိုတိုင်ပင်တာဟာ သမ္ဖပ္ပလာပပေါ့၊ ဒီ အဓိပ္ပာယ်မျိုးကို ဆိုလိုတာ။

နောက်တစ်ခုက စကားတစ်ခုပြောတဲ့အခါမှာ ဆုံးမမှုနဲ့ ပတ်သက်တဲ့ စကားမျိုးကိုပြောတာ **'ဝိနယဝါဒီ'** လို့ ခေါ်တယ်။

စောင့်စည်းဖို့ ထိန်းသိမ်းဖို့ ကိုယ်ကျင့်တရားကောင်းဖို့ပြောတာ ဝိနယ။ စောင့်စည်းမှုနဲ့ ပတ်သက်ပြီးတော့ ပြောတယ်။ မကောင်းတဲ့ အကျင့်တွေ ဖယ်ရှားဖို့ မကောင်းတဲ့စိတ်ဓာတ်တွေ ဖယ်ရှားဖို့ ပြောတာဟာ 'ဝိနယဝါဒီ'။ ဒါတွေက စကားကောင်းဖြစ်တယ်။ အဲဒီလို မဟုတ်ဘဲနဲ့ မကောင်းတဲ့ဘက်က မြှောက်ပင့်ပေးတာဆိုရင် ဒါ သမ္ဖပ္ပလာပပဲနော်။ သမ္ဖပ္ပလာပကလည်း အင်မတန်မှ ကျယ်တယ်နော်။

နောက်တစ်ခုက ဘာတုန်းဆိုရင် သမ္ဖပ္ပလာပ ကင်းဖို့အတွက် စကားလုံးဆိုတာ ဘယ်လိုစကားလုံးမျိုးတုန်းဆိုရင် **'နိဓာနဝတိံ ဝါစံ ဘာသိတာ ကာလေန သာပဒေသံ ပရိယန္တဝတိံ အတ္ထသံဟိတံ'** ဒါ ဒီအဓိပ္ပာယ်လေးတွေက အင်မတန်မှ အရေးကြီးတယ်။ ဗမာလူမျိုးတွေ သမ္ဖပ္ပလာပ၊ သမ္ဖပ္ပလာပတော့ ကြားဖူးနေကြတာပဲ။ ဘယ်လိုဟာတုန်းလို့မသိလို့ရှိရင် လက်တွေ့မကျင့်သုံးနိုင်ဘူးလေ။ သေသေချာချာသိမှ လက်တွေ့ကျင့်သုံးဖို့ ကိုယ့်သုံးနေတဲ့၊ ကိုယ်ပြောနေတဲ့စကားတွေ သမ္ဖပ္ပလာပ လွတ်ရဲ့လားဆိုတာ ကိုယ့်ဟာကိုယ် ဆင်ခြင်စဉ်းစားတတ်ဖို့ ဒါကိုပြောတာနော်။ အဲဒီတော့ **'နိဓာနဝတိံ ဝါစံ'** ဆိုတာ စကားတစ်ခုဟာ ကိုယ်ပြောတဲ့ စကားဟာ မှတ်လောက်သားလောက် ဖြစ်ပြီးတော့ ကြားရတဲ့သူက စိတ်ထဲနှလုံးထဲမှာ သိမ်းထားလောက်အောင် တန်ဖိုးရှိတဲ့ စကားမျိုးဖြစ်ရမယ်တဲ့။ အဲလိုဆိုလို့ရှိရင်

သီချင်းထဲက စာပိုဒ်ကလေးတွေ တန်ဖိုးရှိလို့ သိမ်းထားတာ ကျတော့ ဘယ်လိုပြောမတုန်းနော်။ ဒါလည်း သူ့အတွက် အကျိုး ရှိတယ်နဲ့ တူပါတယ် ကြည့်ရတာ။ ဆိုလိုတာက **နိဓာနဝတီ**– ဘဝအတွက် တန်ဖိုးရှိပြီးတော့ စိတ်ထဲနှလုံးထဲမှာ သိမ်းထား ရတဲ့စကားမျိုးတဲ့။ **သာပဒေသ**– ရည်ညွှန်းချက်ကလေးတွေ ဥပမာလေးတွေ အကြောင်းပြချက်လေးတွေနဲ့ ပြည့်ပြည့်စုံစုံ ပြောတဲ့ စကားမျိုးတဲ့။ နောက် **ပရိယန္တဝတီ**– ပြောတဲ့စကားလုံးရဲ့ အဆုံးသတ်ကလေးဟာ ရှိတယ်ပေါ့။ ဦးတည်ချက်ကလေး ရှိတယ်။ ဒီလို ဦးတည်ချက်ကလေး ရှိရမယ်။ နောက်ပြီးတော့ **အတ္ထသံဟိတ**– ပြောတဲ့အကြောင်းအရာ ကောင်းကျိုးချမ်းသာ တွေနဲ့ ဆက်စပ်တဲ့စကားမျိုးပဲ ဖြစ်ရမယ်လို့။ ဒါ သမ္ဖပ္ပလာပ မဖြစ်တဲ့ စကားမျိုးတွေကို ဖော်ပြသောအားဖြင့် စိတ်ထဲနှလုံး ထဲမှာ သိမ်းထားလည်း အလကား တန်ဖိုးမရှိတဲ့ စကားမျိုးနော်။ ဘာမှ မှတ်သားစရာမပါတဲ့ စကားမျိုး။ အချိန်အခါမဲ့ပြောတဲ့ စကားမျိုး။ ဘာမှ ဦးတည်ချက်မရှိတဲ့ စကားမျိုး။ အကျိုးစီးပွားနဲ့ ဘာမှမပတ်သက်တဲ့ စကားမျိုးတွေဟာ သမ္ဖပ္ပလာပ စကားမျိုး တွေပဲလို့ ဒီလိုဆိုရမှာပဲ။ အဲဒီတော့ သမ္ဖပ္ပလာပကိုပြောတာ ဝစီဒုစရိုက်ကို ကျူးလွန်ရာရောက်တယ်။ အဲဒီ သမ္ဖပ္ပလာပက ရှောင်တဲ့အခါကျတော့ ဝစီဒုစရိုက်က ရှောင်သည့်အတွက်

ကြောင့် ဝစီသုစရိုက် ဆိုတဲ့ ပါရမီကုသိုလ်ထူးကို ဆည်းပူးရာ ရောက်တယ်။

အဲဒီလို ဘဝရလာတဲ့အခါမှာ လူ့ဘဝမှာ သမ္ဖပ္ပလာပ ရှောင်ကြဉ်ပြီးတော့ ကောင်းမြတ်တဲ့စကားတွေကို ပြောဆိုခြင်းဖြင့် နှုတ်ကနေပြီးတော့ ပါရမီကုသိုလ်တွေ ရရှိပြီးနေတာပေါ့။ အဲဒီလို ပါရမီကုသိုလ်တွေ ရရှိလာတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ စကားအကောင်းတွေချည်း ပြောခဲ့သည့်အတွက်ကြောင့် ဘာဖြစ်တုန်း လူ့ဘဝရလာတဲ့အခါမှာ မေးလေးက မျက်နှာနဲ့လိုက်လျောတဲ့ တောင့်တင်းတဲ့ **ဝိုင်းစက်တဲ့မေးလေး**ရဲ့ပိုင်ရှင်ဖြစ်လာတယ်လို့ ဒီလိုဆိုလိုတာ။ ဒါကို 'သီဟဟနု' လို့ ပြောတာနော်။

အဲဒီတော့ ကိုယ့်မေးစေ့ကိုယ် ပြန်တွက်ကြည့်ပေါ့။ ခြင်္သေ့မေးနဲ့ တူသလား၊ မတူဘူးလား။ အဲဒါကို ပြန်စစ်ဆေးကြည့်။ မေးချွန်းနေသေးရင်တော့ မဟုတ်သေးဘူးနော်။ အဲဒီတော့ ကုသိုလ်ကောင်းမှုရဲ့ ပုံပန်းသဏ္ဌာန်ဟာ လာပြီးတော့ ပေါ်တာ။ ကုသိုလ်တင် မဟုတ်ဘူး။ အကုသိုလ်ကလည်း ပေါ်တယ်။ အကုသိုလ်ရော ပေါ်တယ်ဆိုတော့ အကုသိုလ်က ဒီနေရာမှာ ပါရမီပုံရိပ် အမှတ်တံဆိပ်ကိုပြောတာ ဖြစ်သောကြောင့် 'ခြင်္သေ့မေး' လို့ ချီးမွမ်းဖွယ်ရာနဲ့ ပတ်သက်ပြီးတော့ ပြောတာ။ ခွေးတစ်ယောက်ရဲ့မေးကျတော့ ဘယ်လိုဖြစ်မလဲ။

မကောင်းမှု အကုသိုလ်ကံ လုပ်တဲ့သူကျတော့ အရုပ်ဆိုး အကျည်းတန်တဲ့မေး ရမှာပေါ့။ ဒီလိုဆိုလိုတာပေါ့ သမ္ဗပ္ပလာသ။

အဲဒီတော့ အခု ပါရမီပုံရိပ်အမှတ်တံဆိပ်ဆိုတဲ့ ဒီကုသိုလ်ကောင်းမှုလုပ်တဲ့ပုဂ္ဂိုလ်တွေဟာ ဒီလိုလှပတဲ့ ခြသေ့ရဲ့မေးပိုင်ရှင်ဖြစ်တယ်။ အဲဒီလို အမှတ်တံဆိပ်ရတဲ့ပုဂ္ဂိုလ်ဟာ စကြဝတေးသော်လည်း ဖြစ်တယ်၊ ဘုရားသော်လည်း ဖြစ်တယ်။ ဒီလိုဆိုလိုတာပေါ့နော်။ သူ ဒီဟာရတာဟာ ဒီကုသိုလ်ကောင်းမှုကို စွဲစွဲမြဲမြဲ ပြုလုပ်ခဲ့ခြင်းကြောင့်ရတယ်လို့ ဒီလိုပြောတာ။

## အကျိုးပေးပုံ

ကဲ ဒါဖြင့် အခုလို ခြသေ့ရဲ့မေးနဲ့ အလားသဏ္ဍာန်တူတဲ့ မေးပိုင်ရှင် လှပတဲ့ပုဂ္ဂိုလ်ရဲ့ မေးစေ့ပိုင်ရှင်ဟာ ဘယ်လိုအကျိုးထူးတွေ ခံစားရတုန်းဆိုတော့ သူ့ကို ဘယ်လို ဆန့်ကျင်ဘက်ရန်သူကမှ သူ့ကိုအနိုင်မယူနိုင်ဘူးတဲ့။ သူဟာ ကြံ့ခိုင်တယ်ပေါ့။ မေးစေ့ကြံ့ခိုင်သဖြင့် သူ့ရဲ့ကြံ့ခိုင်မှုဟာ အင်အားကောင်းတယ်။ ဘယ်သူကမှ သူ့ကို တွန်းလှန်ဖယ်ရှားပစ်ခြင်းငှာ မစွမ်းနိုင်ဘူးဆိုတဲ့ အကျိုးကျေးဇူးကို ရရှိပါတယ်တဲ့။ ဒီလိုဆိုတာ။ အဲဒီတော့ ဒီအမှတ်အသား လက္ခဏာဟာ သုံးဆယ်မြောက် မဟာပုရိသလက္ခဏာ တစ်ခုပင် ဖြစ်တယ်ပေါ့။

## (၃၁) သွားရဲ့ညီညာမှု

သုံးဆယ့်တစ်က 'သမဒန္တ' တဲ့။ သွားကလေးတွေက ညီနေတာ။ မွေးကတည်းက ညီတဲ့သွားကိုပြောတာ။ သွားစိုက်ဆရာဆီ သွားပြီးတော့ ဆရာဝန်ဆီသွားပြီးတော့ ညှိထားတဲ့သွား မဟုတ်ဘူး။ မွေးကတည်းက ညီနေတာ၊ အင်မတန်မှ လှတယ်။ စီပြီးတော့ ညီနေတယ် 'သမဒန္တ' – ညီညာသော မျက်နှာပြင်ရှိတဲ့သွား။ အဲဒီသွားရှိတာဟာလည်းပဲ အခုလို သွားညီတာဟာလည်းပဲ မဟာပုရိသလက္ခဏာထဲမှာ ပါရမီပုံရိပ် အမှတ်တံဆိပ် တစ်ခုပဲတဲ့။

## (၃၂) ဖြူဖွေးသည့်စွယ်သား

နောက်တစ်ခုက သွားတွေထဲမှာ လူတိုင်းလူတိုင်းမှာ စွယ်သွားလေးချောင်း Eyetooth လို့ ခေါ်တယ်။ စွယ်သွားလေးချောင်း အပေါ်နှစ်ချောင်း အောက်နှစ်ချောင်းနော် စွယ်သွားလေးချောင်းရှိတယ်။ အဲဒီ စွယ်သွားလေးချောင်းဟာ တခြားသွားတွေထက် ပိုပြီးတော့ ဖွေးဆွတ်နေတယ်လို့ ဒီလိုပြောတာနော်။ စွယ်သွားတွေဟာ ပိုပြီးတော့ ဖွေးတယ်။ ပါးစပ်ဟာလိုက်လို့ရှိရင် ငွေရောင်လေးကို လက်လက် လက်လက် ဖြစ်နေအောင် သူက ပိုပြီးတော့ ဖွေးဖြူတယ်။ အဲဒါက

'**သုသုက္ကဒါဌာ**'– အလွန့်အလွန်ဖွေးဖြူတဲ့ စွယ်သွားလေးချောင်း ရှိတယ်ဆိုတာ။ ဒါလည်းပဲ ပါရမီပုံရိပ် အမှတ်တံဆိပ်တစ်ခုပဲ။

ငယ်ငယ်တုန်းကတော့ သွားဖွေးချင်လို့ ဘာလုပ်ရတုန်း ဆိုရင် မီးသွေးခဲတွေနဲ့ တိုက်တယ်နော်။ သူများလုပ်တာ လိုက်လုပ်တာပဲလေ။ ဘာမှ အသိဉာဏ်မရှိဘူး။ သူများသွား ဖွေးဖွေးလေးတွေ့ရင် ကိုယ်လည်း ဖွေးချင်တာ။ သွားဖြူချင် တော့ တိုက်တယ် မီးသွေးခဲတွေနဲ့တိုက်။ တိုက်လည်း မဖြူဘူး ဝါကျင့်ကျင့်ပဲ။ နောက်တော့ ဒါယကာကြီး တစ်ယောက်က ပြောတယ်။ အဲဒီတုန်းက ခပ်ငယ်ငယ်ဆိုတော့ 'ကိုရင် ကိုရင်တဲ့၊ ကိုရင့်သွား တိုက်မနေနဲ့တဲ့၊ တိုက်လည်း မဖြူဘူးတဲ့။ မွေး ကတည်းက ဒီအရောင်မွေးထားတာ' တဲ့။ သူက သတိပေးတယ်။ ဘာပြုလို့တုန်းဆိုတော့ အသားအရောင်နဲ့လိုက်အောင် ဒီ အရောင်ရွေးထားတာတဲ့။

ဗမာလူမျိုးရဲ့သွားက ဖွေးပြီးတော့ မနေဘူး။ အာဖရိက လူမျိုးတွေကျတော့ အသားမဲတော့ သွားဖွေးတယ်။ ပါးစပ် မဟလိုက်နဲ့ ဖွေးကနဲ ဖြစ်သွားတာ။ လူမမြင်ရသေးဘူး သွား အရင်မြင်ရတယ်။ အသားမဲတဲ့လူမှ သွားကဖွေးတာတဲ့။ အသား ဖြူတဲ့လူတွေ အသားဝါတဲ့ပုဂ္ဂိုလ်တွေမှာ သွားက ဝါကျင့်ကျင့် လေး။ ကံကြမ္မာကိုက ဒီအတိုင်း Match ဖြစ်အောင် လုပ်ပေး

ထားတာ။ ကာလာကိုက Match ဖြစ်အောင်လုပ်ပေးထားတာ။ အဲဒါကို ကိုယ်က ဖြူချင်တော့ သွားလုပ်တာ မရဘူးနော်။

၂၀၀၄-ခုနှစ်တုန်းက စစ်ကိုင်းတောင်ရိုး ကျစွာချောင်မှာ နိုင်ငံခြားသားတွေအတွက် အဘိဓမ္မာသင်တန်း ဖွင့်လှစ် ပို့ချပေးဖူးတယ်။ အမေရိကန်ကလာတဲ့ ယောဂီပုဂ္ဂိုလ်တွေနဲ့ အဲဒီ အဘိဓမ္မာသင်တန်းသားတွေကို အဘိဓမ္မာ နှစ်ပတ်လောက် ထင်ပါတယ် ပို့ချတာ။ အဲဒီ ပို့ချတဲ့အထဲမှာ ဘယ်သူ ပါလာတုန်းဆို အာဖရိက ဦးဇင်းတစ်ပါး ပါလာတယ်။ အာဖရိက တိုင်းရင်းသားဆိုတာ သိတဲ့အတိုင်း သူက 'ယူဂန္ဒာနိုင်ငံ' က။ သူ့ဘွဲ့က 'ဗုဒ္ဓရက္ခိတ'။ အာဖရိကတိုင်းရင်းသားဆိုတာ မည်းနေတာပဲလေ။ အဖြူတွေကြားထဲမှာ ပေါ်ပေါ်လွင်လွင်ပဲ မည်းနေတာ။ ဒါပေမယ့်လို့ သူ ပါးစပ်ဟလိုက်လို့ရှိရင် သွားတွေက ဖွေးဆွတ်နေတာ။ သူက ပြောရင်လည်းပဲ ခဏခဏ ပြုံးစိပြုံးစိ လုပ်တော့ သူ့သွားတွေက ဖွေးဆွတ်နေတာ။ အာဖရိက တိုင်းရင်းသားတစ်ယောက်ပါတယ် ဘုန်းကြီးဝတ်နေတာ။ အေး အသားမဲမှ သွားကဖွေးတာတဲ့။ အခုလို အသားဝါတို့ အသားဖြူတို့ကျတော့ မဖွေးဘူးတဲ့။ ဖွေးချင်လို့ မရဘူးတဲ့။

အခု မဟာပုရိသလက္ခဏာထဲမှာ စွယ်သွားကိုသာ အဓိက ထားပြီးတော့ ပြောတာ။ ကျန်တဲ့သွားတွေ ဖွေးတယ်လို့ မပြောဘူးနော်။ စွယ်သွားလေးချောင်းကတော့ ဖွေးဆွတ်နေတာလို့။

မြတ်စွာဘုရားရဲ့ စွယ်တော်ဆိုတာ အဲဒီ စွယ်သွားလေးချောင်းက ဟာကို ပြောတာနော်။ စွယ်သွားလေးချောင်းက စွယ်တော်။ သွားတော်က လေးဆယ်။ စွယ်တော်လေးဆူ အပါအဝင်ဖြစ်တဲ့ သွားတော်လေးဆယ် မြတ်စွာဘုရားမှာ ရှိတယ်။ အဲဒီ သွားတော် လေးဆယ်ထဲမှာ ဒီစွယ်တော်လေးဆူဟာ ပိုပြီးတော့ဖွေးတယ်။ အရောင်ဟာ ဖွေးဖွေးလက်လက် ဖြစ်တယ်ပေါ့။

ဒါကြောင့်မို့ မြတ်စွာဘုရားက တစ်ခါတရံ အတိတ်က အဖြစ်အပျက်တွေ အာရုံပြုကြည့်လိုက်တဲ့အခါမှာ အတိတ်က ထူးခြားတဲ့ ဇာတ်လမ်းလေး အာရုံထဲမှာ ပေါ်လာတဲ့အခါ မြတ်စွာ ဘုရားဟာ ပြုံးယောင်သမ်းလိုက်တယ်။ သွားဖျားလေး ပေါ်ရုံ လေးတင်ပြုံးတာ။ ပြုံးလိုက်တဲ့ အခါကျတော့ စေ့ထားတဲ့နှုတ်ခမ်း လေးက နည်းနည်းလေးပွင့်ပြီး စွယ်တော်အဖျားလေးက ရောင်ခြည်တော် ဖွေးကနဲထွက်လာတယ်။ မြတ်စွာဘုရား ပြုံးတဲ့ အခါကျရင်အဲလိုထွက်လာလို့ နောက်ကလိုက်တဲ့ အရှင်အာနန္ဒာ က ဖွေးကနဲ လက်ကနဲ မြင်လိုက်ရင် ရှေ့ကနေတဲ့ မြတ်စွာဘုရား ပြုံးတယ်ဆိုတာ သိတယ်။ နို့မို့ဆို ဘယ်လိုလုပ် သိမှာတုန်း။ ရှေ့ကလူပြုံးတာ နောက်ကလိုက်တဲ့လူ ဘယ်လိုလုပ် မြင်မှာတုန်း နော်။ မမြင်နိုင်ဘူး။ အဲဒီတော့ မြတ်စွာဘုရားက ရှေ့ကကြွရင်းက နေပြီးတော့ ပြုံးစရာကြုံလို့ ပြုံးလိုက်တဲ့အခါမှာ အင်မတန်မှ ဖြူဖွေးတဲ့ စွယ်သွားအဖျားလေးတွေကနေပြီးတော့ ရောင်ခြည်

တော်တွေ ထွက်လာတယ်။ အဲဒီအချိန်မှာ ဖွေးကနဲ လက်ကနဲ ဖြစ်သွားတာကိုကြည့်ပြီး အရှင်အာနန္ဒာက မြတ်စွာဘုရား ပြုံးတယ်။ ဘာဖြစ်လို့ ပြုံးတာတုန်းဆိုတာကို မေးတဲ့အခါမှာ ဟောကြားလေ့ရှိတယ်ပေါ့။

အေး ဒါကြောင့်မို့လို့ မြတ်စွာဘုရားရဲ့ စွယ်သွားလေးဆူဟာ အင်မတန်မှ ထူးခြားတဲ့အထဲမယ် ဖြူဆွတ်သောအရောင်ရှိတဲ့အထဲမယ် အင်မတန်မှ ထူးခြားတယ်လို့ဆိုတာ။ ဟော - ဘုရား ပရိနိဗ္ဗာန်စံသွားတဲ့အခါကျတော့ ဒီသွားတွေဟာ ဓာတ်တော်ထဲမှာ ပါသွားသလား။ ဓာတ်တော်ဖြစ်တဲ့အထဲမှာ ပါသွားသလားဆိုတော့ မပါဘူး။ **'အသမ္ဘိန္နဓာတ်'** လို့ ခေါ်တယ် ပျက်စီးမသွားဘူး။ သွားတော်လေးဆယ် စွယ်တော်လေးဆူ အပါအဝင်ဖြစ်တဲ့ သွားတော်လေးဆယ်ဟာ ဒီအတိုင်းပဲ ကျန်ရစ်တယ်နော်။ ဘုရားရဲ့ရုပ်ကလာပ်ကို တေဇောဓာတ် လောင်တဲ့အခါမှာ သွားတော်လေးဆယ်ဟာ ဒီအတိုင်းပဲ ကျန်ရစ်တယ်။

ဒါဖြင့် အဲဒီသွားတော်တွေ ဘယ်ရောက်ကုန်လဲလို့ဆိုတော့ စွယ်တော်တွေသာ သမိုင်းရှိတယ်။ သွားတော်တွေက သမိုင်း မရှိဘူး။ မရှိဘူးဆိုတာ စာပေကျမ်းဂန်မှာ ဘယ်လိုဆိုတုန်းလို့ဆိုရင် **'စတ္တာလီသ သမဒန္တာ ... ဒေဝါ ဟရိံသုဇကာက'** နတ်တွေကနေပြီးတော့တဲ့ မြတ်စွာဘုရားရဲ့ သွားတော်လေးဆယ်ကို စကြဝဠာအဆင့်ဆင့်ပင့်ပြီးတော့ ယူသွားကြတယ်တဲ့၊ ဘုရား

ပရိနိဗ္ဗာန်စံပြီးတဲ့အခါမှာ။ တွေ့တဲ့လူက ယူသွားတယ်ပေါ့။ ယူသွားပြီးတော့ ကိုယ့်နေရာကိုယ် ကိုးကွယ်ပြီးတော့ ထားတယ်လို့ ဒီလိုဆိုလိုတာပေါ့နော်။ အဲဒီတော့ သွားတော်တွေကတော့ စကြဝဠာအနှံ့ကလာတဲ့ နတ်တွေကနေပြီး အရင်ဦးတဲ့သူ ယူပြီးတော့ သူတို့ဆီမှာ ကိုးကွယ်ပြီးတော့ ထားကြတယ်။ တချို့ သွားတော်တွေက ဒီစကြဝဠာမှာ ရှိချင်မှရှိမယ်။

သို့သော် **စွယ်တော်လေးဆူ** ဆိုတာကျတော့ အတိအကျ ဖော်ပြထားတာရှိတယ်။ စွယ်တော်လေးဆူက ဓာတုဓာတ်လောင်တဲ့ အခေါင်းတလားကို ဖွင့်လိုက်တဲ့အခါမှာ ဓာတ်တော်တွေချည်းပဲ ကျန်ရစ်တော့တယ်။ ရုပ်ကလာပ်တော်ကြီးက ပျောက်ဆုံးသွားတယ်။ အဲဒီအချိန်မှာ မြတ်စွာဘုရားရဲ့ ခေါင်းပိုင်းမှာ ဘာတွေ့တုန်းဆိုတော့ ခုနက သွားတော်တွေနဲ့ စွယ်တော်တွေရှိတယ် ဆိုပါစို့။ သွားတော်တွေကိုတော့ မမြင်ရတဲ့ နတ်တွေက အကုန်ယူသွားတယ်။

အဲဒီ ခေါင်းတလား ဘယ်သူက ဖွင့်ပေးတာတုန်းလို့ ဆိုတော့ 'ဒေါဏ' ဆိုတဲ့ ပုဏ္ဏားကြီးက အရင်ဖွင့်လိုက်တာ။ အားလုံး ဒီဓာတ်တော်တွေအတွက် မြတ်စွာဘုရားရဲ့ ခန္ဓာကိုယ်က ကြွင်းကျန်ရစ်တဲ့ **'သာရီရိကဓာတု'**– ခန္ဓာကိုယ်က ကြွင်းကျန်ရစ်တဲ့ အရိုးဓာတ်တွေအတွက် ရှစ်ပြည်ထောင်ဟာ စစ်တိုက်ကြတော့မယ့် အနေအထားရောက်လို့ သူက ငြိမ်းချမ်းရေးတရား

ဟောပြီး ဒီဓာတ်တော်တွေကို အညီအမျှဝေပေးပါ့မယ်၊ အားလုံး ကျေနပ်ကြပါ၊ စစ်မတိုက်ကြပါနဲ့။ ငြိမ်းချမ်းရေးတရားပြောပြီး ပထမဆုံး ဖွင့်လိုက်တဲ့အချိန်မှာ အားလုံးဓာတ်တော်တွေ မြင်တဲ့ အခါ စိတ်မထိန်းနိုင်ကြဘူး၊ ရှစ်ပြည်ထောင်က မင်းတွေက ငိုကြ တယ်။

အဲဒီ ငိုလို့ မျက်လုံးပိတ်နေတဲ့အချိန်မှာ ဒေါဏပုဏ္ဏားကြီး က လက်ယာဘက်စွယ်တော်ကို တွေ့လိုက်တာနဲ့ ကောက်ယူ လိုက်ပြီး သူ့ဗောင်းထုတ်ကြားထဲမှာ ညှပ်ထားလိုက်တယ်။ လူမမြင်ခင် သူက အုပ်လိုက်တာပေါ့နော်။ အဲဒီတော့ 'တိုတယ်' လို့ခေါ်တာပဲ။ သူက အဲဒါကို ယူပြီးတော့ ခေါင်းပေါင်းထဲ ထည့်ထားလိုက်တယ်။ ဘယ်သူမှ မမြင်ခင် ငိုနေကြတုန်း ကောက်ထည့်ယူပြီးတော့ သူလိုချင်တာယူလိုက်တယ်။

နောက်တစ်ခါ ဒီ လက်ယာအောက်စွယ်တော် တွေ့ပြန်တဲ့ အခါကျတော့ ကောက်ယူလိုက်ပြီးတော့ သူက မြေကြီးပေါ် ပစ်ချလိုက်တယ်။ ပစ်ချပြီးတော့ ခြေထောက်နဲ့ မြေကြီးတွေနဲ့ ယက်ပြီး ဖုံးပြီး ခြေထောက်နဲ့ တက်နင်းထားလိုက်တယ် လုပ်ပုံက နော်။ အဲဒီလိုလုပ်တယ်။ ကျန်တဲ့ စွယ်တော်နှစ်ခုကတော့ တေဇောဓာတ်လောင်နေတုန်းပဲ ရဟန္တာနှစ်ပါးက ပင့်ယူ သွားကြတယ်။ 'ဂန္ဓာရတိုင်း' ပင့်သွားတာ ရှိတယ်။ 'ကာလိင်္ဂတိုင်း' ကို ပင့်သွားတာ ရှိတယ်။ အဲဒီလို ပင့်ပြီးတော့ယူသွားကြတာ။

စွယ်တော်လေးဆူထဲက ခေါင်းပေါင်းကြား ဝှက်ထားတဲ့ စွယ်တော်ကို သိကြားမင်းကြီးကလည်း ဘုရားဓာတ်တော်တွေ ရချင်လို့ သူကလည်း ရောက်လာတယ်။ ရောက်လာတဲ့အခါ ကျတော့ ဘုရားရဲ့စွယ်တော် ဘယ်နားရောက်နေတုန်းလို့ ကြည့်တော့ ဒေါဏပုဏ္ဏားကြီးရဲ့ ခေါင်းပေါင်းကြားထဲမှာတွေ့တော့ ဒီလူကြီး ကျကျနန ကိုးကွယ်နိုင်မလားဆို သူ ကိုးကွယ်နိုင်တဲ့ အနေအထားမရှိလို့ သိကြားမင်းက တိတ်တဆိတ် ခေါင်းပေါင်း ကြားထဲက ပြန်ယူချသွားတယ်။ ပါသွားပြန်ပြီ၊ အဲဒါကိုကြည့်ပြီး "သူခိုးဆီက သူဝှက်လု" ဆိုတာ။

တစ်ခါ မြေကြီးနဲ့ဖုံးပြီး ခြေထောက်နဲ့ နင်းထားတဲ့ စွယ်တော်ကျတော့ နဂါးမင်းကတွေ့တဲ့အခါ မြေကြီးကိုယက်ပြီး ယူသွားရော။ အဲဒီတော့ ပုဏ္ဏားကြီး သူ မရလိုက်ဘူး တစ်ခုမှ။ ကျန်တဲ့နှစ်ဆူကျတော့ ဘယ်ရောက်တုန်းဆိုတော့ ရဟန္တာ အရှင်မြတ်နှစ်ပါးက ပင့်သွားကြတယ်။ ဂန္ဓာရတိုင်းသားရဟန်းက ဂန္ဓာရတိုင်းဘက်ကို ပင့်သွားတယ်။

ဂန္ဓာရတိုင်းဆိုတဲ့ တိုင်းပြည်ဟာ ဘယ်နိုင်ငံကို ခေါ်တာ တုန်းဆိုတော့ ခုနောက်ပိုင်းမှာတော့ သမိုင်းကြောင်းအရ ပြောမယ်ဆိုရင် ဂန္ဓာရဆိုတာ အာဖဂန်နစ္စတန်တို့ ပါကစ္စတန် နိုင်ငံတွေရဲ့နေရာတွေမှာ ရှိနိုင်တယ်လို့ ဒီလို သမိုင်းဆရာတွေ ကတော့ ပြောတယ်။ ဂန္ဓာရဆိုတဲ့ နာမည်နဲ့ ခပ်ဆင်ဆင်

နိုင်ငံတစ်ခု အမည်တစ်ခုကတော့ အားလုံးကြားဖူးနေကြလိမ့်မယ်၊ သတင်းစာတွေ ဘာတွေဖတ်ရင် အာဖဂန်နစ္စတန်က **'ကန္ဒဟာ'** ဆိုတဲ့မြို့ဟာ **'ဂန္ဓာရ'** ဖြစ်နိုင်တယ်ပေါ့။ သမိုင်းဆရာတွေက ဒီလိုယူကြတယ်နော် ။

အဲဒီနိုင်ငံတွေက တစ်ချိန်တုန်းက ဗုဒ္ဓဘာသာထွန်းကားတဲ့နိုင်ငံတွေပဲ။ အဲဒီတော့ မြတ်စွာဘုရားရဲ့ လက်ဝဲအထက်စွယ်တော်က 'ဂန္ဓာရ' တိုင်းကို ရောက်သွားတယ်။ ဂန္ဓာရတိုင်းရောက်သွားပြီးတော့ ဂန္ဓာရတိုင်းမှာပဲ ကိုးကွယ်ထားတယ်လို့ဒီလိုပြောရမယ်။

နောက်တစ်ခါ **လက်ဝဲအောက်စွယ်တော်** က ဘယ်ကိုရောက်သွားတုန်းဆိုတော့ အိန္ဒိယတောင်ပိုင်း အလယ်ပိုင်းမှာ **'ဩရိသပြည်နယ်'** ဆိုတာ ရှိတယ်။ အဲဒီ ဩရိသပြည်နယ်နဲ့ ပုသိမ်တို့နဲ့ အရှေ့အနောက် သို့မဟုတ် မော်လမြိုင်တို့နဲ့ အရှေ့အနောက် တည့်တည့်လောက်ကျတယ်ပေါ့နော်။ ဩရိသပြည်နယ်မှာ 'ကာလိင်္ဂ' ဆိုတဲ့မြို့ရှိတယ်။ အခုလည်း ရှိတာပဲ 'ကာလိင်္ဂတိုင်း' ဆိုတာ ရှိတယ်။ ကနေ့လည်း 'ကာလိင်္ဂ' လို့ပဲခေါ်တာပဲ အဲဒီမှာ။ ကာလိင်္ဂစတိုးတို့ ဘာတို့တောင် ရှိတယ် အဲဒီမှာ။ အဲဒီမှာ ပင့်ယူသွားပြီးတော့ ကာလိင်္ဂတိုင်းမှာ ကိုးကွယ်ထားတာ။

လက်ဝဲအထက်စွယ်တော်က **ဂန္ဓာရတိုင်း**၊ လက်ဝဲအောက်စွယ်တော်က **ကာလင်္ဂတိုင်း** ရောက်သွားတာ။ ကာလိင်္ဂတိုင်းက စွယ်တော် ရထားမှန်းသိတော့ အနီးနားတိုင်းပြည်တွေကနေပြီးတော့ အတင်းလာပြီးတော့ စစ်တပ်နဲ့လုဖို့ ကြိုးစားတဲ့အခါမှာ ကာလိင်္ဂတိုင်းက သမီးတော် '**ဟေမမာလာ**' နဲ့ '**ဒန္တကုမာရ**' မင်းသားတို့က ရသေ့ယောင်ရုပ်ဖျက်ပြီးတော့ အဲဒီ ဟေမမာလာ မင်းသမီးရဲ့ ဆံထုံးထဲမှာ စွယ်တော်ကို ဝှက်ထားပြီးတော့ ဘယ်ကိုပြေးကြတာတုန်းဆိုတော့ အိန္ဒိယပြည်တောင်ပိုင်းကနေပြီးတော့ သီဟိုဠ်ကျွန်းဘက်ကို ကူးပြေးသွားကြတာ။ ကူးပြေးသွားပြီးတော့ အဲဒီ **လက်ဝဲအောက်စွယ်တော်က သီဟိုဠ်ကျွန်းရောက်သွားတယ်**။

နောက် သီဟိုဠ်ကျွန်းဆိုတာလည်း ရေလမ်းနီးသည့်အတွက်ကြောင့် **ဒတ်ချ်** တို့ **ပေါ်တူဂီ** တို့ **အင်္ဂလိပ်** တို့ရဲ့ လက်အောက်ကို နှစ်ပေါင်း ၄၅၀-လောက် ရောက်သွားတယ်။ ပင်လယ်ဆိပ်ကမ်းဆိုတော့ ဟိုက သင်္ဘောတွေနဲ့လာတော့ သူတို့နိုင်ငံဟာ ကိုလိုနီဖြစ်သွားတယ်။ အဲဒီမှာ ဒတ်ချ်တို့ ပေါ်တူဂီတို့ကနေပြီးတော့ သီဟိုဠ်ကျွန်းကို တိုက်ခိုက်ပြီးတော့ သိမ်းယူတဲ့အခါမှာ ဒီစွယ်တော်ပါသွားတယ်လို့ ဒီလိုပြောပြန်တယ်။

ပါသွားတဲ့အခါကျတော့ မြန်မာပြည်မှာ အုပ်စိုးနေတဲ့ဘုရင်က ဘယ်သူတုန်းဆိုရင် ပဲခူးလို့ခေါ်တဲ့ ဟံသာဝတီမှာ

အုပ်စိုးတာ 'ဘုရင့်နောင် မင်းတရားကြီး'။ ဘုရင့်နောင် မင်းတရားကြီးက ဒီသတင်းကိုကြားတာနဲ့ ဒီက ကျောက်သံပတ္တမြား စိန်ရွှေရတနာတွေနဲ့ အဲဒီ ဘုရားရဲ့စွယ်တော်ကို ဝယ်ခိုင်းတာ။ ဝယ်ခိုင်းတော့ ဒီစွယ်တော်က ဘယ်ရောက်သွားတုန်းဆို 'ဂိုအာ' လို့ဆိုတဲ့ အိန္ဒိယအနောက်ဘက် ကျွန်းပေါ်မှာ ဒီစွယ်တော်ကို ယူသွားတယ်။ အဲဒီကို လိုက်ဝယ်တာ။ ဝယ်တော့ ရလာတယ်လို့ ဆိုတယ်။ ရလာတော့ ဘုရင်ကြီး ဝမ်းသာအားရ သူ့နန်းတော်ဦးမှာ ကိုးကွယ်ထားတယ်။ ဒါကြောင့်မို့ အဲဒီမှာ စွယ်တော်တိုက် ဆိုတာလေး ရှိတယ်နော်။ ဒီ အနော်ရထာ မင်းကြီး လက်ထက်တုန်းက ကိုးကွယ်တဲ့ စွယ်တော်တွေက 'စွယ်တော်ပွား' လို့ ဒီလိုခေါ်တယ်။ စွယ်တော်ပွား၊ ဒီ စွယ်တော် အစစ် မဟုတ်ဘူးပေါ့။ စွယ်တော်ပွားဆိုပြီးတော့ အနော်ရထာ မင်းကြီးက ကိုးကွယ်တာ။ **တန့်ကြည့်တောင်**ပေါ်မှာ ရှိတာတို့၊ **တူရွင်းတောင်ပေါ်**မှာ ရှိတာတို့၊ **လောကနန္ဒာ** တို့ စွယ်တော် လေးဆူရှိတဲ့အထဲမယ် ဒါတွေက စွယ်တော်ပွားလို့ ပြောတယ်။

အဲဒီတော့ ဘုရင့်နောင်မင်းတရားကြီးက ငါ့ရဲ့ဘေးတော်တွေ လက်ထက်ကတောင် စွယ်တော်အစစ် မကိုးကွယ်ရဘူး၊ သူ့လက်ထက်မှာ သူကံကောင်းလွန်းအားကြီးလို့ ဘုန်းတန်ခိုးကြီးလို့ စွယ်တော်အစစ်ကိုးကွယ်ရတယ်လို့ ဒီလိုပြောတဲ့ စကားတောင် ရှိတယ်နော်။ နောက်တော့ အဲဒီ ဘုရင့်နောင်မင်းကြီး

မရှိတော့တဲ့အခါ မြေးတော်အဆက်ဆက်မှာ **သာလွန်မင်းတရား ကြီး** လက်ထက် ရောက်တဲ့အခါကျတော့ ဘာလုပ်တုန်းဆိုတော့ အဲဒီ စွယ်တော်အစစ် ပျောက်သွားမှာစိုးသည့်အတွက်ကြောင့် **စစ်ကိုင်းမြို့နားမှာ ကောင်းမှုတော်ဘုရားကြီး**တည်ပြီးတော့ အဲဒီထဲ ထည့်လိုက်ပြီးတော့ ဌာပနာထားတယ်လို့ ဒါက သမိုင်းကြောင်း က အဲဒီလိုဆိုတာ။

အဲဒီတော့ လက်ဝဲအောက်စွယ်တော် ဘယ်မှာရှိတုန်း ဆိုရင် ကောင်းမှုတော်ဘုရားကြီးမှာ ရှိတယ်လို့ ဒီလိုပြောရမှာပဲ။ ဒီသမိုင်းကြောင်းအရ ပြောတာနော်။

အဲဒီတော့ မြတ်စွာဘုရားရဲ့ သွားတော်တွေ စွယ်တော် တွေဆိုတာ သွားတော်တွေက စကြဝဠာအနှံ့ နတ်တွေက ယူဆောင်သွားလို့ ပါသွားပြီ။ စွယ်တော်ကျတော့ အခုရှိတဲ့ အတိုင်း အခု သမိုင်းကြောင်းအရဆိုရင် ဘယ်မှာဘယ်မှာ ရှိတယ်။ **လက်ယာအထက်စွယ်တော်က တာဝတိံသာ**မှာ ရှိတယ် တဲ့။ **လက်ယာ အောက်စွယ်တော်က နဂါးပြည်** မှာရှိတယ်။ **လက်ဝဲအထက် စွယ်တော်က ဂန္ဓာရတိုင်း** မှာရှိတယ်။ **လက်ဝဲ အောက်စွယ်တော်က ကာလိင်္ဂ– ကာလိင်္ဂကနေ သီဟိုဠ် သီဟိုဠ် ကနေ ဗမာပြည်က ကောင်းမှုတော်ဘုရားကြီး**လို့ သမိုင်းကြောင်း အရ ဒီလိုပြောလို့ ရတယ်ပေါ့နော်။

အဲဒီမှာ တရုတ်ပြည်ကစွယ်တော် မပါဘူး ဖြစ်နေတယ်။ အဲဒီတော့ ဒါက သမိုင်းကြောင်းအရတော့ ဒီအတိုင်းပဲနော်။ အဲဒီလို မြတ်စွာဘုရားစွယ်တော်ဆိုတာ ဘုရားရဲ့စွယ်တော် အစစ်မှ မဟုတ်ဘူး။ စွယ်တော်လို့ အမှတ်အသားပြုပြီးတော့ ကိုးကွယ်ရင်လည်းပဲ ကုသိုလ်မရဘူး မဟုတ်ဘူး ကုသိုလ် ရတာပဲနော်။ ကုသိုလ်ကတော့ ကိုယ်ကကိုးကွယ်တာ အစစ်ကို ရည်စူးပြီး ကိုးကွယ်တာ။

'အပဒါန်ကျမ်း' ထဲမှာ ဘာပါတုန်းဆိုရင် မိသားစုတစ်စုဟာ သိပ်ပြီးတော့ ကြည်ညိုလို့ မြတ်စွာဘုရားရဲ့ **ဖောခံပင်က အခွံကလေး အခေါက်ကလေး** ကို ခွာပြီးတော့ ဘုရားအမှတ်နဲ့ ကိုးကွယ်ကြတယ်။ အဲဒီကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေတောင်မှပဲနော် နတ်ပြည်ရောက်ပြီး ကောင်းရာသုဂတိတွေ ရောက်တယ်။ ကဲ နောက်ဆုံးမှာကြည့် **သဲပုံစေတီ** တည်ပြီး ရှိခိုးတဲ့သူရော ဘုရားကို ရည်စူးပြီးတည်တာ ဖြစ်သောကြောင့် ပင်လယ်ထဲက သဲလေးတွေစုပြီး သဲပုံစေတီတည်တာရော ကုသိုလ်မရဘူးလားဆိုတော့ ရတာပဲ။ ဆိုလိုတာက ဘုရားအမှတ်နဲ့ ကိုးကွယ်တာဆိုတာ သဲပုံကို ကိုးကွယ်တာ မဟုတ်ဘူး။ ဘုရားအမှတ်နဲ့ ကိုးကွယ်တာ၊ ဘုရားအနေအထားနဲ့ ကိုးကွယ်လို့ရှိရင် ဘာပဲဖြစ်ဖြစ် စစ်တာ မစစ်တာ ပြောစရာမလိုဘူး။

အခုခေတ် (DNA) နဲ့သွားပြီးတော့ စစ်နေလို့ မရဘူး နော်။ အဲဒီတော့ ဘယ်လိုဟာနဲ့ ဘယ်လိုဖြစ်ဖြစ် ဘုရားစွယ်တော် အမှတ်နဲ့ ယုံကြည်ကိုးကွယ်လို့ရှိရင်တော့ ကုသိုလ်ဖြစ်မှာပဲ။ သို့သော် တစ်ခုက စွယ်တော်သွားဆိုတာ ဒီသတိထားဖို့ရာက စွယ်တော်ဆိုတဲ့သွားဟာ နည်းနည်းတော့ ချွန်ရမယ်နော်။ စွယ်တော်သွားက အပြားကြီးတော့ မဖြစ်ဘူး။ အေး ဒါကြောင့် မို့လို့ မြတ်စွာဘုရားရဲ့စွယ်တော်ဆိုတာ အလွန်ဖွေးဖြူတဲ့ စွယ်တော်တဲ့။ 'သုသုက္ကဒါဌာ' ဆိုတာ ဒါ သုံးဆယ့်နှစ်ခုမြောက် မြတ်စွာဘုရားရဲ့ ပါရမီပုံရိပ် အမှတ်တံဆိပ်ပဲ။ သွားတော် လေးဆယ်က အင်မတန်မှ ညီတယ်တဲ့။ ပုလဲလေးတွေ စီထား သလို ညီနေတယ်တဲ့။ ဒါက သုံးဆယ့်တစ်မြောက် ဘုရားရဲ့ ပါရမီပုံရိပ် အမှတ်တံဆိပ်တစ်ခု။ 'သုသုက္ကဒါဌာ'– အလွန့်အလွန် ဖြူဆွတ်နေတဲ့ စွယ်တော် ရှိခြင်းဟာလည်းပဲ ပါရမီပုံရိပ် အမှတ်တံဆိပ် တစ်ခုပဲတဲ့။

## ပါရမီကုသိုလ်

အဲဒီလိုသွားတွေက အင်မတန်မှညီညာပြီးတော့ ဖွေးဖြူတဲ့ စွယ်တော်ရှိတာဟာ ဘယ်လိုလုပ်ခဲ့တဲ့ ကောင်းမှုတွေ ရှိလို့တုန်း ဆို လူတွေဆိုတာ ဘဝတစ်ခု ရလာလို့ရှိရင် အသက်မွေး ဝမ်းကြောင်းဆိုတာ လုပ်ကြရတယ်လေ။ အသက်မွေး

ဝမ်းကြောင်း ပြုတဲ့အခါမှာ ဒုစရိုက်နဲ့ အသက်မွေးတာလား၊ သုစရိုက်နဲ့ အသက်မွေးတာလား။ ဒီနှစ်ခု ခွဲခြားရမယ်။ ဒုစရိုက်နဲ့ အသက်မွေးတယ်ဆိုတာ သူများအသက်သတ်ပြီးတော့ ကိုယ့်အသက်မွေးတာလား။ သူများဥစ္စာကို ခိုးပြီးတော့ ကိုယ့်အသက်ကို မွေးတာလား။ သူများသားမယားကို ပြစ်မှားပြီးတော့ ကိုယ့်အသက်ကို မွေးတာလား။ လိမ်ပြောပြီး ကုန်းတိုက်ပြီး ဆဲပြီး သမ္ဖပ္ပလာသတွေပြောပြီးတော့ ကိုယ့်အသက်ကို မွေးတာလား ဆိုလို့ရှိရင် အဲဒါ 'မိစ္ဆာဇီဝ' ဖြစ်တယ်ပေါ့နော်။ မိစ္ဆာ+အာဇီဝ။ အဲဒီလို မှားမှားယွင်းယွင်း မှားယွင်းတဲ့ အသက်မွေးမှုတွေနဲ့ မမွေးဘဲနဲ့ ကောင်းရောင်းကောင်းဝယ်ပေါ့ ဒီတရားသဖြင့်ရတဲ့ ပစ္စည်းဥစ္စာတွေနဲ့ အသက်မွေးရမယ်တဲ့။

အဲဒီမှာ မိစ္ဆာအာဇီဝနဲ့ ပတ်သက်ပြီးတော့ စာပေကျမ်းဂန်မှာ ဒီသုတ္တန်မှာပဲ ရေးထားတာရှိတယ်နော်၊ ဘယ်လိုဟာတွေကို မိစ္ဆာဇီဝလို့ ဖော်ထားတုန်းဆို **'တုလာကူဋ'** တဲ့- ချိန်စဉ်းလဲနဲ့ အသက်မွေးတယ်။ ချိန်စဉ်းလဲဆိုတာ ဘယ်လိုဟာတုန်းဆို အရောင်းအဝယ်လုပ်တဲ့ ပုဂ္ဂိုလ်တွေ အသုံးပြုတဲ့ဟာပဲပေါ့နော်။ ရွှေတွေဘာတွေ ရောင်းဝယ်ရင်လည်း ချိန်ခွင်ပါတာပဲပေါ့။ ငါးပိငါးခြောက်ရောင်းလည်း ချိန်ခွင်က ပါတာပဲပေါ့။ အဲဒီလို ချိန်ခွင်တွေနဲ့ အရောင်းအဝယ်လုပ်တဲ့အခါမှာ ဒီ ချိန်တွယ်တဲ့ အရာ လေးမျိုးရှိတယ်။ တချို့က ဘာတွေလုပ်ထားတတ်တုန်း

ဆိုတော့ ချိန်ခွင်ကို ပုံတူနှစ်ခု လုပ်ထားလေ့ရှိတယ်။ ကြည့်လိုက်ရင် တူနေတာ ချိန်ခွင်က နှစ်ခုတူတယ်။ အဲဒီ တူတဲ့ချိန်ခွင် နှစ်ခုနဲ့ သူက ကြည့်လိုက်ရင် ဖြုန်းကနဲ မသိသာဘူး။ သို့သော်လည်း အသေးအကြီး နည်းနည်းကွာတယ်။ အဲဒါကို လာပြီးတော့ ပစ္စည်းဝယ်တဲ့သူက မသိဘူး။ မသိတဲ့အခါ ချိန်ခွင်ကို ကောက်တဲ့ပြီးတော့ သူက ဝယ်တဲ့အခါကျရင် ချိန်ခွင်အကြီးနဲ့ ချိန်တယ်။ သူက ပေးတဲ့အခါကျရင် ချိန်ခွင်အသေးနဲ့ ပေးတယ်တဲ့။ ဒါလည်း မိစ္ဆာအာဇီဝပဲလို့ ဒီလိုပြောတာနော်။

ဟော နောက်တစ်ခါကျတော့ ဘယ်လိုဟာလုပ်တုန်းဆိုလို့ ရှိရင် '**အင်္ဂကူဋ**' တဲ့။ အင်္ဂကူဋ ဆိုတာ ချိန်ခွင်မှာ ရှေ့ပိုင်း နောက်ပိုင်း ဒီလိုခွဲထားတယ်။ ရှေ့ပိုင်းနောက်ပိုင်း ခွဲထားတဲ့ အခါမှာ သူက ဘာလုပ်တုန်းဆိုရင် လက်ကနေပြီးတော့ အပေးအယူ လုပ်တဲ့အခါမှာ လက်ကစားတယ်။ ကိုယ်ကနေပြီးတော့ ပစ္စည်းယူပြီ ဆိုလို့ရှိရင် သူက များများရဖို့ရာအတွက် ချိန်ခွင် နောက်ပိုင်းကို မသိမသာ ဖိပေးထားတယ်။ ဒါ ကျွမ်းတဲ့လူတော့ ရှိမှာပေါ့နော်။ ဖိထားတဲ့အခါကျတော့ သူက အချိန်ပိုရတယ်။ အဲ သူများကိုပေးပြီ ဆိုတဲ့အခါကျတော့ ရှေ့ပိုင်းကို နှိပ်လိုက်တယ် သူက။ နှိပ်လိုက်တဲ့ အခါကျတော့ သူက နည်းနည်းနဲ့ ရသွားပြန်ရော။ ဒါကို ချိန်စဉ်းလဲလို့ ခေါ်တာတဲ့။

နောက်တစ်ခါကျတော့ မြေတွေဘာတွေ အရောင်းအဝယ် လုပ်တဲ့အခါမှာ ကြိုးတိုင်းတဲ့အခါမှာလည်းပဲ အင်မတန်မှ ကျွမ်းကျင်တယ်။ တချို့က ကြိုးတိုင်းတာ အင်မတန်မှ ကျွမ်းကျင်တယ်။ အဲဒီတော့ ကိုယ်က ရောင်းတဲ့မြေဆိုလို့ရှိရင် ကိုယ်က ကြိုးရင်းကို ကိုင်ပေးတယ်။ ကိုယ်က ဝယ်တယ်ဆိုလို့ရှိရင်တဲ့ ကြိုးရင်းက ကိုင်ပေးတယ် သူက။ ကြိုးရင်းကနေ ကိုင်ထားတယ်။ ကိုယ်က ပေးတဲ့ဟာဆိုလို့ရှိရင် ကြိုးဖျားကနေ ကိုင်ထားတယ်။ ကြိုးဖျားကကျတော့ လျှော့လို့တင်းလို့ ရတာပေါ့။ သဘောကတော့ ကိုယ်ကပေးတာ ဆိုလို့ရှိရင် မြေခိုးတာလို့ ခေါ်တာပေါ့နော်။ အဲဒီလို လုပ်တယ်တဲ့။

နောက်တစ်ခု **'ပဋိရူပကူဋ'** –ဖုံးကွယ်ပြီးတော့လုပ်တယ်ဆိုတာ ဘာတုန်းဆိုရင် ချိန်ခွင်ကို မသိမသာ သူက နှစ်ထပ်လုပ်ထားတယ်။ ဘေးကနေကြည့်ရင် မသိသာဘူး။ ခု အဲဒါတော့ မတွေ့ဖူးဘူး။ ဓာတ်ဆီရောင်းတဲ့သူတွေတော့ နှစ်ထပ်လုပ်ထားတယ်လို့ ကြားဖူးတယ်။ အပြင်ဘက်ကနေ ကြည့်ရင်တော့ အပြည့်ကြီးပဲ။ အထဲထည့်လိုက်တဲ့အခါကျတော့ နည်းနည်းလေးပဲ။ ဆီရောင်းတဲ့သူတွေ ရှိတယ်လို့တော့ ကြားဖူးတာပဲ။ ချိန်ခွင်မှာလည်း အဲလို ရှိကောင်းရှိမယ်။

ချိန်ခွင်ကို နှစ်ထပ်လုပ်ထားပြီး အထဲထဲမှာ အင်မတန်မှလေးတဲ့ သံမှုန့်ကလေးတွေ ထည့်ထားတယ်၊ မသိမသာ သံမှုန့်

တွေ ထည့်ထားတယ်။ တစ်ခုခုထည့်ထားပြီးတော့ အခေါင်း လုပ်ထားပြီးတော့ သံမှုန့်ထည့်ထားတယ်။ ယူလို့ရှိရင် အဲဒါလေး ကို လက်နဲ့လှည့်လိုက်တယ်။ ကိုယ်ကယူပြီဆိုလို့ရှိရင် များများရဖို့ အတွက် အဲဒါကို နောက်ကထားလိုက်တယ်။ နောက်က ထားလိုက်တဲ့အခါကျတော့ နောက်က အလေးချိန်စီးတဲ့အခါ ကျတော့ ကိုယ်က ပစ္စည်းများများရတာပေါ့နော်။ အဲ သူများကို ရောင်းပြီဆိုလို့ရှိရင် အဲဒါကို မသိမသာ ရှေ့ဘက်လှည့်ထား တယ်။ ရှေ့ဘက်လှည့်လိုက်တဲ့အခါ သံမှုန့်ရဲ့အလေးချိန်၊ ပစ္စည်း ရဲ့ အလေးချိန်ရောဆိုတော့ ဟိုလူက နည်းနည်းပဲ ရတာပေါ့။ အဲဒီလို လိမ္မာကျွမ်းကျင်စွာ လှည့်ပြီးတော့ ယူတာမျိုးတွေတဲ့။ အဲဒါမျိုးကို ပဋိရူပကူဋလို့ ခေါ်တယ်။

ငယ်ငယ်တုန်းက ကြားဖူးတယ်၊ စပါးချင်တာ အင်မတန်မှ တော်တဲ့လူတစ်ယောက် ရှိတယ်နော်။ စပါးချင်ရင် ကိုယ်က ပေးလို့ရှိရင် အမြတ်မ်း သူက အမြတ်ရတယ်။ စပါးချင်တာ ကြည့်လိုက်လို့ရှိရင် သူက မြန်မြန်ထည့်ပြီး မြန်မြန် တိုက်ချ လိုက်တာ၊ တိုက်ချလိုက်တဲ့အခါကျတော့ ဟို ကိုယ်ကယူပြီ ဆိုလို့ ရှိရင် အဲလိုမဟုတ်ဘူး။ စပါးကို ဖြည်းဖြည်းလောင်းတယ်။ ဖြည်းဖြည်းလောင်းတဲ့အခါကျတော့ မဟာတော့ဘူး။ မြန်မြန်ကြီး လောင်းချတဲ့အခါ သူက ဟာသွားတယ်နော်။ အဲဒီလို လုပ်ပုံ ကိုင်ပုံလေးနဲ့တင်ပဲ သူက စပါးကတင်းပေါင်းများစွာ ရောင်းတဲ့

အခါ တစ်တင်းနှစ်တင်း ကွာသွားတယ်တဲ့။ အဲလို ကျွမ်းကျင်တဲ့ လူကလည်း ရှိသေးတယ်။ အဲဒါမျိုးကို **ကူဋ**–ကောက်ကျစ်စဉ်းလဲ တယ်လို့ ဒီလိုဆိုလိုတာ။

အဲလို ကောက်ကျစ်စဉ်းလဲတဲ့နည်းနဲ့ အသက်မွေးမယ် ဆိုလို့ရှိရင် ဒါ မိစ္ဆာဇီဝနဲ့ အသက်မွေးတာလို့ ပြောတာ။ နောက် တစ်ခါ **'ကံသကူဋ'** ဆိုတာကျတော့ ရွှေခွက်ကို အတုလုပ်ပြီးတော့ အရောင်းအဝယ် လုပ်တာတဲ့။ ရွှေခွက် အစစ်တစ်ခွက် လုပ်ထား ပြီးတော့ အတုကို လေးငါးဆယ်ခွက်လုပ်ထားတယ်။ လုပ်ထားပြီး တော့ လှည့်လည်ရောင်းတဲ့အခါ ပြတော့အစစ်။ ပေးလိုက်တော့ အတုကို ပေးထားလိုက်တယ်။ ဈေးက အတူတူပဲနော်။ အဲဒီ တော့ အစစ်ဆေးခံတုန်းကတော့ အစစ်နဲ့ အစစ်ဆေးခံလိုက် တယ်။ မှတ်ကျောက်နဲ့တင်ကြည့်လိုက်တဲ့အခါကျတော့ ရွှေသား အစစ်ပဲ။ ကျန်တဲ့အတုတွေကလည်းပဲ အစစ်ထဲရောပြီးတော့ ပါသွားတယ်။ အဲဒါမျိုး အသက်မွေးလို့ ရှိရင်လည်းပဲ ဒါက မကောင်းတဲ့နည်းနဲ့ အသက်မွေးတာလို့ မိစ္ဆာအာဇီဝထဲမှာ ဒီလိုပြောတယ်။

နောက်ထဲမှာ **နိကတိ**တို့ **ဝဉ္စန**တို့ လှည့်စားပြီး အသက်မွေး တာတို့၊ လုယက်တိုက်ခိုက်ပြီး အသက်မွေးတာတို့ ရှိသေးတယ်။ အဲဒီတော့ လှည့်စားတဲ့နည်းကလည်းပဲ ပညာသား အင်မတန်မှ ပါတယ်။ လှည့်စားပုံ လှည့်စားနည်းလေးက လူတစ်ဖက်သားကို

မျက်စေ့လည်သွားအောင် ဂဏန်းကျွမ်းတဲ့လူတွေက ဒါ လှည့်တတ်တယ်။ ဂဏန်းကျွမ်းတဲ့လူတွေ လှည့်တတ်တယ်။ သို့မဟုတ် အပြောကောင်းတဲ့လူတွေက လှည့်စားသွားတတ်တယ်။

အဋ္ဌကထာထဲမှာ ပြထားတဲ့ ပုံဝတ္ထုလေးတစ်ခုကတော့ လှည့်စားပြီး အသက်မွေးတယ်ဆိုတာနဲ့ပတ်သက်ပြီးတော့ သူက ဘာလုပ်တုန်းဆိုတော့ တောက မုဆိုးတစ်ယောက်က သမင်နှစ်ကောင် ဖမ်းလာတယ်။ တစ်ကောင်က အကြီး၊ တစ်ကောင်က အငယ်။ အဲဒီတော့ ဖမ်းလာတဲ့အခါမှာ မြို့ကဈေးကို တက်ရောင်းတော့ လူလည်တစ်ယောက်က အဲဒါ တွေ့တဲ့အခါကျတော့ သူဘာလုပ်တုန်းဆိုရင် သမင်အသေးကို သူကယူလိုက်တယ်။ ဝယ်လိုက်တယ်၊ တစ်ကျပ်ပေးပြီးတော့ ဝယ်လိုက်တယ်။ ဝယ်ချင်တာက အကြီးကောင်ကို ဝယ်ချင်တာ။ ဒါပေမယ့် သူ့အကြံညာဏ်နဲ့သူက အငယ်ကောင်ကို ဝယ်လိုက်တယ်။ ဝယ်ပြီးတဲ့အခါကျတော့ အတော်လေးသွားပြီး ပြန်လှည့်လာတယ်။ “နေပါဦး နေပါဦးဗျို့၊ သမင်အကြီးပဲ လိုချင်တယ်။ အငယ်မလိုချင်ဘူး၊ အကြီးပဲပေးပါ” လို့ဆိုတော့ ဟိုလူကပြောတယ်။ အင်မတန်မှ ရိုးတာကိုး တောကလူက။ အဲဒီတော့ “အကြီးလိုချင်ရင် ခင်ဗျား နှစ်ကျပ်ပေးရမယ်” တဲ့။ သူကပြောတာ အကြီးကောင်ကနှစ်ကျပ်၊ အငယ်ကောင်က တစ်ကျပ်။ အကြီးကောင် လိုချင်ရင် နှစ်ကျပ်ပေးပါလို့ပြောတော့ သူက ဘာပြော

တုန်း။ "ခင်ဗျား စဉ်းစားနော်တဲ့။ ကျုပ်က တစ်ကျပ် ပေးပြီးသား နော်တဲ့။ ဟုတ်တယ်လေတဲ့ ကျုပ်က တစ်ကျပ်ပေးပြီးသား။ အခု ဒီအကောင်လေးက တစ်ကျပ်တန်တယ်မို့လားတဲ့။ ကျုပ် ပထမ တုန်းက တစ်ကျပ်ပေးထားတာ တစ်ကျပ်။ ဒီအကောင်လေးက တစ်ကျပ်တန်တော့ ရော့ ခင်ဗျား နှစ်ကျပ် ပြည့်ပြီ။ ပေး အကြီး" ဆိုပြီးတော့ ယူသွားလေတယ်။ ဟိုလူကလည်း အင်း ဟုတ် လောက်တယ်ဆိုပြီးတော့ အလိမ်ခံလိုက်ရတာ။ ဒါရှေးတုန်းက လိမ်နည်း။

အခုခေတ် မော်ဒန်ကျတော့ ဒီထက်ပိုပြီးတော့ အကင်း ပါးတယ်နော်။ မော်ဒန်ကျတော့ ဒီ့ထက်များပြားလာတယ်။ အဲဒီတော့ စာထဲပါတဲ့ လိမ်နည်းကတော့ ဒီတစ်ခုပဲပြထားတယ်။ အေး ဒါကြောင့်မို့လို့ ပါရမီပုံရိပ် အမှတ်တံဆိပ်ဆိုတာ မကောင်း တဲ့နည်းတွေနဲ့ အသက်မွေးမှုက ရှောင်ကြဉ်တယ်။ ပီပီပြင်ပြင် စွဲစွဲမြဲမြဲနဲ့ ကုသိုလ်ကောင်းမှုတွေကို ကောင်းတဲ့ဘက်က ရပ်တည် ပြီးတော့ အသက်မွေးဝမ်းကြောင်း လုပ်ပြီးတော့ ပါရမီကုသိုလ် တွေကို ဆည်းပူးအားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ ထူးခြားတဲ့ ပါရမီ ပုံရိပ် အမှတ်တံဆိပ်တွေ ရရှိနိုင်ပါတယ်။

အားလုံးပေါင်းလိုက်တဲ့အခါကျတော့ **သုံးဆယ်နှစ်မျိုး**။ အဲဒီ သုံးဆယ့်နှစ်မျိုးကို အကျဉ်းချုပ်ပြီး ပြောမယ်ဆိုရင် (၁) ပါဏာတိပါတက ရှောင်လို့ရတဲ့ ကုသိုလ်ရှိတယ်။ (၂) မုသာ

ဝါဒက ရှောင်လို့ရတဲ့ ပါရမီပုံရိပ် အမှတ်တံဆိပ်၊ (၃) ပိသုဏာ ဝါစာတို့ ဖရုသဝါစာတို့ သမ္ဖပ္ပလာပတို့က ရှောင်လို့ရတဲ့ ပါရမီပုံရိပ် အမှတ်တံဆိပ်တွေ၊ (၄) မိစ္ဆာအာဇီဝက ရှောင်လို့ရတဲ့ ပါရမီပုံရိပ် အမှတ်တံဆိပ်တွေ၊ (၅) ဒုစရိုက်တွေအနေနဲ့ ပြောမယ်ဆိုရင် ဒီဒုစရိုက်တွေက ရှောင်လို့ရတဲ့ ပါရမီပုံရိပ် အမှတ်တံဆိပ်က တစ်ဆယ့်ခြောက်ခု။ (၆) ကျန်တာတွေကတော့ ကုသိုလ်ကောင်းမှုကို ပြုလုပ်ခြင်းဖြင့် ရရှိလာတဲ့ ပါရမီပုံရိပ် အမှတ်တံဆိပ်တွေပဲ။

ဒါကြောင့်မို့ ဒုစရိုက်တွေ ရှောင်မှုဟာ အင်မတန်မှ အရေးကြီးတယ်။ ပါရမီကုသိုလ်ဖြစ်ဖို့အတွက် ပါဏာတိပါတ စတဲ့ ဒုစရိုက်တွေက ရှောင်ကြဉ်ခြင်းဟာ ဒါက အင်မတန်မှထူးခြားတဲ့ ကုသိုလ်တစ်မျိုးဖြစ်တယ်ဆိုတာကို သဘောကျပြီးတော့ ဗုဒ္ဓ မြတ်စွာ ဟောကြားတော်မူခဲ့တဲ့ **လက္ခဏသုတ္တန်ဒေသနာ** လာတဲ့ အတိုင်း ပါရမီပုံရိပ် အမှတ်တံဆိပ်များ မိမိတို့သန္တာန်မှာ ရရှိစေနိုင်တဲ့ ပါရမီကုသိုလ်များကို ဆည်းပူးပြုလုပ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

❖❖❖❖❖

## မေတ္တာမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော မေတ္တာစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် မေတ္တာဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်မေတ္တာ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘပိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ **မေတ္တာဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာမေတ္တာစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်မေတ္တာဖြန့်ချိရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၇၉၀၇၉၇၀

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး မှေစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

၁၉။ မေ့မှတ်ကျောက်
၂၀။ မေ့အသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ မေ့လက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မဂ်လာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသ တဏှာ
၂၇။ မေ့ဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်များ အမြင်များ
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒိ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘောသင္ဂဟုရ
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝဇာ်ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နလုံးသွင်းတရား

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်နိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူ့တိုင်းမှာ
၇၉။ ဒဏ္ဍိထာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ

၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း

၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ

၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား

၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ

၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ

၉၀။ ကမ္မဋ္ဌာန်းဆရာ

၉၁။ ဇာတိမြေမှ သာသနာ

၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ

၉၃။ စရိုက်နှင့်ဝိပဿနာ

၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်

၉၅။ သာသနာပြုခွမ်းအားစု

၉၆။

၉၇။

၉၈။

၉၉။

၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ